

# အညာ ကျေးလက်ပုံပြင်များ

ဒုတိယအကြိမ်



လူထု ဦးလှ

myanmar ONLINE teashop
www.mmteashop.com



http://mmteashop.com

ကြီးပွားရေးစာအုပ်တိုက်
၂၂၁၊ ၈၄ လမ်း x ၃၃ လမ်းထောင့်၊ မန္တလေး။
ဖုန်း ၀၂ – ၃၉၇၁၇၊ ၆၀၁၃၆

http://mmteashop.com



# အညာဈေးလက်ပံ့ပြင်များ

လူထု
ဦးလှ



http://mmteashop.com

စာမူခွင့်ပြုချက် - ၂၀/၂၀၀၄ (၂)

မျက်နှာဖုံးခွင့်ပြုချက် - ၂၂/၂၀၀၄ (၃)

ပထမအကြိမ် - ၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ

ဒုတိယအကြိမ် - ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ

မျက်နှာဖုံးပန်းချီ - ဦးအောင်ချစ်

အတွင်းပန်းချီ - ဦးအောင်ချစ်

တန်ဖိုး - ၁၀၀၀ ကျပ်

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ - ဦးငြိမ်းချမ်း (မြ - ၀၁၂၇၁)
ကြီးပွားရေးစာအုပ်တိုက်
၂၂၁၊ ၈၄ လမ်း၊ မန္တလေး။

ပုံနှိပ်သူ - ဒေါ်တင်ဝင်း (မြ - ၀၃၁၉၆)
ကြီးပွားရေးပုံနှိပ်တိုက်
၂၂၁၊ ၈၄ လမ်း၊ မန္တလေး။
ဖုန်း ၀၂ - ၃၉၇၁၇၊ ၆၀၁၃၆

http://mmteashop.com

# ပြည်ထောင်စုအမျိုးသားများ

၏

# ပုံပြင်များ

## အမှတ်စဉ် (၁၀)

http://mmteashop.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရုပ်သေးဆရာ ဇနီးမောင်နှံ | ၁ |
| ၂။ | စာစပ်တော်သော ဖြိတရော် | ၇ |
| ၃။ | သက်ထားထက်မပိုပါနဲ့ | ၉ |
| ၄။ | သူ့အကျိုးဆောင် ကိုယ့်အကျိုးအောင် | ၁၃ |
| ၅။ | ငါ့သားသွားလေ့သွားလေ့ တုံးတင်ကပြန်လာ | ၁၇ |
| ၆။ | ကြတ္တိကာကြယ် ခုနစ်သွယ် | ၂၀ |
| ၇။ | လက်ကုတ်တိုင်း ကိုယ့်လူမမှတ်နှင့် | ၂၂ |
| ၈။ | မောင်ရွှေရိုး မယ်ရွှေရိုး | ၂၅ |
| ၉။ | သူကြီးမလုပ်ချင်သောပျင်း | ၃၃ |
| ၁၀။ | ဒုက္ခမကြောက်သော ကပ္ပိယ | ၃၇ |
| ၁၁။ | သူများထက်ထူးလို၍ နဖူးထုရသူ | ၄၁ |
| ၁၂။ | ငါ့သမီးကလေးတော်လှတော်လှနဲ့ ယောက်မမြင်းစီး ထွက်လာတယ် | ၄၅ |
| ၁၃။ | ဒေဝေါ | ၄၇ |
| ၁၄။ | သဝေထိုးဖျက်မှာ အလွန်ကြောက်သောရှာ | ၅၆ |
| ၁၅။ | အဘကလည်း မြင်းတစ်စီး | ၆၁ |
| ၁၆။ | အလွန်မေ့တတ်သူ | ၆၄ |
| ၁၇။ | ငါသာ မယားကြောက်ရသည်မဟုတ် | ၆၆ |
| ၁၈။ | သဘောချင်းနှောကြသည့် ဘိုးသူတော်နှစ်ဦး | ၆၉ |
| ၁၉။ | တုတ်တုတ်ဂျိမ်း | ၇၂ |
| ၂၀။ | စကားနိုင် | ၇၅ |

http://mmteashop.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | သားနှင့် အဖ | ၇၇ |
| ၂၂။ | အလှူ့ဒကာနှင့် ဇာတ်ဆရာ | ၇၉ |
| ၂၃။ | အနိစ္စတန်ခိုး | ၈၃ |
| ၂၄။ | ရှားစောင်းစေးတစ်လက်ဖက် ပျားရည်တစ်စက် | ၈၈ |
| ၂၅။ | ဣန္ဒြာသယနတ်အိုး | ၉၁ |
| ၂၆။ | ဥသြငှက် ဖြစ်ပေါ်လာပုံ | ၉၃ |
| ၂၇။ | မြင်းမွေးသူနှင့် နွားမွေးသူ | ၉၇ |
| ၂၈။ | ရှည်လွန်းသော မြွေကြီး | ၁၀၃ |
| ၂၉။ | အလှူ့ဒကာကိုရိုး | ၁၀၅ |
| ၃၀။ | သံစောင်းထက် ရေစောင်းထက် | ၁၀၇ |
| ၃၁။ | နင်ပြီးနင်ဆင်း ဥပုသ်သည်မလေး | ၁၁၁ |
| ၃၂။ | ဖွတ်တက်နေစရာမလို | ၁၁၈ |
| ၃၃။ | လူကြမ်း နတ်ကြမ်းမနိုင် | ၁၂၀ |
| ၃၄။ | တူမအရင်းကြီးဗျ | ၁၂၃ |
| ၃၅။ | တန်ခိုးပြိုင်သည့် ကြက် ၂ ကောင် | ၁၂၇ |
| ၃၆။ | တတ်ယောင်ကားတို့၏ လက်တည့်စမ်း | ၁၃၂ |
| ၃၇။ | ဒီမိန်းမကို ကွာမှပဲဖြစ်မယ် | ၁၃၆ |
| ၃၈။ | ငပုနှင့် ငရှည် | ၁၃၉ |
| ၃၉။ | ဒီဥပုသ်မျိုးတော့ တစ်သက်လုံးကြောက်ပါပြီ | ၁၄၃ |
| ၄၀။ | မြောက်ကျောင်းသူတော်၏ စိန္တေသိ | ၁၅၁ |
| ၄၁။ | ဆရာဘုန်းတော်ကြီး၏ အဆုံးအမ | ၁၅၃ |
| ၄၂။ | ပြောမည့်ဘူးသီးထက် နည်းနည်းပဲပိုကြီးပါတယ် | ၁၅၇ |
| ၄၃။ | ဘုရားလောင်းပဲ သူစီးချင်ရာစီးမှာပေါ့ | ၁၆၁ |

http://mmteashop.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၄။ | အပြီးသတ် ဗိုးဟီးဟီးဖတ် | ၁၆၆ |
| ၄၅။ | ကြို့ကြီးထိုးရောဂါ | ၁၆၈ |
| ၄၆။ | ဓားမဟာ ပွဲတဲ့နားက အထက်ဆုံး | ၁၇၁ |
| ၄၇။ | ပဟေဠိဆန်သော ဆရာကြီး | ၁၇၃ |
| ၄၈။ | ဆရာဘုန်းကြီး၏ မှတ်စုစာအုပ် | ၁၇၇ |
| ၄၉။ | ဖိုးဆိတ်နှင့် မယ်ခ | ၁၈၁ |
| ၅၀။ | ဘိုးသူတော် အကြံတတ်၍ ပုဂံသံညှပ် ကွယ်ရသည် | ၁၈၅ |
| ၅၁။ | ကံတူ ဘဝတူ | ၁၈၈ |
| ၅၂။ | မိခင်ကောက်ရိုးရုပ် | ၁၉၁ |
| ၅၃။ | ပါးနပ်သော ယုန်ပျို့အမတ် | ၁၉၆ |
| ၅၄။ | အားနာလို့ ခါးပါ | ၁၉၉ |
| ၅၅။ | ယုန်ထင်ကြောင်ထင် | ၂၀၁ |
| ၅၆။ | မောင်တစ်ထွာနှင့် ကံယုံမင်းသမီး | ၂၀၅ |
| ၅၇။ | ကိုဖိုးခက်နှင့် မလှရှက် | ၂၀၈ |
| ၅၈။ | တစ်ခက် တစ်ခက် | ၂၁၂ |
| ၅၉။ | ဘုန်းကြီးရှေ့က ကြွပစေဟော့ | ၂၁၄ |
| ၆၀။ | ဝေလေလေလေ | ၂၁၆ |
| ၆၁။ | ဘိုးသူတော် ဖြစ်မှန်းမသိဖြစ် | ၂၁၉ |
| ၆၂။ | ခေါင်းချည်းရမ်းနေရင်ကော | ၂၂၆ |

❐

http://mmteashop.com



# မိတ်ဆက်

ကျေးလက်တွင် နေကြသည့် မြန်မာအမျိုးသားများသည် ဟာသ အလွန်ပေါသည်၊ သရော်လှောင်ပြောင်မှုတွင် အလွန်ကျွမ်းကျင်သည်၊ အနု ပညာမြောက်သည်ဆိုသည်တို့ကို ပုံပြင်များ စုဆောင်းရင်း ပို၍ သိရပါသည်။ "အညာကျေးလက်ပုံပြင်များ" ကို ဖတ်ကြသော မိတ်ဆွေများသည် ဤ အချက်များကို ကောင်းကောင်းကြီး တွေ့ကြပေလိမ့်မည်။

ရဟန်းရှင်လူ ပြည်သူအများ၏ အကူအညီကြောင့် ကျွန်တော် စုဆောင်းရရှိသော မြန်မာပုံပြင်များကား တော်တော်များပါပြီ။ အညာ ကျေးလက်ပုံပြင်များကား စုဆောင်းရရှိထားသော မြန်မာပုံပြင်များထဲမှ ထုတ်နုတ်ထားသည်များသာ ဖြစ်ပါသည်။ ဤစာအုပ်တွင် မထည့်သွင်းနိုင် သေးသည်များလည်း အများပင် ကျန်ပေသေးသည်။

"မြန်မာပုံပြင်များ" အမည်ဖြင့် စာအုပ်ထုတ်သောအခါတွင်ကား အညာကျေးလက်ဒေသမှ ပုံပြင်များကို ချန်ပြီး တစ်နိုင်ငံလုံးတွင် ပြောနေကြ သည့် အခြား မြန်မာပုံပြင်များသာ ထည့်သွင်းရန် ကြံရွယ်ထားပါသည်။

ပုံပြင်များ စုဆောင်းရာတွင် လူထုသတင်းစာမှနေ၍ ကျွန်တော် ရေးသားလိုက်သော မေတ္တာရပ်ခံချက်တစ်ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။

"ပြည်ထောင်စုအမျိုးသားအပေါင်း၏ ပုံပြင်အမျိုးမျိုးကို စုဆောင်းရာတွင် ကျွန်တော့်အား ဝိုင်းဝန်းကူညီလျက်ရှိသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းတို့ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။ မည်သည့် စာရွက်မျိုးပေါ်မှာရေးရေး၊ ခဲဖြင့်ဖြစ်စေ မင်ဖြင့်ဖြစ်စေ ရေးပြီး ပေးပို့နိုင်ပါသည်။ စာစီစာကုံး မကောင်းလျှင်လည်း ကိစ္စမရှိပါ။ ကျွန်တော် နေ့စဉ်ရနေသည့်အထဲတွင် အချို့မှာ စာစီစာကုံး ကောင်းပါသည်။ အချို့မှာ သင့်ရုံသာ ရှိပါသည်။ ငါ စာအရေးအသား မတတ်ဟုဆိုကာ မပို့ဘဲ မနေကြစေလိုပါ။ အမိပွာယ်ပေါ်အောင် ဖော်ပြပါရှိလျှင် ကျွန်တော်တို့ ပြုပြင်ယူပါမည်။

ရှေးလူကြီးသူမများ ပြောပြသော ပုံပြင်ကောင်း တော်တော်များများမှာ ပျောက်ပျက်ကုန်ပါပြီ။ ယခုအခါ ပြန်စုကြလျှင် ရတန်သမျှ ရနိုင်ကြပါဦးမည်။ ထို့ကြောင့် မိမိတို့ သိရှိမှတ်သားမိသော ပုံပြင်တိုတို၊ ပုံပြင်ရှည်ရှည်များကို ရေးသားပေးပို့ကြစေလိုပါသည်။

အချို့ပုံပြင်များမှာ သဘောချင်း ထပ်နေကြပါလိမ့်မည်။ ထိုသို့ ထပ်နေလျှင် ကြည့်ရှုပြုပြင် ပေါင်းစပ်ယူပါမည်။ ပုံပြင်ပေးပို့သော မိတ်ဆွေများအား ကျွန်တော် မေတ္တာရပ်ခံလိုသည်မှာ ပုံပြင်များပို့ရာတွင် ပြည်ထောင်စုသား ပုံပြင်စစ်စစ်များဖြစ်ရန် ဂရုပြုဖို့ ဖြစ်ပါသည်။ မြန်မာ၊ ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ ကယား၊ ပလောင်၊ တောင်သူ၊ မွန် စသော အမျိုးသား အသီးသီးတို့၏ ပုံပြင်များကို ဆိုလိုပါသည်။

ရှေးလူကြီးသူမများသည် သားသမီးများအား ၅၅၀နှင့် အခြားဇာတ်တော်များအတွင်းမှ ပုံပြင်ကလေးများကိုလည်း ပြောပြလေ့ရှိပါသည်။ ထိုဇာတ်နိပါတ်များမှာ ကျမ်းစာအုပ်များ အတွင်းတွင် ရှိပြီးဖြစ်ကြပါပြီ။ ဘာသာပြန် ပုံပြင်များလည်း

သူ့စာအုပ်နှင့်သူ ရှိကြပါသည်။ ကျွန်တော်တို့ အလိုရှိသည်မှာ ရှေးလူကြီးများ တီတီထွင်ထွင်ပြောကြသော ပုံပြင်များ၊ အတွေ့အကြုံများအရ ပုံပြင်သဖွယ် ဖြစ်ပေါ်လာကာ ပြောနေကြသည်များ၊ ကျေးရွာများတွင် တောခလေ့ ပြောကြသည်များ ဖြစ်ပါသည်။ ရှည်ချင်ရှည်၊ တိုချင်တို မည်သည့်ပုံပြင်မျိုးမဆို လိုချင်ပါသည်။ ဤသို့ဆိုရာ၌ "ဇာရာဏာသီပြည်" ဟူ၍ ပါသော ပုံပြင်များ မပါသင့်ဟု တစ်ထစ်ချ မဆိုလိုပါ။ ဆရာတော်ကြီးများ၊ ရှေးလူကြီးများ တီတီထွင်ထွင် ပြောကြသော ရှေးစကား ပုံပြင်များတွင် "ရှေးရှေးတုန်းက" နှင့် "ဇာရာဏာသီပြည်" စသည်များ ပါတတ်သည်မှာ အထင်အရှားဖြစ်သောကြောင့် ပြည်ထောင်စု စစ်စစ် ပုံပြင်လော၊ နိုင်ငံခြားမှဝင်လာသော ပုံပြင်များနှင့် ရောစပ်နေသလောဆိုသည်ကို ချိန်ဆရာ၌ အထူးသတိထား ဝေဖန်ကြည့်ကြဖို့ လိုပါလိမ့်မည်။ အချို့မှာလည်း ခွဲခြားရခက်ပါသည်။ ကျွန်တော်တို့နိုင်ငံက ပုံပြင်များက ခရီးအရောက်အပေါက် နည်းကြသေးသော်လည်း ကမ္ဘာအရပ်ရပ်မှ ပုံပြင်များ ခရီးသွားနေကြသည်မှာကား တော်တော်ကြာပြီ၊ အချို့မှာ ကမ္ဘာနှံ့နေပြီဖြစ်သောကြောင့် ကျွန်တော်တို့ ပုံပြင်များစာရင်းတွင် ရောနေကောင်း ရောနေပါလိမ့်မည်။ ထိုသို့ဆိုလျှင်ကား ပြည်ထောင်စုသား ပုံပြင်များ စာရင်းအတွင်းမှ ထိုပုံပြင်များကို ချန်ထားကြရပါလိမ့်မည်။

လူထုသတင်းစာ သောင်းပြောင်းထွေလာအခန်းတွင် နေ့စဉ်လိုလို ပါနေသော ပုံပြင်များ၊ ရိုက်နှိပ်ပြီးသော ကျွန်တော်၏ ပုံပြင်စာအုပ်များတွင်လည်း ဇာတ်နိပါတ်များမှ ဇာတ်လမ်းများ၊ နိုင်ငံခြားပုံပြင်များကို ပြုပြင်ထားသည်များ နည်းနည်းပါးပါး ပါကောင်း ပါဝင်နေပါလိမ့်မည်။ ထိုချွတ်ယွင်းချက်များကို

http://mmteashop.com



တွေ့ရှိပါကလည်း ကျွန်တော့်အား လှမ်း၍ သတိပေးခြင်းဖြင့် ကူညီကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အချို့သော ပုံပြင်များကို နိုင်ငံခြားအနွယ်၊ နိုင်ငံခြားဘာသာပြန်ဟု ကျွန်တော်သိမည်မဟုတ်ပါ။ ဇာတ်နိပါတ်ထဲက ထုတ်နုတ်ထားချက်ဆိုသည်ကိုလည်း အမှုမဲ့အမှတ်မဲ့ ဖြစ်ကောင်း ဖြစ်နေပါမည်။ ထို့ကြောင့် လှမ်း၍သတိပေးသူ၊ ညွှန်ပြသူများကို အထူးပင် ကျေးဇူးတင်ရှိပါမည်။

ပုံပြင်များ ပေးပို့ရာတွင် "ဤပုံပြင်က ရိုးလှပါတယ်၊ လူတိုင်းသိတဲ့ပုံပြင်ပါ၊ ဒါကတော့ ပို့နေဖို့မလိုပါဘူး" ဟု ဆိုကာ အများသိသည့် ပုံပြင်မျိုးဆိုပြီး မပို့ဘဲ မထားစေလိုပါ၊ ရိုးသည့်ပုံပြင်ဆိုပြီး မပြောကြ၊ မှတ်တမ်းမတင်ဘဲ ထားကြပါက ကြာလျှင် ပျောက်ကုန်ပါလိမ့်မည်။ ထို့ကြောင့် "ရွှေယုန်နှင့် ရွှေကျားသက်ငယ်ရိတ်သွား" ဆိုသည့် ပုံပြင်မျိုးကအစ ပေးပို့ကြပါရန် မေတ္တာရပ်ခံပါသည်။

ဘိုးသူတော်ပုံပြင်၊ ရသေ့ပုံပြင်၊ လေက်မပုံပြင်၊ ပျင်းပုံပြင် စသည်များကိုလည်း များများကြီး လိုချင်ပါသည်။ ဘိုးသူတော်သည် ကျွန်တော်တို့ မြန်မာနိုင်ငံသမိုင်းတွင် အရေးကြီးသော ဇာတ်ဆောင်တစ်ယောက် ဖြစ်ပါသည်။ ပျင်းပုံပြင် လေက်မပုံပြင်များကား တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်ပါသည်။ အခြားနိုင်ငံများတွင်လည်း ပျင်းပုံပြင်၊ လေက်မပုံပြင်များ ရှိကြပါသည်။ နိုင်ငံခြားပျင်း၊ လေက်မနှင့် ကျွန်တော်တို့ပျင်း၊ လေက်မများ နှိုင်းယှဉ်ကြည့်လျှင်ကား စိတ်ဝင်စားစရာကောင်းပါသည်။

ဤမေတ္တာရပ်ခံချက်ကြောင့် အညာကျေးလက်ပုံပြင်များ အပါအဝင် မြန်မာပုံပြင်အများပင် ရရှိပါသည်။


(၁-၁-၆၅)

http://mmteashop.com



# ကျေးဇူးတင်လွှာ

ဤစာအုပ်တွင်ပါသော အညာကျေးလက်ပုံပြင်များကို ငွေတောင်ကျောင်း လက်ထောက်ဆရာမ ဒေါ်ဆောင်း၊ အရှင်အဂ္ဂဝံသ၊ မစိုးရိမ်တိုက် အရှင်ဒွန္နစယရံသီ၊ အုန်းတော မောင်ငှက်၊ ငွေတောင်ကျောင်းတိုက် ကိုရင်ကြွက်တိုး၊ မိုးသောက်ကျေးရွာ ကိုညွန့်တင်၊ ရွှေဘိုမြို့ ဦးဘိုကြီး၊ ပလိုင်းရပ် ကိုပိုက်၊ လားရှိုး ဦးပဥ္စင်း ဦးတိလောကဉာဏ၊ စလင်းတိုက် ရှင်ဝိမလ၊ နွားထိုးကြီးမြို့ သန်းသန်းတင့်၊ အရှင်ဓမ္မသေန၊ မိတ္ထီလာ ဦးဘကောင်း၊ နန်းတော်ရှေ့ ကိုသန်းထွန်းမှတစ်ဆင့် ဦးဘမောင်၊ သစ်ဆိမ့်တိုက် ရှင်ဝါယမ၊ ဆရာအတတ်သင်ကျောင်း ကိုမင်းဇော်၊ အင်းဘဲရပ် မောင်လှထွန်း၊ ချပ်သင်း ကိုဘဝင်း၊ ရွှေဘိုဖုန်းစည်၊ ကျောက်မဲမြို့ မောင်ထွန်းဦး၊ အင်းဝမြို့ မောင်မြမောင်၊ မင်္ဂလာဈေး ကိုသန်းဆွေ၊ ဘုတလင် မောင်သစ်နီ၊ ကွမ်းခြံရပ် ဆရာဉာဏ်၊ မန္တလေးမှ မန်နေဂျာဦးအောင်မြင့်၊ အရှေ့ပြင် အင်းကန်းတိုက် ရှင်ပါမောက္ခ၊ ရွှေဘို မောင်တင်မြင့်၊ သီရိမွန်စာပေ မောင်တင်မောင်ကောင်း၊ စက်ရှင်ဆေးပွဲဝင်း ရွှေပြုံးကြွယ်၊ အာသောကာရာမတိုက် အရှင်သောပါက (ဓမ္မာစရိယ)၊ လက်ဝဲမြင်းနီရွာ ဆရာမ ဒေါ်လှကြည်၊ ပန်းချီဆရာကြီး ဦးအောင်ချစ်၊ တောင်ပြင်ထီးလင်းတိုက် ဦးနေမိန္ဒ၊ စစ်ကိုင်း ဦးဝင်း၊ ပရသဖ မောင်သန်းလွင် စသော ပုဂ္ဂိုလ်များထံမှ ရရှိပါသဖြင့် ကျေးဇူးတင်ရှိပါသည်။



(၁-၁-၆၅)



အညာကျေးလက်ပုံပြင်များ

# ရုပ်သေးဆရာဇနီးမောင်နှံ

ရှေးအခါက အညာကျေးရွာတစ်ရွာတွင် မင်းသားကိုင် မောင်ဆိုး ဟု ခေါ်သော လူတစ်ယောက်ရှိလေသည်။ မောင်ဆိုးသည် ရုပ်သေးစင်တွင် မင်းသားကြိုးဆွဲရသောအလုပ်၌ အလွန်နာမည်ကြီးသူ တစ်ဦးလည်း ဖြစ်သည်။ မင်းသားကိုင် မောင်ဆိုးမှာ ရုပ်သေးကြိုးဆွဲပညာ ကောင်း သလောက် ဖဲအလွန်အမင်း ကစားတတ်သောကြောင့် အပျိုများက မောင်ဆိုး အား အိမ်ထောင်ဘက်ပြုရန် ရှောင်ကွင်းကြသဖြင့် လူပျိုကြီး ဖြစ်နေရရှာ လေသည်။

မောင်ဆိုးတို့ရွာတွင်ပင် စိတ်ထက် စိတ်ကောက်တတ်သော မဂျမ်း ဆိုသည့် အပျိုကြီးတစ်ဦးလည်း ရှိလေသည်။ တစ်နေ့သ၌ မောင်ဆိုးသည် မဂျမ်းအား မျက်စိကျသဖြင့် မေတ္တာမျှပါရန် ချစ်ရေးဆိုလေသည်။ ထိုအခါ မဂျမ်းက မိမိအား မေတ္တာမျှလိုလျှင် ဖဲမကစားပါတော့ဘူးဟု ကတိပေးမှ မေတ္တာတုံ့ပြန်နိုင်မည့်အကြောင်း မောင်ဆိုးအား ပြောလေသည်။

မောင်ဆိုးသည် မဂျမ်းတောင်းဆိုသော ကတိကို အနူးအညွတ် ငိုက်လျှောလိုက်သည့်အတွက် မောင်ဆိုးနှင့် မဂျမ်းတို့ အကြောင်းဆက်၍ ဆေါင်းဖက်ကာ အကြင်လင်မယားဘဝသို့ ရောက်ခဲ့ကြလေသည်။

http://mmteashop.com



တစ်လခန့်ကြာသော် မောင်ဆိုးသည်အခြားရွာတစ်ရွာသို့ ရုပ်သေးကရန် သွားလေသည်။ အပြန်တွင် ဖဲဝိုင်းနှင့် တွေ့နေသဖြင့် မူလရှိရင်းစွဲဝါသနာကို မစွန့်နိုင်သောကြောင့် ဖဲဝိုင်းသို့ဝင်ပြီး ဖဲရိုက်လေသော် ရုပ်သေးပွဲမှ ရလာသော ငွေများ တစ်ပြားတစ်ချပ်မှ အိမ်သို့ ပါမလာတော့ဘဲ အားလုံး ဖဲရှုံး၍ ကျန်ရစ်လေတော့သည်။

အိမ်သို့ရောက်သော် မောင်ဆိုးသည် ဆီးကြိုနေသော ဇနီးသည် မဂျမ်းအား စကားတစ်ခွန်းမျှ မပြောတော့ဘဲ အိပ်ရာထဲတွင် တစ်နေ့လုံး အိပ်နေလေတော့သည်။

ခင်ပွန်းသည် မောင်ဆိုး၏အကဲကို ရိပ်မိသော ဇနီးသည်မဂျမ်းမှာ မောင်ဆိုး ဖဲရှုံးလာသည်ကို မပြောဘဲနှင့် သိနေသဖြင့် မကျေမနပ်ဖြစ်ကာ အမျိုးမျိုး စောင်းချိတ်၍ ဆဲဆိုလေသည်။ သို့ရာတွင် မည်မျှစောင်းချိတ် ဆဲဆိုလှသော်လည်း အိမ်ထောင်ကျသည်မှ တစ်လမကြာသေးဘူး လင်မယားရန်ဖြစ်ကြပြီဟု အရပ်က ကဲ့ရဲ့ကြမည်ကို စိုးရိမ်ရသေး၍ မောင်ဆိုး၏ မင်းသားရုပ်ကလေးကိုသာ အမျိုးမျိုး ကျိန်ဆဲလေသည်။

"မျက်နှာကိုက တပြုံးစိစိနဲ့၊ ပိုးလုံချည်ဝတ်ပြီး ဘာမှ အသုံးမကျဘူး၊ နင့်ကို အရပ်လို့ခေါ်ရမှာတောင် ပါးစပ်သနသေးရဲ့၊ ငါတို့အိမ်နင်ရောက်တဲ့နေ့ကစပြီး လာဘ်တိတ်တော့တာပဲ၊ အိမ်ဦးခန်းနဲ့ မတော်ဘူး၊ ရေချိုးခန်းမှာ သွားနေချေ" ဟု အရုပ်ကလေးကို ရက်ရက်စက်စက် ဆွဲသွားပြီးလျှင် ရေချိုးခန်းထဲ၌ ပစ်ထားလိုက်လေသည်။

ထိုနေ့က မဂျမ်းသည် စိတ်ကောက်ပြီး ထမင်းမချက်ဘဲ နေသောကြောင့် မောင်ဆိုးမှာ နံနက်စာရော ညစာပါ မစားရပေ။

နောက်တစ်ရက် ပွဲဆက်က ရှိနေပြန်သောကြောင့် မောင်ဆိုးသည် သူ၏ မင်းသားရုပ်ကလေးကို ရေချိုးခန်းမှ ပြင်ဆင်ကာ ယူခဲ့ရပြီး ပွဲကရန် ခရီးထွက်ခဲ့လေသည်။

ပွဲကသည့် ညအချိန်ရောက်၍ မင်းသားမင်းသမီး နှစ်ပါးသွားသောအခါ မင်းသားကိုင် မောင်ဆိုးသည် သူတတ်သည့် ပညာများကို မခို

http://mmteashop.com



မကပ်ဘဲ ကြိုးစားပမ်းစား အမှုတော်ထမ်းသောကြောင့် ပွဲကြည့်ပရိသတ်များက အလွန်နှစ်သက် သဘောကျကြသဖြင့် နောက်တစ်လအကြာတွင် မိမိတို့ရွာရှိ အလှူပွဲ၌ လာရောက်ကပြပါရန် စရန်ငွေအဖြစ် ငွေတစ်ရာငါးဆယ် ပေးလိုက်ကြလေသည်။

ဤတစ်ခေါက်တွင်မူ မောင်ဆိုးသည် ဖဲမရိုက်တော့ဘဲ ငွေထုပ်ကို ပိုက်လျက် အိမ်သို့ ကောင်းမွန်စွာ ပြန်လာပြီးလျှင် ဇနီးသည်မဂျမ်း မသိစေဘဲ ပါလာသော ငွေထုပ်ကြီးကို မီးဖိုချောင်ရှိ ဆန်အိုးထဲ၌ ထည့်ထားလိုက်ပြီးနောက် မင်းသားရုပ်ကလေးကိုလည်း ရေချိုးခန်း၌ပင် ထားလျက် ရွာတွင်းသို့ တစ်နေ့လုံး အလည်အပတ် သွားနေလေသည်။

ထမင်းချက်ချိန်သို့ ရောက်သဖြင့် မဂျမ်းက ဆန်အိုးကို ဖွင့်လိုက်ရာ၊ ငွေထုပ်ကြီးကို တွေ့လေတော့သည်။ ရေချိုးခန်းသို့ သွားသောအခါတွင်လည်း မင်းသားရုပ်ကလေးကို တစ်ဖန် တွေ့ရပြန်သည်။

ထိုအချိန် မောင်ဆိုးသည် ရွာထဲမှ ပြန်လာပြီဖြစ်သောကြောင့် မဂျမ်းက ပြုံးရွှင်သော မျက်နှာကလေးနှင့် အိမ်ဝင်းပေါက်မှ ဆီးကြိုတဲ့ပြီး . . .

“ကိုဆိုးရယ် ဘာလို့ အရုပ်ကို ရေချိုးခန်းထဲ မရှိမသေ ပစ်ထားခဲ့ရတာလဲ၊ ကိုယ့်မှာ ဒါနဲ့ အသက်မွေးနေရတာမဟုတ်လား သူ့ခမျာ ပြုံးပြုံးကလေးနဲ့ သနားစရာပါတော်” ဟု ပြောသောအခါ မောင်ဆိုးက . . .

“နေပါစေ မဂျမ်းရယ် အရုပ်ဆိုတာ ကျက်သရေ တကယ်ယုတ်တဲ့ပစ္စည်းဆိုတော့ ရေချိုးခန်းနဲ့ပဲ တော်တယ်မဟုတ်လား” ဟု ပြန်ပြောလေသည်။

ထိုအခါ မဂျမ်းက ဒေါသကလေးပိုကာ“သူတော့ တစ်နေ့လုံး ရွာထဲ လျှောက်လည်နေပြီး သူများကိုတော့ တစ်ယောက်တည်း ပစ်ထားခဲ့တယ်၊ ပျင်းနေတာပေါ့၊ ဟုတ်ဘူးလား မင်းသားလေးရယ်။ ကိုဆိုးရှင်ဘာမှနားမလည်ဘူး၊ အရုပ်ဆိုတာ နတ်နဲ့တော်ရဲ့၊ သနပ်ခါး အမွှေးအကြိုင်ကလေးပက်ပြီး ရွှေမင်းသားကလေးကို အိမ်ဦးခန်းမှာ ထားလိုက်

http://mmteashop.com



ပါတော်” ဟု ပြောဆိုကာ အရုပ်ကလေးကို ရေချိုးခန်းမှ ဆွဲထုတ်လာလေသည်။

ထိုနေ့က မောင်ဆိုးသည် နံနက်စာရော ညစာပါ ဟင်းကောင်းကောင်းနှင့် စားရလေသည်။

❒

http://mmteashop.com



# စာစပ်တော်သော ပြဲတရော်

အခါတစ်ပါးက ရတနာပုံနေပြည်တော် ယခုအခေါ် မန္တလေးမြို့ ရွှေမန်းမြို့၊ မန်းရွှေမြို့ စသည့် အမည်များနှင့် ထင်ရှားသော နေပြည်တော်မှ ဘုရင့်လှေတော်တွင် အမှုထမ်းရသော လှေတော်သား ၁ ယောက်သည် ကိစ္စတစ်ခုနှင့် သွားရင်းလာရင်း ဧရာဝတီမြစ် အနောက်ဘက် စစ်ကိုင်းမြို့နှင့် ၇ မိုင်ခန့်အကွာတွင် တည်ရှိသော ပြဲတရော်ရွာကြီးအနီးသို့ ရောက်လာရာ ရေခပ်ထွက်လာသော ပြဲတရော်သူ လှပျိုဖြူများနှင့် တွေ့ဆုံလေ၏။

ထိုအခါ လှေတော်သားကပင် စတင်၍ "အို အမိတို့ ဒီရွာကြီးရဲ့ အမည်ကို ဘယ်လို ခေါ်ပါသလဲ" ဟု မေးလိုက်သည့်အခါ ရေခပ်လာသည့် အမျိုးသမီးများက "ဒီရွာကို ပြဲတရော်ရွာလို့ ခေါ်ပါတယ်" "မောင်ကြီးကတော့ ဘယ်အရပ်က လာပါသလဲ" "ဘာအလုပ်အကိုင်များ လုပ်ပါသလဲ" "နာမည် ဘယ်လိုခေါ်ပါသလဲ" ဟု ဖော်ဖော်ရွေရွေ၊ စပ်စပ်စုစု မေးကြလေသည်။

http://mmteashop.com



လှေတော်သားသည် ရွာနာမည် ကြားလိုက်သည်ဆိုလျှင် စာစပ်တော်သည့် ဗြိတရော်ဆိုသည်ကို ကြားဖူးလေ၍ အကြံတစ်ခု ရလာသည်။

'သူတို့ရွာက စာစပ်တော်ကြတယ်ဆိုရင် စပ်လို့ မဖြစ်နိုင်အောင် ငါရဲ့နေရပ်နဲ့ အလုပ်ကိုတော့ အမှန်အတိုင်းပြောပြီး နာမည်ကိုတော့ ကြံဖန်ပြီး ခဲခဲယဉ်းယဉ်းပြောကာ စာစပ်ခိုင်းလေမှပဲ' ဟု စိတ်ကူးပါက်ပြီး "ကဲ–ကဲ အမိတို့မေးတာကို ကျုပ်ပြောပြမယ်၊ ကျုပ်ပြောပြီးရင် ကျုပ်ပြောသမျှကိုတော့ အမိတို့က စာစပ်ပြရလိမ့်မယ်နော်၊ ကဲ နားထောင်နားထောင်" ဟု ဆိုပြီး–

"ကျုပ်တို့နေတာကတော့ မန္တလေးမြို့ပဲ၊ အလုပ်ကတော့ ဘုရင့်လှေတော်သား၊ နာမည်ကတော့ 'ငွပ်ငွပ်ငွမ်း' တဲ့၊ ကဲ–စာစပ်ပေတော့" ဟု ပြောလိုက်လျှင် အရွယ်ငယ်ငယ် အမျိုးသမီးတစ်ယောက်က နှုတ်မှ ချက်ချင်းပင် စပ်ဆို ရွတ်ပြလိုက်သည်မှာကား–

"မန်းရွှေမြို့ပေါ်
လှေတော်မှုထမ်း၊
ဗြိတရော်သူ လာမစမ်းနဲ့
ကိုငွပ်ငွပ်ငွမ်း" ဟု စပ်ပြီး ဆိုပြလိုက်လေသည်။

❒

# သက်ထားထက်မပိုပါနဲ့

မငေးလှသေးသော နှစ်များက ရွာကလေးတစ်ရွာ၌ သက်ထားအမည်ရှိသော အရူးတစ်ယောက် ရှိသည်။ သူသည် အရူးဖြစ်သည့်အတိုင်း အလုပ်ဟူ၍ ဘာတစ်ခုမျှ မလုပ်၊ တစ်ခါတစ်ရံ သူသည် တောင်းရမ်း၍ စား၏။ တစ်ခါတစ်ရံ သနားတတ်သူများက သူ့ကို ခေါ်ကျွေးလေ့ရှိကြသည်။ သက်ထားသည် ခေါ်ကျွေးသောသူများအား တစ်ခါတလေ အလုပ်လုပ်ပေးသွားသည်လည်း ရှိသည်။ ရပ်ထဲ ရွာထဲတွင် အလှူပွဲ၊ ဘုရားကိုးဆူဆွမ်းကပ်၍ ငြိုဟ်စာကျွေးပွဲများရှိလျှင် သက်ထားသည် ဝမ်းသာ၍မဆုံးပြီ။ သူသည် ထို သာရေး နာရေးပွဲများမှ ဆွမ်းတော်ပွဲ၊ ဘုရားပွဲ၊ ဂြိုဟ်စာခွက်တို့ကို အမြဲစားရသောကြောင့်တည်း။ ရွာသူရွာသားများသည် ထိုဆွမ်းတော်ပွဲ၊ ငှက်ပျောပွဲ၊ ဂြိုဟ်စာခွက်တို့ကို စားလေ့စားထ မရှိကြကုန်။ သက်ထားမပေါ်ခင်က စွန့်ပစ်လေ့ရှိ၏။ သက်ထားမှတစ်ပါး ထိုရွာတွင် အစွန့်ခံသည်ဟူ၍ ရှေးကမရှိခဲ့၊ အစွန့်ခံသူသည်လည်း သက်ထား၊ အပေးခံ

http://mmteashop.com



ရသူလည်း သက်ထား၊ စားရသူလည်း သက်ထားဖြစ်၍ သက်ထားသည် ရွာထဲတွင် သာရေး နာရေးရှိက ဝမ်းသာ၍ မဆုံးတော့ပြီ။ ဝမ်းပန်းတသာ ဖြစ်နေတော့သည်။

ခေတ်သည် ပြောင်းလဲခဲ့ပြီ၊ ရွာထဲ၌ သာရေး နာရေးပွဲ ကိစ္စတို့၌ ဘုရားဆွမ်းတော်၊ ဆုပေးပွဲ၊ ဂြိုဟ်စာခွက်တို့သည် အရှုးသက်ထားသာလျှင် စားသည်မဟုတ်၊ ကလေးသူငယ်တို့လည်း ယူစား ကောက်စားလာကြသည်။ သက်ထားကား မကျေနပ် "ကလေးတွေ ကလေးတွေ" ဟူ၍သာ ပါးစပ်က ဆိုလေသည်။ ကလေးများသာမက ကာလသားပေါက် လူပျိုပေါက် ကလေးတွေကလည်း ယူ၍စားကြကုန်သည်။ သက်ထားကား "ကလေး တွေသာ မဟုတ်တော့ဘူး၊ ကလေးတွေသာ မဟုတ်တော့ဘူး" ဟု ဆိုမြည် တမ်း၍ အနည်းအကျဉ်းသာ သူစားရတော့သည်။

တစ်နေ့သောအခါ ရွာထဲ၌ ဂြိုဟ်စာကျွေးသော ပွဲတစ်ပွဲ ရှိလေ သည်။ ကလေးရော, လူလတ်ရော, လူကြီးရော ဂြိုဟ်စာပွဲကို ကောက်စား ရန် စောင့်ဆိုင်းနေကြသည်။ အရှုးသက်ထားကား မလာ။ အဘယ်မှာ လာ မည်နည်း၊ သူမစားရသည်မှာ ကြာလေပြီ။ တစ်ခါတစ်ရံသာ သူ့အား သနား လေ့ရှိသော လူကြီးအချို့က ကောက်ယူပေး၍ စားရသည်။ ကလေးရော လူလတ်ရော လူကြီးရော ဂြိုဟ်စာပွဲကို အရှုးသက်ထား မလာသဖြင့် အတော်ပင် ဝမ်းသာနေကြလေသည်။ သက်ထားလာလျှင် လူကြီးများက ကောက်ယူပေးလိမ့်မည်ကို စိုးရိမ်နေကြ၏။

ကလေးရော လူလတ်ရော လူကြီးရော ဆွမ်းတော်ပွဲ အစွန့်နှင့် ဂြိုဟ်အနှင်ကို စောင့်နေကြ၏။ အဘယ်မှ ပေါက်လာသည်မသိ၊ အရှုး သက်ထားသည် ရောက်လာ၏။ ပါးစပ်မှ ဟားဟားဟု ဟားတိုက်ရယ်နေ လေ၏။ အားလုံးပင် အရှုးသက်ထားအား စူးစိုက်၍ ကြည့်နေကြ၏။ ဆွမ်းတော်အစွန့်နှင့် ဂြိုဟ်အနှင်ကို စောင့်နေသောသူတို့သည် အရှုး သက်ထား လုစားလိမ့်မည်ဟု ထင်ကြသည်။ အချို့လူကြီးများသည် သက်ထား အရှုးစိတ်ပေါက်လာပြီ၊ ကလေးများကို ရိုက်သွားမှာ ဘုရားကိုးဆု

http://mmteashop.com



များကို ရိုက်ချိုးသွားမှာ စိုးရိမ်မကင်း ဖြစ်ကြသည်။ အရှုးသက်ထားက တဟားဟား ရယ်လျက်ကောင်းတုန်းပင် ရှိ၏။ ဘုရားကိုးဆူဆရာသည် ကြိုဟ်များကို စနှင်နေသည်၊ ဘုရားကိုးဆူဆရာ ဂြိုဟ်နှင်၍ ရွတ်ဖတ်ကောင်း တုန်းရှိစဉ်ပင် ကလေးလူကြီးအားလုံးသည် ဘုရားဆွမ်းတော်ပွဲနှင့် ဂြိုဟ်စာ ခွက်များကို လုယက်ယူကြကုန်၏။ အရှုးသက်ထားက ထိုးဖောက်၍ ဟားတိုက်ရယ်လာ၏။ လုယက်ယသူများရော၊ အရှုးသက်ထား ဝင်လာ မလားဟု စိုးရိမ်နေသူများရော သက်ထားကို ဝိုင်းအုံ၍ ကြည့်နေကြ၏။

အရှုးသက်ထားသည် ထလိုက်၏။ ပုဆိုးကို တိုတိုပြင်ဝတ်၏။ ကြည့်နေသူများသည် ပို၍ စိုးရိမ်လာ၏။ အရှုးသက်ထားသည် ဝိုင်းကြည့် သူတို့အား ထိုးဖောက်ထွက်လိုက်၏ "ဤရွာမှာ သက်ထားထက် ပိုရူးသူ တွေ များလာပြီ ပေါလာပြီ" ဟူ၍ ပါးစပ်မှ သံကုန်ဟစ်၍ ပြေးလေတော့ သည်။ အရှုးသက်ထားကား ပျောက်ကွယ်၍သွားပြီ။ ထိုနေ့မှစ၏ မပေါ်လာ တော့။ သို့သော် ထိုရွာတွင် စည်းမဲ့ကမ်းမဲ့ တစ်စုံတစ်ခုကို ရွာသူရွာသားများ လုပ်လာသောအခါ လူကြီးသူမများက "မင်းတို့ သက်ထားထက် ပို၍ မရူး ချင်ကြပါနှင့်တော့" ဟု စကားပုံပြု၍ ဆိုဆုံးမကြသဖြင့် ဘုရားပွဲ ဆွမ်းတော် ပွဲ စသည်ကို မစားကြတော့၊ ယနေ့တိုင် စွန့်ပစ်လေ့ရှိကြလေသည်။

❐

http://mmteashop.com



အညာကျေးလက်ပုံပြင်များ
လူထု
ဦးလှ

http://mmteashop.com



# သူ့အကျိုးဆောင် ကိုယ့်အကျိုးအောင်

ရှေးအခါက တောရွာတစ်ရွာတွင် သူတစ်ပါးအကျိုးကို မဆောင်ရွက်ရလျှင် မနေနိုင်သော အကျင့်ရှိသူ သူဆင်းရဲတစ်ဦး ရှိလေသည်။ သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်းသည် အလွန်ကောင်းမြတ်သည်ဟု သူက ယုံကြည်သော်လည်း သူ၏ မိဘဆွေမျိုး စသူတို့က ရိုးလွန်း၍ အသည်ဟု မြင်သည်။ ထို့ကြောင့် သူ့အား မောင်ရွှေအဟု ခေါ်ကြသည်။

တစ်နေ့သော် မောင်ရွှေအသည် တောမှ ဝါးများကို ခုတ်ယူလာပြီး အိမ်ရောက်၍ ပခုံးပေါ်မှ ဝုန်းခနဲ ချလိုက်သော် အိမ်နီးချင်း သူငယ်ချင်းများက တစ်ယောက်တစ်လုံးစီ အကုန်လုံးယူသွားကြသည်။ မောင်ရွှေအသည်ကား ဝမ်းသာသော မျက်နှာဖြင့် ပြုံးရွှင်စွာ ကြည့်နေလေသည်။ ထို့ကြောင့် သူ၏ မိဘများက ကရုဏာဒေါသောဖြစ်၍ "သင်သည် အလွန်အသည်၊ သို့ မအရန် မည်သို့ ပြုလုပ်ရမည်ကို တောထဲမှာ သီတင်းသုံးနေထိုင်သည့်

http://mmteashop.com



ရသေ့ပညာရှိကြီးထံ သွားရောက်မေးလျှောက်ချေ” ဟု ဆိုပြီး လွှတ်လိုက်လေသည်။

မောင်ရွှေအသည် ခရီးအတော်ဝေးလာသော် မောပန်းလှ၍ ညောင်ပင်ကြီး အေးရိပ်တွင် ဝင်ရောက်နားနေခိုက် ကျေးငှက်တစ်ကောင်က “အဆွေလူသား အဘယ်ကိစ္စဖြင့် အဘယ်အရပ်သို့သွားမလို့လဲ” ဟု မေးရာ၊ မောင်ရွှေအ က မိမိ၏အကြောင်းစုံကို ပြောပြသည်။ ကျေးငှက်က “အဆွေလူသား ကျွန်ုပ်သည် ဤညောင်ပင်မှ အဘယ်အရပ်သို့မျှ မသွားနိုင်၊ ဤညောင်ပင်နှင့် မခွဲနိုင် မခွာရက် ဖြစ်နေသည်ကို မည်သို့ ပြုလုပ်ရမည့်အကြောင်း ရသေ့ပညာရှိကြီးအား လျှောက်မေးခဲ့စမ်းပါ” ဟု မှာကြားရာ “ကောင်းပါပြီ” ဟု ဝန်ခံပြီး ခရီးဆက်ခဲ့လေသည်။

ခရီးအတန်ဝေးသော် လမ်းဘေးရှိ ဇရပ်ကြီးတစ်ခုကို တွေ့၍ ဝင်နားရာ၊ ထိုဇရပ်ရှိ သူကြွယ်ကြီးက “အဆွေ အဘယ်ကိစ္စဖြင့် အဘယ်အရပ်သို့ သွားမလို့လဲ” ဟု မေးရာ၊ မောင်ရွှေအ က မိမိ၏ အကြောင်းစုံကို ပြောပြသည်။ သူကြွယ်ကြီးက “ကျွန်ုပ်မှာလည်း နာတာရှည်ရောဂါ စွဲကပ်နေတာ ကြာပါပြီ၊ မည်သို့ ပျောက်ကင်းအောင် လုပ်ဆောင်ရမည်ကို ရသေ့ပညာရှိကြီးအား မေးလျှောက်ခဲ့စမ်းပါ” ဟု မှာကြားရာ “ကောင်းပါပြီ” ဟု ဝန်ခံပြီး ခရီးဆက်ခဲ့လေသည်။

ထို့နောက် တောင်ပေါ်မရောက်ခင် မြစ်ကမ်းဘေးတွင် ထိုင်လျက် ရေအလျဉ်ကို ကြည့်နေစဉ် မိကျောင်းကြီးတစ်ကောင်သည် “အဆွေလူသား အဘယ်ကိစ္စဖြင့် အဘယ်အရပ်သို့ သွားမလို့လဲ” ဟု မေးရာ၊ မောင်ရွှေအ က မိမိ၏ အကြောင်းစုံကို ပြောသည်။ မိကျောင်းကြီးကလည်း “ကျွန်ုပ်မှာ ခေါင်းကိုက်ဝေဒနာ စွဲကပ်နေ၍ မည်သို့ ကုစားရမည့်အကြောင်းကို ရသေ့ပညာရှိအား မေးလျှောက်ခဲ့စမ်းပါ” ဟု မှာကြားရာ “ကောင်းပါပြီ” ဟု ဝန်ခံပြီး တောင်ပေါ်ရှိ ရသေ့ပညာရှိကြီးထံ တက်သွားလေသည်။

ရသေ့ပညာရှိထံ ရောက်သော် ရသေ့ကြီးက “အဘယ်ကိစ္စဖြင့် လာခဲ့သလဲ” ဟု မေးရာ၊ မောင်ရွှေအ က “ကျေးငှက်တစ်ကောင်သည်

http://mmteashop.com



ညောင်ပင်ကြီးတစ်ပင်မှ ဘယ်အရပ်မှ ပျံမသွားနိုင်၊ မခွဲခွာရက် ဖြစ်နေသည်ကို မည်သို့ ပြုလုပ်ရန် ရသေ့ကြီးအား လျှောက်မေးဖို့ မှာလိုက်ပါသည်ဘုရား" ဟု လျှောက်ထား၏။

"အဆွေလူသား ထိုကျေးငှက်သည် အရင်ဘဝဟောင်းက သူပိုင်ရွှေအိုးတစ်လုံးနှင့် ငွေအိုးတစ်လုံးကို ညောင်ပင်ခြေရင်းမှာ မြှုပ်ထားခဲ့ဖူးသည်။ ထိုအိုးနှစ်လုံးကို တူးဖော်၍ သူတစ်ပါးအား ပေးကမ်းခဲ့သော် အခြားလိုရာအရပ်သို့ ပျံသွားနိုင်လိမ့်မည်" ဟူ၍ ဖြေဆိုလေသည်။

"ရသေ့ပညာရှိကြီးဘုရား ပစ္စည်းဥစ္စာ ပေါများလှသော သူကြွယ်ကြီး တစ်ဦးသည်လည်း နာတာရှည်ရောဂါ စွဲကပ်နေပါ၍ မည်သို့ ကုသရမည်ကို မှာလိုက်ပါသည်ဘုရား" ဟု လျှောက်ထားရာ "အဆွေလူသား ထိုသူကြွယ်ကြီးသည် သူ၏ ပစ္စည်းဥစ္စာတို့ကို စွဲလမ်းမှုစိတ်က အားကြီးလှ၍ နာတာရှည်ရောဂါ စွဲကပ်နေခြင်းသာ ဖြစ်သည်။ ထို့ကြောင့် သူ၏ ပစ္စည်းဥစ္စာ တစ်ဝက်ခန့်ကို သူတစ်ပါးအား ရက်ရောစွာ ပေးစွန့်ပါက သူကြွယ်၏ ရောဂါ ပျောက်ကင်းသွားလိမ့်မည်" ဟု ဖြေဆိုလေသည်။

"ရသေ့ပညာရှိကြီးဘုရား မိကျောင်းကြီး တစ်ကောင်သည်လည်း ခေါင်းကိုက်ဝေဒနာ စွဲကပ်နေပါ၍ မည်သို့ ပြုလုပ်ရမည်ကို မှာကြားလိုက်ပါသည်ဘုရား" ဟု လျှောက်ထားရာ "အဆွေလူသား ထိုမိကျောင်းကြီး၏ ဦးခေါင်းထဲမှာ ပတ္တမြားတစ်လုံးရှိသည်၊ ထိုပတ္တမြားလုံးကို ထုတ်ယူပြီး သူတစ်ပါးအား ရက်ရောစွာ ပေးစွန့်ပါက ခေါင်းကိုက်ရောဂါ ပျောက်ကင်းလိမ့်မည်" ဟု ဖြေဆိုလေသည်။

မောင်ရွှေအသည် ကျေးငှက်၊ သူကြွယ်၊ မိကျောင်း သုံးဦးတို့၏ အကျိုးကို ဆောင်ရ၍ အလွန်ဝမ်းမြောက်နေသည်။ ထို့ကြောင့် မိမိ၏ လူရိုးလူအဖြစ်ရခြင်း အကြောင်းကို မေးလျှောက်ရန် မေ့နေတော့၍ "ဝမ်းသာပါသည်ဘုရား" ဟု လျှောက်ကာ ပြန်လာခဲ့လေသည်။

မိကျောင်းထံသို့ ရောက်သော် အကြောင်းမှန်ကို ပြောပြ၍ မိကျောင်းကြီးက ဝမ်းသာစွာဖြင့် ပတ္တမြားလုံးကို မောင်ရွှေအအား ထုတ်ယူ

http://mmteashop.com



စေရာ၊ ခေါင်းကိုက်ဝေဒနာသည် ထိုအခါမှစ၍ ပျောက်ကင်းသွားလေသည်။

သူကြွယ်ကြီးထံ ပြန်ရောက်၍ အကြောင်းမှန်ကို ပြောလေလျှင် သူကြွယ်ကြီးကလည်း ပစ္စည်းတစ်ဝက်ကို ခွဲဝေ၍ မောင်ရွှေအအား ရက်ရောစွာ ပေးလေ၏။ ထိုအခါမှစ၍ နာတာရှည်ရောဂါ ပျောက်ကင်းသွားလေသည်။

ကျေးငှက်ထံ ရောက်ပြန်၍ အကြောင်းမှန်ကို ပြောသော် ကျေးငှက်ကလည်း ရွှေအိုးနှင့်ငွေအိုးကို ဖော်ယူရန် ဝမ်းသာစွာပင် သဘောတူ၏။ ထိုအခါမှစ၍ ကျေးငှက်သည် မိမိလိုရာ အရပ်သို့ ပျံသန်းသွားနိုင်လေသည်။

မောင်ရွှေအသည် သူတစ်ပါးအကျိုးလည်းဆောင်ရ မိမိအကျိုးလည်း အောင်သောကြောင့် ဝမ်းသာစွာ မိမိတောရွာသို့ ပြန်လာပြီး သက်ဆုံးတိုင် သူတစ်ပါးအကျိုးကို ဆောင်၍ ပျော်ရွှင်စွာ နေလေတော့သတည်း။

❒

http://mmteashop.com



# ငါ့သားသွားလေ့သွားလေ့ တုံးတင်ကပြန်လာ

ရှေးအခါက တောရွာကြီးတစ်ရွာတွင် အသက် ၆၀ နီးပါးရှိ လင်မယားနှစ်ဦး ရှိလေသည်။ သူတို့သည် ငယ်စဉ်ကပင် အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့သော်လည်း အသက် ၄၀ နီးပါးခန့်တွင် သားတစ်ဦးတည်းသာ ထူးခြားစွာ ပေါ်ပေါက် ဖွားမြင်၍ ထိုသားကလေးကို “မောင်ပေါ်ထူး” ဟု အမည်ပေးခဲ့ကြလေသည်။

မောင်ပေါ်ထူးသည် လိမ္မာဖြောင့်မတ်သူ ဖြစ်ရုံသာမက အလုပ်အကိုင်၌ ကျွမ်းကျင်ကျိုးနွံစွာ လုပ်ကိုင်လေ့ရှိသူ ဖြစ်လေသည်။ တစ်နေ့သော် မိဘများက မောင်ပေါ်ထူးအား မိမိတို့သည် အသက်ကြီးရင့်လာသကဲ့သို့

http://mmteashop.com



အလုပ်အကိုင်၌ စွမ်းစွမ်းတမံ မလုပ်နိုင်တော့ပြီဖြစ်၍ မိဘများ အသက်ထင်ရှား ရှိနေစဉ်မှာပင် တစ်ဦးတည်းသော သားကို နေရာချထားပေးလို၍ အိမ်ထောင်ဖက်ရှာရန် ပြောလေသည်။

သို့မိဘများ ပြောသည့်နေ့မှစ၍ မောင်ပေါ်ထူးသည် ညနေနေဝင်ချိန် ထမင်းစားပြီးတိုင်း ကမန်းကတမ်း လှေကားလက်ဝါးရန်းကို လက်သုတ်ပြီး ဆင်းသွားလေသည်။ ညစဉ် ဤသို့ အိမ်လည်နေ၍ သီတင်းဝါလကျွတ်လျှင် မိမိ၏ သားအား အိမ်ထောင်ဖက် တောင်းရမ်းပေးရလိမ့်မည်။ လုပ်ဖော်ကိုင်ဖက် ချွေးမ သမီးတစ်ယောက် ရလိမ့်မည်ဟု မောင်ပေါ်ထူး၏ မိဘများက ထင်မှတ်ယုံကြည်နေကြသည်။ သားအား အိမ်ထောင်ချပြီးသော် မိမိတို့သားဘက်က ချို့ယွင်းချက်မရှိအောင် ပစ္စည်းဥစ္စာ ကိုင်းကျွန်းလယ်ယာများကို အားလုံးအပ်နှင်း၍ တင့်တောင့်တင့်တယ်ဖြစ်အောင် ပြုစုပျိုးထောင်ပေးမည်ဟုလည်း မောင်ပေါ်ထူး၏ မိဘများက တိုင်ပင်ထားကြလေသည်။

သီတင်းကျွတ်သော်လည်း မောင်ပေါ်ထူးသည် အိမ်ထောင်ပြုဖို့ရန်ကိစ္စနှင့် ပတ်သက်၍ မိဘများအား မတိုင်ပင် မပြောကြားပေ။ ထို့ကြောင့် အဖဖြစ်သူက မနေနိုင်၍ "အဘယ်သူတို့၏သမီး အဘယ်အမျိုးသမီးနှင့် အိမ်ထောင်ပြုဖို့ ရည်ရွယ်သနည်း" ဟု ဖွင့်မေးသော်လည်း မောင်ပေါ်ထူးက မည်သို့မျှ ပြန်မပြောဘဲ အဘဖြစ်သူအား ပြုံး၍ ကြည့်နေလေသည်။

မောင်ပေါ်ထူးသည် ရှေးကကဲ့သို့ပင် ညထမင်းစားပြီးတိုင်း အိမ်လည်သွားနေလေရာ တစ်နေ့သော် မောင်ပေါ်ထူး၏ ဖခင်သည် သားကိစ္စကို သိလိုဇောဖြင့် သားနောက်မှ နောက်ယောင်ခံပြီး လိုက်သွားလေသည်။

သားမောင်ပေါ်ထူးသည် မည်သည့်အိမ်သို့မျှမသွား မလည်ပတ်ဘဲ တစ်ရွာလုံးတွင် အချောမော အလှပဆုံး၊ ပစ္စည်းဥစ္စာ အပေါများဆုံး၊ မည်သည့် လူပျို ကာလသားမှ မကပ်နိုင်သော ရွာသူကြီး၏သမီးကို သူကြီးအိမ်ရှေ့ မှောင်ရိပ် သစ်တုံးတစ်တုံးပေါ်မှ ထိုင်လျက် ချောင်းမြောင်းကြည့်နေသည်ကို တွေ့ရလေသည်။

http://mmteashop.com



ထို့ကြောင့် အဘဖြစ်သူသည် စိတ်ပျက်လက်ပျက်နှင့် အိမ်သို့ ပြန်လာပြီး ဇနီးဖြစ်သူ အမယ်ကြီးအား "သီတင်းကျွတ်ရင်တော့ ချေးမ ရရော့ အောက်မေ့တယ်၊ လက်စသတ်တော့ 'ငါ့သား သွားလေ့သွားလေ့နဲ့ တုံးတင်ကပြန်လာ' တာကိုး" ဟု ပြောဆို ညည်းညူရှာလေတော့သတည်း။

❐

http://mmteashop.com



# ကြွက်တို့ကာကြွယ် ခုနစ်သွယ်

တစ်ရံရောအခါ ကျေးရွာတစ်ရွာတွင် ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသော တောသူဌေးတစ်ဦး ရှိလေ၏။ ထိုသူဌေးတွင် ချောမောလှပသည့် သမီးကညာ ခုနစ်ယောက်ရှိရာ ထိုသူဌေး၏အိမ်တွင်လည်း ကိုကဆုန်၊ ကိုနယုန်ခေါ် ညီအစ်ကိုနှစ်ယောက်တို့သည် စာရင်းငှားအဖြစ် နေကြလေ၏။

တစ်နေ့သ၌ ကိုကဆုန်သည် သူဌေးကြီး၏ သမီးအကြီးကိုလည်းကောင်း၊ ကိုနယုန်သည် သမီးအငယ်ကိုလည်းကောင်း ရလိုကြောင်း သူဌေးကြီးအား ပြောကြား တောင်းပန်လေလျှင် သူဌေးကြီးလည်း ဒေါသအမျက်ချောင်းချောင်းထွက်လျက် "နင်တို့လို ကျွန်စုတ်တွေနဲ့ ငါ့သမီးများနှင့် မတူမတန်ဘူး" ဟု ပြောဆိုကြိမ်းမောင်းကာ အိမ်မှ နှင်ထုတ်လိုက်လေ၏။

ကိုကဆုန် ကိုနယုန်တို့သည်လည်း သူဌေးကြီးအိမ်မှ ထွက်လာခဲ့ကြရပြီးလျှင် ရွာတစ်ရွာ၌ သွားရောက်၍ မိမိတို့၏ လုံ့လဝီရိယ အစွမ်းသတ္တိ

http://mmteashop.com



အားကိုးဖြင့် ကြိုးစားလုပ်ကိုင် စုဆောင်းခဲ့ရာ ကာလအတန်ကြာသော် အလိုက်အထိုက် ချမ်းသာ ကြွယ်ဝလာကြလေသည်။

ဤအချိန်တွင် သူတို့၏ စာရင်းကိုင်ဖြစ်ဖူးသော သူဌေးကြီးမှာ သေဆုံးသွားသဖြင့် ကျန်ရစ်သော သမီးခုနစ်ယောက်တို့လည်း ဘာမျှမလုပ်တတ် မကိုင်တတ်ကြဘဲ ရှိသမျှ မိမွေ ဖမွေများကိုသာ သုံးစားနေထိုင်လာခဲ့ကြရာ ဝင်ငွေမရှိ ထွက်ငွေချည်း ဖြစ်နေသဖြင့် ပစ္စည်းဥစ္စာများ ကုန်ခန်း၍ ဆင်ရဲနွမ်းပါးကြလေတော့သည်။

တစ်နေ့သောအခါတွင် သူဌေးသမီး ခုနစ်ယောက်တို့သည် ကိုကဆုန် ကိုနယုန်တို့၏ လယ်ကွက်တွင်းသို့ ဆင်း၍ ကောက်ပဲသီးနှံများ လိုက်လံရှာဖွေ ကောက်ယူနေကြစဉ် ကိုကဆုန်တို့ ညီအစ်ကိုနှစ်ယောက် လာသည်ကို မြင်လျှင် သူတို့၏ ဘဝအဖြစ်ကို သိမည်စိုးသဖြင့် ကိုကဆုန်တို့ မမြင်အောင် လယ်ကွက်ထဲရှိ ကောက်ရိုးပုံကြီးထဲသို့ ဝင်၍ ပုန်းအောင်းနေကြလေ၏။

ကိုကဆုန် ကိုနယုန်တို့ ညီအစ်ကိုလည်း လယ်ကွင်းထဲသို့ လျှောက်၍ ကြည့်ရှုရာ ကောက်ရိုးပုံကြီးကို မြင်ကြ၍ "ဒီကောက်ရိုးတွေ ဒီနေရာမှာ အလွန်ရှုပ်လှတယ်" ဟု ဆိုပြီးလျှင် မီးရှို့ပစ်ကြလေရာ ကောက်ရိုးပုံအတွင်းရှိ သူဌေးသမီး ခုနစ်ယောက်တို့သည် မီးလောင်၍ သေကြလေတော့သည်။

ထိုသူဌေးသမီး ခုနစ်ယောက်တို့သည် သေသည်၏ အခြားမဲ့၌ မိုးကောင်းကင် ဝဠာထက်ဝယ် ထင်ရှားတောက်ပသည့် ခုနစ်သွယ်သော ကြတ္တိကာကြယ်ကလေးများ ဖြစ်လာကြလေသည်။

သို့သော် ကိုကဆုန် ကိုနယုန် ညီအစ်ကိုနှစ်ယောက်ကို စိတ်နာသွေးသဖြင့် ကဆုန်လနှင့် နယုန်လများတွင် မထွက်ပေါ်ဘဲ အခြားသော သလများမှာသာ ထွက်ပေါ်လာကြလေသည်ဟူသတည်း။

❒

http://mmteashop.com



# လက်ကုတ်တိုင်း ကိုယ့်လူမမှတ်နှင့်

လွန်ခဲ့သည့် ၂၅ နှစ်ခန့်က အညာရွာတစ်ရွာတွင် ဦးဖြူဆိုသော နွားအလွန် ဝါသနာပါသည့် လူတစ်ယောက်ရှိသည်။ ဦးဖြူတွင် အလွန်ကောင်းသည့် နွားများရှိပြီး စကားစပ်မိတိုင်းလည်း နွားအကြောင်းချည်း ပြောလေ့ရှိလေသည်။

တစ်နေ့တွင် ယာတောဍ အလုပ်နားနေစဉ် အဖော်တစ်ဦးနှင့် နွားအကြောင်း စပ်မိစပ်ရာ ပြောနေသည်။ ထိုသို့ ပြောဆိုနေစဉ် ဦးနက်ဆိုသူနှင့် ဦးညာဏ်ပိုင်ဆိုသူနှစ်ဦး ရောက်ရှိလာကြသည်။ ဦးဖြူ နွားအကြောင်း ပြောနေသဖြင့် ဦးနက်ကလည်း ဝင်၍ သူ့တွင်လည်း နွားကောင်းတစ်ရှဉ်း ရှိကြောင်း ပြောလေသည်။ ဦးဖြူကလည်း အားကျမခံ သူ့နွားများ ကောင်း

http://mmteashop.com



ကြောင်း အာဘောင်အာရင်းသန်သန် ပြောဆိုလေသည်။ ဤတွင် ကြားမှ ဦးဉာဏ်ပိုင်က 'ငါတော့ အချက်ရပြီ၊ ထန်းရည်သောက်ရအောင် ကြံဦးမှပဲ' ဟု တွေးပြီး "ကဲ ခင်ဗျားတို့ ငြင်းခုံနေမဲ့အစား လက်တွေ့သိရအောင် ခင်ဗျားတို့နွားတွေ ပြိုင်လောင်းကြပါလား" ဟု ဝင်ရောက် အကြံပေး ပြောဆိုလေသည်။ အကြံပေးပြောဆိုရင်း ဦးဉာဏ်ပိုင်သည် နှစ်ယောက် ကြားကနေပြီး နှစ်ယောက်စလုံးကို လက်ကုတ်နေသည်။ ညနေစောင်းသော အခါ၌ ရွာပြင် လှည်းလမ်းကြောင်းတွင် ယှဉ်ပြိုင်ကြရန် ပြင်ဆင်ကြတော့ သည်။ လှည်းများကို နွားကနေစဉ် ဦးဉာဏ်ပိုင်သည် လှည်းနှစ်စီးကြားမှ ဦးနက်ရော ဦးဖြူကိုပါ လက်တကုတ်ကုတ်နှင့် ဖြစ်နေသည်။ သို့နှင့် လှည်း နှစ်စီး ပြိုင်ကြသောအခါ ဦးဖြူက နိုင်ပြီး ဦးနက်က ရှုံးသွားလေသည်။

နောက်တစ်နေ့တွင် ဦးဉာဏ်ပိုင်သည် အနိုင်ရသူ ဦးဖြူထံ သွားပြီး "ဘယ့်နှယ့်လဲ ဦးဖြူ ခင်ဗျား နိုင်တယ်မဟုတ်လား ကျွန်တော် အစ ကတည်းက သိလို့ ခင်ဗျားကို အပိုင်လက်ကုတ်ပြီး လောင်းခိုင်းနေတာဗျ" ဟု ပြောလေသည်။ ဦးဖြူမှာလည်း ဦးဉာဏ်ပိုင်ကြောင့် အနိုင်ရခြင်းဖြစ် သည်ဟု ကျေးဇူးတင်စကား တဖွဖွပြောဆို၍ ထန်းရည်များတိုက်လေသည်။

ဦးဖြူထံမှ ထန်းရည်သောက်ပြီးသောအခါ ရှုံးသူ ဦးနက်ထံ သွားပြန်၍ "ခင်ဗျားဗျာ ကျွန်တော်လက်ကုတ်ပြီး သတိပေးလျက်သားနဲ့ လောင်းတယ်၊ တော်တော်ခက်တဲ့လူပဲ" ဟု ကရုဏာသံနှင့် ပြောလေ၏။ ဦးနက်မှာလည်း 'အင်း သူသတိပေးလျက်သားနဲ့ ငါက ထွက်လောင်းမိ တယ်၊ အမှန်ကတော့ ငါမိုက်တာပဲ' ဟု နောင်တရပြီး ဦးဉာဏ်ပိုင်အား ကျေးဇူးတင်စကားပြော၍ ထန်းရည်များ တိုက်ပြန်သည်။

နောက်တစ်နေ့ ယာတောတွင် ဦးဖြူနှင့် ဦးနက် တွေ့ကြပြီး နွားပြိုင်ပွဲနှင့် ပတ်သက်၍ စကားစပ်မိစပ်ရာ ပြောကြရာမှ ဦးနက်က သူ ဦးဉာဏ်ပိုင်၏စကား နားမထောင်မိ၍ မိမိရှုံးရကြောင်း ပြောပြလေ၏။ ဦးဖြူကလည်း သူ့အား ဦးဉာဏ်ပိုင် လက်ကုတ်၍ ယခုလို လောင်းဖြစ်ပြီး အနိုင်ရခြင်း ဖြစ်သည်ဟု ပြောပြလေသည်။ ဤတွင်မှ ဦးဉာဏ်ပိုင် ကြားမှ

http://mmteashop.com



အချောင် ထန်းရည်သောက်ရအောင် ကြံသွားပုံကို နှစ်ဦးသား ရိပ်မိကြလေသည်။

ထိုအချိန်မှစ၍ ရွာတွင် "လက်ကုတ်တိုင်း ကိုယ့်လူ မအောက်မေ့နှင့်" ဟူသော စကားဖြင့် ရယ်စရာ ပြောလေ့ရှိကြလေသည်။

❒

http://mmteashop.com



အညာကျေးလက်ပုံပြင်များ

http://mmteashop.com



# မောင်ရွှေရိုး မယ်ရွှေရိုး

ဟိုရှေးရှေးအခါက မြို့နှင့် အလှမ်းဝေးသော ကျေးရွာတစ်ရွာတွင် လယ်ယာကိုင်းကျွန်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း နေထိုင်ကြသော တောင်သူကြီး လင်မယားနှစ်ယောက် ရှိကြ၏။ ၎င်းလင်မယားသည် ဈေးရောင်းဈေးဝယ်နှင့် လူစည်ကားသော မြို့အရပ်ကို တစ်ခါတစ်ခေါက်မျှ မရောက်ဖူးကြချေ။ မိမိတို့ လယ်တောမှ ထွက်သော အသီးအနှံများကိုသာ သုံးဆောင် စားသောက် ဝတ်ဆင်ကာ ရိုးသားစွာနေကြသဖြင့် လင်ဖြစ်သူကို မောင်ရွှေရိုး၊ မယားဖြစ်သူကို မယ်ရွှေရိုးဟု အများက ခေါ်ကြလေသည်။

လင် မောင်ရွှေရိုး မယား မယ်ရွှေရိုးတို့ နေထိုင်ကြသည့်ရွာတွင် ရွာသူရွာသားအများ ကိုးကွယ်ဆည်းကပ် အားထားရာဖြစ်သော ဆရာတော်

ဘုရားသည် လောကုတ္တရာ ကျမ်းစာ အစောင်စောင်တို့ကို များစွာ နှံ့စပ်ပါသော်လည်း လောကီဗဟုသုတဆိုလျှင် ဘာတစ်ခုမျှ လေ့လာ လိုက်စားခြင်းမရှိ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဖြစ်သော ကမ္မဋ္ဌာန်းတရားကိုသာ ကြိုးစားအားထုတ်၍ ရိုးရိုးသားသား နေထိုင်သဖြင့် ထူးဆန်းသော အရာဝတ္ထုနှင့် ခေတ်ပေါ်ပစ္စည်းများကို ဘာတစ်ခုမျှ မြင်ဖူးခြင်း၊ တွေ့ဖူးခြင်း၊ ကြားဖူးခြင်း မရှိ။ ထို့ကြောင့် ဆရာတော်ကြီးကိုလည်း ဘိုးရွှေရိုးဟု အများက ခေါ်ကြလေ၏။

တစ်နေ့သ၌ လင်ဖြစ်သူ မောင်ရွှေရိုးသည် လယ်တောတွင် အလုပ်ကိစ္စများကို ကြိုးစားလုပ်ကိုင်ပြီးလျှင် အိမ်သို့ ပြန်ရောက်သောအခါ အိပ်ရာထဲသို့ ဝင်၍ အိပ်လိုက်လေ၏။

မယားဖြစ်သူ မယ်ရွှေရိုးသည် လင် မောင်ရွှေရိုး အိပ်နေသည်ကို မြင်လျှင် "ကိုရွှေရိုးကလည်းတော် အိမ်ရောက်ရင်ရောက်ချင်း အိပ်တော့တာပဲ၊ ရေကလေးများ ဝိုင်းခပ်ပါအုံးတော့" ဟု ပြောသောကြောင့် ရေအိုးကို ထမ်းကာ ရေခပ်သွားရာတွင် ရေခပ်လမ်းမှ လူ၏ အရိပ်ထင်ရန် ပြဒါးသုတ်ထားသော မှန်ဝိုင်းကလေးတစ်ချပ်ကို ကောက်ရလေ၏။ မောင်ရွှေရိုးသည် မှန်ကို မှန်မှန်းမသိချေ။

ဝင်းဝင်းပြောင်ပြောင်ကလေးကို အသေအချာ ကြည့်သောအခါ သျှောင်ပေစုးနှင့် မိမိအရိပ် ထင်နေသည်ကိုလည်း မိမိအရိပ်မှန်း မသိချေ။

'လွန်ခဲ့တဲ့ ငါးနှစ်လောက်က သေဆုံးသွားတဲ့ သျှောင်ပေစုးနဲ့ ငါ့ဘကြီးရဲ့ရုပ်ပုံပါလား၊ ဘကြီးကို လွမ်းတဲ့အခါ ကြည့်ရအောင် အိမ်ယူသွားမှဘဲ' ဟု စိတ်ကူးရ၍ မှန်ဝိုင်းကလေးကို အိတ်ထဲထည့်ကာ ရေခပ်ပြီးနောက် အိမ်သို့ ပြန်လေ၏။

အိမ်ရောက်လျှင် ကောက်ရခဲ့သော မှန်ကလေးကို အိမ်ဦးခန်းမှာထားသည့် သေတ္တာထဲတွင် ထည့်ကာ ရိုသေစွာ သိမ်းဆည်းထားလေ၏။

မောင်ရွှေရိုးသည် ဤအရာမှာ မှန်ဆိုသည်ကို သူမသိ၊ အရိပ်ထင်တတ်သော သဘာဝကိုလည်း သူမသိချေ။ ကောက်ရခဲ့သော မှန်ဝိုင်း

http://mmteashop.com



ကလေးသည် လွန်ခဲ့သော ငါးနှစ်လောက်က သေဆုံးသွားသည့် သူ့ဘကြီး၏ရုပ်ပုံဟု အစွဲအလမ်းကြီးဖြင့် လယ်တောက ပြန်လာတိုင်း ပြန်လာတိုင်း သေတ္တာထဲက မှန်ဝိုင်းကလေးကို ယူ၍ မိမိအရိပ်ကို ဘကြီးပုံထင်ကာ ကြည့်လေ့ရှိလေ၏။

ခေါင်းရင်းကသေတ္တာကို နေ့တိုင်းနေ့တိုင်း ဖွင့်ကြည့်နေသည်ကို မယ်ရွှေရိုး မြင်လေလျှင် "ကိုရွှေရိုးသည် သေတ္တာကို ခဏခဏ ဖွင့်ကြည့်နေသည်။ ငါမသိအောင် ဘာတွေများ ထည့်ထားလို့ပါလိမ့်မလဲ၊ သူမရှိမှ အသေအချာ ဖွင့်ကြည့်ဦးမည်" ဟု မယ်ရွှေရိုး အကြံရလေ၏။

လင်မောင်ရွှေရိုး လယ်တောသို့ သွားသောအခါ မယားမယ်ရွှေရိုးသည် ကြံစည်ထားသည့်အတိုင်း သေတ္တာကို ဖွင့်၍ ရှာဖွေကြည့်လေလျှင် တစ်ခါမျှ မမြင်ဖူး မတွေ့ဖူးသော မှန်ဝိုင်းကလေးကို တွေ့၍ အသေအချာကြည့်သောအခါ မှန်ဝိုင်းကလေးထဲ၌ ထင်နေသော မိမိအရိပ်ကို မြင်လေလျှင် 'လက်စသတ်တော့ မောင်မင်းကြီးသား မောင်ရွှေရိုးက သူ့မယားငယ်ရုပ်ပုံရှိလို့ သည်သေတ္တာကို ခဏခဏ ဖွင့်ကြည့်နေတာကိုး၊ မယားငယ်ယူချင်တဲ့ မောင်ရွှေရိုး သည်တစ်ခါ အကြောင်းသိစေမယ်' ဟု ကြုံးဝါးနေလေ၏။

မောင်ရွှေရိုး လယ်တောမှ ပြန်လာသောအခါ မယ်ရွှေရိုးသည် ကပျာကရာ မောင်ရွှေရိုး၏ လက်ကိုဆွဲကာ အိမ်ထဲသို့ ခေါ်၍ ခေါင်းရင်းသေတ္တာထဲမှ မှန်ဝိုင်းကလေးကို ယူလာပြီးလျှင် "ဟောဒီဟာ မင့်မယားငယ်မဟုတ်လား" ဟု ဒေါသဖြင့် မေးပြီး မိမိအရိပ်ကို လက်ညှိုးထိုး၍ပြလေ၏။

မောင်ရွှေရိုးသည် အံ့အားသင့်လျက် မှန်ကလေးကို ကပျာကရာ လုကာ မိမိအရိပ်ကို အသေအချာကြည့်ပြီးလျှင် "ဟောဒီဟာ ငါ့ဘကြီးရဲ့ပုံဟာ၊ နှုတ်ခမ်းမွေးကလေးရေးရေးနဲ့" ဟု ပြောလေ၏။

မယ်ရွှေရိုးကလည်း မှန်ကလေးကို လုပြီး အသေအချာကြည့်ကာ မိမိအရိပ်ကို လက်ညှိုးထိုး၍ "အသေအချာကြည့်ဟဲ့ ရွှေရိုးရဲ့၊ ဘီးကြော့ပတ်ဆံထုံးကြီးနဲ့ဟဲ့၊ ဘယ်က နင့်ဘကြီးပုံ ဟုတ်ရမှာလဲ" ဟု ပြောပြန်သဖြင့်–

http://mmteashop.com



"ငါ့ဘကြီးပုံဟ"၊ "မယားငယ်ပုံဟဲ့" နှင့် အငြင်းပွားကာ လင်မယား ရန်ဖြစ်ကြ၍ မောသောအခါ –

မယ်ရွှေရိုးသည် ရုတ်တရက် အကြံရကာ "ကဲ ကိုရွှေရိုး ငြင်းမနေနဲ့၊ သစ္စာသမာဓိရှိတဲ့ ရွာဦးကျောင်း ဘုန်းတော်ကြီးကို သွားမေးရအောင်၊ ဆရာတော်က ရှင့်ဘကြီးဆိုရင်လည်း ကျွန်မက အရှုံးပေးမယ်၊ ရှင့် နောက်အိမ်ထောင်ပုံလို့ပြောရင်လည်း ရှင်က အရှုံးပေးဝန်ခံ" ဟု ပြောလေ၏။

ထိုအခါ မောင်ရွှေရိုးက "ကောင်းပြီ၊ ဆရာတော်ကြီး ဆုံးဖြတ်ရာကို နာခံမည်" ဟု နှစ်ဦးသဘောတူ မှန်မမြင်ဖူး၊ မကြည့်ဖူးသော ဆရာတော် ဘိုးရွှေရိုး၏ ကျောင်းသို့ သွားကြလေ၏။

ဆရာတော် ဘိုးရွှေရိုးသည် စိပ်ပုတီးကို လည်ပင်းမှာ ချိတ်ကာ တံမြက်လှည်းရာမှ "ဟဲ့ ဒါယကာ ရွှေရိုးတို့ ဘယ်က လာကြတာလဲ" ဟု မေးလေလျှင် ဒါယကာဦးရွှေရိုးသည် ဘုန်းတော်ကြီးကို ရိုသေစွာ ရှိခိုးလျက် "မှန်လှပါဘုရား တပည့်တော် လမ်းကကောက်ရတဲ့ ဘကြီးရဲ့ရုပ်ပုံကို မယ်ရွှေရိုးက တပည့်တော်ရဲ့ နောက်အိမ်ထောင်ပုံဟု စွပ်စွဲနေပါသဖြင့် ဘကြီး၏ရုပ်ပုံ ဟုတ်သည်, မဟုတ်သည်ကို ဆုံးဖြတ်၍ ပေးတော်မူပါဘုရား" ဟု လျှောက်လေ၏။

ထိုအခါ တစ်ခါမျှ မှန်မကြည့်ဘူးသော ဘုန်းတော်ကြီးက "ရွှေရိုးရဲ့ဘကြီး ငါသိတာပေါ့ဟဲ့၊ ပြစမ်း အဲဒီပုံ" ဟု ဆိုကာ မှန်ဝိုင်းကလေးကို တောင်း၍ မှန်အတွင်း ထင်လာသော အရိပ်ကို အသေအချာ ကြည့်လျက် "ဒီရုပ်ပုံဟာ ရွှေရိုးရဲ့ မယားငယ်ပုံလည်း မဟုတ်ဘူး၊ ရွှေရိုးရဲ့ ဘကြီးပုံလည်း မဟုတ်ဘူးဟဲ့၊ အရင်တုန်းက ပျံတော်မူသွားတဲ့ ငါတို့ဆရာ ဘုန်းတော်ကြီးရဲ့ပုံဟဲ့" ဟု အမိန့်ရှိလိုက်လေသည်။

လင် မောင်ရွှေရိုး ဇနီး မယ်ရွှေရိုးတို့သည် ဆရာတော် ဆုံးဖြတ်သည်ကို ခံယူကြပြီးလျှင် နဂိုအတိုင်း လင်မယား သင့်မြတ်ပြီး အိမ်သို့ ပြန်ကြလေ၏။


http://mmteashop.com



*(တရုတ်ပုံပြင်များတွင် လည်းကောင်း၊ အနောက်တိုင်း ပုံပြင်များတွင်လည်းကောင်း ဤသို့ မှန်ကိုအကြောင်းပြုပြီး ပြောသော ဆင်တူယိုးမှား ပုံပြင်များ ရှိကြသည်။ သို့ရာတွင် ပြောဟန်နှင့် အချက်အလက်များ ကွဲပြားကြပါသည်)။*

❐

http://mmteashop.com



http://mmteashop.com



# သူကြီးမလုပ်ချင်သော ငပျင်း

တစ်ခါက ရွာတစ်ရွာတွင် နွားနို့ညှစ်ရောင်းစားရသော ဆင်းရဲသည့် သားအမိနှစ်ယောက် ရှိသည်။ သားမှာ အလွန်ပျင်းသူဖြစ်၍ တစ်ရွာလုံးက ငပျင်းဟု ခေါ်ကြလေသည်။ ငပျင်းကို မိခင်က နေ့စဉ် နွားကျောင်းစေသည်။ ငပျင်းမှာ နွားလိုက်ကျောင်းနေရသည်ကို ပျင်း၍ မိမိအိမ်မှ နွားလှန်လိုသော နေရာအထိရောက်သည့် ကြိုးရှည်ကြီးတစ်ချောင်းကို ကျစ်

http://mmteashop.com



သည်။ ပြီးလျှင် ထိုကြိုးဖြင့် နွားကို ချည်ပြီး အိမ်ထဲမှနေ၍ နွားကျောင်းလေ၏။

ပျောင်း လုပ်ပုံကိုင်ပုံကို အမြင်ကတ်လှ၍ ရွာထဲမှ လူလည်တစ်စုတိုင်ပင်ကြပြီး ပျောင်း၏ နွားမကြီးကို သတ်စားကြလေ၏။ ပြီးလျှင် နွားသားရေကို ကြိုးတွင် ချည်ထားလိုက်သည်။ ပျောင်းလည်း နွားအစာဝလောက်ပြီဟု ယူဆကာ အိမ်မှနေ၍ ကြိုးရုပ်မြဲအတိုင်း ရုပ်ရာ ခါတိုင်းကဲ့သို့မဟုတ်ဘဲ ကြိုးမှာ ပေါ့ပေါ့သာ ပါလာသည်။ ကြိုးဆုံးသောအခါ နွားကိုမတွေ့ရတော့ဘဲ သားရေကြီးကိုသာ တွေ့ရလေသည်။ ပျောင်း၏အမေသည်မိမိတို့အားထားရာ တစ်ကောင်တည်းသော နွားမ ဆုံးရှုံးသွားသဖြင့် ဝမ်းနည်းပက်လက်ဖြစ်လျက် ပျောင်းကို ဆူပူကြိမ်းမောင်းလေသည်။ မတတ်သာသည့်အဆုံးတွင် ပျောင်းကို နွားသားရေ အရောင်းလွှတ်လိုက်လေ၏။

ရွာစဉ်လှည့်လျှောက်၍ ရောင်းချသော်လည်း နွားသားရေကြီးကို ဝယ်မည့်သူမရှိသဖြင့် ပျောင်းသည် ရွာတစ်ရွာနှင့် မနီးမဝေး ညောင်ပင်ကြီးတွင် အပန်းဖြေနေလေ၏။ ပျောင်းသည် ညောင်ပင်ခွဆုံသို့ တက်၍ သီချင်းတအေးအေးသီလျက် တောင်မြှောက်လေးပါး ကြည့်ရှုနေခိုက် ရွာဘက်မှ ဓားပြသုံးယောက် ထွက်လာကြပြီး ညောင်ပင်ကြီးအောက်သို့ ဝင်လာကြလေသည်။ ဓားပြများကို မြင်သည်နှင့်တစ်ပြိုင်နက် ပျောင်းမှာ ကြောက်လှ၍ တုန်ရီလာပြီး သီချင်းမဆိုနိုင်ဘဲ ရင်တထိတ်ထိတ်ဖြင့် အောက်သို့ ငုံ့ကြည့်နေမိလေ၏။ ဓားပြသုံးယောက်မှုကား ပျောင်းရှိသည်ဟု လုံးဝမသိဘဲ ၎င်းတို့တိုက်ယူလာသော ပစ္စည်းများကို အချိုးကျ ခွဲယူနေကြသည်။ သွေးပျက်လျက်ရှိသော ပျောင်းမှာ တုန်တုန်ရီရီနှင့် နွားသားရေကို ကိုင်ထားရာမှ လက်က လွတ်ကျသွားတော့ရာ ဓားပြသုံးယောက်ပေါ်သို့ ဖုန်းဆို ကျသွားလေတော့သည်။ ဓားပြသုံးယောက်လည်း ရုတ်တရက် ဘာမှ မစဉ်းစားနိုင်ကြရုံသာမက တစ္ဆေချောက်သည်ထင်ပြီး ပစ္စည်းများ မယူနိုင်ကြဘဲ ထွက်ပြေးကြလေသည်။ ထိုအခါမှ ပျောင်းသည် ညောင်ပင်ပေါ်က ဆင်း၍ ရွှေငွေများကို သိမ်းယူကာ ရွာသို့ ပြန်လာခဲ့ပြီး မိခင်ကြီးလက်သို့ အပ်လေသည်။

http://mmteashop.com



ရွာရောက်သောအခါ ပျောင်းက ၎င်းတွင် ပါလာသော ရွှေငွေများကို ပြလျက် ရွာသူရွာသားများအား သားရေ ဈေးကောင်းကြောင်း ပြောပြလေ၏။ ရွာသူရွာသားများလည်း အဟုတ်မှတ်လျက် အိမ်တွင်ရှိသော နွားများကိုသတ်၍ သားရေရောင်းထွက်ကြရာ သားရေတစ်ချပ်လျှင် တစ်ကျပ်ခွဲ၊ နှစ်ကျပ်သာ ရကြလေသည်။ ရွာသားများလည်း ပျောင်းက မိမိတို့ကို လိမ်သွားပြီဟု သိကြသောကြောင့် ပျောင်းကို ဝိုင်းဝန်းကျိန်ဆဲ ရိုက်ပုတ်ကြ၏။ ပြီးလျှင် ပျောင်းကို ဖမ်းပြီး သုသာန်ဇရပ်တွင် ကြိုးဖြင့် တုပ်နှောင်ထားလိုက်ကြပြီး ၃ ရက်ကြာလျှင် သတ်ပစ်မည်ဟု ပြော၍ ထားပစ်ခဲ့ကြလေသည်။

၃ ရက်မစေ့ခင် တစ်နေ့၌ တစ်ရွာတစ်ကျေးမှ ပျောင်း အသိမိတ်ဆွေဟောင်းတစ်ဦး မြင်းစီး၍ ပျောင်းအနီး ဖြတ်လာလေ၏။ ကြိုးတုပ်ထားသော ပျောင်းကို တွေ့မြင်ရသောအခါ ထိုမိတ်ဆွေက –

"ဟာ ပျောင်းပါလား၊ မင်း ဘာဖြစ်နေတာလဲ" ဟု မေးသဖြင့် ပျောင်းက –

"ဟာ မပြောချင်ပါဘူးဗျာ၊ ဒီရွာသူရွာသားတွေက ကျုပ်ကို သူကြီးမလုပ်လို့ဆိုပြီး အခု ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ ကြိုးနဲ့ တုပ်ထားကြတယ်။ ကျုပ်ကလည်း သူကြီးတော့ မလုပ်ချင်ဘူး၊ ဝါသနာလည်း မပါဘူး" ဟု ပြန်ပြောလိုက်ရာ –

"မင်းနှယ် ဖြစ်မှဖြစ်ရလေကွာ၊ ကဲကဲ–မင်းဖယ်၊ ငါ သူကြီးလုပ်မယ်"

"နေပါစေဗျာ၊ ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံဘဲ ရှိပါစေတော့၊ မလုပ်ချင်တဲ့ အလုပ်ပေးမယ့် သူတို့က ဒီလို အကြပ်ကိုင်တော့ ခဏဖြစ်ဖြစ် လုပ်ရအုံးမှာပေါ့"

"အို မင်းကလည်း ငါလုပ်ပါ့မယ်ဆိုနေ၊ ကဲကဲ – မင်းသွား၊ ငါ့မြင်းယူသွား၊ ငါ မင်းနေရာဝင်ပြီး နေလိုက်မယ်၊ ငါ့ကို ကြိုးချည်ပေး"

http://mmteashop.com



ပျောင်းသည် မသက်မသာဟန်ဖြင့် သက်ပြင်းချကာ သူ့မိတ်ဆွေကို ကြိုးဖြင့် ရစ်ပတ် ချည်နှောင်ပေးပြီး မြင်းပေါ်တက်၍ ထွက်သွားလေသတည်း။

❐

http://mmteashop.com



# ဒုက္ခမကြောက်သော ကပ္ပိယ

ရှေးအခါက တောရွာတစ်ရွာရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် ဘုန်းတော်ကြီးတစ်ပါးနှင့် ကပ္ပိယကြီးတစ်ဦး ရှိ၏။ ဘုန်းတော်ကြီးနှင့် ကပ္ပိယကြီးတို့သည် ညီအစ်ကိုဝမ်းကွဲ တော်စပ်ရုံမက ငယ်စဉ်ကလေးဘဝမှစ၍ အတူနေလာကြသည့်အလျောက် အလွန်ခင်မင်ရင်းနှီးကြလေသည်။

တစ်နေ့သော် အရပ်ထဲမှ လူကြီးတစ်ယောက်သည် ဘုန်းတော်ကြီးအား နက်ဖြန်နံနက် ဆွမ်းဘုဉ်းပေးကြွပါရန် လာ၍လျှောက်လေသည်။

ဆွမ်းစားလျှောက်ပြီးသော် ဘုန်းတော်ကြီး၊ အရပ်လူကြီးနှင့် ကပ္ပိယကြီးတို့သည် ရပ်ရွာရေး၊ စီးပွားရေး၊ ပညာရေး စသော ထွေရာလေးပါး စပ်မိစပ်ရာ အရေးများကို စိတ်ဝင်စားစွာ ပြောနေကြသောကြောင့် စကားဝိုင်းကောင်းနေကြလေသည်။

သို့နှင့် အရပ်လူကြီးက "စကားပြောလို့တော့ ကောင်းပါရဲ့ တပည့်တော် အိမ်မှာ နက်ဖြန် ဆွမ်းကျွေးအတွက် လုပ်စရာ ကိုင်စရာတွေ အများကြီး ရှိနေပါတယ်၊ တပည့်တော်ကို ပြန်ခွင့်ပြုပါဦးဘုရား" ဟု ဘုန်းတော်ကြီးအား လျှောက်ထားပြီး အိမ်ပြန်လာခဲ့လေသည်။

ထို့နောက် ဘုန်းတော်ကြီးနှင့် ကပ္ပိယကြီးတို့သည် မည်သည့် စကားကိုမျှ မပြောကြဘဲ ဆိတ်ငြိမ်နေကြသည်။ ထို့ကြောင့် ဘုန်းတော်ကြီးက ကပ္ပိယကြီးနှင့် တရားစကား ဆွေးနွေးပြောကြားလို၍ "ကပ္ပိယကြီး နက်ဖြန် ဆွမ်းစားသွားရဦးမှာပဲ၊ သတ္တဝါတွေဟာ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် နေ့စဉ်ပဲ အလုပ်လုပ်နေကြရတယ်။ ဒါ့ကြောင့် ဒီ စားရေးသောက်ရေးကိစ္စဟာ သတ္တဝါတွေကို ညှဉ်းဆဲ နှိပ်စက်နေခြင်းသာဖြစ်လို့ ဒုက္ခအစစ်သာဖြစ်တယ် ကပ္ပိယကြီး" ဟု တရားစကား အချက်ပြ၍ စလိုက်လေသည်။

ထိုအခါ ကပ္ပိယကြီး၏ မျက်နှာသည် ကျောက်ချောကို ရေနှင့်ပက်လိုက်သကဲ့သို့ ပြောင်လက်လက် ဖြစ်လာပြီး "တင်ပါ့ဘုရား၊ ဘုန်းတော်ကြီး အမိန့်ရှိတဲ့ စားရေးသောက်ရေးကိစ္စဟာ ဒုက္ခအစစ်ဆိုတာ မှန်ပါတယ်ဘုရား။ ဒါပေမဲ့ တပည့်တော်ကတော့ အလုပ်လုပ်ရမည့်ဒုက္ခကိုသာ ကြောက်တာပါ၊ အစားဒုက္ခကိုတော့ လုံးဝမကြောက်ပါဘုရား၊ အိမ်တစ်အိမ်ကိုမဆိုထားနဲ့၊ တစ်ရွာလုံးသာမက တစ်ကမ္ဘာလုံးကပဲ ထမင်းစား လာဖိတ်ပါစေ၊ ကြက်သားဟင်းမွှေးမွှေးနဲ့ပဲ လွေးရလွေးရ၊ အမဲဆီပြန်နဲ့ပဲ နှံ့ရနှံ့ရ၊ ဝက်သားဟင်း သုံးထပ်သားနဲ့ပဲ စားရစားရ၊ ငါးကြော်ချက်နဲ့ပဲ နက်ရနက်ရ၊ အကြော်နဲ့ပဲ ဆော်ရဆော်ရ၊ ပဲပြုတ်နဲ့ပဲ တုတ်ရတုတ်ရ၊ ဘယ်လို စားစရာပဲလာခဲ့လာခဲ့၊ စားရေး သောက်ရေးကိစ္စဟာ ဒုက္ခအစစ်ဖြစ်ပေမယ့်


http://mmteashop.com



တပည့်တော် ဒီလို အစားဒုက္ခနဲ့တော့ အချိန်မရွေး တွေ့စမ်းချင်ပါတယ် ဘုရား" ဟု ကရားထဲမှ ရေလွှတ်သလို တသွတ်သွတ်နဲ့ ဘုန်းတော်ကြီး အား ပြန်လည် လျှောက်ထားလေသတည်း။

❐

http://mmteashop.com



http://mmteashop.com



# သူများထက်ထူးလို၍ နဖူးထုရသူ

ရှေးအခါက ရွာတစ်ရွာတွင် အလွန် ချမ်းသာကြွယ်ဝသော သူဌေး တစ်ဦးရှိ၏။ ထိုသူဌေးတွင် အရာရာ၌ သူတကာထက် သာရ ထူးရအောင် ကြံစည်လုပ်ကိုင်သော အလေ့အကျင့်ဆန်းတစ်ခု ရှိ၏။ သူ၏ တစ်ဦးတည်းသော သမီးမှာ အရွယ်ရောက်လာပေပြီ။

သူကဲ့သို့ ချမ်းသာသော သားရှင်များက သူ၏သမီးနှင့် လက်ဆက်ရန် လူကြီးတို့၏ ဝတ္တရားအတိုင်း လာရောက် ပြောကြားကြ တိုင်း သူက မိမိ၏သမီးမှာ အသက်ငယ်လှသေးသည့်ပြင် တစ်ဦးတည်းသော သမီးငယ်ဖြစ်သဖြင့် ကြည့်၍ပင် မဝသေးပါဟု ပြန်လည်ပြောဆို ငြင်းပယ် လိုက်လေသည်။ အမှန်အားဖြင့် ယခုကဲ့သို့ ငြင်းပယ်ခြင်းမှာ သူပြောသလို အသက်ငယ်သေး၍ မဟုတ်၊ ကြည့်မဝသေး၍လည်း မဟုတ်၊ ချမ်းသာသော သူများ၏ သားသမီးချင်း ပေးစားရခြင်းမှာ အလွန်ရိုးသော လုပ်ရိုးလုပ်စဉ်

http://mmteashop.com



တစ်ရပ်ဟု သူမြင်သည်။ ထို့ကြောင့် သူ့လို ချမ်းသာသူ၏ သားမက်သည် ငွေကြေးချမ်းသာရန်မလို၊ သူများထက် ထူးချွန်သော အတတ်ပညာ တတ်ကျွမ်းရန်သာလိုသည်ဟု စိတ်ထဲတွင် မှတ်ထားလေ၏။ ထို့ပြင် သူဌေးကြီးသည် သမီးအား အိမ်ထောင်ချပေးပြီးပါက သမီးနှင့် သားမက်အား ၎င်း၏ စည်းစိမ်တစ်ဝက် ချက်ချင်းခွဲပေးရန်လည်း ဆုံးဖြတ်ထားလေသည်။

နေ့စဉ်လိုပင် သူ၏သမီးနှင့် ထိမ်းမြားလက်ဆက်ရန် လာရောက်တောင်းရမ်းကြသော်လည်း စိတ်ကြိုက်မတွေ့နိုင်သော သူဌေးကြီးသည် သမီးဖြစ်သူ၏ အသက်အရွယ်က တစ်နေ့တခြား ကြီးကြီးလာသည်ကို ကြည့်ပြီးလည်း ကြိတ်၍ စိတ်ပူလျက် ရှိလေသည်။ ထို့ကြောင့် နောက်ဆုံးတွင် သမက်လောင်းကို သူကိုယ်တိုင် အရှာထွက်မည်ဟု ဆုံးဖြတ်ကာ အိမ်မှ ထွက်ခဲ့လေသည်။ မြို့ပေါင်း၊ ရွာပေါင်းများစွာကို ဖြတ်ကျော်စုံစမ်းခဲ့သော်လည်း စိတ်ကြိုက်သမက်လောင်း မတွေ့သောကြောင့် သူဌေးကြီးသည် များစွာပင် အကြံအိုက်လျက် ရှိနေပေသည်။

တစ်နေ့တွင် ရွာတစ်ရွာသို့အကူး လမ်းခုလတ်၌ မိုးချုပ်သွားလေသည်။ ထွက်လာခဲ့သောရွာသို့ ပြန်ရမှာကလည်း ခရီးမနီး၊ ရှေ့ဆက်ရန်မှာလည်း တစ်ခါမှမရောက်ဖူးသော ရွာဖြစ်သဖြင့် ညကြီးအချိန်မတော်၊ မဆုတ်သာမတက်သာ မသွားဝံ့ဘဲ အခက်တွေ့နေလေ၏။ ကံအားလျော်စွာ မနီးမဝေးတွင် ဇရပ်တစ်ခု တွေ့ရလေ၏။ ဇရပ်သည် သုသာန်မြေပေါ်၌ ဆောက်လုပ်ထားသည်ဖြစ်၍ ဇရပ်ပေါ်၌ သူကောင်းစားတစ်ယောက်မှအပ အခြားမည်သူမျှမရှိပေ။ ထိုသူဌေးကြီးသည် ထိုညအဖို့ ဤဇရပ်၌ပင် တည်းခို အိပ်စက်ရန် ဆုံးဖြတ်လိုက်ပြီး စတည်းချလေသည်။

သုသာန်မြေပေါ်၌ ဆောက်ထားသော ဇရပ်ဖြစ်သောကြောင့် သူဌေးကြီးသည် အိပ်၍မရပေ။ ထိုဇရပ်တစ်ခုတည်း၌ အတူတည်းခိုနေသော သူတောင်းစားမှာလည်း အိပ်မပျော်ဘဲ မကြာခဏဆိုသလို ဇရပ်ပေါ်မှဆင်းကာ ကောင်းကင်ရှိ ကြယ်တာရာများကို မော့၍ ကြည့်နေလေ၏။ ပထမ တစ်ကြိမ် နှစ်ကြိမ်၌ သူဌေးကြီး သတိမထားလိုက်မိသော်လည်း

http://mmteashop.com



ကြိမ်ဖန်များလာသောအခါ သူတောင်းစားအား လူထူးတစ်ယောက်ဖြစ်မည် ဟူ၍ စိတ်ဝင်စားလာသည်။ ထိုသူအား သူတောင်းစားမှန်းလည်း မသိဘဲ အထင်ကြီးလာလေ၏။ ထိုသူကြည့်ရာသို့ သူကိုယ်တိုင် လိုက်၍ မော့ကြည့် မိသော်လည်း ဘာမျှ နားမလည်သဖြင့် သူဌေးကြီးမှာ သိချင်စိတ်များ ပြင်း ထန်လာပြီး အဆုံး၌ . . .

"နေပါဦး မောင်ရင်လေးရဲ့၊ အခုအချိန်ထိ မအိပ်သေးဘဲ ကောင်း ကင်ကို မော့မော့ကြည့်နေတာ ဘာလဲကွ၊ တိုင်းရေးပြည်ရေးလား၊ စီးပွားရေး လားကွဲ့ ငါ့တူရ" ဟု မေးလိုက်မိလေသည်။ ထိုအခါ သူတောင်းစားက . . .

"အသာနေစမ်းပါ ဦးရာ၊ ဦး ဘာမှမသိပါဘူး" ဟု ပြန်လည်ဖြေ ကြားလိုက်လေသည်။

မေးလိုက်တိုင်း ဤသို့သော အဖြေကိုသာ ရနေသဖြင့် 'ဤသူမှာ ကြယ်တာရာများကို ကြည့်ခြင်းဖြင့် တိုင်းရေးပြည်ရေး၊ စီးပွားရေး စသည် တို့ကို အတပ်သိသူ ဖြစ်ပေလိမ့်မည်။ သူသည် တကယ်အရေးကြီးသော အကြောင်းအရာ တစ်ရပ်အတွက် အထူးဂရုစိုက် ကြည့်ရှုပြီး သိထားသော ပညာရှိဖြစ်၍ ဖုံးဖုံးအုပ်အုပ် လုပ်နေခြင်းဖြစ်ရမည်။ ဤသူသည် ပညာရှိ တစ်ယောက်ဖြစ်၍ လူထူးတစ်ယောက် ဖြစ်ပေလိမ့်မည်' ဟု စဉ်းစား တွေးတောလေ၏။

နောက်ဆုံးတွင် 'ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို သမီးနှင့် လက်ထပ် ပေးပြီး ပညာစွမ်းကို သိအောင်လုပ်လျှင် ကောင်းလိမ့်မည်' ဟု စိတ်တွင် ပေါ်လာလေ၏။ ထို့ကြောင့် နံနက်လင်းသောအခါ သူဌေးကြီးက မိမိ သည် မည်သူမည်ဝါဖြစ်ကြောင်း၊ ယခုထွက်လာရသည့် အကြောင်းရင်းကိစ္စ စသည်တို့ကို ထုတ်ဖော်ပြောပြလေသည်။ သူတောင်းစားအား မိမိသမီးနှင့် လက်ထပ်ရန်၊ ထိုသို့ လက်ထပ်လျှင် မိမိ၏ ပစ္စည်းဥစ္စာ တစ်ဝက်ခွဲပေးမည် ဟုလည်း ကတိပေးလေရာ သူတောင်းစားလည်း အထူး စဉ်းစားမနေတော့ ဘဲ သဘောတူပြီး ရွာသို့ လိုက်လာကာ သူဌေးသမီးနှင့် လက်ထပ်လိုက် လေသည်။

ထိုသို့ လက်ထပ်ပြီး ၃–၄ လခန့် ကြာသောအခါ သမက်၏ ပညာစွမ်းကို သိရှိချိန်တန်ပြီဟု သူဌေးကြီး အောက်မေ့လေ၏။ သမက်ဖြစ်သူမှာလည်း ယခင်ကကဲ့သို့ပင် ညတိုင်းညတိုင်း ကောင်းကင်ကို မော့ကြည့်မြဲ ကြည့်နေလေသည်။ တစ်ညတွင် သမက်ဖြစ်သူ ကြည့်နေရာသို့ သွား၍ သူဌေးကြီးက "ဘာများထူးသလဲငါ့သား မင်း ညတိုင်းညတိုင်း ကောင်းကင်ကို မော့ကြည့်နေတာ အဘတို့ကိုလည်း တိုးတိုးကြိတ်ကြိတ် ပြောပြပါဦး၊ တိုင်းရေးပြည်ရေးအခြေအနေက ဘယ်လိုလဲ၊ စီးပွားရေးကကော ဘာတဲ့လဲ၊ ဘယ်လိုများထူးမှာလဲ သားရဲ့" ဟု သိလိုဇောနှင့် မေးလိုက်ရာ၊ သူဌေးသမက် မောင်လူထူးက...

"အို... အဘကလည်း ကြဲကြဲဖန်ဖန်ဗျာ၊ အဘပြောတာတွေ ကျွန်တော် တစ်လုံးမှ နားမလည်ပါဘူး၊ ကျွန်တော် ကြည့်ကြည့်နေတာက ဒီကြယ်တွေဟာ နေ့မှာမလင်းဘဲ ညမှာလင်းတာ ဘာကြောင့်လဲဆိုတာရယ်၊ သူတို့ မြေကြီးပေါ်ကို ပြုတ်မကျအောင် ဘယ်လိုလုပ်ထားလဲဆိုတာရယ် သိချင်လို့ ထထကြည့်ပြီး စဉ်းစားနေတာပါ၊ အဘကောသိရဲ့လား" ဟု ပြန်ပြောလိုက်လေသည်။

သူဌေးကြီးမှာ အထင်ကြီးခဲ့သမျှ တက်တက်စင်လွဲလေပြီဟု မိမိအမှားကို သိရှိပြီး နဖူးကို လက်သီးဖြင့် ထုမိလေတော့သတည်း။

❐

http://mmteashop.com



# ငါးသမီးကလေး တော်လှတော်လှနဲ့ ယောက်မ မြင်းစီး ထွက်လာတယ်

ရှေးအခါက တောရွာကြီးတစ်ရွာတွင် ပစ္စည်းဥစ္စာ အသင့်အတင့် ချမ်းသာသော လင်မယားနှစ်ဦးရှိကြ၏။ သူတို့တွင် ရုပ်ရည်လှပသော သမီးကလေးတစ်ဦးရှိရာ တစ်ဦးတည်းသော သမီးကလေးဖြစ်သောကြောင့် လိမ္မာယဉ်ကျေးသင့်သလောက် ယဉ်ကျေးရန် သွန်သင်ဆုံးမသင့်သလောက် ဆုံးမသော်လည်း များစွာ အလိုလိုက်ကြလေသည်။

သို့နှင့် ဖခင်ဖြစ်သူ သေဆုံးသွား၍ အမိနှင့်သမီး နှစ်ဦးတည်းသာ စိတ်အားငယ်စွာ နေခဲ့ကြရလေသည်။ သုံးနှစ်ခန့်ကြာသော် အမိဖြစ်သူသည် မိမိတို့သားအမိ မိန်းမသားနှစ်ဦးတည်း နေရ၍ အားငယ်သည့်အလျောက် သမီးကလေး၏ နောင်ရေးကို တွေးတောပူပန်မိသည့်အတိုင်း အချိန်အရွယ် ရောက်လာပြီဖြစ်သော သမီးကလေးအား နေရာချရန် စဉ်းစားရလေသည်။ ထို့ကြောင့် အမိသည် သမီးအတွက် သမက်လောင်း ကောင်းကောင်းရှာဖွေ စုံးစမ်းလေသည်။

http://mmteashop.com



အမိသည် မိမိ၏သမီးကလေး လိမ္မာယဉ်ကျေးကြောင်း ရိုးသားကြောင်း၊ ဣန္ဒြေသိက္ခာရှိကြောင်း၊ အဖဖြစ်သူ မရှိသည့်အတွက် မိမိ၏သမီးကလေးမှာ ခိုကိုးရာမဲ့ခဲ့ရကြောင်း စသည်တို့ကို သင့်တော်မည်ထင်သော ယောကျ်ားကလေး၏ မိဘများရှေ့တွင် ပြောကြားလေ၏။

သမက်လောင်းဖြစ်သင့်သော ယောကျ်ားကလေး၏ ရှေ့မှာလည်း ဤသို့ ကောင်းရာကောင်းကြောင်း ဂုဏ်သတင်းများနှင့် သနားစရာများကို တဖွဖွ ပြောခဲ့လေသည်။

တစ်နေ့သော် သူတို့သားအမိကို သနားချစ်ခင်သော သမက်လောင်း ယောကျ်ားကလေးတစ်ဦး အိမ်သို့ အလည်အပတ် လာလေသည်။

သမက်လောင်းယောကျ်ားပျို ဧည့်ခန်းတွင် ထိုင်မိလျှင် အမိဖြစ်သူသည် မိမိသမီး လိမ်မ္မာပုံများကို ပြောပြနေလေသည်။ ပြီးလျှင် သမီးလိမ္မာကလေးကို လှမ်းခေါ်လိုက်သည်။

မီးဖိုခန်းထဲတွင် ထမင်းချက်နေ၍ လက်၌ အိုးမည်းများ ပေကျံနေသော သမီးကလေးသည် အမိ၏ ခေါ်သံကို ကြားသောအခါ ကြိုးရှည်ရှည်ဖြင့် ယောက်မအရင်းနှင့် အဖျား တစ်ဖက်စီချည်ပြီး မြင်းကို ခွစီးသကဲ့သို့ ယောက်မကို ခွ၍ထားကာ ယောက်မတွင် ချည်ထားသောကြိုးကို ပခုံးတစ်ဖက်၌ သိုင်းလျက် မြင်းကဲ့သို့ ခုန်လွှား၍ မီးဖိုထဲမှ ဧည့်ခန်းဘက်သို့ ပြုံးရယ်ကာ ထွက်လာလေသည်။ အမိနှင့် သမက်လောင်း ယောကျ်ားပျိုလည်း အံ့အားသင့်ပြီး မျက်လုံးပြူးသွားကြတော့သည်။

အမိသည် စိတ်မချမ်းသာစွာဖြင့် “ဩော် ငါ့သမီးကလေး တော်လှတော်လှနဲ့ ယောက်မမြင်းစီးထွက်လာတယ်” ဟု ညည်းညူရှာလေသတည်း။

❐

http://mmteashop.com



အညာကျေးလက်ပုံပြင်များ
ရေးဆွဲ ဦးဩ

http://mmteashop.com



# ဒေဝေါ

ရှေးရှေးတုန်းက တောရွာတစ်ရွာတွင် တောင်သူလယ်ယာ လုပ်ကိုင်၍ ကျွဲနွားများကို ထိန်းကျောင်းကာ အသက်မွေးသော တောင်သူကြီးတစ်ယောက်ရှိ၏။

တစ်နေ့သ၌ ၎င်းတောင်သူကြီးသည် သူ၏နွားများကို ခြံဝင်းထဲဝင်ပြီး သူခိုးခိုးမည်ကို လည်းကောင်း၊ ကျားတို့ ကျားသစ်တို့ ပေါ်များသဖြင့် နွားများကို လာဆွဲမည်ကိုလည်းကောင်း စိုးရိမ်သဖြင့် နွားခြံဝင်းအနီး

http://mmteashop.com



တဲအတွင်း ခုတင်ပေါ်ထိုင်ကာ ဆေးသောက်ရင်း နွားများကို စောင့်နေလေသည်။

ထိုအချိန်မှာ အနောက်တောင်မှ မိုးသက်လေသက်များ ဆင်လာပြီး တအုန်းအုန်းချုန်းကာ ညိုမှိုင်းပြီး လျှပ်ပန်းလျှပ်နွယ်များကလည်း တဝင်းဝင်း တလက်လက် ဖြစ်လာလေသည်။ တောင်သူကြီးသည် ဆေးသောက်ရင်း မိုးသားတိမ်တောင် တိမ်လိပ်များတက်ကာ မိုးချုန်းသံကို ကြားရသောအခါ မျက်နှာညှိုးငယ်သွားပြီး ဝမ်းနည်းသောလေသံဖြင့် ညည်းညူလိုက်၏။ "ဩော် ... ခက်တော့တာပဲ၊ ငါ့တဲက မလုံမလဲနဲ့၊ တကယ်လို့ ဒေဝေါများ တကယ်လာရင် ဒုက္ခပဲ" ဟု တောင်သူကြီးသည် စိုးရိမ်ကြောင့်ကြသော လေသံဖြင့် ညည်းညူ၍ ပြောလိုက်လေသည်။

ထိုသို့ တောင်သူကြီးက ညည်းညူ၍ပြောသောစကားကို ထုပ်ပေါ်မှ နွားခိုးရန် တောင်သူကြီးအအိပ် စောင့်နေသော သူခိုးကြားသောအခါ ကြားဖူးနားဝနည်းသူ ဖြစ်သည့်အလျောက် 'ဒေဝေါဆိုတာ ဘာကောင်ကြီးပါလိမ့်' ဟု သို့လောသို့လော တွေးတောကာ အကြောက်ကြီးကြောက်နေလေသည်။

ခုတင်အောက်မှ နွားများကို ဆွဲစားရန် တောင်သူကြီးအလစ်ကို ချောင်း၍ စောင့်နေသော ကျားကြီးကလည်း ဒေဝေါဆိုကတည်းက ဘာရယ်ညာရယ်မသိ၊ သူ့ကို ရန်ရှာမည့် သတ္တဝါများ ဖြစ်နေမည်လားဟု တွေးကာ အကြောက်ကြီးကြောက်၍ ထိတ်လန့်နေလေသည်။

တစ်ဖန် နန်ကလိုင်တောင်သူကြီးသည် သူ၏ ဒူးလေး၊ ဓား၊ လှံ စသော လက်နက်များကို ဘေးနားအသာချထားကာ တစ်ဦးတည်း စကားဆက်ပြောသည်။ "နွားတွေအတွက်တော့ ဘာမှ စိုးရိမ်ကြောင့်ကြဖွယ်ရာမလို၊ ကျားလာရင်လည်း ရှိတဲ့ဒူးလေးနဲ့ ပစ်ခွင်းရုံပဲ၊ တကယ်လို့ သူခိုးလာလည်း လက်ရုံးချင်းပြိုင်၍ လှံ ဓားအသုံးပြုကာ ခုခံရင်ဖြစ်တယ်။ ဒါတွေကတော့ အရေးမဟုတ်ပါဘူး၊ ဒေဝေါကိုတော့ ငါကြောက်တယ်၊

http://mmteashop.com



တကယ်များ ဒေဝေါလာမှဖြင့် ငါ ဘယ်နည်းနဲ့မှ မတတ်နိုင်၊ လက်မှိုင်သာ ချရမှာပဲ” စသည်ဖြင့် တောင်သူကြီးက သူမတတ်နိုင် လက်မှိုင်ချရမည့်အကြောင်း ပြောနေစဉ်မှာပင် သူခိုးသည် အကြောက်ကြီးကြောက်လာသည်နှင့် ဆင်းပြေးဖို့သာ ခြေလှမ်းပြင်လေသည်။ ကျားကြီးက ထိတ်လန့်ကာ နွားကို ဆွဲစားဖို့ စိတ်မကူးနိုင်တော့ဘဲ သူ့ကို ရန်ရှာမည်စိုး၍ တောတွင်းပြန်ပြေးရန် ပြင်လေသည်။ ထိုအခိုက်အတန့်အတွင်းမှာပင် မိုးများချုန်းပြီး ရွာလာသဖြင့် တောင်သူကြီးသည် ထိတ်လန့်တကြား “ဟော ခက်တော့တာပဲ၊ ဒေဝေါတော့လာပြီ” ဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်တည်း သူခိုးသည် ရှေ့နောက်မစဉ်းစားတတ်သူပီပီ အလိုလို အကြောက်ကြီးကြောက်ကာ ထုပ်ပေါ်မှ ခုန်အချ၊ တဲအောက်မှ ကျားကြီးကလည်း ဒေဝေါလာပြီဆိုပြီး မိမိအသက်ရန်ရှာလိမ့်မည်ထင်ကာ ပုန်းအောင်းရာမှ ထွက်အပြေး၊ သူခိုးသည် ကျားကြီး၏ ကျောကုန်းပေါ်မှာ ခွလျက်သားကျကာ ဘာရယ်ညာရယ်မသိ၊ ဖက်မိဖက်ရာတွယ်၍ ဖက်လိုက်သွားတော့သည်။

ကျားကြီးကမူ မိမိအပေါ် ဒေဝေါစီးပြီဟုထင်ကာ တောတွင်းသို့ ပြေးလေသည်။ သူခိုးကလည်း မိမိသည် ဒေဝေါပေါ်တွင်စီးလျက် ဒေဝေါနောက်ကို ပါလာပြီဟုထင်ကာ အသက်ဘေးမှ ကင်းဝေးရန် ဘယ်လိုကြံရပါမလဲဟု စဉ်းစားနေစဉ် လျှပ်စီးက ဝင်းခနဲ လက်လိုက်သည်နှင့် မိမိမှာ ဒေဝေါအပေါ် စီးလာသည်မဟုတ်၊ ကျားကြီးကျောပေါ် ပါလာသည်ကို သိသည်နှင့် ပိုမို၍ ကြောက်ရွံ့ကာ သစ်ပင်ကြီးတစ်ပင်အောက်အရောက်တွင် ခုန်ဆင်း၍ နေခဲ့လေသည်။

ကျားကြီးကလည်း မိမိကို ဒေဝေါစီးခြင်းမှ လွတ်သဖြင့် ဝမ်းသာအားရ ခြေစုံပစ်ကာ ပြေးလေသည်။

တောစပ်အရောက်တွင် မျောက်တစ်ကောင်က မြင်၍ “အို ... အဆွေကျား ဘာဖြစ်လို့ ထိတ်လန့်တကြား ပြေးလာရသလဲ” ဟု ဆီးကြို၍ မေးလိုက်သည့်အခါ ကျားကြီးက “အဆွေမျောက်ညို သင်မေးသော်လည်း

http://mmteashop.com



သိရှိသာရှိပါမည်၊ ကျွန်ုပ်ရန်သူကို သင်မြင်ဖူးမည်မဆိုထားဘိ ကြားဖူးမည် ပင်မထင်၊ ယခု ကျွန်ုပ်မှာ တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းသလို ယခုမှ ကြားဖူး၊ ယခုမှတွေ့ဖူးပြီး ယခုလို ဒုက္ခရောက်ကာ အသက်ဘေးမှ သီသီ လေး လွတ်ခဲ့ရပါသည်" ဟု ပြောပြ၏။ ထိုအခါ မျောက်ညိုက "အို ... အဆွေကျား ကြောက်ကြောက်လန့်လန့်နဲ့ ဘာတွေ လျှောက်ပြောနေတာ လဲ၊ မကြောက်ပါနဲ့တော့၊ တောစပ်ကို ရောက်နေပြီပဲ" ဟု အားပေးစကား ပြောကြားလေသည်။

ကျားကြီးက တစ်ဖန် "အဆွေမျောက်ညို ကျွန်ုပ် တကယ် ပြောတာပါ၊ ဟောဟို အရှေ့စူးစူးမှ ညို့မှိုင်းအုပ်ဆိုင်းနေတဲ့ သစ်ပင်ကြီး အောက်မှာ ဆင်းနေရစ်ပါတယ်၊ ကျွန်ုပ်ကျောပေါ်မှာစီးပြီး ကုပ်ကို ဆွဲဖက် လိုက်လာတာ ကုပ်မွေးများတောင် မရှိတော့ဘူး ကြည့်ပါ" ဟု ပြောသည်။ မျောက်ညိုကမူ ကျားကြီးကုပ်မွေးများကို ကြည့်ကာ မယုံတယုံနှင့် "ဤသို့ ဆိုလျှင် ဒေဝေါကို သွားကြည့်ရအောင်" ဟု ပြောလေသည်။ ကျားကြီးက သူမလိုက်လိုဟု ကြောက်ရွံ့ထိတ်လန့်သဖြင့် ငြင်းနေသော်လည်း မျောက်ညို က ခေါ်လှမကာ ခေါ်သဖြင့် လိုက်သွားရလေသည်။

ကျားကြီးနှင့် မျောက်ညိုတို့ သစ်ပင်ကြီးအောက် ရောက်သည့် အခါ ဒေဝေါခေါ် သူခိုးကိုမတွေ့သဖြင့် မျောက်ညိုက "ဘယ်မှာလဲ ဒေဝေါ အကောင်" ဟုမေးသည်။ ကျားက "စောစောကတော့ ဒီနားမှာပဲ နေရစ် တယ်" ဟု ပြောသဖြင့် သစ်ပင်ဘေးပတ်ဝန်းကျင်ကို ရှာဖွေသော်လည်း မတွေ့၍ ကျားကြီးက သစ်ပင်ကြီးကို မှီထိုင်နေလိုက်သည်။ ဤတွင် သစ်ပင်ခေါင်းထဲ ဝင်နေသော သူခိုးက ကျားကြီးခေါင်းကို သစ်ခေါင်း ပေါက်က လက်သီးနှင့် ထိုးလိုက်သဖြင့် ကျားကြီးသည် သူ့ကို ဒေဝေါထိုး သည်ဆိုကာ လန့်ဖျပ်ပြီး ဒရောသောပါး တောတွင်းသို့ ပြေးလေတော့ သည်။

မျောက်ညိုကမူ ကျားကြီးပြေးရာကို မလိုက်ဘဲ နေရစ်ပြီး ကျား ကြီးသည် မိမိ မကြောက်ကြောက်အောင် လိမ်ညာဖြားယောင်း၍ ကလိန်

http://mmteashop.com



ဉာဏ်ဆင်ခြင်းသာ ဖြစ်သည်။ ကျားကြီးပြောသည်ကို ငါမယုံ၊ သူသည် စဉ်းလဲသောကျား ဖြစ်သည်ဆိုကာ တကယ်ဒေဝေါ ဟုတ်မဟုတ် သိရအောင်ဆိုပြီး သူ့အမြီးကို သစ်ခေါင်းအပေါက်ထဲ လျှိုကြည့်သည်။ ဤတွင် သူခိုးက မျောက်ညိုအမြီးကို ဆောင့်ဆွဲလိုက်သဖြင့် သူ့ကို ဒေဝေါက အမြီးဆွဲသည်ဆိုပြီး ပြေးလေတော့သည်။

ဝဲတောစပ်သို့ ရောက်သည့်အခါ ယုန်တစ်ကောင်သည် ကျားနှင့် မျောက်ညိုတို့ မတိမ်းမယိမ်း ပြေးလာသည်ကို မြင်လေသည် သို့မြင်လျှင် မြင်ချင်း ဆီး၍ "အဆွေကျားနဲ့ အဆွေမျောက်ညို ဘာကြောင့် ကြောက်ကြောက်လန့်လန့် ပြေးလာကြရပါသလဲ" ဟု မေးလေသည်။

ကျားကြီးနှင့် မျောက်ညိုတို့ မောကြီးပန်းကြီးနှင့် ကျားကြီးကလည်း ဒေဝေါက လက်သီးနှင့် ထိုးသည့်အကြောင်း၊ မျောက်ညိုကလည်း ဒေဝေါက အမြီးဆောင့်ဆွဲကြောင်း တစ်ယောက်တစ်မျိုး ခံစားချက်များကို ယုန်အား အကြောင်းစုံ ရှင်းပြသည်။ ယုန်ကမူ "အို အဆွေတို့ ဘာတွေ လျှောက်ပြောနေပါသလဲ၊ ဒေဝေါဆိုသည်မှာ မကြားဖူးပါ၊ သင်တို့ ယခုပြောမှ ကြားဖူးရသည်၊ ကျွန်ုပ်ကို လိုက်ပြပါ" ဟု ဆိုသဖြင့် ကျားကြီးနှင့် မျောက်ညိုက "အဆွေက ကျွန်ုပ်တို့ ဒုက္ခရောက်သည်ကို ကြည့်လို၍ ဒုက္ခဘေးဒဏ်ရောက်အောင် ဒေဝေါဆီကို 'ဝ' ကွက်အပ်မလို့လား" ဟု ပြောကြသည်။

"အို အဆွေတို့ သင်တို့ အမှားကြီးမှားနေကြပြီ၊ ရိုးသူကို သူခိုးထင်၊ သူခိုးကို ရိုးသူထင်ကာ မပြောပါနှင့်၊ ကျွန်ုပ်သည် သူတစ်ပါးအတိဒုက္ခရောက်မှာကို ချောက်မတွန်းတတ်ပါ၊ သူတစ်ပါး ဘေးဒုက္ခကို ကယ်ဆယ်ဖို့ရန် အသင့်ပါ၊ လာပါ အဆွေတို့ ကျွန်ုပ်ကိုလိုက်ပြပါ" ဟု ဒေဝေါကို ကြည့်လို မြင်လိုဇောနှင့် ယုန်ကခေါ်သည်နှင့် ကျားကြီးနှင့် မျောက်ညိုဘို့လည်း မရဲဘဲနှင့် ကျွဲလှည်းစီးဆိုသကဲ့သို့ ကြောက်ကြောက်ရွံ့ရွံ့နှင့် လိုက်သွားရလေသည်။

http://mmteashop.com



မိတ်ဆွေသုံးဦးတို့ သစ်ပင်အောက်ရောက်သည့်အခါ ဒေဝေါကို မတွေ့၊ သူခိုးသည် မိမိ အသက်ဘေးမှ ကင်းဝေးရန် ရွာသို့ ပြန်လမ်းကို ကြည့်လို၍ သစ်ပင်ထိပ်မှ တက်ကြည့်နေချိန် ဖြစ်လေသည်။

မိတ်ဆွေသုံးဦးသည် ဟိုကြည့် သည်ကြည့်ပြီး မတွေ့၍ ယုန်က "ဘယ်မှာလဲ အဆွေကျားနှင့် အဆွေမျောက်ညို သင်တို့ပြောတဲ့ ဒေဝေါ" ဟု မေးသည်။ "ခုနတုန်းကတော့ ဟောဒီသစ်ပင်ခေါင်းထဲမှာပဲ" ဟု ပြောသောအခါ သစ်ပင်ပေါ်မှ သူခိုးက ကြောက်ရွံ့ပြီး တုန်တုန်ရီရီ ဖြစ်လာသဖြင့် သစ်သီးများ ကြွေကျကုန်၏။ သို့နှင့် မိတ်ဆွေသုံးဦး မော့ကြည့်ရာ သူခိုးက အကြောက်ကြီးပြီး ပို၍ တုန်လေတော့သဖြင့် သစ်ကိုင်းကျိုးပြီး ဖျောင်းခနဲ မြည်သည်နှင့် မိတ်ဆွေတစ်စု ထွက်အပြေး သစ်ကိုင်းဖျားခတ် ရိုက်သောကြောင့် ဒေဝေါလိုက်ရိုက်သည်ဆိုကာ ပြေးကြတော့သည်။

သူခိုးကလည်း မိမိအသက်ဘေးမှ ကင်းဝေးရန် ရွာရှိရာသို့ တစ်ချိုးတည်း ဖနောင့်နှင့် တင်ပါး တစ်သားတည်းနေအောင် ပြေးတော့သည်။

တောတန်းတစ်လျှောက် ပြေးလာသော ကျားကြီး၊ မျောက်ညို၊ ယုန် အဆွေ ၃ ကောင်ကိုမြင်သော ကေသရာဇာခြင်္သေ့မင်းက "အဆွေသုံးဦး ဘာအရေးအကြောင်းကြောင့် အခုလို ထိတ်လန့်တကြား ပြေးလာရသလဲ" ဟု ဟစ်အော်ကာ မေးလိုက်သည်။ အဆွေတစ်စုက "ကျွန်ုပ်တို့ ပြေးလာရခြင်းမှာ ဒေဝေါ၏ ရန်ကိုကြောက်၍ ပြေးလာရခြင်းဖြစ်ပါသည်" ဟု ရှင်းလင်းပြောပြလိုက်သည်။ ကေသရာဇာခြင်္သေ့မင်းသည် ဟား-ဟား-ဟား ဟု ဟက်ဟက်ပက်ပက် ရယ်မောကာ "သင်တို့သည် အတွေးအခေါ် အမြော်အမြင် နည်းသေးတာပဲ၊ ဒေဝေါဆိုသည်မှာ 'မိုး' ကို ခေါ်သည်၊ သင်တို့ကို ဒုက္ခပေးနေသည့် ဒေဝေါသည် လူသာဖြစ်ရမည်။ သင်တို့အဆွေသုံးဦးသည် ကျွန်ုပ်နှင့်သာ မတွေ့လျှင် ခက်ရချေ၏။ သင်တို့ အဆွေတစ်စု ဒုက္ခပေးနေသည့် ဒေဝေါအရေခြုံလူကို အမောပြေ အပန်းပြေ စိတ်ပြေ လက်ပျောက်စားရအောင် သွားရှာကြရအောင်" ဟု ဆိုကာသွားကြလေသည်။

http://mmteashop.com



သစ်ပင်အောက်သို့ ရောက်သောအခါ သူခိုးကို မတွေ့၊ သစ်ကိုင်း အကျိုးကိုသာ တွေ့၍ ခြသေ့်မင်းက “ဘယ်မှာလဲ ဒေဝေါ” ဟု မေးသည်။ ဤတွင် ‘ပြေးပြီထင်သည်’ ဟု ပြောရင်း အခဲမကြေဘဲ သုံးဦးသား အံတခဲခဲနှင့် ကြည့်နေကြလေသည်။

❑

http://mmteashop.com



# သဝေထိုးဖျက်မှာ အလွန်ကြောက်သောရွာ

အခါတစ်ပါး ရွာတစ်ရွာတွင် မောင်ပညာဆိုသော သူတစ်ဦးရှိ၏၊ မောင်ပညာသည် သူတတ်ကျွမ်းထားပြီးဖြစ်သော ဗေဒင်ပညာနှင့် ရွာစဉ်လျှောက်၍ သဒ္ဒါကြေးနှင့် ဗေဒင်ဟောပြီး ဝမ်းကျောင်းနေသူ ဖြစ်လေသည်၊

ညဥ့်အချိန် နားနေသောအခါများ၌ သူသည် ရွာဦးရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဝင်ရောက် တည်းခိုလေ့ရှိသည်။

သူ၏ ဇာတိဒေသဖြစ်သော ရွာရင်းသို့ကား ၄-၅ လကြာမှ တစ်ကြိမ်တစ်ခေါက် ပြန်လည်၍ ရောက်ရှိတတ်သည်။

သူ၏ဇာတိရွာ၌ တစ်လခန့် နေပြီးသောအခါ မောင်ပညာသည် သူမရောက်ရလေသေးသော ရွာများဆီသို့ ခရီးတစ်ဖန် လှည့်ပြန်သည်။

တစ်ရွာနှင့်တစ်ရွာအကူး ခရီးကွာလှမ်းပြီး မုန့်ပဲသရေစာသည်များကို မတွေ့ရသောအခါများ၌ မောင်ပညာသည် ဆာလောင်မွတ်သိပ်ခြင်းဒဏ်ကို ခံရလေသည်။

http://mmteashop.com



ယနေ့လည်း မောင်ပညာသည် မည်သည့် အစားအစာကိုမှ မစားခဲ့ရသေးသဖြင့် ဆာလောင်မွတ်သိပ်ခြင်းပြင်းစွာနှင့် ခရီးနှင်၍ လာခဲ့ရသည်။ အတန်ငယ်သွားမိသော် ဗျောသံစည်သံများကို ကြားရ၍ 'ရှေ့ကရွာ၌ကား အလှူကြီးပေးနေမည် အမှန်ပင်ဖြစ်သည်။ အလှူအိမ်သို့ ရောက်လျှင်ကား ထမင်းအဝစားရတော့မည်' ဟု ကြံစည်လျက် ခြေလှမ်းသွက်သွက်နှင့် ရွာထဲသို့ ဝင်လာခဲ့သည်။

ရွာတံခါးဝသို့ ရောက်သည်ဆိုလျှင်ပင် သူ ယခင် ၅ နှစ်ကျော် အခါက တစ်ခေါက် ရောက်ဖူးပြီးဖြစ်သော 'ပိတ္တော' ဆိုသော ရွာကြီးဖြစ်နေမှန်း သိလေတော့သည်။

ရွာလယ်သို့ ရောက်သောအခါ သူထင်သည့်အတိုင်းပင် အလှူပွဲနှင့် ပက်ပင်းပါ တိုးမိသည်။ စည်ကားသိုက်မြိုက်စွာ လှူဒါန်းကျွေးမွေးနေသော မဏ္ဍပ်အတွင်းသို့ ဝင်၍ သူ့အား ထမင်းတစ်နပ် ကျွေးကြရန် ပြောကြားသောအခါ –

"ဧည့်ကောင်း၊ ဧည့်မွန်များကို ကျွေးမွေးနေရာ၌ လာ၍ မရှုပ်ပါနှင့်" ဟု ပြောဆိုကာ ရွာသားအပေါင်းက သူ့အား ဝိုင်းဝန်း မောင်းနှင်လိုက်ကြသည်။

အစားအစာများကို မြင်နေရပါလျက်နှင့် မစားရဖြစ်နေသော မောင်ပညာက –

"ဟေ့ ငါ့ကို ထမင်းမကျွေးချင်ကြတဲ့လူတွေ၊ မင်းတို့ရဲ့ရွာကြီးကို 'သဝေထိုး' ဖျက်ပစ်လိုက်မယ်ကွနော်" ဟု စိတ်ထိခိုက်လှစွာနှင့် လက်သီးလက်မောင်းတန်း၍ ကြုံးဝါးလိုက်ပြီး ရွာပြင်သို့ ထွက်လာခဲ့သည်။

သူထွက်သွား၍ မကြာမီမှာပင် ရွာသားအချင်းချင်း ခေါင်းချင်းရိုက်ကြတော့သည်။

"တို့ရွာကို သဝေထိုးဖျက်မယ်တဲ့၊ တစ်ရွာလုံးကို သဝေထိုးဖျက်နိုင်လောက်အောင် သူ့မှာ နောက်လိုက်တွေနဲ့များလေလား၊ သို့တည်းမဟုတ် ဆင်းရဲသားဟန်ဆောင်၍ လာသော မင်းစိုးရာဇာများလေလား၊

http://mmteashop.com



ငါတို့တစ်တွေ အမြန်လိုက်ပြီး တောင်းပန်လေမှ တော်မည်ထင်သည်” ဟု တိုင်ပင်ကြလေသည်။

အပြေးအလွှား လိုက်၍လာကြသော ရွာသားများက မောင်ပညာကို မှီလာသောအခါ –

“အို… အရှင့်သား ပွဲတော်တည်ရန် ကြွတော်မူပါ” ဟု အယောင်ယောင် အမှားမှားနှင့် တိုးလျှိုး တောင်းပန်ကြတော့သည်။

အင်မတန် ဆာလောင်နေပြီဖြစ်သော မောင်ပညာသည် မငြင်းဆန် ဟန်မလုပ်နိုင်ဘဲ ရွာဆီသို့ လိုက်၍လာခဲ့သည်။

အလှူအိမ်အရောက်တွင် မောင်ပညာအား အဝအလင် ကျွေးမွေးကြသည်။ ထို့နောက် မောင်ပညာက အေးဆေးစွာနှင့် လက်ဖက်ရည်ကြမ်း သောက်နေသောအခါ –

“ကျေနပ်ပါလေတော့ အရှင့်သား ကျွန်တော်မျိုးကြီးများ၏ ရွာကို သဝေထိုး မဖျက်ပါလေနှင့်၊ ကလေးရော လူကြီးပါ အားလုံးသေကြေပျက်ပြုန်း၍ ရွာကြီးကောသွားမည်ကို ကျွန်တော်မျိုးများ ကြောက်ရွံ့လှပါသည်” ဟု ထပ်မံ၍ တောင်းပန်ကြပြန်သည်။

ထိုအခါ မောင်ပညာက “ကျွန်ုပ်ပြောခဲ့သည့် သဝေထိုးဖျက်မည်ဆိုသည်ကို ကြောက်နေကြဟန်တူသည်၊ လူစုလူဝေးနှင့် လာရောက်၍ ရွာကိုများ ဖျက်ဆီးချေမှုန်းပစ်လေမည်လားဟု တွေးနေကြသည် ထင်ပါသည်။ စိုးရိမ်ကြောင့်ကြ မဖြစ်ကြပါနှင့်၊ ကျွန်ုပ်ဆိုလိုသည်မှာ လောလောဆယ်အတွက် မဟုတ်ပါ၊ တမလွန်အတွက်သာလျှင် ဖြစ်ပါသည်။ အဆွေတို့သည် အလှူကြီးကို ပေးနေကြသူများ ဖြစ်ကြသည်၊ အလှူခံပုဂ္ဂိုလ်ဟူဟူသမျှအား မကျွေးမွေးပါဘဲနှင့် မောင်းနှင်၍သာ ထုတ်နေကြမည်ဆိုပါက အဆွေတို့ ရွာ၏အမည်ဖြစ်သော ပိတ္တောကို စာလုံးပေါင်းသတ်ပုံနှင့် မြေကြီးထက်၌ ရေးစမ်း၍ကြည့်ကြပါလေ၊ ထို့နောက် ရေးသားထားသည့် စာအနက်မှ သဝေထိုးကို ဖျက်၍ ဖတ်သော် ‘ပိတ္တာ’ ဟူ၍ ဖြစ်သွားမည် အမှန်ပင်ဖြစ်သည်၊ ကျွန်ုပ်ဆိုလိုသည်မှာ စေတနာမမှန်လျှင် တမလွန်၌

http://mmteashop.com



ပိတ္တာ ဖြစ်ကုန်ကြလိမ့်မည်ဟုသာ သတိပေးစကား ပြောကြားခြင်းမျှသာ ဖြစ်ပါသည်” ဟု ရှင်း၍ ပြလိုက်လေသည်။

ထိုအခါကျမှပင် ရွာသားအပေါင်းသည်–

“ပိတ္တောကို သဝေထိုးဖျက်တော့ ပိတ္တာဖြစ်တယ်ဆိုတာ ဟုတ်ပေတာပဲ၊ ဒီသဝေထိုး ဖျက်ကာမျှနှင့် သံသရာတွင် နစ်မွန်းရမည် အမှန်ပါတကား” ဟု ခေါင်းညိတ်လည်ညိတ်နှင့် တရားသံဝေ ရကြလေတော့သတည်း။

❒

http://mmteashop.com



http://mmteashop.com



# အဘကလည်း မြင်းတစ်စီး

ရှေးအခါက ရွာတစ်ရွာတွင် အလွန်ရိုးသော ဇနီးမောင်နှံ နှစ်ယောက် ရှိ၏။ သူတို့တွင် သမီးကလေးတစ်ဦး ထွန်းကားရာ ထိုသမီးကလေးကို အရိပ်တကြည့်ကြည့်နှင့် နေကြလေ၏။ ထိုသမီးကလေး အရွယ်ရောက်၍ အလှတိုးတုန်းအချိန်မှာပင် ဘယ်အတွက်ကြောင့် ဘယ်သို့ဖြစ်သည်မသိ အပြင်းဖျားပြီး သေဆုံးသွားရှာလေသည်။

ဖခင်ဖြစ်သူသည် စိတ်ထိခိုက်သော်လည်း ယောကျ်ားဖြစ်၍ သင့်သလို ဟန်ဆောင်နိုင်သေးသော်လည်း ဇနီးဖြစ်သူမှာမူ မစားနိုင် မသောက်နိုင် တငိုင်ငိုင် တမှိုင်မှိုင် ဖြစ်နေရှာသည်။ အသုဘ ပို့ချပြီးသည့်နောက် ၄-၅ ရက် ကြာသောအခါတိုင်အောင် ငိုငိုနေလေသည်။

ဇနီးသည်က သမီးကို ဤသို့ လွမ်းဆွတ်ပြီး ပရိဒေဝမီး တောက်လောင်နေသည့်အတွက် ခင်ပွန်းဖြစ်သူမှာ ဘာမှ မယ်မယ်ရရ မလုပ်နိုင်ပေ။ ခုနစ်ရက်ခန့်ရှိသောအခါ ဇနီးသည် အလွမ်း နည်းနည်း လျော့သွားပြီဟု

http://mmteashop.com



ယူဆသောကြောင့် ယောကျ်ားဖြစ်သူသည် အလုပ်ကိစ္စအတွက် မြင်းတစ်စီးနှင့် အခြားရွာတစ်ရွာသို့ ခရီးထွက်သွားလေသည်။

သမီးသေဆုံးပြီး သမီးကိုသာ လွမ်းတနေသော မိခင်၏ အခြေအနေကိုသိသော လူလိမ်တစ်ယောက်သည် ထိုအမျိုးသမီးကြီး အိမ်၌ တစ်ဦးတည်းရှိနေခိုက် ဇာတ်များတွင် သုံးသည့် နတ်ဝတ်တန်ဆာများကို ရှာဖွေဌားခဲ့ပြီးလျှင် သူ့ကိုယ်သူ နတ်ဝတ်တန်ဆာဆင်ကာ ငိုနေသော သမီးဆုံးသည့် မိခင်ထံသို့ သွားပြီးလျှင် "ဒီမှာ အဒေါ်ကြီး ခင်ဗျားသမီးသေလို့ဖြင့် ငိုမနေနဲ့တော့၊ ခင်ဗျားသမီးဟာ နတ်ပြည်မှာ နတ်သမီးဖြစ်နေလို့ နတ်စည်းစိမ်ခံစားနေပြီ၊ အခု ကျုပ်ကို သူ့လက်ဝတ်လက်စားများ အတောင်းခိုင်းလို့ လာတောင်းရတာ၊ ခင်ဗျားသမီးဆီ ဒီပြင် ဘာပေးဦးမတုံး" ဟု ပြောလိုက်လေ၏။ မိန်းမကြီးမှာလည်း မိမိအလွန်ချစ်သောသမီး နတ်ပြည်ရောက်သွားပြီဆို၍ ဝမ်းသာလွန်းလှပြီး လက်ဝတ်လက်စားအားလုံးကို ပဝါဖြူကလေးဖြင့် ကောင်းမွန်စွာ ထုပ်ကာ ပေးလိုက်လေ၏။ လူလိမ်လည်း လက်ဝတ်လက်စားများ ရသည်နှင့်တစ်ပြိုင်နက် အချိန်မလင့်ရအောင် သုတ်ခြေတင်ကာ ထွက်သွားလေတော့၏။

လူလိမ် ထွက်သွားပြီးနောက် မကြာမီပင် အဝေးရွာသို့ သွားနေသော ယောကျ်ားဖြစ်သူ ပြန်လာသည်။ အိမ်ရောက်လျှင် ရောက်ချင်းပင် မိန်းမကြီးက ဝမ်းသာစရာ ပြောရဦးမည်ဟုဆိုကာ နတ်ပြည်တွင် နတ်သမီးဖြစ်နေသော သမီးကလေးက အတောင်းခိုင်း၍ နတ်သားတစ်ပါး လာကြောင်း လက်ဝတ်လက်စားများ ပေးလိုက်ပြီဖြစ်ကြောင်း ဝမ်းသာအားရ ပြောပြလေ၏။ ယောကျ်ားလုပ်သူကမူ ချက်ချင်းပင် အလိမ်မိမှန်းသိပြီး "အဲဒီနတ်သား ဘယ်ဘက်သွားတုံး" ဟု မေး၍ ဇနီးဖြစ်သူ ညွှန်ပြသည့်ဘက်သို့ စီးလာသောမြင်းဖြင့် ဒုန်းစိုင်းပြီး လိုက်လေ၏။

နောက်မှ ဖုန်တထောင်းထောင်းဖြင့် လိုက်လာသောမြင်းစီးသမားကိုမြင်လျှင် လူလိမ်လည်း မိမိ ပြေးမလွတ်ပြီဟု သိ၍ နီးရာ ချုံပုတ်တွင် လှည့်ပတ်ပုန်းပြီး ခေါင်းကြီးနေလေ၏။ မြင်းစီးသမားလည်း အနည်းငယ်

http://mmteashop.com



ကျော်လွှန်သွားသည်အထိ လိုက်ကြည့်ပြီး လူစလူနပါ ပျောက်သွားသည်ကို မကြေမချမ်း ဖြစ်နေလေ၏။ တစ်ခဏကြာမှ အကြံရ၍ မြင်းကို လူလိမ် ပုန်းနေသော ချုံတွင် ချည်ပြီး အခြား ချုံများသို့ လိုက်လံချောင်းမြောင်း ရှာဖွေသည်။ ဤတွင် လူလိမ်လည်း ရသော အခွင့်အရေးကို လက်လွှတ် မခံဘဲ ချုံထဲမှထွက်ပြီး ချည်ထားသော မြင်းကြီးကို ဖြုတ်ပြီး ဒုန်းစိုင်းစီးပြေး လေတော့သည်။ ဤတွင် လိုက်ရှာနေသော ယောကျ်ားကြီးသည် သမီး ပစ္စည်းများလည်းဆုံး၊ မြင်းတစ်စီးလည်း ဆုံးပြန်သဖြင့် ၎င်းမြင်းစီးပြေး သော လူလိမ်နောက်သို့ လိုက်ကာ "ပြောလိုက်ပါဟေ့၊ အဘကလည်း မြင်း တစ်စီး ပေးလိုက်ပါသေးတယ်လို့" ဟု အော်ပြောလိုက်လေသတည်း။

❒

http://mmteashop.com



# အလွန်မေ့တတ်သူ

ရှေးရှေးအခါက တောရွာတစ်ရွာတွင် မောင်ချောနှင့် မယ်စောတို့ လင်မယားနှစ်ယောက်ရှိကြရာ တစ်ချိန်တွင် သူတို့၏ ရွာနှင့် မနီးမဝေး ရွာတစ်ရွာ၌ ရှင်ပြုအလှူအတွက် ဇာတ်တစ်ပွဲ ကပြနေလေသည်။ မောင်ချော သည် အပျင်းပြေ ပွဲကြည့်ရန် အိမ်မှ တစ်ယောက်တည်း ထွက်လာခဲ့ရာ လမ်းခရီးတစ်ဝက်ခန့်အရောက်တွင် ပူအိုက်လာသဖြင့် အဆင်သင့် ရေကန် တစ်ခုကို တွေ့ရသည်နှင့် ရေဆင်းချိုးသည်။ သို့ချိုးရာတွင် ညအချိန်လည်း ဖြစ်ပြန်၊ ပွဲကြည့်လာခြင်းလည်း ဖြစ်ပြန် ပုဆိုးအပိုလည်း မပါသဖြင့် ကန်ဘောင်ရိုးပေါ်တွင် ပုဆိုး အင်္ကျီများကို ချွတ်ပုံပြီး ရေလဲအဝတ်မပါဘဲ ရေကန်တွင်းသို့ ရေဆင်းချိုးရာ တဖြည်းဖြည်း ရေကန်၏ အခြား ကမ်း တစ်ဖက်သို့ ရောက်သွားပြီး ထိုဘက် ကန်ဘောင်ရိုးပေါ်သို့တက်ကာ ပွဲရှိရာ သို့ ဆက်လက်၍ သွားလေသည်။ ပွဲခင်းရောက်သောအခါ ဇာတ်စင်ထောင့် တစ်ခုသို့သွားရာ ထိုဇာတ်စင်ထောင့်တွင် စုရုံးပြီး ပွဲကြည့်နေကြသော ကာလ သားများက သူ့ကိုမြင်သဖြင့် ကျယ်လောင်စွာ ဝိုင်းရယ်ကြလေသည်။

http://mmteashop.com



မောင်ချော့က "အင်း ဒီဘက်ကလူတွေ ပွဲကြည့်တာ ကောင်းကောင်းမကြည့်ကြဘူး၊ ဣန္ဒြေအလွန်မဲ့တဲ့ လူနောက် လူပြောင်တွေပဲ၊ သူတို့နဲ့ အတူကြည့်လို့တော့မဖြစ်ဘူး" ဟု ဆိုကာ အခြားဘက်ထောင့်သို့ ရွှေပြောင်းကြည့်ပြန်၏။ ထိုထောင့်၌ရှိသော ကာလသားများကလည်း သူ့ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဝိုင်းရယ်ကြပြန်လေသည်။ ထိုအခါ မောင်ချော့က 'အင်း ဒီနေ့ည ဒီပွဲဟာ ဒါလောက် လူနောက် လူပြောင်တွေ များရင်တော့ ချော့ချော့မောမော ကပြရမှာမဟုတ်ဘူး။ ကေန္တ မကြာခင် ဆူပြီး ပွဲပျက်လိမ့်မည်' ဟု ထင်ပြီး အိမ်ပြန်လာသည်။ အိမ်အဝင်တွင် ခွေးများက ဝိုင်းဟောင်ကြသဖြင့် ခဲများ တုတ်များဖြင့် ခြောက်လှန့်၍ အိမ်ပေါ်တက်ပြီးလျှင် မယ်စောကို လှမ်းခေါ်လျက် အခန်းတံခါးကို အဖွင့်ခိုင်းသည်။ မယ်စောလည်း အိပ်ရာမှထကာ လက်တစ်ဖက်ဖြင့် မီးခွက်ကို မြှောက်ကိုင်လျက် အခြားတစ်ဘက်ဖြင့် တံခါးကိုအဖွင့် မောင်ချော့ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဟက်ဟက်ပက်ပက် ရယ်လိုက်မိလေတော့သည်။ မောင်ချော့က ပွဲတုန်းကလည်း ငါ့ကို ဝိုင်းရယ်ကြတယ်၊ အိမ်အဝင်မှာ ခွေးတွေက ဝိုင်းဟောင်တယ်၊ အိမ်ပေါ်ရောက်တော့ ငါ့မိန်းမက ရယ်တယ်။ ပွဲကလူတွေရယ်တာ၊ ခွေးတွေဟောင်တာကတော့ ထားပါတော့။ ငါ့မိန်းမကများ ငါ့ကို ပြောင်သလို လှောင်သလို ရယ်ရမလားဆိုပြီး ဟုန်းခနဲ ဒေါသဖြစ်ကာ မယ်စောကို တအားရိုက်ရန် ပုဆိုးဆွဲပြီး ခါးတောင်းကျိုက်လိုက်မှ ပုဆိုးမပါမှန်း သိရလေသတည်း။

❒

http://mmteashop.com



# ငါသာ မယားကြောက်ရသည်မဟုတ်

ရှေးအခါက မယားကို ကြောက်ရသော လူတစ်ယောက်ရှိရာ သူ၏သားဖြစ်သူက မကျေနပ်သဖြင့် "အဘယ့်ကြောင့် ကြောက်ရသနည်း" ဟု မေးလေ၏။

ဖခင်ဖြစ်သူက အဖြေပေးသည်မှာ "ငါ့သား ငါတို့ပိုင်သော နွား တစ်အုပ်နှင့် မြင်းတစ်အုပ်ကိုသာ ယူသွားပြီး ရွာစဉ်လှျောက်၍ တစ်အိမ်ဝင် တစ်အိမ်ထွက် အိမ်စေ့အောင်သာ မေးပါ။

"မယားကြောက်ရသည့် ယောကျ်ားကိုတွေ့လျှင် နွားတစ်ကောင် ကျစီပေးခဲ့။

မယားကို မကြောက်ရသည့် ယောကျ်ားကို တွေ့လျှင် မြင်း တစ်ကောင်စီပေးခဲ့၊ မင်းပြန်ရောက်လျှင် သိလိမ့်မည်" ဟု ဆိုကာ သားကို လွှတ်လိုက်သည်။

http://mmteashop.com



သားဖြစ်သူသည် အိမ်စဉ်အတိုင်းမေးလျှင် မယားကြောက်ရသော ယောကျ်ားများကိုသာ တွေ့ရသဖြင့် နွားအုပ်ထဲမှ တစ်ယောက်တစ်ကောင်စီ ပေးခဲ့ရာ နွားအုပ်တစ်အုပ်လုံး ကုန်သွားတော့၏။

နောက်ဆုံးရွာမှ အိမ်တစ်အိမ်သို့ ရောက်လေရာ အိမ်ရှင် ယောကျ်ားက သူ၏ဇနီးအား "ဟဲ့ ရှင်မ ဥည့်သည်ကို ကွမ်းဆေးလက်ဖက် တည်ပါ" စသည်ဖြင့် ဧည့်ဝတ်များ ကျေပွန်စွာပြုရန် ခိုင်းစေသည်ကို တွေ့ရသဖြင့် ဤယောကျ်ားသည် မယားကိုနိုင်သူဖြစ်လိမ့်မည်ဟု ယူဆ သဖြင့် သူ၏မြင်းအုပ်ထဲမှ ကြိုက်သော မြင်းတစ်ကောင်ကို ယူပါဟု ပြော ပြီး ပေးခဲ့လေ၏။ အိမ်ရှင်ယောကျ်ားလည်း အလွန်လှသော အုန်းခွံရောင် မြင်းတစ်ကောင်ကို ရွေးယူထားလိုက်လေ၏။

သားဖြစ်သူသည် ကျန်သောမြင်းများနှင့် အိမ်ပြန်ခဲ့ရာ ရွာတံခါးဝ အရောက်တွင် အိမ်ရှင်ယောကျ်ားသည် မြင်းကိုဆွဲလျက် အလျင်အမြန် လိုက်လာသည်ကို တွေ့ရ၍ စောင့်ပြီး အကြောင်းခြင်းရာကို မေးလိုက်သော အခါ–

"ကျွန်တော့်မိန်းမက ဒီမြင်းကို မကြိုက်၍ ခင်ဗျား၏ မြင်းအုပ် ထဲမှ သူကြိုက်သော မြင်းဖြူကြီးနှင့် အလဲခိုင်းလိုက်သဖြင့် လာရပါသည်" ဟု ပြန်ပြောလေသတည်း။

*[မယားကြောက်ကြသူများ ဤပုံပြင်ကို ကိုးကား၍ ဆက်လက် ကြောက်ကြပါစေသတည်း။]*

❒

http://mmteashop.com



http://mmteashop.com



# သဘောချင်းနောကြသည့် ဘိုးသူတော်နှစ်ဦး

ရှေးအခါက ဘိုးသူတော်တစ်ယောက်ရှိ၏။ ထိုဘိုးသူတော်သည် တစ်နေ့သော် ခရီးထွက်သွားလေသည်။ လမ်းခရီး၌ ညဉ့်ချမ်းချိန် ရောက်လာသဖြင့် နီးစပ်ရာ ဘုန်းတော်ကြီးကျောင်းတွင် ဝင်ရောက်တည်းခိုလေသည်။ ထိုတည်းခိုသော ဘုန်းတော်ကြီးကျောင်းတွင်လည်း ဘိုးသူတော်တစ်ယောက်ရှိသည်။ ဘိုးသူတော်နှစ်ယောက်စလုံးပင် ပညာ လုံးဝမတတ်ကြချေ။ ရှေးအခါက ဘိုးသူတော်အချင်းချင်း၊ လူအချင်းချင်း တွေ့ဆုံကြသည့်အခါ တစ်ဦးနှင့်တစ်ဦး ပညာမေးလေ့ ဉာဏ်စမ်းလေ့ရှိကြသည်။ ဧည့်သည်ဖြစ်သော ဘိုးသူတော်ကလည်း ပညာမတတ်၍ ကျောင်းခံဘိုးသူတော်က ပညာဆွေးနွေးမည်ကို စိုးရွံ့နေလေသည်။ ထိုနည်းတူ ကျောင်းခံဘိုးသူတော်ကလည်း ဧည့်သည် ဘိုးသူတော်က ပညာဆွေးနွေးမည်ကို စိုးရွံ့နေတော့သည်။

http://mmteashop.com



ကျောင်းခံ ဘိုးသူတော်သည် ပညာဉာဏ် ဆွေးနွေးမှုကို အချိန် ရွှေ့လိုသောအားဖြင့် "ဦးသူတော်လာရတာ ခရီးပန်းလှတယ်၊ အမောဖြေ အိပ်ပါဦး၊ နောက်နေ့မှ ဆွေးနွေးကြတာပေါ့" ဟု ဧည့်သည် ဦးသူတော် အား ပြောဆိုကာ အိပ်ရာထိုင်ခင်း ခင်းကျင်းဧည့်ဝတ်ပြုလေသည်။

ဧည့်သည် ဘိုးသူတော်လည်း ဝမ်းမြောက်ဝမ်းသာဖြင့် ဆွေးနွေးမှု ရွှေ့ဆိုင်းခြင်းကို လက်ခံသဘောတူလိုက်လေသည်။

နောက်နေ့နံနက် အိပ်ရာမှထကြသောအခါလည်း ဘိုးသူတော် နှစ်ဦးလုံး ပညာဆွေးနွေးရမည်ကို ကြောက်ရွံ့ စိုးရိမ်နေကြလေသည်။ ထို့ကြောင့် ကျောင်းခံဘိုးသူတော်က "ဦးသူတော် ဒီနေ့မနက် ဆွမ်း လောင်းရှိတယ်၊ ဆွမ်းခံသွားလိုက်ဦးမယ်၊ အပြန်မှ ပညာဆွေးနွေးကြတာ ပေါ့" ဟု ပြောဆိုကာ အချိန်ရွှေ့လိုက်ပြန်သည်။ ဧည့်သည် ဘိုးသူတော် လည်း သဘောကျဖြစ်သွားကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေသည်။

ကျောင်းခံဘိုးသူတော် ဆွမ်းခံမှ ပြန်ရောက်သောအခါ "ဦးသူတော် ဆွမ်းခံကရလာတဲ့ မုန့်တွေစားပါဦး၊ စားပြီးမှ ပညာဆွေးနွေး ကြတာပေါ့" ဟု ဆိုကာ မုန့်ဆီကြော်၊ မုန့်လေပွေ၊ ပေါက်ပေါက်ဆုပ် များကို တည်ခင်းကျွေးမွေးလေသည်။

စားသောက်ပြီးကြသောအခါတွင်လည်း "ဖြည်းဖြည်းတော့ ဆွေးနွေးကြတာပေါ့" ဟု နှစ်ဦးသဘောတူ ဆုံးဖြတ်ကြပြီး တစ်ရေး တစ်မော နားနေအိပ်စက်လိုက်ကြတော့သည်။

အိပ်ရာမှနိုးကြသောအခါ ဧည့်သည်ဘိုးသူတော်က "ကျုပ် ခရီး ဆက်စရာရှိသေးတယ် ဦးသူတော်ရေ့ သွားဦးမှ" ဟု ဆိုကာ ခရီးဆက်ရန် ပြင်တော့သည်။ ကျောင်းခံဘိုးသူတော်လည်း ဆွေးနွေးမှု မပြုဖြစ်တော့မှာမို့ ကြိတ်၍ ဝမ်းသာနေ၏။ ဧည့်သည် ဘိုးသူတော်ကိုလည်း ကျောင်းပေါက် အထိ လိုက်ပို့လိုက်၏။ နှစ်ဦးစလုံးက အသီးသီး နှုတ်ဆက်ကြပြီး ဆွေးနွေး ခြင်းမပြုလျှင် မကောင်းသေးပါဘူးဟု နှစ်ဦးစလုံး ယူဆကြသည့်အလျောက် ကျောင်းခံဘိုးသူတော်က "ဦးသူတော်ရေ ကျုပ်တို့ ခွဲကာနီး ဆွေးနွေးကြစို့

http://mmteashop.com



ရဲ့ဟု စကားစပြီး မြေကြီးပေါ်တွင် တုတ်တစ်ချောင်းနှင့် စက်ဝိုင်းရေးဆွဲလိုက်ကာ "ကိုင်း... ဒါဘာလဲ ဦးသူတော် ဖြေပေတော့" ဟု ဆက်၍ မေးမြန်းလိုက်သည်။

ညှော်သည်ဦးသူတော်လည်း အကြံရကြပ်ကာ မည်ကဲ့သို့ဖြေရမည်ကို စဉ်းစားကြံဆနေလေ၏။ ထိုသို့ စဉ်းစားရင်း နံနက်က စားခဲ့သော မုန့်ဆီကြော် ဝိုင်းဝိုင်းကြီးကို သွား၍ သတိရသဖြင့် "ဆွမ်းလောင်းကရလာတဲ့ မုန့်ဆီကြော်အဝိုင်းကြီးပေါ့ဗျာ" ဟု ပြန်ဖြေလိုက်လေသည်။

မေးလိုက်သော ကျောင်းခံဦးသူတော်ကလည်း မေးစရာမရှိ၍သာ ကြံဖန်မေးလိုက်ရသည်၊ ဘာမျှ အဓိပ္ပာယ်လေးနက်မှုမထား။ သို့နှင့် ညှော်သည်ဦးသူတော်၏ အဖြေကို ကြားရသောအခါ မှန်ကန်သောအဖြေကို ထောက်ခံလေဟန်ဖြင့် "သဘောချင်းနှောလိုက်လေ ဦးသူတော်ရယ်" ဟု ပြောဆိုရယ်မောလိုက်သဖြင့် ၂ ယောက်သား တဟဲဟဲ ဆက်ရယ်ကြပြီး နှုတ်ဆက် ခွဲခွာလိုက်ကြလေတော့သည်။

❐

http://mmteashop.com



# တုတ်တုတ်ကျိမ်း

တစ်ခါက ရွာတစ်ရွာတွင် လူနှစ်ယောက်ရှိ၏။ တစ်ဦးနှင့်တစ်ဦးလည်း ခင်မင်ကြ၏။ အလုပ်လုပ်ကြသောအခါတွင်လည်း အတူတူလုပ်ကြသည်က များ၏။ ထိုသူနှစ်ယောက်တွင် တစ်ယောက်သောသူသည် အရှက်အကြောက်ကြီးသည်။ ဘာလေးဖြစ်ဖြစ် ရှက်သည်သာဖြစ်၏။

တစ်နေ့တွင် သူတို့နှစ်ယောက်သည် တောအလုပ်ကိစ္စတစ်ခုနှင့် တောသို့ သွားကြ၏။ သူတို့သွားရာလမ်းခရီး အရိပ်အာဝါသ ကောင်းလှသော သစ်ပင်၏အပင်ခြေတွင် ဒေါက်ချာကိုဆောင်း ညှိုလွှင်သော အဝတ်ကို ဆင်မြန်း၍ ငြိမ်သက်တည်ကြည်သော ဣန္ဒြေသိက္ခာဖြင့် တင်ပျဉ်ခွေ ထိုင်နေသော ရသေ့တစ်ပါးကို သူတို့ တွေ့မြင်ကြလေသည်။

ထိုတွင် အရှက်ကြီးသူက "ဒီနေ့ဟာ မင်္ဂလာရှိတဲ့ နေ့ထူးနေ့မြတ်ပဲဟေ့၊ သူတော်သူမြတ်နဲ့ တွေ့ရပေတယ်၊ လာကွာ ကံကြီးလွန်းလို့ တွေ့တာ ဖူးခွင့်ရတုန်း ဖူးကြရအောင်" ဟု ခေါ်၍ နှစ်ယောက်သားသည်

http://mmteashop.com



ရသေ့ကြီး သီတင်းသုံးရာ သစ်ပင်သို့ကပ်၍ ရသေ့ကြီးအား ပြားပြားဝပ်မျှ ရှိခိုးပူဇော်ကြ၏။ ရသေ့ကြီးသည် ထိုသူနှစ်ယောက် ရှိခိုးဝတ်ပြုလာသည်ကို စောင်း၍မျှမကြည့်ဘဲ ငြိမ်သက်လှစွာပင် သီတင်းသုံးနေ၏။ ခဏမျှကြာက ရသေ့ကြီး၏ ဘယ်လက်သည် လှုပ်ရှားလာပြီး ဆန့်ထားသော လက်ညှိုးလေးကို ကွေးလိုက်ပြီး "တုတ်" ဟု နှုတ်ကလည်း အသံထွက်အောင် ဆိုလေသည်။ ဤသည်တွင် ထိုသူနှစ်ယောက်သည် မိမိတို့အား ပုဆစ်ဒူးတုပ်၍ ရှိသေစွာနေကြရန် ခိုင်းသည်ထင်ပြီး နေပုံထိုင်ပုံပြင်၍ ပုဆစ်တုပ်ကာ အလွန်သေချာစွာ လက်အုပ်ချီ၍ နေကြ၏။

ရသေ့ကြီးသည် "တုတ်" ဟု ပထမတစ်ကြိမ်ဆိုပြီး လက်ညှိုးလေးကွေးလျက်သားဖြင့် အတန်ငယ် ငြိမ်သက်နေရာမှ "တုတ်တုတ်ဂျိမ်း၊ တုတ်တုတ်ဂျိမ်း" ဟု ဆက်ကာဆက်ကာဆို၍ ကွေးနေအောင် ထကလေတော့သည်။ ဤတွင်မှ အရူးကို အထင်ကြီးစွာဖြင့် သူတော်သူမြတ်မှတ်၍ ရှိခိုးပူဇော်နေသော မိမိတို့အဖြစ်ကို သတိရကာ တစ်ယောက်မှာ အူလှိုက်သည်းလှိုက် အူတက်မတတ် လက်ခုပ်လက်ဝါးတီး၍ တဟားဟားနှင့် ရယ်မောနေသော်လည်း အရှက်ကြီးသူမှာ ရှက်လွန်းလှသဖြင့် မျက်နှာနီမြန်းပြီး "မိမိတို့အဖြစ်ကို တစ်စုံတစ်ယောက်များ တွေ့သွားလေမလား" ဟု ကျီးကန်းတောင်းမှောက် ကြည့်ရှုနေလေသည်။

လူရိပ်လူခြေမတွေ့ရမှ အတန်ငယ် သက်သာရပြီး အဖော်ဖြစ်သူအား "ကိုယ့်လူရာ ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောပါနဲ့၊ အိမ်ပြန်ရောက်ရင် ငွေ ၅ ပေးပါမယ်ကွာ၊ ရှက်လွန်းလို့ပါ ဟုတ်လား" ဟု တောင်းတောင်းပန်ပန် ပြောဆိုလေ၏။ အဖော်ဖြစ်သူကလည်း အရယ်ကိုရပ်၍ "အေးပါကွာ မပြောပါဘူး၊ မင်း ငွေ ၅ တကယ် ပေးရမှာနော်" ဟု ဆို၏။ "စိတ်ချပါငါ့လူရာ ပေးပါမယ်၊ မင်းသာ နှုတ်လုံပါစေ။" ဤသို့ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ကတိထားကြကာ တောသို့ ဆက်သွားပြီး ပြုလုပ်စရာကိစ္စများကို ပြုလုပ်နေကြလေသည်။ ညနေစောင်း၍ ပြန်ချိန်ကျသဖြင့် ပြန်လာကြသောအခါ အရှက်ကြီးသူမှာ

http://mmteashop.com



နံနက်က အဖြစ်အပျက်များကို တွေးမိတိုင်း ရှက်လှသဖြင့် ရွာသို့ ရောက်သောအခါ မည်သူ့ကိုမျှ မပြောဖို့ အတန်တန်မှာလျက် လိုက်လာခဲ့၏။ စကားတပြောပြောဖြင့်ပြန်လာ၍ ခပ်လှမ်းလှမ်းမှ ရွာကိုမြင်သောအခါ အဖော်ဖြစ်သောသူမှာ နံနက်က အဖြစ်အပျက်များကို ရွာသို့ပြေး၍ ပြောချင်စိတ်သည် ချုံးနှိမ်မရအောင် ပေါ်လာတော့၏။ ပြောချင်သည်မှာ ဝမ်းထဲတွင် ပေါ်လာတော့၏။ ပြောချင်စိတ် မျိုသိပ်၍မရတော့သည့်အဆုံးတွင် "ကဲ သူငယ်ချင်း မင်းငွေ ၅ လည်း မပေးချင်နေတော့ ငါမပြောဘဲလည်း မနေနိုင်တော့ဘူး၊ ပြောချင်လိုက်တာဆို ငါ့ဝမ်းထဲ ရှုရှုတက်နေတာပဲ" ဟု အရက်ကြီးသူကို ပြောလေလျှင် အရက်ကြီးသူမှာ ထိတ်လန့်တကြား ပျာပျာသလဲဖြင့် "ရှစ်ကြီးခိုးပါရဲ့ သူငယ်ချင်းရာ ငါရှက်လွန်းလို့ပါ၊ ငါ့ကိုသနားရင် မပြောပါနဲ့ကွာ၊ အိမ်ရောက်ရင် ငါ့ကတိအတိုင်း ငွေ ၅ ပေးပါ့မယ်" ဟု ခဲယယ တောင်းပန်လေသည်။

"မဖြစ်ဘူး မဖြစ်ဘူး၊ မပြောဘဲမနေနိုင်ဘူး၊ မင်းငွေလည်း မလိုချင်တော့ဘူး" ဟု ပြောပြီး ရွာသို့ သုတ်ခြေတင်လေတော့သည်။ အရက်ကြီးသောသူမှာ ရွာတပ်ပေါက်မှ ဆီး၍ နောက်ပြောင်မည့်သူကို ရှက်ကြောက်စိုးရိမ်သောမျက်နှာဖြင့် လှမ်းကြည့်ရင်း လေးလံသော ခြေလှမ်းများဖြင့် နောက်က လိုက်သွားလေတော့သည်။

❐

http://mmteashop.com



# စကားနိုင်

ရှေးအခါက ချီပါသားနှင့် ပခန်းသားတို့ တွေ့ကြရာ စကားနိုင် ပြောကြဖို့ သဘောတူကြလေ၏။ တစ်ဦးပြောသည့်စကားကို တစ်ဦးက ယုံရမည်ဟုလည်း သဘောတူလေ၏။

ပခန်းသားက "တို့အိမ်ကြီးဟာ ဘယ်လောက်ကြီးသလဲဆိုရင် ကျွန်မ ဗြဲဝကလေးမွေးတော့ ကြမ်းပေါက်က ကလေးကျသွားတာ အသက် ၉၀ ရှိမှ မြေကြီးရောက်တယ်၊ မင်းယုံရဲ့လား"

ချီပါသား။ ။"ယုံပါတယ်၊ အားကြီးယုံတာပေါ့၊ ဒါပေတဲ့ မင်းတို့အိမ်ကြီးတာ ဘာဟုတ်သေးသလဲ၊ တို့ အဘ သဘော်ကြီး ကြီးတာမှ တကယ်ပါ"

ပခန်းသား။ ။"မင်းတို့အဘ သဘော်က ဘယ်လောက်များ ကြီးလို့လဲ ဆိုစမ်းပါဦး"

http://mmteashop.com



ချီပါသား။ ။ "ကြီးဆို တို့သင်္ဘောကြီး ရေထဲမှာ ခုတ်လာတာ မိုးနဲ့ ခေါင်းတိုင်နဲ့မလွတ်လို့ ဂျစ်ဂျစ်ဂျစ်ဂျစ်နဲ့ မြည်နေတာ မိုးချုန်းသလား အောက်မေ့ရတယ်၊ မင်းယုံရဲ့လား"

ပခန်းသား။ ။ "ယုံပါတယ်၊ ဘာမယုံစရာရှိသလဲ၊ ဒီလောက် တော့ကြီးမှာပေါ့၊ ဒါပေတဲ့ မင်းတို့အဘသင်္ဘော က တို့အဖေရေဘူးလောက်တော့ မကြီးတတ် သေးဘူး၊ အဲဒါပဲ ဆိုစရာရှိတယ်"

"ချီပါသား။ ။ "မင်းတို့အဖေ ရေဘူးက ဘယ်လောက်များ ကြီးလို့လဲ၊ ဆိုစမ်းပါဦး၊ တို့သင်္ဘောထက် ဘယ့်နှယ့်လုပ်ပြီး ကြီးမှာတဲ့လဲ၊

ပခန်းသား။ ။ "သိပ်တော့ မကြီးပါဘူး၊ ဒါပေတဲ့ မင်း ခုနက ပြောတဲ့ မင်းတို့ရဲ့ သင်္ဘောကြီးခေါင်းတိုင်နဲ့ မိုးထိပြီး တဂျစ်ဂျစ်နဲ့ ခုတ်လာတာနဲ့ တို့အဘ ရေဆင်းခပ်တာနဲ့ ဆုံနေတော့ မင်းတို့အဘ သင်္ဘောကြီးဟာ တို့အဘ ရေဘူးအပေါက်ထဲ ချာလည်ချာလည်နဲ့ ဝင်သွားတော့တာပါပဲကွာ" ဟူ၍ ပြောလိုက်လေ၏။

❐

http://mmteashop.com



# သားနှင့် အဖ

ချီပါရွာသားက ပခန်းသားနှင့် စကားနိုင်ပြောတုန်းက သူ့အဘ သင်္ဘောကြီးကို ပခန်းသားက သူ့အဖေ ရေဘူးကြီးနှင့် အုပ်ပြီး အနိုင်ယူသွားသည်ကို မကျေနပ်နိုင်သဖြင့် ပခန်းမြို့သို့ စကားနိုင်ပြောဖို့ သွားလေ၏။ ပခန်းသို့ ရောက်သောအခါ အဖေကို မတွေ့ဘဲ ၁၂ နှစ်ရွယ်သာ ရှိသေးသည့် သူ့သားကလေးကို တွေ့သည်နှင့် "မင်းအဖေ ဘယ်သွားသလဲ" ဟု မေးလေ၏။ "ခင်ဗျားက ဘယ်ကလဲ" ဟု ကလေးက ပြန်မေးရာ၊ ချီပါသားက "ငါက ချီပါရွာကကွ" ဟု ပြောလေ၏။

ကလေးက 'ဤလူကြီးသည် ချီပါရွာကဆိုရင် ငါ့အဖေနှင့် စကားနိုင်ပြောဖို့ လာတာဖြစ်မှာပဲ၊ ငါ့အဖေနဲ့ မတွေ့ခင် ငါက သူ့ကို စကားကြီးကြီးနဲ့ ကြောက်သွားအောင် ပြောလွှတ်လိုက်မယ်ဆိုပြီး' "ကျွန်တော်တို့အဖေ မိုးစုတ်နေလို့ သွားချုပ်ပေးနေပါတယ်" ဟု ပြောလိုက်၏။ ထိုအခါ ချီပါသားက 'မဖြစ်ဘူးဟေ့ ... ကလေးနဲ့တွေ့တာ

http://mmteashop.com



တောင် ဒီလောက် စကားကြီးကြီး ပြောရင်တော့ သူ့အဖေဆို ငါနိုင်အောင် ပြောလို့ရမှာမဟုတ်ဘူး' ဟု ဆိုပြီး ပြန်သွားလေ၏။

ကလေးသည် သူ့အဖေပြန်လာသောအခါ "ချီပါရွာက လူတစ်ယောက် အဖေနှင့် တွေ့ချင်လို့လာတယ်" ဟု ပြော၏။ သူ့အဖေက "မင်း အဲဒီချီပါရွာသားကို ဘယ်လို ပြောလွှတ်လိုက်သလဲ" ဟု မေးရာ "အဖေမိုးစုတ်လို့ သွားချုပ်ပေးနေတယ်လို့ ကျွန်တော် ပြောလွှတ်လိုက်တယ်" ဟု ပြန်ပြော၏။ ထိုအခါမှာ ပခန်းသားကြီးက "မင်းစကားပြောတာ သေးငယ်တယ်၊ ငါ့သားလို့ပြောရမှာ ငါရှက်တယ်၊ မင့်ကို လူ့ပြည်မှာ မထားဘူး၊ ရေထဲနှစ်သတ်မယ်၊ လှေပေါ်တက်" ဆိုပြီး ဖအေက ပဲ့ကလှော်၊ သားကို လှေဝမ်းထဲမှာထားပြီး ရေလယ်ကို လှေလှော်သွားရာ သားက 'ငါ့အဖေကို စကားတစ်ခွန်း နိုင်အောင်ပြောနိုင်မှ ငါ့အသက် ချမ်းသာတော့မယ်၊ အဲဒီလိုမပြောနိုင်ရင် ငါ့ကို ရေထဲနှစ်သတ်တော့မှာပဲ' ဟု စဉ်းစားပြီး "အဖေရေ ငါးကြီးဗျ ငါးကြီးဗျ" ဟု ပြောလိုက်လေ၏။ ထိုအခါ အဖေက "ဘယ်မလဲဟ ဘယ်မလဲ" ဟု မေးရာ "အဖေက အကြည့်နှေးလို့ ကျွန်တော် ဆေးလိပ်မီးနဲ့ ဖုတ်စားလိုက်ပြီ" ဟု ပြောလိုက်တော့မှ အဖေက "ငါ့သားတော်သားပဲ၊ ငါ့ကိုတောင် နိုင်အောင်ပြောနိုင်တယ်" ဟုဆိုပြီး မသတ်ဘဲ ပြန်ခေါ်လာလေသည်။

❐

http://mmteashop.com



# အလှူဒကာနှင့် ဖာတ်ဆရာ

တစ်ရံရောအခါက ရွာတစ်ရွာ၌ သူငယ်ချင်းနှစ်ဦးရှိ၏။ တစ်ဦးမှာ တောင်သူလယ်သမားဖြစ်၍ တစ်ဦးမှာကား သဘင်သည် ဇာတ်ဆရာ ဖြစ်သည်။

တစ်နှစ်သော် မိုးလေဝသမှန်ကန်မှုကြောင့် သီးနှံများ အထူး ဖြစ်ထွန်းသည့်အတွက် တောင်သူကြီးသည် သူ၏သားသမီးများကို ရှင်ပြု နားသသည့် အလှူကြီးပေးရန် စီစဉ် စိုင်းပြင်းလေတော့သည်။ သူ၏ သူငယ်ချင်းဖြစ်သူ ဇာတ်ဆရာကိုလည်း သူ၏အလှူ၌ ဇာတ်ကပေးရန် ပြောလေသည်။

တောင်သူကြီးသည် နေ့ကောင်းရက်သား ရွေးချယ်ပြီးနောက် သူ၏အိမ်ရှေ့၌ မဏ္ဍပ်ထိုး၍ သင့်မည်ထင်သောနေရာ၌ ဇာတ်စင် ဆောက် လုပ်လေသည်။

ထို့နောက် သူသည် သူငယ်ချင်းဖြစ်သူ ဇာတ်ဆရာထံသို့ တစ်ဖန် သွားပြီး "သူငယ်ချင်း မဏ္ဍပ်ရော ဇာတ်ခုံပါ အားလုံးပြည့်စုံပြီ၊ ငါ၏အလှူ မှာ ဘယ်ဇာတ်ကိုခင်းပြီး ကပြဖို့ ကြံရွယ်ထားပါသလဲ" ဟု မေး၏။

http://mmteashop.com



"မယ်ဥ ကျားချိခန်းကို ကပြရန် ဇာတ်သားများနှင့် ပြည့်ပြည့်စုံစုံ တီးလုံးတိုက်ပြီးပါပြီ" ဟု ဇာတ်ဆရာက ဖြေသည်။

"သူငယ်ချင်းရယ်၊ အလှူနှင့် မယ်ဥကျားချိခန်း ဇာတ်ထုပ်ကပြလျှင် တော်မည်မထင်ပါ" ဟု တောင်သူကြီးက ပြော၏။

"ထိုသို့ဆိုလျှင် အလှူပွဲနှင့် ကိုက်ညီဆီလျော်စေရန် ဝေဿန္တရာဇာတ်ကို ခင်းကျင်းကပြပေးပါမည်" ဟု ဇာတ်ဆရာက ကတိပေးလိုက်သည်။

အလှူပွဲနေ့ညသို့ ရောက်လာသောအခါ ဇာတ်ဆရာသည် ရောက်လာသမျှသော သဘင်သည် အပေါင်းတို့အား စုရုံးကြစေပြီး၊ "ယနေ့ည ကပြမည့်ပွဲ၌ ယခင်က စီစဉ်ထားသော မယ်ဥကျားချိခန်းကို မပြတော့ဘဲ အလှူ့ရှင်၏ အလိုကျ ဝေဿန္တရာဇာတ်ကို ပြောင်းလဲကပြကြရမည်" ဟု သတိပေး ပြောကြားလေသည်။

ထိုသို့ စုရုံးကြစဉ် မယ်ဥကျားချိခန်း ဇာတ်ထုပ်တွင် ကျားလုပ်ရမည့်သူကားမရှိပေ။ ထို့ကြောင့် ဇာတ်ထုပ်ပြောင်းလဲကပြမည့် အစီအစဉ်ကို ထိုသူမသိပေ။

ကျားလုပ်ရမည့်သူသည် သန်းခေါင်ကျော်မှသာ သူ၏ အခန်းကျရောက်မည်ဟု သိရှိထားပြီးဖြစ်သောကြောင့် စောစောပိုင်း၌ ရွာရှိ မိတ်သင်္ဂဟအပေါင်းနှင့် ရွာတွင်း လည်ပြီး ထန်းရည်သောက်နေလေသည်။

ဇာတ်ခုံသို့ ပြန်၍ရောက်သောအခါ၌လည်း အချိန်အတန်ငယ် စောနေသေးသောကြောင့် အိပ်ရာသို့ဝင်ပြီး တစ်ရေးအိပ်နေလိုက်၏။

ဇာတ်ဆရာလုပ်သူက မယ်ဥကျားချိခန်း၌ ကျားလုပ်ရမည့်သူအား ဝေဿန္တရာဇာတ်၌ ဇူဇကာပုဏ္ဏားအဖြစ် က,ပြရန်ကိုလည်း ကြိုတင်၍ ပြောမထားမိပေ။ ဝေဿန္တရာဇာတ်ထုပ်ကလျှင် သူသည် အမြဲပင် ဇူဇကာ လုပ်ရသူဖြစ်သည်။

ကပြနေသော ဇာတ်အစဉ်၌ သားတော်နှင့် သမီးတော်တို့အား ပုဏ္ဏားလက်သို့ လှူဒါန်းမည်လုပ်နေသော ဝေဿန္တရာမင်းကြီးအား မိဖုရား

http://mmteashop.com



က ငိုကြွေးမြည်တမ်းကာ တောင်းပန်နေသော အခန်းသို့ရောက်လာသော အခါ ပုဏ္ဏား ပါမလာသည်ကို သိရသော ဇာတ်ဆရာက ထန်းရည်မူး၍ အိပ်မောကျနေသော ပုဏ္ဏားလုပ်ရမည့်သူထံသို့ အပြေးအလွှားသွားကာ–

"ဟေ့–ထ–ထ၊ မင်းအခန်းရောက်နေပြီ" ဟု နှိုးလေသည်။ ပုဏ္ဏားလုပ်ရမည့်သူသည် အိပ်ချင်မူးတူးနှင့် ကျားရေကိုခြုံ၍ ကျားခေါင်းကိုစွပ်ပြီးလျှင် ထွက်လာသည်။ ထို့နောက် ကျားရေးအတန်ငယ် ပြပြီးလျှင် ငိုယိုကာ တောင်းပန်နေသော မင်းသမီးကို ကိုက်ချီနေလေဟန်နှင့် ပွေ့ပိုက်ကာ ကားလိပ်၏အတွင်းသို့ ဝင်သွားလေတော့သည်။

ပွဲကြည့်ပရိသတ်များ ရတ်ရတ်သဲသဲ ဖြစ်လာသောအခါ အလှူ့ဒကာရော ဇာတ်ဆရာတို့ပါ မည်သို့မှ မတတ်နိုင်တော့သဖြင့် ပွဲသိမ်းလိုက်ရလေတော့သတည်း။

❒

http://mmteashop.com



အညာကျေးလက်ပုံပြင်များ ဆရာ ဦးဂြ

http://mmteashop.com



# အနိစ္စတန်ခိုး

ရှေးရှေးတုန်းက မြို့နှင့်မနီးမဝေးသော ရွာတစ်ရွာတွင် စည်းစိမ် ချမ်းသာနှင့် ပြည့်စုံသော သူကြွယ်ကြီးလင်မယား ရှိလေသည်။ သူတို့တွင် နွားအကောင်ရေ ငါးရာလောက် ရှိလေသည်။ ထိုနွားများကို ကျောင်းသော ကျွန်မကလေး ၁ ယောက်ရှိ၏။ ထိုကျွန်မကလေးက အလွန်ရိုးသား လိမ္မာလှ၏။ သူသည် ဘုရား တရား သံဃာဟူသော ရတနာသုံးပါးကို အလွန် ယုံကြည်သူလည်းဖြစ်၏။

တစ်နေ့သော အဖိတ်နေ့တွင် သီလဆောက်တည်လိုသော စိတ်က ပြင်းပြလှသဖြင့် သူကြွယ်မကြီးဆီ သွားပြီးလျှင် "အဒေါ်ရယ် ကျွန်မ နက်ဖြန်ခါ သီလဆောက်တည်လိုပါတယ်၊ ခွင့်ပြုပါ" ဟု ခွင့်တောင်းလေ သည်။ သူကြွယ်မကြီးကလည်း "ကောင်းပြီ၊ ညည်း ဒီနေ့ နွားစာလုံလောက်

http://mmteashop.com



အောင်ရှာပြီး နက်ဖြန်ခါကျတော့ သွားပြီး သီလစောင့်တာပေါ့" ဟု ပြောလိုက်၏။ ကျွန်မလေးလည်း ဝမ်းသာအားရဖြစ်ကာ နွားစာမြက်များကို ရှာလေသည်။

နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ ရွာထဲကလူများသည် ဥပုသ်စောင့်သွားကြသည်။ သူလည်း နောက်မှာ လိုက်သွားပြီးလျှင် ကျောင်းရောက်သောအခါ လူအပေါင်းတို့နှင့် သီလကို ဆောက်တည်လေသည်။ သူသည် ဥပုသ်ကို တစ်ခါမှ မဆောက်တည်ဖူးသောကြောင့် သီလပေးသည်ကို လိုက်၍မဆိုတတ်သဖြင့် သီလမရချေ။ နောက်ဆုံး လူအများပြီးမှသာ ဘုန်းတော်ကြီးထံသို့ သွား၍ "တပည့်တော်မ သီလဆောက်တည်လိုပါသည်ဘုရား" ဟု လျှောက်သောအခါ ဘုန်းတော်ကြီးလည်း "ဟဲ့ ဘယ်နှပါးသီလ ဆောက်တည်မတုံး" ဟု မေး၏။ ကျွန်မကလေးလည်း အရင်လူတွေလည်း ငါးပါးသီလ ဆောက်တည်သည်မှတ်ပြီး "ငါးပါးသီလ ဆောက်တည်မှာပါဘုရား" ဟု လျှောက်လိုက်သည်။ သို့နှင့် ဘုန်းကြီးက ငါးပါးသီလ လိုက်ဆိုစေလေသည်။ ပြီးသောအခါ အရင်လူအများကြားထဲ သွားနေလေသည်။ လူအများက "ဟဲ့ နင် ဘယ်နှပါးသီလ ဆောက်တည်သလဲ" ဟု မေးသောအခါ ရိုးသားစွာနှင့် "ကျွန်မ ငါးပါးသီလ ဆောက်တည်ပါတယ်" ဟု ပြောလျှင် "ဟဲ့ နင်ငါတို့နှင့်မနေနဲ့၊ သွား ငါတို့က ရှစ်ပါးသီလ၊ နင်က ငါးပါးသီလ၊ သွား ငါတို့နား လာမနေနဲ့" ဟု နှင်လွှတ်လိုက်ကြ၏။ နောက်တစ်စုထံ သွားသောအခါ၌လည်း ဤသို့ပင် ဆို၍ နှင်လိုက်ကြ၏။ သို့နှင့် စိတ်ပျက်ပျက်နှင့် အိမ်ပြန်လာပြီး သူကြွယ်မကြီးအား အကြောင်းစုံပြောသောအခါ သူကြွယ်မကြီးက "ဟဲ့ ဒီလိုဆိုရင် ညည်း ကျောင်းအရှေ့ဘက်က ညောင်ပင်ကြီးအောက်သွားပြီး ပုတီးစိပ်ပေါ့အေ" ဟု ပြော၏။

ကျွန်မကလေးက "ကျွန်မ စိပ်ပုတီးမစိပ်တတ်ဘူး" ဟု ပြောရာ သူကြွယ်မကြီးက "ညည်းနှယ်အေ စိပ်ပုတီးစိပ်တာများ အဆန်းလုပ်လို့၊ အနိစ္စ၊ အနိစ္စလို့ ဆိုစိပ်တာပေါ့" လို့ ပြောပြီး "ကဲ-ကဲ ထမင်းထုပ်ပြီး

http://mmteashop.com



သွားပေတော့၊ ကျောင်းက နာရီမောင်းထိုးတော့ ထမင်းထုပ်ဖြေပြီး ဘုရားဆွမ်းတော်တင်ပြီး စားပေါ့” ဟု မှာ၏။

သို့နှင့် ကျွန်မကလေးသည် ထမင်းထုပ်ကို ကပျာကရာထုပ်ပြီး ညောင်ပင်ဆီသို့ ထွက်ခဲ့၏။ ညောင်ပင်ကြီးအောက် ရောက်သောအခါ သူကြွယ်မကြီးမှာသည့်အတိုင်း “အနိစ္စ – အနိစ္စ” နှင့် စိပ်ပုတီးစိပ်နေလေသည်။ မွန်းတည့်သောအခါ ကျောင်းက နာရီမောင်းထိုးသဖြင့် ကျွန်မကလေးလည်း ထမင်းထုပ်ကို ဖြေ၍ ဘုရားဆွမ်းတော်တင်ပြီး စား၏။ ထိုအခါ ညောင်ပင်စောင့်နတ်လည်း မနေသာတော့ဘဲ ကျွန်မကလေးရှိရာသို့ သူအိုယောင်ဆောင်၍ ဒယိုင်ဒယိုင်နှင့် လာလေသည်။ ထိုသို့ ဒယိုင်ဒယိုင်နှင့် လာသော သူအိုကြီးကို မြင်သောအခါ စိတ်ထားကောင်းသော ကျွန်မကလေးက “ဘကြီး ဘကြီး” ဟု ခေါ်ကာ ထမင်းများကို ကျွေးလေသည်။

ထိုသူအိုကြီး မကုန်မှသာ မိမိစား၏။ သို့နှင့် သူအိုကြီးသည် အင်အားပြည့်လာပြီး ထွက်သွားရာ၊ ကျွန်မကလေးနှင့် မနီးမဝေးသို့ ရောက်သောအခါ ပျောက်ကွယ်သွားလေသည်။ ကျွန်မကလေးလည်း ထမင်းကိုစားပြီး စိပ်ပုတီးစိပ်နေစဉ် ဘီလူးတစ်ကောင် ရောက်လာပြီး “လူနံ့ရတယ်၊ ရှာခွင့်ပြုပါ” ဟု ပြော၏။ ညောင်ပင်စောင့်နတ်က “ဟယ် ငါ့ညောင်ပင်အောက် ဘယ်က လူရှိရမှာလဲ” ဟု ပြောသောအခါ ဘီလူးလည်း ညောင်ပင်နှင့် သုံးလံကွာက ကြည့်လေရာ ကျွန်မကလေးကို မြင်လျှင် ငါ့အစာဟုဆိုကာ ကျွန်မကလေးရှိရာသို့ ပြေးအလာ ကျွန်မကလေး၏ အနိစ္စတန်ခိုးကြောင့် ဘီလူးရင်ဘတ်တွင် မီးကဲ့သို့ ပူပြင်းလာသဖြင့် ဘီလူးလည်း ထွက်ပြေးလေသည်။

ထိုအခြင်းအရာကို မြင်သော် ညောင်ပင်စောင့်နတ်လည်း အားရနှစ်မြို့က်စွာနှင့် ညနေမိုးအချုပ် နေဝင်ရီသရောတွင် ကိုယ်ထင်ပြကာ ကျွန်မကလေးအား ရွှေအိုးနှင့် ငွေအိုးနှစ်လုံးပေးပြီး ပျောက်ကွယ်သွားလေသည်။

http://mmteashop.com



ကျွန်မလေးလည်း ဝမ်းမြောက်ဝမ်းသာ အိမ်သို့ပြန်ခဲ့ပြီး အကျိုးအကြောင်းကို သူကြွယ်မကြီးအား ပြောပြသောအခါ သူကြွယ်မကြီးလည်း ဝမ်းမြောက်ဝမ်းသာပင် ကျွန်မကလေးကို သမီးအဖြစ်ဖြင့် မိမိနှင့် အတူနေစေ၏။

ထိုသတင်းကို ကြားသော ရွာသူရွာသားတို့သည် "ဒီကောင်မကလေးက ငါးပါးသီလနဲ့ ဒီလောက်ရရင် တို့ရှစ်ပါးသီလဆို ဒီထက်ပိုရမှာပေါ့" ဟု အချင်းချင်း ပြောကြ၏။

သို့နှင့် ရက်အတန်ကြာသော် အဖိတ်နေ့သို့ ရောက်လာသဖြင့် တစ်ဦးနှင့်တစ်ဦး ပြောကြ၏။ "နက်ဖြန်ခါကျတော့ ညီးအိမ်က ကြက်သားဟင်းချက်ပေါ့၊ ငါ့အိမ်က ဝက်သားဟင်းချက်တာပေါ့" ဟု ပြော၏။ သို့နှင့် နောက်တစ်နေ့သို့ ရောက်လာတော့၏။ ရွာသူရွာသားများလည်း တစ်ဦးနှင့်တစ်ဦး ညောင်ပင်ဆီသို့ အလျင်ရောက်ရန် နံနက်စောစော ကျောင်းသို့သွား၍ ဥပုသ်စောင့်ကြ၏။ ဥပုသ်ယူပြီး ဘုန်းတော်ကြီးကိုပင် ကောင်းစွာ ဦးမချနိုင်ကြဘဲ ညောင်ပင်ကြီးအောက်သို့ သွားကြလေသည်။

ထိုသို့ ရောက်သောအခါ ထမင်းထုပ်များကို ဖြေ၍ ဘုရားကို ဆွမ်းတော်မတင်ဘဲ ညောင်ပင်စောင့်နတ်ကို တင်ကြ၏။ "အရှင်နတ်မင်း အရှင်ကြိုက်တတ်တဲ့ ကြက်သား၊ ဝက်သား၊ ငှက်သား အသားမျိုးစုံဖြင့် တင်ပါ၏။ စားတော်မူပါ" ဟု ဆိုကာ တင်ကြ၏။ တင်ပြီးလျှင် စိပ်ပုတီးမစိပ်ဘဲ ဘယ်သူ့သမီးနှင့် ဘယ်သူ့သား ဘယ်တုန်းက ဘယ်လို၊ ဘယ်သူက ဘယ်လိုနှင့် အတင်းများ ပြောကြ၏။

ထိုအခါ ညောင်ပင်စောင့်နတ်မင်းက "ဟယ် ငါ့သစ်ပင်အောက် ဘယ်လိုဟာတွေ ရောက်နေပါလိမ့်" ဟု ညည်းညူလေသည်။ ထိုအချိန်တွင် ဘီလူးရောက်လာ၍ "အသင်နတ်မင်း အသင့်အပင်အောက်က လူနံ့ရတယ် ရှာခွင့်ပြုပါ" ဟု တောင်းပြန်လေ၏။ နတ်မင်းလည်း ဆိတ်ဆိတ်နေလေ၏။

http://mmteashop.com



ထိုအခါ ဘီလူးလည်း ညောင်ပင်နှင့် သုံးလံကွာကနေ၍ ကြည့်ပြန်ရာ လူအုပ်ကြီးကို မြင်၏။ ထိုအခါ ဘီလူးက သူတော်စင် ဟုတ်မဟုတ် သိရအောင် ကြောင်ယောင်ဆောင်၍ လူအုပ်ထဲသို့ ဝင်သွားသော် လူတစ်ယောက်က "ဟ… ကြောင်ကလေးပါလားဟေ့၊ တို့အိမ်မှာ ကြွက်တွေပေါတာနဲ့ အတော်ပဲ" ဟုပြော၏။ နောက်တစ်ယောက်က "ငါတို့အိမ်မှာ အလွန်ကြွက်ပေါတယ်၊ ညဆို အိပ်ကိုမအိပ်ရဘူး" စသည်ဖြင့် ပြောနေကြတော့၏။

ကြောင်ကလေးလည်း အတင်းခုန်ထွက်ပြေးကာ ကြောင်အသွင်က ဘီလူးအသွင်ပြောင်းပြီး ဘီလူးပြည်ပြန်၍ ဘီလူးအပေါင်းတို့ ခေါ်လာကာ ညောင်ပင်အောက်သို့လာပြီး လူများကို စားလေတော့သတည်း။

❐

http://mmteashop.com



# ရှားစောင်းစေးတစ်လက်ဖက်
# ပျားရည်တစ်စက်

တစ်ခါတုန်းက ရွာတစ်ရွာတွင် ဆေးဆရာတစ်ယောက်ရှိခဲ့၏။ ထိုဆရာသည် ဆေးအတတ်ကို တကယ်ကျွမ်းကျင်၍ ဆရာဖြစ်နေသည် မဟုတ်ဘဲ မိရိုးဖလာအားဖြင့် ဖခင်ဆေးဆရာကြီး မရှိသည့်နောက် အမွေဆက်ခံသော ဆေးဆရာသာဖြစ်သည်။

တစ်ရက်တွင် သူတို့ရွာရှိ အိမ်တစ်အိမ်က ဆေးဆရာကို လာပင့်သည်။ ဆေးဆရာလည်း ဆေးအိတ်ကို ဆွဲ၍ လာပင့်သူနောက်သို့ လိုက်သွား၏။

လူနာမှာ ကလေးတစ်ယောက်ဖြစ်ပြီး လူနာရှင်သည် သူ့သားကလေး အပြင်းဖျားနေသည်ကို စိတ်မကောင်းစွာ ကြည့်ရင်း ဆရာကိုလည်း အားကိုးသော မျက်လုံးဖြင့် တစ်ချက်လှမ်းကြည့်၍ “ဆရာရယ် ကျွန်မသားကလေးကို ကယ်ပါဦး” ဟု ဆိုလေသည်။

http://mmteashop.com



ဆရာသည် အပြင်းဖျားနေသော ကလေးကို စမ်းကြည့်ပြီး "ကိစ္စမရှိပါဘူး၊ ကျွန်တော်ရဲ့ ဟောဒီဆေးကို တိုက်လိုက်ရင် တစ်ခါတည်း ပျောက်သွားမှာပါ" ဟု ပြောလေသည်။

"ဆရာ့ဆေးက ဘာတွေလဲ ဆရာရယ်"

"ရှားစောင်းစေး တစ်လက်ဖက် ပျားရည်တစ်စက် ဆေးတဲ့"

ဤတွင် လူနာရှင်က "ဆရာ့ဆေးက ဟုတ်ပါ့မလား ရှားစောင်းစေးဆိုတာ သိပ်ပူတာပဲ၊ ပျားရည်တစ်လက်ဖက် ရှားစောင်းစေးတစ်စက်နေမှာပါဆရာ" ဟု ပြော၏။ ဆရာကလည်း "အို–ခင်ဗျားတို့က ဆရာထက်နားလည်လို့လား၊ ဒီဆေးကို တိုက်လိုက်စမ်း" ဟု ရဲရဲပင်ပြောလေသည်။

လူနာရှင်သည် ဆေးခွက်ကို ကိုင်ကြည့်ပြီး မယုံမရဲရှိသဖြင့် လူနာအား မတိုက်ရဲဘဲ ဖြစ်နေသည်။

ထိုအခါ ဆရာသည် စိတ်မရှည်တော့ဘဲ "ကိုင်း ဆရာကိုယ်တိုင်သောက်ပြမယ်" ဆိုပြီး ဆေးခွက်ကိုယူကာ သောက်ပြလိုက်ပြီး နောက်တစ်ခွက် ထပ်ဖြည့်ပေးကာ လူနာကိုတိုက်ရန် ပေးလိုက်သည်။ ဤအကြိမ်၌မူ လူနာရှင်လည်း ယုံကြည်သွား၍ ကလေးလူနာကို တိုက်လိုက်သည်။ ထိုဆေးတိုက်ပြီးသောအခါ ဆေးဆရာက "ကိုင်း ဆရာသွားမယ်၊ မကြာခင် သက်သာလာလိမ့်မယ်" ဟု ပြောပြီး ပြန်သွားသည်။

မကြာမီပင် ဆေးဆရာ၏ ဆေးစွမ်း ပြပါတော့သည်။ လူနာကလေးမှာ မခံမရပ်နိုင်ဖြစ်ကာ လူးလိမ့်နေတော့သည်။ လူနာရှင်များလည်း ပျာယာခတ်သွားပြီး "ဆရာကို သွားပင့်ချေပါဦး" ဟု ခိုင်းရပြန်သည်။

ဆရာပင့်သူသည် ဆေးဆရာအိမ်သို့ ရောက်လာပြီး ဆရာအား တကြော်ကြော် ခေါ်လိုက်သည်။ ဆေးဆရာ၏ အိမ်နောက်ဘက်ဆီမှ ခပ်သဲ့သဲ့ ပြန်ထူးသံကြားရ၏။ သို့သော် ဆရာကား ပေါ်မလာချေ။ ထို့ကြောင့် ဆရာလာပင့်သူသည် အိမ်နောက်ဘက်သို့ ဝင်၍ ကြည့်လိုက်သည်။

ဆေးဆရာမှာ ရေအိုင်ကလေးတစ်ခုတွင် လူးလိမ့်လျက် တအင့်အင့် ဖြစ်နေသည်ကို တွေ့ရတော့သည်။

http://mmteashop.com



လာပင့်သူက

"ဆရာ လူနာမသက်သာလို့ လိုက်ခဲ့ပါဦးတဲ့ ဆရာ" ဟု ပြော သောအခါ –

"ဟော့–ဟော့ မင်းမြင်တဲ့အတိုင်းပဲကွ၊ ငါလည်း ဆေးမှားသောက်မိတယ်။ ဒါကြောင့် ငါ့အတွက် ခေါင်းတစ်လုံးသာ ပိုစပ်လိုက်ကြတော့။ အမှန်တော့ ပျားရည်တစ်လက်ဖက် ရှားစောင်းစေးတစ်စက်က မှန်တယ် ဟော့" ဟု ပြန်ပြောလိုက်လေသည်။

❒

http://mmteashop.com



# ဣစ္ဆာသယနတ်အိုး

ရှေးအခါက ရွာတစ်ရွာတွင် ရိုးသားဖြောင့်မတ်ပြီး အလွန်ဆင်းရဲသော ရွာသားတစ်ယောက် ရှိလေသည်။ သူသည် ရွာကလေး၌ ရရာအလုပ်ကို ကြိုးစားပြီး လုပ်ပါသော်လည်း ရွာကလေးကလည်း ဆင်းရဲသော ရွာငယ် ဖြစ်သည့်အတွက် သူ၏ တစ်ကိုယ်ရေတစ်ကာယ စားဝအောင် ရှာဖွေမရဘဲ ရှိလေသည်။

သူဆင်းရဲသည် ရိုးသားသည့်အပြင် ရတနာသုံးပါးကိုလည်း ကိုင်းရှိုင်းသူ ဖြစ်လေသည်။ ထို့ကြောင့် သူနေ့စဉ် ရှာဖွေရရှိသော မဝရေစာ အာဟာရကိုပင် မျှတ၍ ဆွမ်းတော်တင်၍ အိမ်ရှေ့တွင်ရှိသော ညောင်ပင်မှ ညောင်ရုက္ခစိုးကို ပူဇော်ပသပြီးမှ စားသောက်လေ့ရှိလေသည်။

ဤနည်းဖြင့် အစဉ်အတိုင်းနေခဲ့ရာ ညောင်ရုက္ခစိုးသည် ထို ဆင်းရဲသားအပေါ် ကြင်နာသနားလာပြီး 'သူဆင်းရဲသည် ငါ့အား ဝတ်မပျက် စားဦးစားဖျားဖြင့် ပူဇော်ပေ၏။ သူ၏ ကျေးဇူးကို တုံ့ပြန်ခြင်းဖြင့် ကယ်မမှ

http://mmteashop.com



သင့်မည်’ ဟု ကြံ၍ တစ်နေ့သောအခါ ရက္ခစိုးသည် စားဦးစားဖျား လာတင်သော သူဆင်းရဲအား ကိုယ်ထင်ပြပြီးလျှင် “အသင်ဆင်းရဲသား သင့်ကို ငါကျေးဇူးတုံ့ပြန်သည့်သဘောဖြင့် ဤဣစ္ဆာသယ မြေအိုးငယ်ကို ပေးလိုက်မည်။ ထိုအိုးငယ်အထဲမှ သင်အလိုရှိသော အရာကို နှိုက်ယူသုံးစွဲကာ ချမ်းသာစွာ နေလေလော့” ဟု ဆိုပြီး ဆင်းရဲသားအား အိုးကိုပေးပြီးသော် ကွယ်လေ၏။

သူဆင်းရဲသည် အိုးကိုရပြီးနောက် စမ်းကြည့်မည်ဟု ကြံ၍ အိုးထဲမှ အလွန်အရသာရှိသော မုန့်များ ရလိုသည်ဟု ဆိုပြီး အိုးထဲသို့ နှိုက်လိုက်ရာ နတ်သုဒ္ဓါကဲ့သို့ အရသာရှိလှသော မုန့်များကို စားပြီးနောက် ထပ်မံစမ်းသပ်လိုသေးသည်နှင့် အိုးထဲမှ ရတနာ ရွှေငွေ ကျောက်သံပတ္တမြားများကို ရလိုသည်ဟု ပြောကာ အိုးထဲသို့ နှိုက်လိုက်ပြန်သည်။ ထိုအခါတွင် သူတောင့်တသည့်အတိုင်း ရတနာများ ရရှိပြန်လေသည်။

ဤတွင် သူဆင်းရဲသည် ဝမ်းသာအားရရှိလှပြီး ငါကား တစ်သက်စားမကုန် သောက်မခန်း အဖိုးတန်လှသော နတ်အိုးကို ရလေသည်။ လောကကြီးမှာ ငါကြောက်စရာကား ဘာမျှမရှိ၊ ဘုရင့်ကိုပင် ပြိုင်နိုင်သော ငါပါကလား” ဟု ရွှင်မြူးလာပြီး ကွေးအောင် ကလိုက်သည့်အပြင် မြေအိုးငယ်ကိုလည်း မြှူးကြွနေသည့်စိတ်ဖြင့် ခြင်းလုံးကဲ့သို့ တော့ကစားလိုက်ရာ ဣစ္ဆာသယအိုးသည် ဒူးပေါ်မှ ကျပြီး ကွဲသွားလေတော့သတည်း။

❐

http://mmteashop.com



# ဥသြငှက် ဖြစ်ပေါ်လာပုံ

ရှေးအခါက ရွာတစ်ရွာတွင် ကိုရိုးနှင့် မစာ အမည်ရှိသော လင်မယားနှစ်ယောက် ရှိကြလေသည်။ ထိုလင်မယားနှစ်ယောက်မှာ အလွန်တရာမှ ဆင်းရဲကြ၍ ယောက်ျားဖြစ်သူမှာ ထင်းခွေသောအလုပ်ကို လုပ်ပြီး မယားဖြစ်သူ မစာမှာ တောထဲမှ ရသမျှသော ဟင်းရွက်ဟင်းသီးများကို ခူးကာ ရောင်းချ စားသောက်ရလေသည်။

ထိုလင်မယားနှစ်ယောက်မှာ ဆင်းရဲသော်လည်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြင်နာကြ၍ ပျော်ရွှင်စွာ နေထိုင်ရလေသည်။ ယောက်ျားဖြစ်သူ ကိုရိုးမှာ နေ့စဉ် နံနက်စောစော အိပ်ရာမှထ၍ မယားဖြစ်သူ မစာက အသင့်ချက်ပြုတ်ထားသော ထမင်းနှင့် ဟင်းရွက်ပြုတ်ကလေးကို စားသောက်ကာ ထင်းခွေသွားရလေ၏။ ယောက်ျားဖြစ်သူ သွားပြီးနောက် မစာမှာ

http://mmteashop.com



ထမင်းကလေး ကပျာကရာစားပြီး ဟင်းရှက်ရူး ထွက်လေသည်။ ညနေ၌လည်း ကိုရိုး မပြန်လာမီ ထမင်းချက်ပြုတ်ရန် စောစောပြန်ရလေသည်။

တစ်နေ့သော် မစာပြန်ရောက်၍ ထမင်း ဟင်း ချက်ပြုတ်ပြီးစီးသော်လည်း ကိုရိုးကား ပြန်မရောက်သေးပေ။ မစာလည်း ကိုရိုး အချိန်တန်၍ ပြန်မလာခြင်းကြောင့် စိတ်ပူလာတော့သည်။ အချိန်ကုန်လည်း ပြန်မလာမိုးသာစုံးစုံးချုပ်လေတော့သည်။ ထို့ကြောင့် မစာမှာ မနေတတ် မထိုင်တတ်ဖြစ်လာ၍ ဖြစ်ချင်တာဖြစ်ပေစေတော့ဟု ဆုံးဖြတ်ကာ အိမ်မှထွက်ရှာသည်။

ကိုရိုးသည် ထင်းများများရစေရန် တစ်တောဝင် တစ်တောထွက်ရှာဖွေရင်းပင် ရေအိုင်ကလေးတစ်ခုအနီးသို့ ရောက်သွားခဲ့လေသည်။

ထိုရေအိုင်အနီး၌လည်း စုန်းမကြီးတစ်ယောက်သည် သူ၏ မှော်သေတ္တာကလေး ရေအိုင်ထဲသို့ ကျသွား၍ မဆယ်တတ်သဖြင့် အကူအညီရလိုရငြား ခရီးသွားများကို စောင့်နေ၏။

ထို့နောက် အဆင်သင့်ပင် ကိုရိုးနှင့်တွေ့သဖြင့် စုန်းမကြီးက "ငါ့မြေးရယ် အမေကြီး သေတ္တာကလေး ရေထဲကျသွားလို့ ဆင်းယူပေးပါလား ငါ့မြေးရယ်" ဟု ဆိုလေသည်။ ထိုအခါ ကိုရိုးက "ကျွန်တော်ယူပေးပါ့မယ်" ဆိုပြီး ဆင်းငုပ်လေတော့သည်။ အတန်ကြာ ငုပ်၍ ရှာဖွေတွေ့ရှိသောအခါ ကိုရိုး ကုန်းပေါ်သို့ တက်လာသည်။ ကိုရိုးသည် သေတ္တာကလေးကို စုန်းမကြီးထံ မပေးသေးဘဲ "အမေကြီး ဒီသေတ္တာကလေးက ဘာသေတ္တာကလေးပါလဲခင်ဗျာ" ဟု မေးကြည့်သည်။ ထိုအခါ စုန်းမကြီးက "ဟဲ့ မင်းနဲ့မဆိုင်တာကို မမေးပါနဲ့၊ မင်း ဆယ်ခလိုချင်ရင် ငါပေးမယ်" ဟု ဆိုလေသည်။ ထိုအခါ ကိုရိုးက "ကျွန်တော် အခကြေးငွေမလိုချင်ပါဘူး၊ စေတနာနဲ့ ဆယ်ပေးတာပါ" ဟု ပြန်ပြောသည်။

ထိုအခါ စုန်းမကြီးက "ကဲ အခကြေးငွေမလိုချင်ရင် လျှာမရှည်နဲ့၊ ငါဟာပေး" ဟု အတင်းတောင်းသည်။ ထိုအခါ ကိုရိုးက ဒီမိန်းမကြီးဟာ ဘာပါလိမ့်၊ ငါ့ကို ကျေးဇူးတင်စကား မပြောတဲ့အပြင် မာန်နေသေးတယ်' ဟု စိတ်ထဲက အောက်မေ့ကာ "မပေးဘူးဗျာ ခင်ဗျား ဘာလုပ်ချင်

http://mmteashop.com



သလဲ” ဟု မေးလိုက်သည်။ ထိုအခါ စုန်းမကြီးက “ကဲ မပေးချင် မပေးနဲ့” ဟု ဆိုကာ ကိုရှိးကို သစ်ပင်ကြီးဖြစ်အောင် ပြုစားပြီး သူ့သေတ္တာကလေးကို လုယူကာ ထွက်သွားလေသည်။

ထိုအချိန်တွင် မစာသည် တစ်တောဝင် တစ်တောထွက် ရှာဖွေရင်းနှင့် သူ့ယောကျ်ား ပြုစားခံရ၍ သစ်ပင်ဖြစ်သွားရရှာသော အပင်ကြီးအောက်မှာပင် ရင်ကွဲနာကျ၍ သေဆုံးသွားရှာလေတော့သည်။

ထိုသို့ သေဆုံးသွားသော်လည်း စွဲလမ်းစိတ်က မပျောက်၍ ငှက်ကလေးတစ်ကောင် ဖြစ်လေတော့၏။

ထိုငှက်မှာလည်း လူ့ဘဝက ယောကျ်ားဖြစ်သူ သစ်ပင်ကြီးပေါ်မှပင် ‘ကိုရှိး ...ကိုရှိး’ ဟု ခေါ်လေသည်။

ထိုအချိန်မှစ၍ ‘ကိုရှိး ကိုရှိး’ ခေါ်၍ ရှာဖွေခြင်းကို ကာလရွေ့လျား၍ လူတွေက ကိုရှိး ...အမည်ပျောက်ပြီး ‘ဥသြ ...ဥသြ’ မည်တွင်လေတော့သည်။

[ဟုတ်မဟုတ် ‘ကိုရှိး’ ဟု ၅ ခွန်းခေါ်ဆိုကြည့်ပါက သိပါလိမ့်မည်]။

❒

http://mmteashop.com



# မြင်းမွေးသူနှင့် နွားမွေးသူ

ရှေးအခါက ပညာရှိ ပုဂ္ဂိုလ်များ၏ စကားကို အလွန် လေးစားနာယူသည့် ဘုရင်တစ်ပါး နန်းစံတော်မူရာ တိုင်းပြည်တစ်ပြည်၌ မြင်းမွေးသူနှင့် နွားမွေးသူနှစ်ဦး ရှိကြသည်။

မြင်းမွေးသူနှင့် နွားမွေးသူတို့သည် တစ်ရပ်တည်းနေ တစ်ရေတည်းသောက် ဖြစ်ကြ၍ မြင်းနှင့် နွားများကိုလည်း ရောနှောပြီး စားကျက်တစ်ခုတွင် ကျောင်းကြသည်။ အချိန်ကုန် နေဝင်ခါနီးမှ မိမိတို့အိမ်များဆီသို့ ပြန်၍ မောင်းသွင်းကြသည်။ မြင်းနှင့် နွားများသည် ဘဝအားဖြင့် ခြားနားသည့် တိရစ္ဆာန်များပင် ဖြစ်ကြသော်လည်း တစ်မြေတည်း တစ်ရေတည်း၊ စားကျက်တစ်ခုတည်းတွင် ရောနှောကျက်စားနေကြရသဖြင့် တစ်ကောင်နှင့်တစ်ကောင် ယဉ်ပါးလျက်ရှိကြသည်။

တစ်ခါတစ်ရံ မြင်းများသည် လည်းကောင်း၊ နွားများသည် လည်းကောင်း တစ်အိမ်မှ တစ်အိမ်သို့ ရောနှောပြန်လာတတ်ကြသည်။

http://mmteashop.com



ၿငင်းပြင် မြင်းမွေးသူနှင့် နွားမွေးသူနှစ်ဦးတို့သည် မိမိတို့ အိမ်မှုကိစ္စများလှသည့်အခါ စားကျက်သို့ လူလိုက်၍ မကျောင်းကြဘဲ မြင်းတွေချည်း နွားတွေချည်း လွှတ်လိုက်သည့်အခါလည်း ရှိလေသည်။ မြင်းနှင့် နွားများလည်း အချိန်တန်သောအခါ အိမ်သို့ ပြန်လာကြသည်။

ဤသို့ဖြင့် နှစ်လများ တော်တော်ကြာလာသည့်အခါ ဓမ္မတာသဘောအရ မြင်းမများမှာလည်း (မျိုး) ကိုယ်ဝန်များ ရှိလာကြသည်။ နွားမများမှာလည်း (မျိုး) ကိုယ်ဝန်များ ရှိလာကြသည်။ ဤကဲ့သို့ မြင်းနှင့် နွားများ ကိုယ်ဝန်ရှိလာကြသည်ကိုလည်း မြင်းမွေးသူနှင့် နွားမွေးသူတို့ သိကြပြီးဖြစ်လေသည်။

တစ်နေ့သောအခါ မြင်းမွေးသူနှင့် နွားမွေးသူတို့ နှစ်ဦးလုံး အိမ်မှုကိစ္စများ ရှိနေသဖြင့် စားကျက်သို့ မလိုက်ကြဘဲ မြင်းနှင့် နွားများကို လွှတ်လိုက်ကြသည်။ တစ်နေကုန်သောအခါမှ မြင်းနှင့် နွားများလည်း မိမိတို့သခင်အိမ်သို့ အချိန်မှန် ပြန်လာကြရာ မြင်းမွေးသူသည် မိမိ၏မြင်းများ ကောင်းကောင်းမွန်မွန် ရှိမရှိ အားလုံး စုံစုံစေ့စေ့ ရောက်မရောက် ကြည့်ရှုသည်။ နွားမွေးသူကလည်း မိမိ၏နွားများကို မြင်းမွေးသူကဲ့သို့ပင် ကြည့်ရှုလေသည်။

နွားမတစ်ကောင်သည် မူလရှိသောမျိုးက နွားကလေးမွေးခဲ့ဟန်ရှိသော်လည်း နွားမ၏ နို့ကို စို့နေသည်ကမူ မွေးစ, မြင်းငယ်ကလေးဖြစ်နေသည်ကို တွေ့ရသည်၊ ဤသို့ မွေးစမြင်းငယ်ကလေးက နွားမကြီးနို့ စို့နေသည်ကို မြင်ရသောအခါ နွားမွေးသူသည် အံ့ဩဝမ်းမြောက်နေလေသည်။

ထိုနည်းတူစွာ မြင်းမွေးသူကလည်း မျိုးရှိသော မြင်းမမှာ သားဖွားခဲ့ပြီးကြောင်း သိရသည်။ သို့သော် မွေးစ, ကလေး မပါလာပေ။ သို့နှင့် ဘယ်သို့ ဖြစ်ပါသနည်းဟု စဉ်းစားရင်း စားကျက်ဆီသို့ ပြေးသွားလေသည်။ စားကျက်သို့ရောက်သောအခါ မွေးစမြင်းငယ်ကလေးများ ကျန်နေရစ်မည်အထင်ဖြင့် ဟိုဟိုဒီဒီ ကြည့်သည်။ မြင်းငယ်ကိုကား မတွေ့ရပေ။ တဖန် နွားမွေးသူ၏အိမ်သို့ အကျိုးအကြောင်း စုံစမ်းရန် သွားလေသည်။

http://mmteashop.com



နွားမွေးသူ၏ အိမ်၌ကား လူအများ စုရုံးရောက်နေကြပြီး နွားမကြီးက မြင်းကလေးမွေးသည်ဟူ၍ အံ့သြမဆုံး ရှိနေကြလေသည်။ ထိုအခိုက် မြင်းမွေးသူလည်း ရောက်ရှိလာပြီး "မိတ်ဆွေ…ဤမြင်းငယ်သည် ကျွန်ုပ်၏မြင်းမမှ မွေးဖွားသော မြင်းငယ်ဖြစ်ပါသည်။ ဘယ်ကဲ့သို့ နွားမကြီး၏ နို့ကို စို့၍ သင်၏အိမ်သို့ လိုက်ပါခဲ့သည် မသိပါ၊ ကျွန်ုပ်၏ မြင်းငယ်ကို ပြန်ယူရန် လာပါသည်" ဟုပြောလေသည်။

နွားမွေးသူကလည်း "အို မိတ်ဆွေ အဘယ်သို့ ပြောပါသနည်း၊ ကျွန်ုပ်၏ နွားမကြီးသည် မျိုးရှိနေသည်ဆိုသည်မှာ မိတ်ဆွေလည်း သိပါသည်။ ယနေ့ပင် စားကျက်မှ သားဖွားခဲ့ပါသည်၊ ယခု မိတ်ဆွေ မြင်သည့်အတိုင်း နွားမကြီး၏နို့ကို မြင်းငယ်သည် စို့လျက်ပါသည်၊ ဤမြင်းငယ်သည် ကျွန်ုပ်၏နွားမကြီးမှ အမှန်မွေးသော မြင်းငယ်ဖြစ်ပါသည်။ မိတ်ဆွေနှင့် လုံးဝမဆိုင်ပါ" ဟု ပြန်ပြောလေသည်။

ဤသို့ နွားမွေးသူကပြောလျှင် မြင်းမွေးသူကလည်း တစ်ဖန် "မိတ်ဆွေ နွားက မြင်းမွေးရမည်မှာ မဖြစ်နိုင်သောအရာသာ ဖြစ်ပါသည်။ တစ်ခါဘူးမှလည်း မကြားဖူးပါ။ ဤမြင်းကလေးသည် မိတ်ဆွေ နွားမ၏နောက်သို့ ပါလာပြီး နွားမ၏နို့ကို စို့နေသော်လည်း ကျွန်ုပ်၏ မြင်းမကမွေးဖွားသော မြင်းကလေးသာ ဖြစ်ပါသည်။ မိတ်ဆွေ၏ နွားမက မွေးဖွားသည့် မြင်းကလေးကား မဟုတ်ပါ၊ မိတ်ဆွေ နွားမ၏နောက်သို့ ယဉ်ပါး၍သာ လိုက်သွားခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏ မြင်းမတွင် မျိုးရှိနေသည်ကို မိတ်ဆွေလည်း သိပြီးအမှန်ဖြစ်ပါသည်။ အကယ်၍ မိတ်ဆွေ၏ နွားမလည်း သားမွေးသည်ဆိုလျှင် သင်၏ နွားမမှမွေးသော နွားငယ်မှာ ရန်သူများနှင့် တွေ့၍ ကျန်နေရစ်ဟန် ရှိပါသည်။ ကျွန်ုပ်၏ မြင်းငယ်ကို ပြန်ယူပါရစေ၊ ပြန်ယူခွင့်မရပါက ဘုရင့်ထံဝင်၍ တိုင်ကြားလျှောက်တင်ရပါမည်" ဟု ပြောဆိုကာ ပြန်သွားလေသည်။

များမကြာမီ မြင်းမွေးသူသည် နွားမွေးသူထံမှ သူ့မြင်းကလေး ပြန်မရသည်နှင့် ဘုရင့်ထံဝင်၍ အကြောင်းစုံ တိုင်ကြားလျှောက်တင်လေ

http://mmteashop.com



သည်။ ဤသို့ တိုင်ကြားပြီးသည့်နောက် "ဤအမှုကို နောက် ၇ ရက်ခန့် ကြာမှ ချိန်းဆိုတော်မူပါ၊ ကျွန်တော်မျိုး၏မြင်း မှန်ကန်ကြောင်း အမြော်အမြင်ရှိသော ပညာရှိရှေ့နေများကို ငှားလိုပါသည်" ဟု လျှောက်တင်လေသည်။ ဘုရင်လည်း ပညာရှိ ပုဂ္ဂိုလ်များ၏ စကားကို လေးစားနာယူလေ့ရှိသည့်အတိုင်း မြင်းမွေးသူ လျှောက်တင်ချက်ကို လက်ခံလိုက်လေသည်။

နောက် ၇ ရက် ကြာသောအခါ မြင်းမွေးသူနှင့် နွားမွေးသူတို့၏ မြင်းငယ်ပြဿနာကို ဖြေရှင်းရန်အတွက် နန်းရင်ပြင်တွင် ဘုရင်နှင့်တကွ မှူးမတ်ဗိုလ်ပါ ပရိသတ် စုံစုံညီညီ ရောက်ရှိနေကြလေသည်။ တရားလို တရားခံဖြစ်သော မြင်းမွေးသူနှင့် နွားမွေးသူများလည်း စောစောကပင် ရောက်နေကြလေသည်။ သို့သော် အမှုစစ်ဆေးရန်အတွက် တရားလို မြင်းမွေးသူ၏ရှေ့နေ မရောက်လာသေး၍ ခေတ္တ စောင့်ဆိုင်းနေရလေသည်။ အတန်ငယ်ကြာမှ တရားလိုမြင်းမွေးသူ၏ ရှေ့နေသည် မောကြီးပန်းကြီး သုတ်သီးသုတ်ပျာဖြင့် ရောက်ရှိလာသည်။ ဘုရင့်ရှေ့တော်သို့ ဝင်ရောက် ခစားပြီး အမိန့်တော်ကို နာခံလျက် နေလေသည်။

ထိုအခါ ဘုရင်က "ပညာရှိရှေ့နေကြီး အဘယ့်ကြောင့် ချိန်းဆိုသောအချိန် မရောက်လာပါဘဲ နောက်ကျနေရပါသနည်း" ဟု မေးလေသည်။ ပညာရှိ ရှေ့နေကြီးက "မှန်လှပါ ကျွန်တော်မျိုးသည် ဤအမှုအတွက် အိမ်မှ စောစောထွက်လာခဲ့ပါသည်၊ အိမ်မှထွက်လာခဲ့ရာ လမ်းခရီး တစ်ဝက်ခန့် ရောက်သောအခါ သဲသောင်ပြင်တစ်ခုကို ဖြတ်ကျော်ခဲ့ရပါသည်။ ဤသဲသောင်ပြင်ကြီးကို ဖြတ်ကျော်ခိုက် ကျွန်တော်မျိုး၏ ရှေ့တည့်တည့်မှ သဲသောင်ပြင်ထဲတွင် မီးများက တဟုန်းဟုန်း တောက်လောင်နေသည်ကို တွေ့ရပါသည်။ တောက်လောင်နေသော မီးတောက် မီးလျှံများကို အနီးမှာရှိသည့် ရေအိုင်ကြီးအတွင်းမှ ရေများကို ခြင်းကြားကြီးတစ်လုံးနှင့် ခပ်ခပ်ပြီး ငြိမ်းသတ်ရပါသည်၊ ဤကဲ့သို့ တစ်ယောက်တည်း မီးများငြိမ်းပြီးမှ အပြေးအလွှား လာခဲ့ရပါသဖြင့် အရှင်မင်းမြတ် ချိန်းဆိုသည့် အချိန်တွင်မရောက်လာဘဲ နောက်ကျရပါသည်" ဟု လျှောက်တင်လေသည်။

http://mmteashop.com



ပညာရှိရှေ့နေကြီး လျှောက်တင်ချက်ကို ကြားလိုက်ရသော မှူးမတ်ပရိသတ်တို့သည် "အို ဟင် ဘယ်နှယ် မဖြစ်နိုင်တာပဲ" စသည်ဖြင့် တိုးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်မျိုး ပြောဆိုကြလေသည်။ ပညာရှိရှေ့နေ ဖြစ်လျက် ဘယ်ကဲ့သို့ ယုတ္တိမတန်လှသည့် စကားကို ပြောလေသနည်းဟု ကဲ့ရဲ့ကြလေသည်။ ဘုရင်မင်းမြတ်ကမူ အံ့သြဆန်းပြားသည့် စကားပင် ဖြစ်သော်လည်း ရာဇဣန္ဒြေမပျက်သောဟန်ဖြင့် "ပညာရှိရှေ့နေ အဘယ်သို့သော စကားကို ပြောပါလေသနည်း။ သဲသောင်ပြင်မည်သည် မီးလောင်နိုင်သော အရာမဟုတ်ပါ။ တဖန် မီးတောက်မီးလျှံများကို ရေအိုင်တွင်းမှ ခြင်းကြားကြီးတစ်လုံးဖြင့် ရေများ ခပ်ခပ်ပြီး ငြိမ်းသတ်ခဲ့ရပါသည်ဆိုသော စကားသည် ပို၍ ယုတ္တိမတန်ပါ။ ခြင်းကြားကြီးဖြင့် ရေကိုယူ (ခပ်) ၍ ရနိုင်သည်မဟုတ်ပါ။ အဘယ့်ကြောင့် မဆီလျော်သော စကားများကို တင်လျှောက်ရပါသနည်း" ဟု မိန့်ဆိုလေသည်။

ထိုအခါ ပညာရှိရှေ့နေသည် မိမိလျှောက်တင်လိုသော အချက်သို့ ရောက်ပြီဖြစ်၍ "မှန်လှပါ ကျွန်တော်မျိုး သံတော်ဦးတင်ရပါမည်၊ ကျွန်တော်မျိုး တင်လျှောက်သည့် သဲသောင်ပြင်သည် မီးလောင်နိုင်သော အရာမဟုတ်၊ ၎င်းပြင် ခြင်းကြားကြီးဖြင့် ရေကိုယူ၍ ဖြစ်နိုင်သည်မဟုတ်၊ မီးတောက်မီးလျှံများသည် ငြိမ်းသွားနိုင်မည်မဟုတ်ဟု အရှင်မင်းမြတ်နှင့် တကွ မှူးမတ်ပရိသတ်တို့က ကဲ့ရဲ့ပြောဆိုကြပါသည်။ ဤကဲ့သို့ ကျွန်တော်မျိုး တင်လျှောက်သည့် စကားကို ယုတ္တိမတန်၍ မဖြစ်နိုင်ရာဟု ဆိုပါလျှင် ကျွန်တော်မျိုး၏အမှုသည် တရားလို စွဲဆိုတိုင်တန်းထားသည့် ဤအမှုတွင် နွားမက မြင်းငယ်ကို မွေးသည်ဆိုသည်မှာလည်း မဖြစ်နိုင်ပါ၊ မိမိနွားမမွေးသော မြင်းငယ်ဖြစ်၍ မိမိပိုင်ပါသည်ဟု နွားမွေးသူက ငြင်းဆန်ပြောဆိုနေခြင်းသည် လုံး၀ ယုတ္တိမတန်ပါ၊ ဤမြင်းငယ်သည် မြင်းမကသာ မွေးသည်ဖြစ်၍ ကျွန်တော်မျိုးအမှုသည် မြင်းမွေးသူကသာ ပိုင်ဆိုင်ခြင်းအမှန် ဖြစ်ပါသည်" ဟု ရဲဝံ့စွာ လျှောက်တင်လေသည်။

http://mmteashop.com



ဤကဲ့သို့ ပညာရှိရှေ့နေက လျှောက်တင်သောအခါ ဘုရင်လည်း သဘောတော်ကျလှသည်ဖြစ်၍ အမှု၏ ကျိုးကြောင်းဆက်စပ်မှု သဘောများကို မေးမြန်းစစ်ဆေးတော်မူပြီး "ဤမြင်းငယ်သည် မြင်းမကမွေးသည့် မြင်းဖြစ်၍ တရားလို မြင်းမွေးသူသာ ပိုင်ဆိုင်သည်၊ နွားမွေးသူက မြင်းငယ်အား ပြန်လည်ပေးအပ်စေ" ဟု အမိန့်တော်ချမှတ်လိုက်လေသည်။

ငင်းပြင် ပညာရှိပုဂ္ဂိုလ်အား လေးစားဂုဏ်ပြုတတ်သည့် ဘုရင်တစ်ပါး ဖြစ်သည့်အလျောက် ပညာရှိရှေ့နေအား ဆုလာဘ်များ ပေးသနားလိုက်လေသည်။

❒

# ရှည်လွန်းသောမြွေကြီး

ရှေးသရောအခါ ရွာတစ်ရွာတွင် လွန်စွာ ချစ်ခင်ကြသော မိတ်ဆွေနှစ်ယောက်ရှိကြ၏။ တစ်ယောက်သောသူ၏ အမည်မှာ မောင်စံလှဖြစ်၍ ကျန်တစ်ယောက်၏ အမည်မှာ မောင်စံဘဖြစ်၏။

သူတို့သည် တစ်ယောက်အိမ် တစ်ယောက် သွားရောက်လျက် ကစားသည့်အခါလည်း ကစား၏။ စကားငြင်းခုံသည့်အခါလည်း ငြင်းခုံ၏။ တစ်ခါတစ်ရံ အခြားသောရွာသို့ အလည်သွားသည့်အခါလည်း ရှိတတ်၏။ တစ်နေ့တွင် မောင်စံဘသည် မောင်စံလှအိမ် ရောက်လာပြီး လမ်းတွင် အလျားအတောင်တစ်ရာ(၁၀၀) လုံးပတ် အတောင်အစိတ်(၂၅) ရှိသော လင်းမြွေကြီးတစ်ကောင်ကို တွေ့ခဲ့ရကြောင်း အံ့သြဖွယ် ပြောလေသည်။

မောင်စံလှကလည်း မယုံကြည်သောကြောင့် "မင်းပြောတဲ့မြွေကြီးက အရှည်ကြီးပါလား" ဟု ပြောရာ "အေး အရှည်ကြီးပဲ" ဟု ပြန်ပြောလေ၏။ တစ်ဖန် မောင်စံလှက "မဟုတ်နိုင်သေးပါဘူးကွာ၊ မင်းဟာ

http://mmteashop.com



လွန်လွန်းပါတယ်၊ သေသေချာချာ တိုင်းထွာလာခဲ့တာမှ မဟုတ်ဘဲနဲ့” ဟု ပြောပြန်၏။ ထိုအခါ မောင်စံဘက “အေးကွာ ၇၅ တောင်လောက်တော့ ရှည်ပါလိမ့်မယ်” ဟု ပြန်ပြောလေ၏။

“ဟာ ဒါလည်း ရှည်သေးတာပဲ” ဟု မောင်စံလှက ပြောပြန်၏။ “ဒါဖြင့် ထားပါတော့ကွာ အတောင် ၅၀ တော့ရှိပါတယ်-ကဲ” ဟု မောင်စံဘက ပြန်ပြော၏။

“အတောင် ၅၀ ဆိုလည်း နည်းတာမဟုတ်ဘူးကွ”။

“အိုကွာ အတောင် ၅၀ ထက် လျှော့ရလျှင် ငါပြောတဲ့ မြွေကြီးဟာ ပုတိုကြီးဖြစ်သွားရောပေါ့၊ အခုပဲ လွန်လှပြီ” ဟု သတိထားပြီး ပြန်ပြောလေတော့သတည်း။

❒

http://mmteashop.com



# အလှူဒကာ ကိုရိုး

ရှေးအခါက ရွာတစ်ရွာတွင် ကိုရိုးဆိုသော လူတစ်ယောက်ရှိ၏။ ကိုရိုးသည် မတိုးနှင့် အိမ်ထောင်ကျခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သော်လည်း သားယောကျ်ားကလေး တစ်ယောက်သာ ထွန်းကားခဲ့လေသည်။

သားယောကျ်ားကလေး အချိန်အရွယ်ရောက်လျှင် ရှင်ပြု၍ လှူရန် အလုပ်များကို ကြိုးစားလုပ်ကိုင်လာခဲ့ရာ ကိုရိုးနှင့် မတိုးတို့တွင် ငွေ ၃၀ဝ လောက်နှင့် နွားကလေးတစ်ကောင် ပို၍လာလေသည်။

ဤနှစ်တွင် မောင်ရိုးနှင့် မတိုးတို့ အလှူပေးမည်ဟု ကြားသောကြောင့် ပွဲစားကြီးတစ်ဦးက ကုန်များကို အလှူအတွက် လိုသလောက် ယူသုံးပါ၊ ကုန်ဖိုးငွေများကို အလှူပြီးမှ ပေးပါဟု ပြောလေသည်။

ကာလသားခေါင်း ကိုတုတ်ပေါကလည်း အငြိမ့်ပွဲတစ်ခု ငှားပါ၊ အလှူမင်္ဂလာတွင် အငြိမ့်ပွဲပါမှ စည်ကားလိမ့်မည် ငွေရေးကြေးရေးကို မစိုးရိမ်ပါနှင့်ဟု လာ၍ ပြောပြန်လေသည်။

ယောက္ခမဖြစ်သူ ဦးကျော်ဇကလည်း အလှူတွင် အငြိမ့်ပွဲပါလျှင် သူများအလှူထက် အောက်တန်းမကျစေရန် ဝက်သားကျွေးဖို့ သမက်ဖြစ်သူ အလှူ့ဒကာ ကိုရိုးအား အကြံဉာဏ် ပေးပြန်လေသည်။

နွေဦးပေါက်သော် အလှူ့ဒကာ ကိုရိုးနှင့် အလှူ့အမ မတိုးတို့မှာ ပွဲစားကြီးထံမှ ကုန်များကို လိုသလောက်ယူပြီး ကာလသားခေါင်း ကိုတုတ်ပေါ် ဌားရမ်းပေးသော အငြိမ့်နှင့် ယောက္ခမကြီး၏ ဆန္ဒအတိုင်း ဝက်သားကျွေး၍ သားရှင်ပြု အလှူမင်္ဂလာ ပြုလုပ်လေတော့၏။ အလှူပွဲကြီးကားကြိတ်ကြိတ်တိုး စည်ကားလေသည်။ အလှူ့အမ မတိုးက ပြုံးပြုံးပြုံးပြုံးနှင့် မျက်နှာပေးချိုသကဲ့သို့ အလှူ့ဒကာ ကိုရိုးမှာလည်း ခေါင်းပေါင်းစထောင်နေလေသည်။

အလှူကြီးပေးပြီး၍ မိုးဦးကျအချိန်သို့ ရောက်သော် ပွဲစားကြီးက ကိုရိုးနှင့် မတိုးတို့ထံ ငွေတောင်းလာရာ ငွေမရှိသဖြင့် မျိုးစပါးများကို ကြွေးသွင်းလိုက်ရလေသည်။

ကာလသားခေါင်း မောင်တုတ်ပေါ်ကလည်း ကိုရိုး မတိုးတို့ ပိုင်သည့် လှည်းတစ်စီးနှင့် နွားကလေးကို အငြိမ့်ကြွေးနှင့် ခုနှိမ်၍ ယူသွားပြန်လေသည်။

လယ်ကွင်းများတွင် ထွန်ရေးငင်ကြ၍ ပျိုးပင်များ ကြီးလာသော အချိန်တွင် ယခင်နှစ်သကဲ့သို့ ကိုရိုးနှင့် မတိုးတို့မှာ လယ်လုပ်စရာ ဘာမှ မရှိတော့သည့်အတွက် စိတ်ပျက်လက်ပျက်နှင့် အမျက်ထွက်၍ ပုဆိုးရှည်ကြီးကို ဝတ်ကာ ကိုရိုးကအော်၍ ပြောလိုက်သည်မှာ . . .

"ပွဲစားတွေ၊ ကာလသားခေါင်းတွေ ငရိုးကိုလာပြီး မြှောက်ကြဦးဟေ့၊ ဟောဒီမှာ အလှူပေးတုန်းကဝတ်တဲ့ ပိုးပုဆိုး တောင်ရှည်တစ်ထည်ကျန်နေသေးတယ်" ဟု ဆိုကာ ပုဆိုးခါးပုံစကို လက်နှင့်မလိုက်ဟူသတတ်။

❒

# သံစောင်းထက် ရေစောင်းထက်

လွန်ခဲ့သော နှစ်ပေါင်း အတော်ကြာကာလက စစ်ကိုင်းမြို့နယ် တောရွာတစ်ရွာမှ ကျောင်းထိုင်ဘုန်းတော်ကြီးတစ်ပါးနှင့် ပစ္စည်းလေးပါး ဒါယကာတစ်ဦး မြို့တစ်မြို့သို့ ခရီးထွက်ရန် ခရီးသွားလှေများ ဆိုက်ရာ ဆိပ်ကမ်းတစ်ခုသို့ ရောက်လာကြလေ၏။

ထိုအခါတွင် ချီပါရွာမှ ရွာသားတစ်ဦးသည်လည်း ထိုဆိပ်ကမ်းသို့ပင် ရောက်ရှိလာလေသည်။ ၎င်း ချီပါရွာသားသည် ဘုန်းတော်ကြီးနှင့် ၎င်း၏ဒကာကို တွေ့သောအခါ "အဘယ်အရပ်သို့ ခရီးထွက်ကြပါမည်လဲ အကြည်တော်" ဟု ဘုန်းတော်ကြီး၏ဒကာအားမေးလေ၏။ ဘုန်းတော်ကြီး၏ဒကာကလည်း "လှေဖြင့် ခရီးသွားကြမည့် ခရီးသည်များ ဖြစ်ပါသည်" ဟု ပြောလေ၏။ ထိုအခါ ချီပါသားကလည်း မိမိလည်း လှေဖြင့် ခရီးသွားမည့်သူဖြစ်သဖြင့် အတူတကွ သွားလိုကြောင်း ပြောဆိုလေ၏။

http://mmteashop.com



ထိုသို့ အသိမိတ်ဆွေဖြစ်ကြပြီး ဒကာသည် ဘုန်းတော်ကြီးအား မိမိတို့လှေနှင့် ခရီးကြုံ၍ ဒကာတစ်ဦး အတူလိုက်လိုကြောင်း လျှောက်ထားလေ၏။ ထိုအခါ ဘုန်းတော်ကြီးက "အဲဒီဒကာက ဘယ်ရွာကတုံး ဒကာကြီးရဲ့" ဟု မေးလေ၏။ "မှန်လှပါ ချီပါရွာကပါဘုရား" ဟု လျှောက်လေသော် "ချီပါရွာဆိုရင် စကားအရာမှာ အလွန်ကတ်တတ်တယ်လို့ ကြားဖူးတယ်၊ အတူခရီးသွားလို့ဖြစ်ပါ့မလား ဒကာကြီး" ဟု မေး၏။

"မှန်လှပါ ထိုဒကာကား ချီပါရွာကဟုဆိုသော်လည်း အလွန်မှ ရိုးသားပုံရ၍ စကားလည်း အလွန်မှနည်းပြီး အေးအေးဆေးဆေး နေတတ်သူနှင့်တူပါသည်။ ထို့ကြောင့် အတူလိုက်ခွင့်ပြုသင့်သည် ထင်ပါသည် ဘုရား" ဟု ဘုန်းတော်ကြီး၏ ဒကာက လှည့်ပတ်လျှောက်ထားသဖြင့် ဘုန်းတော်ကြီးက လိုက်ခွင့်ပြုလိုက်လေသည်။

ဘုန်းကြီးနှင့် ဒကာနှစ်ဦးတို့သည် ခရီးအတူ ထွက်လာကြပြီးနောက် ခရီးအတော်ဝေးဝေးသို့ ရောက်ကြသောအခါ ချောက်ကမ်းပါးများ ရေစားထားသည်ကို တွေ့မြင်ကြ၏။ ဘုန်းတော်ကြီးက အမှတ်မထင် "အင်း သံစောင်းထက် ရေစောင်းထက်ဆိုတာ တယ်မှန်ပါကလား" ဟု ညည်းမိလေ၏။

အချိန်ကလည်း ဆွမ်းစားချိန်နှင့် အလွန်နီးကပ်လာသဖြင့် မကြာမီပင် ဆိပ်ကမ်းတစ်နေရာတွင် ဆိုက်ကပ်ရပ်နားကြပြီး ဆွမ်းအချိန်မီ ချက်ပြုတ်ရန်အတွက် ဘုန်းတော်ကြီးက ချီပါရွာသားအား ထင်းအရှာခိုင်းလေရာ ချီပါရွာသားသည် ရေဆိပ်တွင်ရှိ ထင်းလုံးတစ်လုံးကို ဘုန်းတော်ကြီးမြင်လောက်သည့်နေရာသို့ မရွေ့ပြီး ရေနှင့် ထင်းတုံးကိုပက်လေ၏။

ဘုန်းတော်ကြီးက "ဟဲ့ ဒကာကြီးရဲ့ မီးမွှေးရအောင် ထင်းခြောက်ရှာပါဆို ထင်းတုံးကို ရေနဲ့ပက်တော့ ဘယ်ကလာ မီးမွှေးလို့ ရဦးမှာလဲ" ဟု ဆိုလေ၏။

ထိုအခါ ချီပါသားက "မှန်လှပါ အရှင်ဘုရား သံစောင်းထက် ရေစောင်းထက် ဆိုလို့ပါဘုရား" ဟု ပြန်လည်လျှောက်လေတော့သည်။

http://mmteashop.com



ဘုန်းတော်ကြီးသည် မိမိ၏ ဒကာကြီးကို ခေါ်ကာ "ကဲ . . .ဒကာကြီး အစကမပြောလား၊ ချီပါသား ကတ်ပါတယ်လို့ ပြောရက်နဲ့" ဟု ဆိုမြည်အော်ငေါက်လေသည်။

ဘုန်းကြီး၏ ဒကာကြီးမှာလည်း ချီပါရှာသားထံသွားကာ ဤကဲ့သို့သော စကားကတ်များ မပြောရန်ပြောပြီး ကူညီချက်ပြုတ်ကာ ဘုန်းတော်ကြီးအား ဆွမ်းကပ်လေသည်။

ဘုန်းတော်ကြီးလည်း ဆွမ်းဘုဉ်းပေးပြီးလျှင် သရက်သီးမှည့် တစ်စိတ်ကို စားရင်း "အသီးများဟာ မှည့်ရင် တယ်ချိုတာပဲ" ဟု ပြောလေသည်။

ထိုစကားကို လှေဝမ်းအတွင်း မီးဖိုအနီး ထိုင်နေသော ချီပါသားကြားလေလျှင် နီရဲမှည့်နေသော ငရုတ်သီးတစ်တောင့်ကို ယူကာ ဘုန်းတော်ကြီး မြင်လောက်သော နေရာသို့သွားပြီး ငရုတ်သီးကို ထောင်၍ ပြလေသည်။ ဘုန်းတော်ကြီးသည် ချီပါသား၏ ကတ်တတ်တတ် အပြုအမူကို မြင်လေလျှင် စိတ်ထွက်လာသဖြင့် ချီပါသားကို ခြေဖြင့် ထကန်လိုက်လေသည်ဟူ၏။

❒

http://mmteashop.com



အညာဈေးလက်ပံပြင်များ

http://mmteashop.com



# နှင်းပြီးနှင်းဆင်း ဥပုသ်သည့်မလေး

ရှေးအခါက ရွာငယ်တစ်ခုတွင် ရိုးသားတည်ကြည်သော မိန်းမပျို ကလေးတစ်ဦး ရှိလေသည်။ သူသည် ရိုးရိုးသားသား အေးအေးဆေးဆေး နေတတ်သည့်ကြောင့် မိခင်ကြီးကအစ တစ်ရွာလုံးကပင် မယ်ရိုးဟု ခေါ်ကြလေသည်။ မယ်ရိုးတွင် မွေးချင်းပေါက်ဖော်ဆို၍ အစ်မတစ်ဦးသာ ရှိသည်။

http://mmteashop.com



ထိုအစ်မကြီးမှာ မယ်ရိုးငယ်စဉ်ကပင် အိမ်ထောင်ပြု၍ အငယ်ဆုံးဖြစ်သော မယ်ရိုးကလေးက မိခင်အိုကြီးအား လုပ်ကျွေးပြုစုရလေသည်။

မယ်ရိုးတို့သားအမိမှာ ပစ္စည်းကလည်းမဲ့၊ လုပ်သူကလည်း မယ်ရိုး တစ်ယောက်တည်းမို့ ကျောင်းနေစာသင်ခြင်းကိုပင် မပြုနိုင်ရှာဘဲ နေ့စဉ် ရေခပ်၊ မောင်းထောင်း၊ ဆန်ပြာ စသည့် လုပ်ငန်းများကိုသာ အချိန်ရှိသရွေ့ အငှားလိုက် လုပ်ကိုင်နေရလေသည်။

ထိုအလုပ်များမှ ရသည့် ငွေစကလေးများဖြင့် မယ်ရိုးတို့သားအမိ မှာ စားသောက် နေထိုင်ရရှာသည်။

ထိုအခါက မယ်ရိုးတို့ရွာတွင် ဝါဝင်ပြီဆိုလျှင် ဆွမ်းအုပ် ကွမ်းအုပ် ကိုယ်စီရွက်ပြီး ရွာဦးကျောင်းသို့ သီလယူ ဥပုသ်စောင့် သွားလေ့ရှိကြ သည်။ လူကြီး လူငယ် ရွယ်ရွယ် လတ်လတ်တို့ ဝတ်ကောင်းစားလှများ ဝတ်ဆင်ပြီး ဟင်းကောင်း ထမင်းကောင်း တောင်းအပြည့် ထည့်၍ အဖော် အပေါင်းများနှင့် သွားကြ စားကြသည်မှာ ရွာ၏ ဓလေ့တစ်ခုပင် ဖြစ်လေ သည်။ ပျော်ရွှင်ဖွယ်ရာလည်း ကောင်းလှသည်။

တစ်ရွာလုံး အုတ်အုတ်ကျက်ကျက် သွားကြလာကြ ပျော်ပါးကြ သော်လည်း ဆင်းရဲသူမလေး မယ်ရိုးမှာ အများနည်းတူ လိုက်နိုင်ရန်ဝေး၊ မော်လို့ပင် မကြည့်အားရှာဘဲ အချိန်ရှိသရွေ့ အလုပ်နှင့်လက် မပြတ်အောင် လုပ်ကိုင် ရှာဖွေနေရရှာသည်။

သို့နှင့် ဝါလများလည်း ကုန်ကာနီးလာလေသည်။ ရွာထဲမှလည်း အများနည်းတူ မပြုနိုင်ရှာသော မယ်ရိုးအား မေးငေါ့စပြုလာကြလေသည်။ "မွဲမှာပေါ့၊ ဒါန, သီလမှမရှိဘဲကိုး" စသည်ဖြင့် စကားတင်း ဆိုလာကြ တော့သည်။ မယ်ရိုး၏အစ်မသည် ရွာသူတို့ဆိုကြသော နှုတ်တင်းကို ကြား လေလျှင် တစ်နေ့သော် မယ်ရိုး မောင်းထောင်းနေသော တဲကုတ်အတွင်းသို့ လာ၍ ဥပုသ်စောင့်လိုက်ရန် ပြောလေသည်။ "ဟဲ့...မယ်ရိုး နင်တော့ အလုပ်လုပ်ရင်း သေရမှာပဲ၊ သူများတကာများ ၈ ရက်၊ လပြည့်၊ လကွယ် သီတင်းတိုင်း ဘုရားသွား ကျောင်းတက်လို့ ပျော်ပျော်ပါးပါး စားကြ၊

http://mmteashop.com



သောက်ကြ၊ လှူကြ၊ ဝတ်ကြ၊ တစ်ရွာလုံး ပြုနေကြတာ နင်တစ်ယောက်တည်းပဲ မလိုက်နိုင် မပါနိုင်တာ၊ ငါတော့ ရက်တောင်လာပြီအေ…၊ ဒီတော့ လာမယ့်သီတင်းဆိုရင် ဝါကျွတ်တော့မယ့် နောက်ဆုံး သီတင်းကျွတ်လပြည့်နေ့ပဲ၊ ဒီတစ်ခါတော့ ညီး လိုက်နိုင်အောင် လိုက်ပါအေ…" ဟု ပြောဆိုလေရာ မယ်ရိုးကလည်း ဥပုသ်စောင့်လိုက်ရန် အာမခံလိုက်လေသည်။

ထိုနေ့မှစ၍ မယ်ရိုးမှာ လာမည့်သီတင်းနေ့တွင် ဥပုသ်စောင့်လိုက်နိုင်ရန် လုပ်ငန်းဆောင်တာများကို နေ့တွင်မကဘဲ ညအချိန်များပါ လုပ်ရရှာသည်။ ဥပုသ်နေ့အတွက် အစားထိုးပြီး လုပ်ဆောင်ရမည့် အငှားလုပ်ငန်းများကို နေ့ရောညပါ မနားမနေ လုပ်ကိုင်ကြိုးစားသည်။ သို့နှင့် သီတင်းကျွတ်လပြည့်နေ့သို့ ရောက်လာလေသည်။ မယ်ရိုးသည် မိုးမလင်းခင်ကထ၍ မုရင်းဆန်လေးကိုချက်၊ စန္ဒကူးနီကို ပြုတ်၊ ဆွမ်းတော်ကပ်၊ မိခင်အိုကြီးအား ခူးခပ်ကျွေးမွေးပြီး သူ့အဖို့လည်း ဖြူစင်သော ပုဝါကလေးဖြင့် ထမင်းထုပ်ကလေး ထုပ်သည်။ ထို့နောက် ရေချိုး ကိုယ်လက်သန့်စင်စေပြီး သီလယူရန် ရွာဦးကျောင်းသို့ ထွက်ခဲ့လေသည်။

ရွာသူရွာသားအပေါင်းတို့သည် ယွန်းခြယ်ထားသော ဆွမ်းအုပ်ကြီးငယ်ကို သူ့ထက်ငါ ထမင်းကောင်း ဟင်းကောင်းထည့်၍ လှလှပပ ကြော့ကြော့မော့မော့ ထမ်းရွက်ပြီး သွားကြလေသည်။ မယ်ရိုးမှာ ခေါ်မည့်သူလည်းမရှိ၊ အများလို ဆွမ်းအုပ်ကြီးနှင့်လည်း ဟန်မထုတ်နိုင်၍ အသိပင်မလုပ်ကြ၊ တစ်ယောက်တည်းပင် အများနောက်မှ မထင်မရှား လိုက်ပါခဲ့ရလေသည်။

ကျောင်းသို့ရောက်သောအခါ မယ်ရိုးက သူ့အစ်မကို တွေ့အောင်ရှာပြီး "အစ်မရယ် …ကျုပ်က သီလလည်း မယူတတ်ဘူး၊ ပုတီးလည်းမစိပ်တတ်ဘူးတော့၊ အဲဒါ သင်ပေးပါဦး" ဟု တောင်းပန်လေသည်။ အစ်မလုပ်သူက စိတ်တိုပြီး "ညည်း ဒီလောက်ဖျင်းတဲ့ကောင်မ၊ သီလယူတာကတော့ ရှေ့ကဘုန်းကြီး ချသွားတာကို နောက်ကလိုက်ဆို၊ ပုတီးစိပ်တာက

http://mmteashop.com



တော့ 'နင်ပြီးနင်ဆင်း၊ နင်ပြီးနင်ဆင်း' ဆိုပြီးစိပ်၊ အဲဒါပဲ" ဟု ပြောဆို ထွက်သွားလေသည်။ အစ်မက အရွဲ့အမဲ့ ပြောသွားသော်လည်း မယ်ရီးကမူ "တစ်သက်တွင် အစ်မသင်ပေး၍ ဥပုသ်စောင့် ပုတီးစိပ်တတ်ပြီ" ဟု ဝမ်းသာနေလေသည်။

၇ နာရီထိုးသောအခါ ရွာဦးကျောင်းမှ ခေါင်းလောင်းထိုးလိုက်သည်။ ဥပုသ်စောင့်မည့် ရွာသူရွာသားများလည်း အားလုံးသွားရောက်ကြ၍ သီလခံယူကြသည်။ ပြီးလျှင် ကိုယ့်အုပ်စုနှင့်ကိုယ် ဝိုင်းဖွဲ့၍ ရှုခင်းသာနေရာများတွင် စကားပြောကြ စားကြသောက်ကြနှင့် တရုန်းရုန်းရှိလေသည်။

မယ်ရီးခမျာမှာ အသိလုပ်မည့်သူကလည်း မရှိ၊ သူတို့တစ်တွေ ပြောဆိုနေကြသည်များကိုလည်း မကြားလို၍ လူအများနှင့် ဝေးသော သစ်ပင်ရိပ်အောက်တွင် တစ်ကိုယ်တည်း ထိုင်လျက် နင်ပြီးနင်ဆင်းကိုသာ တွင်တွင်ရွတ်၍ ပုတီးစိပ်နေရှာသည်။ နေ့ ၁၁ နာရီ နံနက်စာစားချိန်တွင်လည်း ထမင်းကို မိမိအရင်မစားသေးဘဲ သစ်ပင်အနီးမှ တကျည်ကျည်တောင်းနေကြသည့် စာကလေး၊ ဆက်ရက်ကလေးများကို အရင်ကျွေးရှာသည်။ ပြေးတမ်းလိုက်တမ်း ကစားနေကြသော ရှဉ့်ကလေး၊ ယုန်ကလေးများကိုလည်း ကျွေးပြန်သည်။ ပြီးမှ အနည်းငယ်သော ထမင်းကို စားလေသည်။ သောက်ရန် ယူခဲ့သော ရေကိုလည်း မိမိအနည်းငယ်သာ သောက်ပြီး တောငှက်တိရစ္ဆာန်ကလေးများကိုသာ တိုက်ကျွေးလေသည်။ မယ်ရီး၏ ရှေ့တွင် ရှဉ့်ကလေးများ၊ ယုန်ကလေးများနှင့် ငှက်ကလေးများက ပြေးလွှားပြီး စားလိုက် သောက်လိုက်နှင့် မယ်ရီးကို မျက်လုံးကလေး ပေကလတ်ပေကလတ်နှင့် ကြည့်ကြရင်း ဆော့ကစားနေကြသည်ကို မြင်သော မယ်ရီးမှာ ပီတိဖြာလျက် ဝမ်းသာနေလေသည်။ နှုတ်မှလည်း အစ်မသင်ပေးလိုက်သော "နင်ပြီးနင်ဆင်း" ကို မပြတ်ရွတ်ရင်း လက်ကလည်း ပုတီးလုံးကလေးများကို တစ်လုံးပြီးတစ်လုံး ချနေလေသည်။

http://mmteashop.com



ဤသို့နှင့် အချိန်ကုန်လာရာ ညနေဘက်သို့ပင် ရောက်လာလေသည်။ ထိုအချိန်တွင် ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ရောက်လာပြီး "ငါ့သမီး အဘိုးဟာ ခရီးသည်တစ်ဦးဖြစ်ပါတယ်။ ခရီးဝေးကလာရသူမို့ ပန်းဟိုက်လှသဖြင့် ဒီကတွတ်မုန့်အိုးကို အဘိုးဆက်ပြီး ထမ်းမသွားနိုင်တော့ပါ၊ သို့အတွက် ငါ့သမီးထံမှာ ဒီအိုးကို ထားခဲ့ပါရစေ၊ အကယ်၍ သမီးမပြန်ခင် အဘိုးရောက်လာရင်လည်း ပြန်ယူပါ့မယ်၊ တကယ်လို့ သမီးပြန်ချိန်တန်လို့မှ အဘိုးပြန်မလာရင်လည်း သမီး ဒီအိုးကို အပိုင်ယူ သုံးစွဲပေတော့၊ သမီးကို ပေးပြီးသားပဲ" ဟု ပြောဆိုအပ်နှံပြီး ထွက်သွားလေသည်။

နေသည် တဖြည်းဖြည်း ကျဆင်းသွားရာ နွားရိုင်းသွင်းချိန်သို့ပင် တိုင်ခဲ့ပြီ၊ အဘိုးအိုကား ပေါ်မလာချေ။ ထိုအချိန်တွင် ရွာသူရွာသားအပေါင်းတို့လည်း ရွာသို့ပြန်ကြလေပြီ၊ မယ်ရိုး၏အစ်မသည် ပြန်ကြသူများအတွင်းတွင် သတိထားရှာဖွေရာ မယ်ရိုးကို မတွေ့သောကြောင့် စိတ်ဆိုးပြီး လမ်းခုလတ်မှ ပြန်လာကာ ရှာဖွေရလေသည်။ မယ်ရိုးမှာ ထိုအချိန်ထိ သစ်ပင်အောက်တွင် "နင်ပြီးနင်ဆင်း" လုပ်၍ကောင်းတုန်းပင်ဖြစ်သည်။ အစ်မက မယ်ရိုးကိုမြင်လေလျှင် ဒေါသစိတ်ဖြင့် "ဟဲ့ မိရိုး နင်က ဒီအချိန်အထိ သူများတွေပြန်တာတောင် မပြန်နိုင်သေးတာ နင့်လင်ကိုများ စောင့်နေတာလားဟင်" ဟု ကြိမ်းမောင်း ပြောဆိုလိုက်လေသည်။

မယ်ရိုးက "အစ်မရယ် မဟုတ်ရပါဘူး၊ ခရီးသည် အဘိုးအိုတစ်ဦးက ဒီအိုးတစ်လုံး အပ်ထားခဲ့လို့ စောင့်နေရတာပါ။ သို့ပေမယ့် သူကတော့ ပြန်ချိန်ကျလို့မှ ငါရောက်မလာရင် မင်းပဲ ဒီအိုးကို ယူတော့လို့ မှာသွားပါတယ်" ဟု ရိုသေစွာ ပြောပြလေသည်။ အစ်မက "နင့်အိုးက သေတတ်တဲ့ အဆိပ်အိုးဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ တယ်အ, ဆိုလေအ,လေပဲ၊ ကဲ ဖွင့်စမ်း" ဟု ငေါက်ငမ်း၍ ခိုင်းလေသည်။ ဤတွင် မယ်ရိုးက အိုးအဖုံးကို ဖွင့်လိုက်ရာ ဝင်းဝါနေသော ရွှေတောင့်များကို တွေ့ရလေသည်။

http://mmteashop.com



မယ်ရိုးမှာ ဘယ်လိုမှ ထူးခြားမှုမရှိသော်လည်း အစ်မဖြစ်သူမှာ လောဘစိတ် ခေါင်ခိုက်သွားပြီး ဝမ်းမြူးတုန်ရီစွာဖြင့် "ဟဲ့ ဟဲ့ မယ်ရိုး၊ ပိတ်ထားပိတ်ထား၊ သူများတွေမြင်ကုန်ဦးမယ်၊ ကဲ ညီမ ရှေ့ကသွား၊ ငါ အိုးရွက်ပြီး လိုက်ခဲ့မယ်၊ ညီမရွက်ရရင် ပင်ပန်းနေမယ်" ဟု ချက်ချင်း လေသံပြောင်း၍လာတော့သည်။

မယ်ရိုးမှာ ရိုသား၍ သူ့အစ်မခိုင်းစေသည့်အတိုင်း ရှေ့က စိုက်စိုက် သွားလေသည်။ အစ်မက ရွှေအိုးကိုရွက်လျက် နောက်မှ နေးကွေးဖင့်နွဲ့စွာ လိုက်ခဲ့သည်။ ရွာအနီးရောက်သောအခါ မယ်ရိုးနှင့် အတန်ဝေးကွာကျန်ရစ် ခဲ့လေသည်။ ထိုအချိန်တွင် အစ်မသည် ချုံတစ်ခုအနီးတွင် အိုးကိုချ၍ ရွှေများကိုယူရန် အိုးကို ဖွင့်လိုက်သည်။ အိုးပွင့်လာသောအခါ အိုးထဲတွင် ရွှေများအစား ပါးပျဉ်းထနေသော မြွေဟောက်များကို တွေ့ရတော့သည်။

ဤတွင် အစ်မဖြစ်သူမှာ ကြောက်လန့်တကြား အော်ဟစ်ပြီး "ဟဲ့ မိရိုး အယုတ်မ၊ နင့်အိုးကို လာယူလှည့်၊ ငါ့ကို သေအောင်ကြံတာ" ဟု ပြောဆိုလေသည်။ မယ်ရိုးက "မဟုတ်ရပါဘူး အစ်မရယ်၊ ဒီလိုဆို ကျုပ်ရွက်ခဲ့ပါ့မယ်" ဟု ပြောပြောဆိုဆို အိုးကို မယ်ရိုးကရွက်ပြီး ရွာထဲသို့ ဝင်ခဲ့ကြလေသည်။ အိမ်သို့ရောက်သောအခါ အမေကြီးအား ကန်တော့ပြီး တွေ့ကြုံရပုံ အလုံးစုံကို ပြောပြလေသည်။ ပြီးလျှင် သားအမိနှစ်ယောက် အိုးကိုဖွင့်ကြည့်ရာ ဝင်းလက်တောက်ပြောင်သော ရွှေချောင်းများကို တွေ့ကြရ လေသည်။

ထိုရွှေတောင့်များကို ထုခွဲရောင်းချ၍ မယ်ရိုးတို့သားအမိသည် ပင်ပန်းဆင်းရဲခြင်းကင်းသော အလုပ်အကိုင်များကိုသာ လုပ်ပြီး ချမ်းသာစွာ နေရလေသည်။ ထိုပစ္စည်းများဖြင့် ဆင်းရဲသူများအား ပေးကမ်းထောက်ပံ့ ခြင်း၊ ဒါန, သီလ စသော ကောင်းမှုကုသိုလ်ပြုခြင်းတို့ဖြင့် အသက်ထက် ဆုံး ချမ်းသာစွာ နေထိုင်ကြလေရာ အဖက်မလုပ်ကြသည့် ဆင်းရဲသူမ ကလေး မယ်ရိုးအဖြစ်မှ လူ့လောကထုံးစံအတိုင်း ကြွယ်ဝချမ်းသာသော သူတော်ကောင်းမလေး မယ်ရိုးဟူ၍ ပြောင်းလဲခေါ်ဆိုကြလေသည်။

http://mmteashop.com



သို့သော် အမေအိုကြီးကမူ ချစ်စွာသောစိတ်ဖြင့် မိမိသမီးအား "နင်ပြီးနင်ဆင်း ဥပုသ်သည်မကလေး မယ်ရီး" ဟု ခေါ်လေ့ရှိလေသည်။

❒

http://mmteashop.com



# ဖွတ်တက်နေစရာမလို

ရှေးရှေးအခါက အိမ်တစ်အိမ်သို့ တောက်တဲ့ကြီးတစ်ကောင် ရောက်လာသည်။ ထိုတောက်တဲ့သည် ထုံးစံအတိုင်းပင် "တောက်တဲ့- တောက်တဲ့" နှင့် သူ့အော်ချိန်တန်သည်ထင်လျှင် အော်သည်။ နေ့စဉ်ပင် မှန်မှန်အော်သည်။

တောက်တဲ့အော်သောကြောင့်လော၊ အိမ်ရှင်က အလုပ်ကြိုးစား၍လော မပြောတတ်၊ အိမ်ရှင်သည် စီးပွားဥစ္စာ တစ်စတစ်စ တိုးတက်လာသည်။

တစ်နေ့သော ပူအိုက်သည့် နေ့ခင်းအချိန် လေလာနေရာတွင် ချမ်းသာလာသော အိမ်ရှင်သည် ခုတင်တစ်လုံးပေါ်၌ အိပ်နေလေသည်။ ထိုသို့ အိပ်၍ကောင်းသောအချိန်မှာပင် တောက်တဲ့ကြီးသည် "တောက်တဲ့ တောက်တဲ့" ဟူ၍ အော်မြည်လေသည်။

http://mmteashop.com



တောက်တဲ့အော်သံကြောင့် အိမ်ရှင်လည်း လန့်နိုးပြီး ဒေါသထွက်ထွက်နှင့် တောက်တဲ့ကို လိုက်ရိုက်ရာ တောက်တဲ့လည်း အသက်ဘေးမှ လွတ်အောင် ပြေးမိပြေးရာ ပြေးရလေတော့သည်။ ခြေဦးတည့်ရာ ပြေးရင်း လွှားရင်းနှင့် ဖွတ်မင်းဆီသို့ ရောက်သွားသောအခါ နေပူကျဲကျဲကြီးတွင် အူယားဖားယား ပြေးလာသော တောက်တဲ့အား ဖွတ်မင်းက "အို–အဆွေ တောက်တဲ့ ဘယ်အတွက်ကြောင့် ဤသို့ အူယားဖားယား ပြေးလာရပါသလဲ၊ ကျွန်ုပ် ဘာအကူအညီပေးရပါမလဲ" ဟု မေး၏။ ထိုအခါ တောက်တဲ့ကြီးသည် ကျေးဇူးမသိတတ်သည့် အိမ်ရှင်က မိမိကို လိုက်ရိုက်သည့် အကြောင်းစုံကို ပြောပြပြီး ဤမျှ ကျေးဇူးမသိတတ်သူကို ပြာကျသွားအောင် သူ့အိမ်ကို ဖွတ်မင်းသွားတက်ပြီး ခဏမျှနေပေးစေလိုကြောင်း မေတ္တာရပ်ခံသည်။

ထိုအကူအညီမျိုးပေးရန် ဘာမှဝန်မလေးသော ဖွတ်မင်းသည် ကောင်းပြီဟု ဝန်ခံကာ တောက်တဲ့နေခဲ့သည့်အိမ်သို့ သွားလေသည်။

အချိန်အတန်ကြာသော် ဖွတ်မင်းပြန်လာသည်။

"အို–အသင်တောက်တဲ့၊ သင်နေခဲ့သည့် အိမ်အနီးသို့ ကျွန်ုပ် ရောက်ခဲ့ပါပြီ၊ အသင် ဘာမှစိုးရိမ်နှင့်၊ သင့်ကို လိုက်ရိုက်သော အိမ်ရှင် မွဲသွားအောင် သူ့အိမ်ပေါ်သို့ ကျွန်ုပ် တက်စရာမလိုတော့ပါ၊ ကျွန်ုပ်ထက် ထိရောက်သည့်သူ၊ မြန်မြန်မွဲစေနိုင်သူတစ်ယောက်ကို သူ့အိမ်မှာ တွေ့ခဲ့ပါသည်၊ အခြားသူမဟုတ် အဂ္ဂိယသမားတစ်ဦး ဖြစ်ပါသည်" ဟု ပြောလိုက်လေသည်။

❒

# လူကြမ်း နတ်ကြမ်းမနိုင်

ရှေးအခါက ကိုယ်ပိုင်လှေငယ်တစ်စင်းဖြင့် မြစ်ရိုးတစ်လျှောက် စုန်ဆန်ကူးသန်းကာ တစ်ရွာနှင့်တစ်ရွာ ကုန်ရောင်းကုန်ဝယ် အလုပ်ဖြင့် ဆင်းရဲသားဘာဝ လုပ်ကိုင်စားသောက်နေသော လူတစ်ယောက်ရှိလေသည်။

ထိုသူမှာ ဆင်းရဲသားဖြစ်သည့်အားလျော်စွာ အချိန်နှင့် အလုပ်ကို မနေမနား ကြိုးစားလုပ်ပါမှ သူ့ဇနီးနှင့် ကလေးများ ထမင်းနပ်မှန်စားရမည်ဖြစ်ရာ အချိန်ကို မဖြုန်းနိုင်ဘဲ လုပ်ရရှာသည်။

တစ်ခါသော် သူရောင်းဝယ်နေကျ မြစ်ဆိပ်ကမ်း ရွာငယ်တစ်ခုတွင် လူများ စည်ကားစွာ တိုးဝှေ့နေကြသဖြင့် သူ့အလုပ်ဖင့်နှေးစရာဖြစ်နေကာ စောင့်ဆိုင်းနေရသည်။ ကြာသော် အချိန်ကုန်မခံနိုင်သောကြောင့် စိတ်တိုလာပြီး အကြောင်းခြင်းရာကို စုံစမ်းရာ၊ ရွာထိပ် မြစ်ကမ်းပါးမှ နတ်စင်ငယ်တစ်ခုပေါ်ရှိ သစ်သားကို ထုလုပ်ထားသော နတ်ရုပ်ကို လူများ ဝိုင်းဝန်းတင်သ ကန်တော့နေကြသည်ကို သူတွေ့ရလေသည်။

http://mmteashop.com



ထို့ပြင် ထိုနတ်မှာ ထစ်ခနဲရှိတိုင်း ကိုင်တတ်သဖြင့် ရွာရှိ ရွာသူ ရွာသားများနှင့် ခရီးသွားများက "အင်မတန်ကြမ်းသောနတ်" ဟု ဆိုကာ အမြဲမပြတ် ပူဇော်ပသနေကြရသည့်ပြင် ယခုကဲ့သို့ ရွာလုံးကျွတ် ကန္နား မကြာခဏပေး၍ ပသကြရသည်ကိုလည်း သူကြားသိရလေသည်။

ထိုသူမှာ ဆင်းရဲ၍ စိတ်ဆတ်သော လူကြမ်းဖြစ်သည်က တစ်ကြောင်း၊ နတ်၊ စုန်း၊ တစ္ဆေ စသည်တို့ကို မယုံကြည်၊ မကိုးကွယ်သည်က တစ်ကြောင်းကြောင့် လှေပေါ်တွင်ပါသော ဓားကိုဆွဲကာ လူအများထဲသို့ တိုးဖေ့ဝင်ရောက်သွားပြီး ဘာမပြောညာမပြော နတ်ရုပ်ကို ဦးခေါင်းမှ ခြေထောက်အထိ ထက်ခြမ်းခွဲကာ မြစ်ထဲသို့ ကန်ချလိုက်ရာ နတ်ရုပ် ထက်ခြမ်းကွဲမှာ မြစ်ထဲ ရေနှင့်အတူ မျောပါသွားလေသည်။

ထိုအခါကျမှ ရုတ်တရက် အံ့သြကြောက်ရွံ့ကာ ကြည့်နေကြသော သူများအား သူက "နတ်ဆိုတာ ကောင်းကျိုးပေးတဲ့နတ်လည်း ရှိပါရဲ့ ဒါပေမဲ့ အလကားပါဗျာ နတ်ဆိုတိုင်း ခင်ဗျားတို့တစ်တွေ သိပ်ကြောက် သိပ်ယုံမနေကြပါနဲ့၊ ခင်ဗျားတို့ ကျုပ်တို့ အလိုလိုမှ ဆင်းရဲကြရတဲ့အထဲ ဒါတွေကို သိပ်လုပ်နေရင် ကိုယ့်ပရိယေသနအလုပ် ထိခိုက်နှောင့်နှေးပြီး ပိုဆင်းရဲမှာပေါ့၊ ဒါကြောင့် နောင် အနှောင့်အယှက်မဖြစ်ရအောင် ခုလို ရှင်းပစ်လိုက်တာပါ၊ ဘာမှ ကြောက်မနေကြပါနဲ့ ခံစရာရှိ ကျုပ်တော် ခံပါ့မယ်" ဟု ပြောကာ လူအုပ်ထဲမှ ထွက်သွားတော့သည်။

ဤသို့နှင့် သူသည် မြစ်ရိုးတစ်လျှောက် သွားလာမြဲ သူ့အလုပ်ဖြင့် သွားလာ လုပ်ကိုင်နေခဲ့လေသည်။

သို့ရာတွင် နတ်ကိုးကွယ်ယုံကြည်မှု အစွဲအားကြီးသော မြစ်ရိုး တစ်လျှောက်ရှိ ရွာသူရွာသား ဆင်းရဲသားများမှာ ရေတွင် မျောလာသော နတ်ရုပ်ထက်ခြမ်းပဲ့ကို ရွာတစ်ရွာမှ တစ်ခုရ၍ မလှမ်းမကမ်း အခြားတစ်ရွာ မှ တစ်ခုရသဖြင့် ပေါင်းစပ်ကြပြီး ရှေးကကဲ့သို့ ရွာတစ်ရွာတွင် နတ်ရုပ် အဖြစ် ပြန်၍ဆက်ကာ ကိုးကွယ် ပသနေကြပြန်လေရာ နတ်ကလည်း ရှေးကအတိုင်း ထစ်ခနဲရှိတိုင်း ကိုင်ပြန်လေသည်။

http://mmteashop.com



ထိုအကြောင်းကို လှေသမား ဆင်းရဲသား ချက်ချင်းမသိသော်လည်း မြစ်ရိုးတွင် မပြတ်သွားလာနေရသဖြင့် တစ်နေ့တွင် ကြားသိရလေသည်။ သိပြီး မကြာခင်မှာပင် လှေဖြင့် ထိုရွာသို့ ရောက်သောအခါ ဓားဆွဲ၍ ကမ်းစပ်သို့ တက်ပြီး "သယ် သင်း သည်ရောက်ပြီး မင်းမူနေပြန်ပကော" ဟု ဆိုကာ ယခင်သကဲ့သို့ ဓားဖြင့် ထက်ခြမ်းခွဲရန် ချိန်ရွယ်လိုက်စဉ်မှာပင် နတ်ရုပ်သည် မခုတ်မီ အလိုလို ထက်ခြမ်းခွဲကာ မြစ်ထဲသို့ကျ၍ မျောသွားသည်ကို လူအများ အံ့အားသင့်စွာ ဝိုင်းကြည့်နေကြရလေသည်။

ထိုအခါမှစ၍ ထိုမြစ်ရိုးတစ်လျှောက်တွင် "လူကြမ်း နတ်ကြမ်းမနိုင်" ဟူ၍ ပြောစမှတ်ပြုကြသည်။

❐

http://mmteashop.com



# တူမ အရင်းကြီးဗျ

တောရွာတစ်ရွာတွင် ကျောင်းထိုင်ဘုန်းတော်ကြီး တစ်ပါးသည် ရပ်ရွာနယ်ပယ်ရှိ ဒကာဒကာမများ၏ သာရေးနာရေးကိစ္စများ၌ စိတ်ကျေနပ်မှုရအောင် ကျမ်းဂန်လာ ဒေသနာတော်များဖြင့် အာဂမယုတ္တိ၊ သဘာဝယုတ္တိ ဝတ္ထုပုံသက်သေများပြ၍ သာရေးကိစ္စအတွက် ဒကာဒကာမများ၏ စိတ်ဓာတ်ကို ကြည်လင်ရွှင်ပျ အားတက်မှုဖြစ်အောင်၊ နာရေးကိစ္စအတွက် သောကကင်းငြိမ်း၍ စိတ်အေးချမ်းအောင် အဟောအပြော အလွန်ကောင်းသဖြင့် ကျော်ကြားလေသည်။

တစ်နေ့သောအခါ ထိုဘုန်းတော်ကြီးကို ကိုးကွယ်နေသော ဒကာမကြီးတစ်ယောက်မှာ သမီးသေဆုံးသဖြင့် ပရိဒေဝမီး တောက်လောင်လျက်

http://mmteashop.com



ကြီးစွာသော သောကဖြစ်နေလေရာ၊ ဆရာဘုန်းတော်ကြီး ကြွရောက်၍ ဒကာမကြီးအား –

"သင်္ခါရသဘောတရားမှန်သမျှ မည်သူမှ မလွန်ဆန်နိုင် အနိစ္စချည်းဖြစ်၍ ဧကန္တ တစ်နေ့နေ့မှာ အားလုံး ပျက်စီးသေဆုံးကြရမည့်သူချည်းဖြစ်တယ်၊ အရင်သေမှုနှင့် နောက်သေမှုသာ ကွာခြားတယ်၊ နောက်ဆုံးအတုမရှိတဲ့ မြတ်စွာဘုရားသော်မှ ပရိနိဗ္ဗာန် စံတော်မူရသေးတာပဲ၊ စိတ်ကိုအေးအေးထားပါ၊ ပြီးတော့လည်း 'ငိုတဲ့စိတ်၊ အဟိတ်ခေါ်ဆို၊ အကုသိုလ်' ဆိုတဲ့အတိုင်း ယခုလို တငိုငိုတရီရီဖြစ်နေတဲ့ ဒကာမကြီးရဲ့စိတ်ဟာလည်း ကောင်းတဲ့စိတ်မဟုတ်ဘူး၊ အကုသိုလ်စိတ် ဖြစ်တယ်ဆိုတာ မြတ်စွာဘုရားက အတိအလင်း မိန့်တော်မူထားသားပဲ၊ ဒကာမကြီးလိုငိုလို့ သမီးပြန်လာမယ်ဆိုရင် ဘုန်းကြီးပါ ကူညီပြီး ငိုမယ်ပေါ့၊ လနှင့်နေကို လိုချင်လျက်မရ၍ ငိုနေသူကမှ မရတာချင်းအတူတူ မြင်နေရလို့ တော်သေးတယ်၊ ပြန်မလာတဲ့လူအတွက် မိမိက တစ်ဘက်သတ် ငိုနေခြင်းဟာ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုမှတစ်ပါး မည်သည့်အကျိုးထူးမှ မရနိုင်ဘူးဒကာမကြီး" ဟု ဘုန်းတော်ကြီးက ဟောပြဆုံးမလေရာ ဒကာမကြီးသည် တရားတော်ကို သဘောပေါက်၍ သောကများ အေးငြိမ်းလျက် သမီး၏အလောင်းကို ဖုံးလွှမ်းသင်္ဂြိုဟ်ခြင်းကိစ္စ ပြုလိုက်လေသည်။

မကြာမီပင် ထိုဘုန်းတော်ကြီး၏ တူမတစ်ယောက် သေဆုံးလေရာ၊ ဘုန်းတော်ကြီးမှာ ခြေမကိုင်မိ လက်မကိုင်မိနှင့် မနေနိုင် မထိုင်နိုင်ဖြစ်ကာ တူမအိမ်နှင့် ကျောင်းကို လူးလာဆန်ခတ် ကူးချည်သန်းချည်ဖြစ်ကာ ဣန္ဒြေကို မထိန်းနိုင်ဘဲ ငိုချည်တစ်ခါ ရယ်ချည်တစ်လှည့်ဖြင့် အပူမီးပွားကာ တူမအတွက် သောကကြီးစွာဖြစ်နေသည်ကို ဘုန်းတော်ကြီးတရားကို နာရသဖြင့် လောကဓံကို ခံနိုင်ရည်ရှိနေသော ထိုဒကာမကြီးက ဘုန်းတော်ကြီး၏ အနားလာ၍ ...

"အရှင်ဘုရား သောကကို ထိန်းတော်မူပါ၊ ယခုလိုဖြစ်နေတာ မတော်ပါဘူးဘုရား၊ တပည့်တော်မရဲ့သမီး သေဆုံးတုန်းက အရှင်ဘုရား

http://mmteashop.com



ဟောပြောပြသဆုံးမလို့ တပည့်တော်မမှာ သောကများ ငြိမ်းအေးပြီး စိတ်ချမ်းသာမှုရခဲ့ပါတယ်။ လောကဓံရဲ့ ဒဏ်များကိုလည်း ခံနိုင်ခဲ့ပါတယ် ဘုရား” ဟု ဒကာမကြီးက လျှောက်ထားရာ ဘုန်းတော်ကြီးက –

“ဒကာမကြီး ဒီလိုမပြောနဲ့၊ ဒကာမကြီးရဲ့သောက ငြိမ်းတယ်ဆိုတာ အဲဒီသေတဲ့သူနဲ့ ဒကာမကြီးဟာ သမီးတော်စပ်ကာမျှမို့ ဖြစ်နိုင်ပါတယ်၊ ဘုန်းကြီးမှာတော့ တူမအရင်းကြီးဗျ၊ တူမအရင်းကြီး” ဟု ပြောရင်း ချုံးပွဲချ၍ ငိုလေတော့သတည်း။

❒

http://mmteashop.com



အညာကျေးလက်ပုံပြင်များ
လူထု ဦးလှ

http://mmteashop.com



# တန်ခိုးပြင်သည့် ကြက် ၂ ကောင်

ရှေးအခါက တိုင်းပြည်တစ်ပြည်၌ အလွန်ဆင်းရဲသော ထင်းသည် လင်မယားနှစ်ယောက် ရှိလေသည်။ ထင်းသည်လင်မယားတို့မှာ နံနက်မိုးသောက်သည်မှ တောမြိုင်ထဲသို့သွား၍ ထင်းခုတ်၊ ထင်းဖြတ်ရသည်မှာ တစ်နေကုန်တစ်နေခန်း ညနေစောင်းသည်အထိ ဖြစ်သည်။ စုစည်းပြီးသော ထင်းများကို လင်မယားနှစ်ယောက် တစ်ထမ်းစီ ထမ်းခဲ့ကြပြီး မြို့တွင်းသို့ ရောက်သည့်အခါ ဝမ်းရေးအတွက် ဆန် ဆီ ဆားတို့ဖြင့် လဲလှယ် စားသောက် အသက်မွေးဝမ်းကျောင်းမှုကို ပြုရလေသည်။

တစ်နေ့သောအခါ ထင်းသည် လင်မယားနှစ်ယောက်တို့သည် နံနက်မိုးသောက်လျှင် အိပ်ရာမှထပြီး ဓား၊ ရေဘူး၊ ထမင်းထုပ်တို့ကို ကိုယ်စီ

http://mmteashop.com



ယူ၍ ခါတိုင်းကဲ့သို့ပင် တောမြိုင်ထဲသို့ ထင်းခုတ်ရန် ထွက်ခဲ့လေသည်။ ဆင်းရဲသား ထင်းသည်လင်မယားမှာ ထင်းခုတ်မှ ဝမ်းဝရသည်ဖြစ်သဖြင့် နေ့စဉ်နေ့တိုင်း ထင်းခုတ်ခဲ့ရသည်မှာ တောမြိုင်တွင်း၌ နေရာချင်းထပ်လျက် ရှိလေ၏။ ထင်းခုတ်ရန် နေရာသည်ပင် တစ်စတစ်စနှင့် ဝေးသည်ထက် ဝေးလာလေသည်။ ထိုနေ့၌ ထင်းသည်လင်မယားမှာ ခရီးဝေးလှသဖြင့် ပင်ပန်းနွမ်းနယ်ပြီး အချိန်နောက်ကျမှ ထင်းခုတ်ရရာ နေစောင်းသွားသော်လည်း ထင်းအနည်းငယ်သာရရှိသည်။ ရသမျှထင်းစည်းများဖြင့် ထင်းသည်လင်မယားမှာ မြို့ဆီသို့ ခပ်မြန်မြန် ပြန်ခဲ့ကြလေသည်။ သို့သော် မြို့တံခါးဝသို့ ရောက်သောအခါ နေလုံး လုံးဝပျောက်ကွယ်သွားပြီး မှောင်မည်းလျက် ရှိလေသည်။ မြို့တံခါးလည်း ပိတ်ပြီး မြို့တွင်း၌ တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။

ဆင်းရဲသား လင်မယားလည်း မြို့တံခါးပိတ်ထားသဖြင့် တံခါးမှူးအား ဖွင့်ပေးပါရန် စကားမဆိုဝံ့တော့၍ မြို့ပြင်တစ်နေရာရှိ ဇရပ်တစ်ခုပေါ်သို့တက်၍ အိပ်ကြရလေသည်။ ထိုဇရပ်အနီး၌ အလွန်ကြီးသော ညောင်ပင်ကြီးတစ်ပင်ရှိရာ ထိုညောင်ပင်ကြီးပေါ်၌ အရပ်ရပ်မှ ကြက်များသည် အိပ်တန်းတက် မှီခိုနေကြလေသည်။ ထင်းသည်လင်မယားမှာ ညောင်ပင်ကြီးပေါ်၌ ကြက်များ အိပ်တန်းတက်ကြသည်ကိုလည်း မသိ၊ ခရီးကပန်း၊ အစာက မစားရသဖြင့် ဇရပ်ပေါ်တွင် ဖြစ်သလို အိပ်လိုက်ကြသည်။ သို့သော် အိပ်၍ကား ပျော်ကြသေးသည်မဟုတ်၊ မိမိတို့ဘဝ၏ ဆင်းရဲပင်ပန်းမှုများကို စဉ်းစားတွေးတောနေကြလေသည်။

ညသန်းခေါင်ယံအချိန်တွင် ကြက်နှစ်ကောင်၏ ထူးဆန်းသော စကားသံများကို ထင်းသည်လင်မယားက ကြားရလေသည်။ ပထမကြက်က "ဟယ် ငါကဲ့သို့သော ကိုယ်ပေါ်သို့ နင်ကဲ့သို့သော ကြက်ယုတ်မာ၏ အညစ်အကြေးများကို စွန့်ချရသလော၊ ဟယ် ကြက်ယုတ် ယခုလာ၍ ဖယ်ရှားသုတ်သင်ပေးလော့" ဟု ပြောဆိုလိုက်သည်။ ထိုအခါ ဒုတိယကြက်က ညောင်ပင်၏ အမြင့်ကိုင်းတစ်နေရာဆီမှ "ဟယ် ကြက်ယုတ်မာ၊ နင်

http://mmteashop.com



အဘယ်သို့သော စကားကို ပြောလေသနည်း၊ နင့်ထက် ငါက မြတ်သဖြင့် နင့်အထက်က ငါအိပ်ရသည်၊ နင့်တန်ခိုးနှင့် နင့်အစွမ်း ဘာများရှိသလဲ" ဟု ဆိုလေသည်။

ထိုအခါ ပထမကြက်က "ဟယ် ကြက်ယုတ်မာ၊ နင်က ငါ့အထက်ကအိပ်ရသဖြင့် ဘာတန်ခိုးသတ္တိများ ထူးကဲသလဲ၊ ငါ၏ အစွမ်းသတ္တိကို ငါပြောမယ်၊ ငါ၏အသားကို စားရသူသည် မှူးကြီးမတ်ရာ သေနာပတိ မင်းခစားယောကျ်ားဖြစ်မယ်၊ ငါ၏ အသည်းနှလုံးကို စားသော မိန်းမသည် မင်းမိဖုရား ကေန်ဖြစ်မယ်၊ ငါ၏အရိုးကို ကိုက်ရသူသည် သူဌေးသူကြွယ် ဖြစ်မယ်၊ ဤကဲ့သို့သော တန်ခိုးသတ္တိမျိုး ငါ့မှာရှိတာကို သင်မသိလေသလား" ဟု ဆိုလေသည်။ ပထမကြက်က မိမိ၏အစွမ်းသတ္တိကို ကြွားဝါလေလျှင် ဒုတိယကြက်ကလည်း အညံ့မခံ တန်ခိုးချင်း ပြိုင်လေတော့သည်။ "ဟယ် ငါ့အောက်မှာနေရသည့် ကြက်ယုတ်မာ၊ အောက်ကလည်း နေလေသေး၊ ကြောက်ပြီလားလည်းမေးတဲ့ သူလို ငါ့ကို အန်တုလို့ မာန်စောင်မနေနဲ့၊ ငါ၏ တန်ခိုးသတ္တိကို ငါပြောပြမယ်၊ ငါ့ဦးခေါင်းကို စားရသူဟာ ယောကျ်ားဖြစ်ရင် ၇ ရက်အတွင်း မင်းဧကရာဇ် ကေန်ဖြစ်မယ်၊ မိန်းမဖြစ်ရင် ၇ ရက်အတွင်း မင်းမိဖုရား ကေန်ဖြစ်မယ်၊ ငါ၏အသည်းနှလုံးကို စားရသူဟာ မှူးမတ်သေနာပတိကြီးများ ကေန်ဖြစ်မယ်၊ ငါ့အသား စားရသူဟာ သူဌေးသူကြွယ် ကေန်ဖြစ်ရမယ်" ဟု ပြန်ဆိုလေသည်။

ဤကဲ့သို့ ကြက်နှစ်ကောင် မာန်စောင်၍ တန်ခိုးပြိုင်ကြသည်ကို ဇရပ်ပေါ်တွင် အိပ်နေသည့် ဆင်းရဲသား ထင်းသည်လင်မယား ကြားရလေသော် အံ့ဩဆန်းကြယ်မဆုံးရှိပြီး ဝမ်းသာအားရ ဖြစ်မိကြလေသည်။

ထို့နောက် ထင်းသည်ယောကျ်ားက "ရှင်မ ငါတို့မှာ အလွန်ဆင်းရဲလှသည်။ ယခု ကြက်နှစ်ကောင် တန်ခိုးပြိုင်ကြသည့်အတိုင်း မှန်ခဲ့လျှင် ရှင်မနှင့် မောင်တို့မှာ မင်းဧကရာဇ်၊ မင်းမိဖုရား ဖြစ်ရမည်မှာ မလွဲတော့ပြီ၊ ယခုပင် ဇောင်ပင်ထက်သို့တက်ပြီး ကြက်နှစ်ကောင်ကို ဖမ်းယူမည်" ဟု တိုင်ပင်ပြောဆိုလေ၏။

http://mmteashop.com



ကြက်နှစ်ကောင်ကို ဖမ်းယူပြီးသည်နှင့် မကြာမီပင် နံနက် မိုးသောက်လင်းပြီဖြစ်၍ မြို့တံခါးများလည်း ဖွင့်သဖြင့် ထင်းသည်လင်မယားတို့သည် ဇရပ်ပေါ်မှ ဆင်းခဲ့ကြပြီး ထင်းစည်းများထမ်း ကြက်နှစ်ကောင်ကို ပွေ့လျက် မြို့တွင်း မိမိတို့တဲငယ်သို့ သွားကြလေသည်။ တဲငယ်သို့ ရောက်လျှင် ကြက်နှစ်ကောင်၏ ပြောဆိုကြသော စကားအရ ချက်ချင်းပင် သတ်ပြီး ဟင်းချက်၍ စားလိုက်ကြလေ့သည်။

ထို့နောက် ၇ ရက်ကြာသောနေ့တွင် ပြည့်ရှင်ဘုရင်မင်းကြီးသည် အိုမင်းရင့်ရော်ပြီဖြစ်သဖြင့် နတ်ရွာစံ ကံတော်ကုန်လေသည်။ ထိုအခါ မှူးမတ်တို့သည် နန်းစည်းစိမ်ကို ဆက်ခံနိုင်မည့် ဆွေတော်မျိုးတော်များ မရှိသဖြင့် တိုင်းပြည်အုပ်ချုပ် မင်းမြောက်သင့်သည့် မင်းလောင်းများ ရှာဖွေရန် စီစဉ်ကြရလေသည်။ မကြာမီပင် ဖုတ်သွင်းရထားတစ်စင်း ပြုလုပ်ပြီး ရထားပေါ်၌ မင်းမြောက်တန်ဆာငါးပါးနှင့် တူရိယာမျိုးစုံ တီးမှုတ်လျက် မင်းလောင်းရှိရာ အရပ်သို့ ဆိုက်ကပ်စေရန် အဓိဋ္ဌာန်ဖြင့် ဖုတ်သွင်းရထားကို စေလွှတ်လေသည်။

ဖုတ်သွင်းရထားသည်လည်း ဆင်းရဲသား လင်မယား၏ တဲငယ်ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ချဉ်းကပ်ဦးခိုက်လေသည်။ ထိုအခါ မှူးမတ်တို့လည်း တဲငယ်အတွင်းရှိ ဆင်းရဲသားလင်မယားကို တိုင်းပြည်အုပ်ချုပ်မင်းလုပ်ပါရန် ရထားပေါ်သို့ တက်စေပြီး နန်းတော်သို့ ပင့်ဆောင်သွားကြလေသည်။ ထို့နောက် ဆင်းရဲသားလင်မယားသည် မင်္ဂလာဘိသိက်တော်ကို ခံယူပြီးလျှင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်လျက် ပျော်ပျော်ကြီးစံမြန်းတော်မူကြလေသည်။

ဘုရင်နှင့် မိဖုရားတို့လည်း မိမိတို့၏ အတိတ်ဘဝကို ပြန်လည်စဉ်းစားမိတိုင်း ကြက်နှစ်ကောင် တန်ခိုးပြိုင် မာန်စောင်ကြသည်ကို ကြားယောင်လျက် ရှိနေ၏။ ကြက်နှစ်ကောင်သာ ညီညီညွတ်ညွတ် နေထိုင်ကြပြီး မာနတံခွန်များ မထူကြလျှင် ငါတို့သည်လည်း ဆင်းရဲသားဘဝနှင့်သာ အရိုးထုတ်ကြရမည်။ မာန်မာနထားကြခြင်းသည် အကျိုးမများ၊ အကျိုးသာ

http://mmteashop.com



ယုတ်စေသည်ကို ကြက်နှစ်ကောင်၏အကြောင်း တွေးတောမိတိုင်း သတိတရားရလျက် မျိုးမတ်တို့အား အရာရာတွင် တရားနှင့် ဆောင်ရွက်ကြစေရန် အမြဲတစေ မိန့်ကြားလျက် အုပ်ချုပ်တော်မူလေသတည်း။

❒

# တတ်ယောင်ကားတို့၏ လက်တည့်စမ်း

တစ်ရံရောအခါ တောလက်ကျေးရွာတစ်ရွာတွင် ရိုးသားသော တောင်သူကြီးဦးစီးသည့် အိမ်ထောင်တစ်ခု ရှိလေ၏။ ထိုအိမ်ထောင်တွင် တောင်သူကြီး၏ဇနီး အိမ်ရှင်မသည် လွန်စွာ သောကဗျာပါဒ ရောက်တတ်သူတစ်ဦး ဖြစ်၏။

တစ်နေ့သ၌ မိမိ၏ခင်ပွန်းဖြစ်သော တောင်သူကြီးမှာ မမာမကျန်း ဖြစ်လာ၏။ အိမ်ရှင်မကြီးသည် မိမိလင်ယောကျ်ားအတွက် ပူပင်သောက ရောက်ကာ "ကောင်းသော ဆေးဆရာများကိုသာ ခေါ်ပေးကြပါ" ဟု ငိုမြည်အော်ဟစ်၍ အကူအညီ တောင်းလေ၏။

ထိုသို့ တောင်သူကြီး၏ဇနီး ခိုင်းစေချက်အရ အိမ်နီးချင်းများ သည် ဗိန္ဒောဆရာတစ်ဦးကို ပင့်ခေါ်၍ ပေးလေ၏။ ဆရာရောက်လာသော အခါ လူနာကို စမ်းသပ်၍ လွယ်အိတ်တွင်းမှ ဆေးပုလင်းတစ်လုံး ထုတ်ပြီး

http://mmteashop.com



ဖျော်လေ၏။ အနားတွင်ရှိသော အိမ်ရှင်မသည် လူနာကို ဖေးကူ ချီမရင်း ပါးစပ်မှလည်း "ဆရာ အခု ဆရာဘာဆေးတိုက်မှာလဲ၊ သည်ဆေးတိုက်ရင် ဘယ်လိုဖြစ်မှာလဲ၊ ကျွန်မယောကျ်ားကို မြန်မြန်ပျောက်အောင် ကြိုးစားကု ပေးပါဆရာ" ဟု ပြောနေ၏။ ဗိန္ဒောဆရာကလည်း "ကိစ္စမရှိပါဘူး၊ စိတ် အေးအေးသာထားပါ၊ အခုတိုက်မယ့်ဆေးက ဝိသမ္ဘယာလို့ ခေါ်ပါတယ်၊ အပူနာလား၊ အအေးနာလား သိရအောင် သည်ဆေးကို တိုက်ပါတယ်" ဟု ပြန်ပြော၏။

၎င်းဆေးကိုတိုက်ပြီး အတန်ကြာသောအခါ ဆေးတစ်ခွက်ကို တိုက်ရန် ပြင်ဆင်တော့၏။ အိမ်ရှင်မကလည်း "ဆရာ အခုတိုက်မယ့် ဆေးက ဘာဆေးခေါ်ပါသလဲ၊ တိုက်ရင် ဘယ်လိုဖြစ်မှာလဲ" ဟု မေးပြန် ၏။ ဆရာက ပြန်ပြောသည်မှာ "ညဥ့်နက်လာတော့ ပို၍ အေးလာရင် အအေးပတ်မှာစိုး၍ အပူအအေးညီမျှအောင် အဗျာဝိပ္ပလိဆိုတဲ့ သည်ဆေးကို ကြိုတင်တိုက်ရပါတယ်" ဟု ပြောလေ၏။

မိုးသောက်ယံ လင်းအားကြီးအချိန်၌ ဆရာသည် အခြားဆေး တစ်မျိုးကို တိုက်ရန် ယူလာပြန်သည်။

အိမ်ရှင်မကလည်း မည်သည့်ဆေးကို မည်ကဲ့သို့ မည်သည့်အတွက် ကြောင့် တိုက်မှာနည်းဟု ထုံးစံအတိုင်း မေးပြန်သည်။ ဆေးဆရာကလည်း "ယခုအချိန်မှာ အအေးဓာတ် ပို၍လာသဖြင့် သွားစေသည်တိုင်အောင် လူနာ ငန်းဖမ်းလာတတ်ပါသည်၊ ထို့ကြောင့် သည်မြင်းသေမျက်ကဲ ငန်းနက်ကြီးကို တိုက်ရခြင်းဖြစ်ပါသည်" ဟု ရှင်းပြလေသည်။

ထိုသို့ ပြောပြောဆိုဆိုနှင့် ၎င်းငန်းနက်ကြီးဆေးကို တိုက်လိုက် သောအခါ လူနာတောင်သူကြီးမှာ စကားမေးမရတော့ဘဲ ငန်းဖမ်းပြီး သေသွားလေတော့၏။

အိမ်ရှင်မခမျာမှာ ဘာကိုမျှ မကြံတတ်တော့၍ သေနေသော မိမိ ခင်ပွန်း၏ အလောင်းကို ပွေ့ဖက်ကာ "လာကြပါ ကယ်ကြပါ" တစာစာ နှင့် ဟစ်ကာကြွေးကာ ငိုရှာလေတော့၏။

http://mmteashop.com



ထိုငိုသံကြောင့် အိမ်နီးချင်းများ စုရုံး၍ ရောက်လာကြလျှင် တောင်သူကြီး၏ဇနီးသည် မိမိ၏ယောကျ်ား သေရပုံကို ငိုရင်း” ညဦးယံမှာ ဝိသမ္ဘယာနဲ့ အနာရှာသတဲ့တော့၊ ညလယ်မှာတော့ ၂ဇျာဝိပ္ပလိနဲ့ သွေးလေညှိသတဲ့တော့၊ မိုးသောက်ယံမှာ မြင်းသေမျက်ကဲ ငန်းနက်ကြီး လည်းတိုက်ရော ကျွန်မလင်လည်း သောက်ကျိုးနည်းပါရောတော်၊ ဟော် ဟော်ဟော့” ဟု ရှိုက်ကြီးငင်ကြီးနှင့် အော်ဟစ်ငိုကြွေး၍ ဇာတ်ကြောင်းလှန် ပြောလိုက်သည်တွင် ဗိန္ဓောဆေးဆရာလည်း လွယ်အိတ်ကလေးကို လျင်စွာ ယူကာ မသာအိမ်မှ အပြေးကလေး ထွက်သွားလေတော့သတည်း။

ဖခင်တောင်သူကြီး သေ၍ မကြာခင်တွင် သားငယ်တစ်ယောက်မှာ မစားနိုင်၊ မအိပ်နိုင် တမှိုင်မှိုင်နှင့် ရောဂါ တစ်ဖန် ရလာပြန်တော့သည်။ မိခင်အိမ်ရှင်မသည် ဗိန္ဓောဆရာဟူသမျှကို လင်သေအောင် သတ်သည်ဟု ယူဆသောကြောင့် အမုန်းကြီးမုန်းကာ သည်တစ်ခါတော့ သားအတွက် ဓာတ်စာဆရာနှင့်ပင် ကုသတော့မည်ဟု ဆုံးဖြတ်ပြီး ဓာတ်စာဆရာတစ်ဦး ကို ပင့်စေ၏။

မကြာမီ ဓာတ်စာဆရာတစ်ဦးရောက်လာ၏။ ၎င်းဓာတ်စာဆရာမှာ မျက်စိတစ်ဖက်လပ်နှင့် ဖြစ်သည်။ ဓာတ်စာဆရာသည် ရောက်လျှင် ရောက်ချင်း လူနာကို စမ်းသပ်ကြည့်ရှုကာ မိခင် အိမ်ရှင်မကို ခေါ်၍ ဓာတ်စာ အညွှန်းပေးလေ၏။ ၎င်းအညွှန်းမှာ “လယ်ပုစွန်ကို မီးအုံး၍ မန်ကျည်းသီးစိမ်းနှင့် ထောင်းကျွေးရမည်၊ ပြီးလျှင် လက်ပံခေါင်းနှင့် အိမ်ပုန်းရည်ကို ကျိုတိုက်ရမည်၊ ၎င်းဆေးဓာတ်များ ကျွေးပြီး ၂ ရက်ရလျှင် အုန်းသီးစိမ်း ခြောက်လုံးကို ရှာပြီး အရည်ဖောက်ကာ အကုန်တိုက်ရမည်” ဟူ၍ ဖြစ်သတည်း။

အိမ်ရှင်မကြီးလည်း ယုံယုံကြည်ကြည်နှင့် ဓာတ်စာဆရာပေးသမျှ အညွှန်းအတိုင်း ကုသခဲ့ရာ လယ်ပုစွန်ကို ကျွေး၍ အုန်းရည်ကို တိုက်ပြီး၍ မကြာမီပင် သားကလေးလည်း သေဆုံးသွားပြန်လေ၏။

http://mmteashop.com



မိခင်ကြီးခမျာ မကြာသေးမီက ဗိန္ဒောဆရာကြောင့် သေသော လင်ပူမှ မပျောက်ခင် ယခုလည်း ဓာတ်စာဆရာကြောင့် သားလည်း သေရ ပြန်ပြီဟု ယူကျုံးမရဖြစ်ကာ တစာစာနှင့် လာမေးသမျှ လူအပေါင်းအား ဓာတ်စာဆရာကြောင့် သားသေရသည့်အဖြစ်ကို "လယ်ပုစွန်ရယ်မှ ခြေ ရှစ်ချောင်း၊ မန်ကျည်းသီးစိမ်းနှင့်ထောင်း၊ ကောင်းတယ်ဆိုလို့ ကျွေးရတာ တစ်တန်တော့၊ လက်ပံခေါင်းနဲ့ ပုန်းရည်ကျို ကိုယ်ပူချိမ်ယ်ဆိုလို့ တိုက်ရ တာက တစ်တန်တော့၊ အမယ်မင်း အုန်းစိမ်းရယ်မှခြောက် လူပါပျောက် သဘောက်မ, ဆေးဆရာကာဏာရိတ်ကဲ့လေး – ဟေးဟေးဟေ့"

ဤကဲ့သို့ သားအဖြစ်နှင့် လင်အဖြစ်ကို နှမြောတသကာ စာဖွဲ့၍ ငိုကြွေးလေတော့သတည်း။

❐

# ဒီမိန်းမကို ကွာမှပဲဖြစ်မယ်

ရှေးရှေးက ရွာတစ်ရွာတွင် နားထိုင်းသူ လေးဦးရှိ၏။ တစ်ဦးသည် ထန်းတက်သမား၊ တစ်ဦးသည် ဆိတ်ကျောင်းသမား၊ တစ်ဦးသည် ဆားရောင်းသူဖြစ်ပြီး ကျန်တစ်ဦးမှာ သူကြီးဖြစ်လေသည်။

တစ်နေ့တွင် ဆိတ်ကျောင်းသော နားထိုင်းသူသည် သူ့ဆိတ်အုပ် ပျောက်သွားသဖြင့် လိုက်လံရှာဖွေရာ ထန်းတောတစ်တောသို့ ရောက်သွားလေသည်။ အနီးအနား မေးစရာလူရှာသောအခါ ထန်းပင်ထက်၌ ထန်းတက်နေသော သူ့လိုနားထိုင်းသည့် လူတစ်ယောက်ကို တွေ့ရလေ၏။ ဆိတ်ကျောင်းသမားက ထန်းပင်ပေါ် မော့ကြည့်၍…

"အိုဗျ ထန်းပင်ပေါ်က မိတ်ဆွေ၊ ကျုပ် ဆိတ်အုပ်ပျောက်နေလို့ ဒီဘက်သွားတာများ မတွေ့ဘူးလား" ဟု မေး၏။ ထိုအခါ ထန်းပင်ပေါ်ကလူက …

"ဟိုရှေ့ရောက်လျှင် ကျုပ်ယောက္ခမ ထန်းတောချည်းပဲဗျ" ဟု ရှေ့သို့ လက်ညှိုးထိုးပြပြီး ပြန်ပြောလိုက်သည်။

http://mmteashop.com



"အေးဗျာ ကျုပ်ဆိတ်အုပ် ပြန်တွေ့လျှင် ဆိတ်ကျိုးကလေး တစ်ကောင်တော့ ခင်ဗျားကို ပေးပါ့မယ်" ဟု ပြောကာ ထန်းသမား လက်ညှိုးညွှန်ရာဘက်သို့သွားကာ လိုက်ရှာလေ၏။

ကံအားလျော်စွာ ဆိတ်အုပ်ကို ပြန်တွေ့ရသဖြင့် ဝမ်းသာအားရ ထန်းသမားထံ ပြန်လာပြီး ဆိတ်ကျိုးကလေး တစ်ကောင်ကို ထန်းသမား တက်နေသည့် အပင်ခြေရင်း၌ ချည်ပေးလိုက်သည်။ ဤတွင် အပင်ပေါ်မှ လူက . . .

"ဟေ့လူ ခင်ဗျားဆိတ် ကျုပ်မခိုးဘူးဗျ၊ ကျုပ်ကို အမှုပတ်အောင် မလုပ်နဲ့" ဟု အော်ပြောလေ၏။

"အစကတည်းက ကျုပ်က ဆိတ်ကျိုးကလေးပေးမယ်လို့ပြောတာ ဆိတ်ကောင်းပေးမယ်လို့မှ မဆိုပဲဗျ" ဟု ဆိတ်ကျောင်းသူက ပြန်ပြော၏။

"ခင်ဗျား ဒီလိုမတရားမလုပ်နဲ့ဗျ၊ ကျုပ်ကို အမှုပတ်အောင် ဉာဏ်ဆင်လို့ ဘာရမလဲ"

"ကျုပ် ကတိဖျက်တာမဟုတ်ဘူးဗျ၊ ဆိတ်ကျိုးကလေးပေးမယ်လို့ ပြောထားတာဗျ"။

ထန်းသမားလည်း ထန်းပင်ပေါ်မှ ဆင်းလာပြီး နှစ်ယောက်သား ကိုယ်ထင်ရာစွပ်၍ ငြင်းခုံနေစဉ် ဆားထမ်း၍ လည်ရောင်းသော လူတစ်ယောက် ရောက်လာလေ၏။ ငြင်းခုံနေကြသူ နှစ်ယောက်ကလည်း ဆားလူ ရောက်သည်ဆိုလျှင်ပင် အကျိုးအကြောင်း ပြောပြကြလေ၏။

"ဒီလူက သူ့ဆိတ်ကို ကျုပ်ခိုးတယ်ဖြစ်အောင် ကျုပ် အပင်ခြေရင်းမှာ သူ့ဆိတ်ကို လာချည်တယ်ဗျ"။

"ကျုပ်က နဂိုကတည်းက ဆိတ်အကျိုးကလေးတစ်ကောင် ပေးမယ်ပြောတာ သူက ဆိတ်အကောင်းပေးရမယ် လုပ်နေတယ်ဗျ"။

ထိုအခါ ဆားများထမ်းလာသူက "ကဲ ခင်ဗျားတို့ ဘာပဲ ပြောပြော ကျုပ် ဆားရှုံးနေတယ်၊ တစ်ယောက်တစ်ဆုပ်ပဲ ပေးနိုင်မယ်" ဟု ပြောပြီး ဆားတစ်ဆုပ်စီ ပေးလေ၏။

http://mmteashop.com



ဤတွင် ငြင်းခုံမှုတွင် တစ်ယောက်တိုးလာပြီး ပို၍ ရှုပ်လာလေတော့သည်။ သို့နှင့် နောက်ဆုံးတွင် သုံးယောက်သား မရှင်းနိုင်ကြတော့ဘဲ သူကြီးဆီ လာခဲ့ကြလေ၏။ ၎င်းတို့ ရောက်သောအချိန်တွင် သူကြီးသည် သူ့မိန်းမနှင့် စိတ်ဆိုးနေလေသည်။ အငြင်းပွားနေသူ သုံးယောက်လည်း သူကြီးဆီ ရောက်လျှင် ရောက်ချင်း ၎င်းတို့၏ ပြဿနာကို ရှင်းပေးရန် ပြောကြလေတော့သည်။

"သူကြီးမင်း သူ့ဆိတ်ကို ကျုပ်မခိုးရဘဲ ခိုးတယ်ဖြစ်အောင် သူက ကျုပ်ထန်းပင်ရင်းမှာ ဆိတ်တစ်ကောင် လာချည်ပါတယ်။"

"မဟုတ်ဘူး သူကြီးမင်း မဟုတ်ဘူး၊ ကျုပ်က အစကတည်းက ဆိတ်ကျိုးကလေး ပေးပါ့မယ်လို့ ပြောထားတာပါ။"

"ကျုပ်ကလည်း ရှုံးနေတော့ ဘယ်များများ ပေးနိုင်ပါ့မလဲ၊ တစ်ဆုပ်စီသာပေးပါ့မယ်"။

ဤတွင် စိတ်ဆိုးနေသော သူကြီးက "ခင်ဗျားတို့ ဘာပဲပြောပြော ကျုပ်တော့ ဒီမိန်းမကို ကွာမှုပဲဖြစ်မယ်" ဟု ပြောလိုက်လေသတည်း။

❒

http://mmteashop.com



# ပေနှင့် ရှေည်

ရှေးရှေးတုန်းက ရွာတစ်ရွာတွင် ပေနှင့် ရှေည်ဟူသော လူနှစ်ဦး ရှိကြ၏။ ပေဆိုသူမှာ နာမည်အတိုင်း အရပ်အလွန်ပုသူဖြစ်ပြီး၊ ရှေည်ဆိုသူ မှာလည်း အရပ်အလွန်ရှည်သူဖြစ်၏။

တစ်နေ့တွင် သူတို့နှစ်ဦး တောလည်သွားကြရာ တောတွင်း တစ်နေရာ၌ အသီးအပွင့်များ ဝေဝေဆာဆာနှင့် အလွန်လှပသော ကင်းပုံ ပင်ကြီးတစ်ပင်ကို တွေ့ရှိရလေ၏။ အသီးအပွင့်များ ဝေဝေဆာဆာ သီးပွင့် နေသည်ကို တွေ့မြင်ရသဖြင့် နှစ်ယောက်သား ဝမ်းမြောက်ဝမ်းသာဖြစ်၍ ကင်းပုံပင်ကြီးဆီသို့ ပြေးသွားကြ၏။ အနီးသို့ ရောက်သောအခါတွင်မူ ကင်းပုံသီးများမှာ အနီးရှိ မြင့်မားသော ထနောင်းပင်ကြီးပေါ်၌ နွယ်ပြီး သီးနေသည်ကို တွေ့ရသဖြင့် အရပ်ပုသော ပေမှာ စိတ်ပျက်သွားလေ၏။

ရှေည်ကမူ ဝမ်းသာအားရဖြစ်ပြီး ကင်းပုံသီးများကို လှမ်းဆွတ်၍ ခါးပိုက်ထဲထည့်၏။ ခါးပိုက်၌ မဆံ့တော့သောအခါ ရှေည်က ခရီးဆက်ရန်

http://mmteashop.com



ပြောလေတော့၏။ အရပ်ပု၍ ကင်းပုံသီးတစ်လုံးမျှမရသော ငပုခမျာ ကင်းပုံသီးမပါဘဲ ရှာပြန်ရမည်ကို ရှက်သဖြင့် သူငယ်ချင်းကို အားကိုးသော စိတ်ဖြင့် "သူငယ်ချင်း ငရှည်၊ မင်းကတော့ အရပ်ရှည်လို့ ကင်းပုံသီးတွေ အများကြီးရတယ်၊ ငါ့မှာတော့ မင်းသိတဲ့အတိုင်းပဲ အရပ်ပုလို့ တစ်လုံးမှ မရဘူး မင်း ဒါလောက်အများကြီး စားလို့ကုန်မှာလည်း မဟုတ်ပါဘူးကွာ၊ ငါ့ကို နည်းနည်းလောက်ခွဲပေးပါ" ဟု ငရှည်ကို တောင်းပန်ပြောဆိုလေ၏။ ငရှည်ကမူ လှည့်၍ပင် မကြည့်ဘဲ "မင်းလိုချင်ရင် မင်းအမေကို ငါ့လို ရှည်အောင် မွေးခိုင်းပါလား" ဟု ပြန်ပြောလိုက်လေ၏။

ငပုခမျာ မည်သို့မျှ ပြန်မပြောနိုင်ရှာဘဲ ဆိတ်ဆိတ်ပင် ခရီးဆက်ခဲ့ရလေ၏။ အတန်ကြာသွားမိလျှင် ချုံကြီးတစ်ချုံထဲ၌ မှိုများပေါက်နေသည်ကို တွေ့ရ၏။ မှိုများ တွေ့သည်ဆိုလျှင် ငပုသည် ဝမ်းသာအားရ ချုံထဲတိုး၍ မှိုများ နှုတ်ယူလေတော့၏။ ငရှည်မှာ သူ၏ အရပ်နှင့် ချုံထဲ အဝင်ရခက်သဖြင့် ချုံထဲ မဝင်နိုင်ဘဲ အားရဝမ်းသာ နုတ်ယူနေသော ငပုထံကပ်ပြီး "သူငယ်ချင်း ငါ့နည်းနည်းမျှပါ" ဟု လိုချင်ဇောနှင့် တောင်းလေသည်။ ငပုမှာ အခွင့်သင့်သည်နှင့် "မင်းလိုချင်ရင် မင်းအမေကို ငါ့လို အရပ်ပုအောင် မွေးခိုင်းပါလား" ဟု ရယ်ရယ်မောမော ပြန်လည် ချေပပြောဆိုပြီးနောက် မျက်နှာပျက်နေသော ငရှည်အား မှိုအချို့ကို ခွဲဝေပေးလိုက်လေသည်။ ငရှည်မှာ ကင်းပုံသီးများခူးစဉ်က မိမိပြုမူခဲ့သော အပြုအမူနှင့် ငပုက ယခုကဲ့သို့ ပြုမူသည်တို့ကို ယှဉ်ပြီး စဉ်းစားမိကာ ရှက်နေလေ၏။ ခရီးဆက်၍ အတန်လှမ်းသည်တွင် မုန်ယိုနေသော ဆင်ကြီးတစ်ကောင်နှင့် ရင်ဆိုင်တွေ့ကြလေသည်။ ၎င်းတို့နှစ်ဦးကို မြင်သည်နှင့် ဆင်ကြီးက ဒလကြမ်း လိုက်သည်။ ငပုနှင့် ငရှည်တို့မှာ မည်သို့မျှ မပြေးနိုင်တော့ဘဲ နီးရာ၌ အကာအကွယ်ယူကြရလေတော့သည်။ ငပုသည် အနီးရှိ ချိုင့်ကလေးတစ်ခုတွင်းသို့ ဆင်းပြီး ချုံငယ်ကလေးကို ကွယ်၍ ဝပ်နေလိုက်သဖြင့် ဆင်ကြီးမမြင်တော့ဘဲ ပျောက်နေတော့၏။ ငရှည်မှာမူ ချုံတစ်ချုံကို ကွယ်၍ ပုန်းသော်လည်း ၎င်း၏ ရှည်လျားသော အရပ်ကြီးကြောင့် ကွယ်၍မရဘဲ ဆင်ကြီး မျက်စိ

http://mmteashop.com




အောက်တွင် ထိုးထိုးထောင်ထောင်နှင့် ပေါ်နေလေသည်။ ဆင်ကြီးမှာ မှန်ယိုနေသည်ဖြစ်၍ မဆိုင်းမတွပင် ငှက်ရှိရာသို့ ပြေးဝင်ပြီး နှာဖြင့် နင်းသတ်လိုက်လေသည်။

ဆင်ကြီး ထွက်သွားသောအခါမှ ငှပုလည်း ပုန်းရာမှ ထွက်လာပြီး ကင်းပုံသီးများ၊ မှိုများကို ပိုက်၍ ရွာသို့ ပြန်ခဲ့လေတော့သတည်း။

❒

http://mmteashop.com



အညာကျေးလက်ပုံပြင်များ ရေးဆွဲ ဦးဘကြည်

http://mmteashop.com



# ဒီဥပုသ်မျိုးတော့ တစ်သက်လုံးကြောက်ပါပြီ

ရှေးအခါက ရွာငယ်တစ်ခုတွင် ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသော မဖွားဆိုသည့် အမျိုးသမီးအပျိုကြီးတစ်ဦး ရှိလေသည်။ မဖွားမှာ မိဘနှစ်ပါးက လယ်ယာ၊ ရွှေ၊ ငွေ၊ ကျိုကြတို့ဖြင့် ပြည့်စုံစွာထားခဲ့၍ လယ်ကူလီ လုပ်သားများကို ဦးစီးပြီး လယ်ပိုင်ရှင်မလုပ်ကာ တစ်ဦးတည်း ချမ်းသာစွာ နေလေသည်။

http://mmteashop.com



မဖွားသည် အကျင့်သီလနှင့် ပြည့်စုံသူဖြစ်သည်။ ထို့ကြောင့် ဝါတွင်း၊ ဝါပ သီတင်းနေ့များတွင် ရွာဦးကျောင်းသို့ သွား၍ ဥပုသ်စောင့်လေ့ရှိသည်။ ဥပုသ်စောင့်ရန် စုရုံးရောက်ရှိလာကြသော သက်ကြီး၊ သက်လတ်၊ သက်ငယ် ရွာသူရွာသားနှင့် ကလေးများကိုလည်း ပေါက်ပေါက်ဆုပ်၊ မုန့်ဆီကြော်၊ လက်ဖက် စသည်များဖြင့် မဖွားက ဝေငှကျွေးမွေးလေ့ရှိသည်။

မဖွား၏ ရုပ်ချော၊ ဥစ္စာပေါ၊ သဘောဖြူပုံ သတင်းစကားသည် ဤတောရွာကလေးတွင် ရပ်မနေတော့ဘဲ ကျော်ကြား၍ သွားလေရာ မြို့ကြီးပြကြီးများမှ သူဌေးသားလေးဦးတို့သည် မဖွားထံ လူပျိုလှည့် ရောက်လာကြလေသည်။

အရှက်အကြောက် အားကြီးသော အပျိုကြီး မဖွားသည် ထင်ထင်ရှားရှား မေတ္တာစကား ကမ်းလှမ်းလာကြသော သူဌေးသားများကို ရိုးသားစွာ ဧည့်ဝတ်ပြုသည်ကလွဲ၍ နည်းနည်းမှ လက်မခံပေ။ ထို့ကြောင့် သူတို့အပေါ်တွင် ဟန်ကြီးလွန်းသော အပျိုကြီးမဖွားကို ချိုးမည်ဟု ရွာအထွက် သာလာဃဲဇရပ်တွင် တစ်နေ့သဒ္ဓ သူတို့ စုဝေးတိုင်ပင်ကြလေသည်။ ထိုအခိုက် အခြားရွာတစ်ရွာမှ ထင်းရောင်းရန် လာသော လူရိုးလူအ လူပျိုကြီး ကိုလုံးနှင့် တွေ့ကြလေသည်။

ကိုလုံးသည် ထင်းစည်းများ ထမ်းလာခဲ့ရသည်က တစ်ကြောင်း နေပူလွန်းသည်က တစ်ကြောင်းကြောင့် နားနေရန် သာလာဃဲဇရပ်သို့ ဝင်ခဲ့လေသည်။ ထင်းစည်းများချပြီး တဖြိုက်ဖြိုက်ကျနေသော ချွေးများကို ခါးမှလုံကွင်းဖြင့် ကုန်းကာကုန်းကာ သုတ်နေစဉ် သူဌေးသားလေးဦးက "ခင်ဗျားက ဘယ်ရွာကလဲ၊ နာမည်က ဘယ်လိုခေါ်သလဲ" ဟု မေးကြလေသည်။ "ကျုပ်နေတဲ့ရွာက ပေကုန်း၊ ကျုပ်နာမည်က မောင်လုံးတဲ့" ဟု ထင်းရောင်းသမားက ပြန်ဖြေသည်။

သူဌေးသားများက "ကောင်းပြီ၊ ခင်ဗျား ကျုပ်တို့ကို ကူညီပါ၊ ခင်ဗျား ကူညီနိုင်မည်ဆိုလျှင် လိုအပ်သည့် ပစ္စည်း ငွေကြေးများလည်း

http://mmteashop.com



ထောက်မည်၊ ယခုလို ပင်ပန်းစွာ လုပ်ရသည့် ဘဝမှလည်း လွတ်မည်” ဟု ဆိုကာ အကြံအစည်များကို ပြောပြကြလေသည်။

ရိုးသော အသော ကိုလုံးမှာ ငယ်စဉ်ကပင် ဆင်းရဲစွာ လုပ်ကိုင်စားခဲ့ရသူဖြစ်သောကြောင့် စာလည်းမတတ်၊ ပညာလည်းမရှိ၊ အတွေးအခေါ် အမြော်အမြင်လည်း နည်းရှာသူ ဖြစ်သည်။ သူများခိုင်းရာလုပ်၊ စေရာသွား၊ ထားရာနေတတ်သည်မှာ ကိုလုံး၏ တကယ်လုံးသော အစဉ်အလာဖြစ်လေသည်။ ထို့ကြောင့် သူဌေးသားများခိုင်းသည်ကို လွယ်ကူစွာ လက်ခံလိုက်လေသည်။ ထို့နောက် သူဌေးသားများက ထုတ်ပေးသော ပုဆိုး၊ ရင်ဖုံးအင်္ကျီနှင့် ပဝါကလေးများ ဆင်လိုက်သောအခါ ကိုလုံး၏ ရုပ်လက္ခဏာမှာ တစ်ဖြစ်လဲသွားလေသည်။

ကိုလုံး အသင့်ဖြစ်သောအခါ သူဌေးသားလေးဦးက ငွေပေးထည့်လိုက်သော လူလယ် စကားတတ်က ကွမ်းအစ်ကွန်ချာအိတ်ကို ဆွဲကာ ကိုလုံးကို ရှေ့က ဟန်ပါပါ သွားစေလျက် အပျိုကြီးမဖွားအိမ်သို့ ထွက်ခဲ့ကြလေသည်။

အိမ်သို့ရောက်သောအခါ အပျိုကြီးမဖွားက ဖေါ်ရွေသူပီပီ ညှိဝတ်ပြုကာ လာခဲ့သော အကြောင်းရင်းကို မေးမြန်းလေသည်။ ထိုအခါ ကိုလုံး ပါးစပ်မဟမိ ကိုစကားတတ်က “ဆရာကြီးသည် အောက်ပြည် အောက်ရွာက ဖြစ်ပါသည် အောက်ပြည်အောက်ရွာတွင် မိုးခေါင်ရေကြီး၍ စပါးများ ပျက်စီးကြပါသည်။ ထို့ကြောင့် ကိုယ်တိုင်စားသုံးရန်နှင့် ဆင်းရဲသူဆင်းရဲသားများအား ဝေငှစားသုံးရန် စပါး၊ ပဲ၊ ပြောင်း စသည်များ ရှာဖွေဝယ်ယူရန် အညာသို့ ထွက်လာခဲ့ပါသည်၊ မဖွားထံသို့သွားလျှင် လိုအပ်သော ပဲ၊ ပြောင်း၊ စပါးတို့ကို လိုသလောက် ရရှိနိုင်မည်ဖြစ်ကြောင်း တစ်ဆင့်စကား ကြားသိရ၍ ယခုလို ရောက်ရှိလာရခြင်း ဖြစ်ပါသည်” ဟု အပျိုကြီးမဖွားအား လှပစွာ ပြောလိုက်လေသည်။

http://mmteashop.com



ကိုလုံးကမူ မဖွားကို ကြည့်လိုက်၊ ပဲကြားလှော်ဖြူးကာ နှမ်းဆီမွှေးမွှေးဆမ်းထားသော လက်ဖက်ကြမ်းကို စားလိုက်နှင့် တည်ငြိမ်စွာနေလေသည်။

ကိုစကားတတ် ပြောစကားကို ကြားလေလျှင် မဖွားသည် များစွာကြင်နာစိတ်ဖြစ်ပြီး "လိုသော ပစ္စည်းများ ရှိပါမည်၊ အများ ဝေငှစားသုံးကြမည်ဆို၍ ရောင်းသည့်အပြင် မိမိကပါ ပစ္စည်းများ ကုသိုလ်ပြုပါဦးမည်၊ အဝေးရပ်ရွာက လာခဲ့ကြ၍ တည်းခိုစရာမရှိလျှင် ဤအိမ်မှာပဲ တည်းခိုကြပါ" ဟု ပြောလေသည်။

ဤတွင် အကွက်ဝင်လာပြီဖြစ်၍ ကိုစကားတတ်က "ဟုတ်ပါတယ် ဆရာကြီး ကျုပ်တို့ လာခဲ့ရတာက လှေတစ်တန်၊ ခြေကျင်တတန်ပန်းလှပါပြီ။ ဒါကြောင့် ဒီမှာပဲ အနားယူတည်းခိုကြပါစို့၊ စပါး၊ ပဲ၊ ပြောင်းများကိုတော့ မကြာမီ ကျုပ်ပြန်ပို့ပါမည်၊ ဆရာက ဒီကသာ စောင့်ဝယ်ပေးပါ" ဟု ကိုလုံးအား တောင်းပန်လေသည်။ ကိုလုံးကလည်း ဘာပြန်ပြောရမှန်းမသိ၍ ခေါင်းညိတ်လိုက်လေသည်။

ဤသို့နှင့် ရက်အတန်ကြာ တည်းခိုကြပြီး ဆယ်လေးငါးပတ်လာမိလျှင် ကိုလုံးနှင့် မဖွားတို့မှာ ရင်းနှီးသည်ထက် ရင်းနှီးလာပြီး တစ်ဦးနှင့်တစ်ဦး မေတ္တာဆက်မိကြလေတော့သည်။ တစ်နှစ်ခန့် ကြာသောအခါ ရပ်ရွာထုံးစံအတိုင်း လက်ထပ်မင်္ဂလာ ပြုလိုက်ကြလေသည်။

ဤသတင်းကို ကြားလေလျှင် သူဌေးသားများသည် "ငါတို့အပေါ် မာနကြီးသောအပျိုကြီး အေနှင့်ညားတာပဲ" ဟု ဝမ်းသာကြသည်။ ကိုစကားတတ်လည်း ထိုနေ့မှစ၍ မဖွားတို့အိမ်သို့ ပေါ်မလာတော့ပေ။

တစ်နေ့တွင် မဖွားက "ကိုလုံးရယ် သူရင်းငှားတွေ ငွေပေးရအောင် စာရင်းကလေးလုပ်စမ်းပါ" ဟု ခိုင်းသည်။ ဤတွင် ကိုလုံးက "ငါမှ စာမတတ်ဘဲ မဖွားရာ၊ မင်းသာလုပ်လိုက်ပါ" ဟု ပြန်ပြောလေသည်။ ထိုအခါ မဖွားက "ကိုလုံးကလည်း မတော်တာပြောတော့မယ်၊ ပွဲစား တစ်ယောက်လုံးလုပ်နေပြီး စာမတတ်ဘူးလို့" ဟု ကျီစယ်သည်ထင်၍ ပြောလိုက်

http://mmteashop.com



သောအခါတွင်မှ ကိုလုံးက ဖြစ်ကြောင်းကုန်စင် (သူဌေးသားများက ခိုင်းစေပုံ) များကို ရှင်းပြရသည်။ သူသည် ဆင်းရဲနွမ်းပါးသော မိဘများက ဆင်းသက်ခဲ့သည့်အတွက် ကျောင်းပင်မနေနိုင်ခဲ့ကြောင်း၊ ငယ်ငယ်ကလေး ကစ၍ ဝမ်းစာကို ပင်ပန်းဆင်းရဲစွာ ရှာဖွေခဲ့ရကြောင်းများကို ပြောပြလေသည်။

ကိုလုံးစကားကို ကြားသော မဖွားသည် ငါ့ကို လှည့်စားသူဟု မေတ္တာပျက်မသွားသည့်ပြင် ကိုလုံးကို ပို၍ သနားလာမိသည်၊ ပို၍ပင် ပြုစုရှာသေးသည်။

သို့နှင့် ဝါတွင်းဥပုသ်နေ့ တစ်နေ့သို့ ရောက်လာလေသည်။ "ကိုလုံးရေ၊ မနက်ဖြန်ဆို လပြည့်ရက် ဥပုသ်နေ့တော့၊ ကျုပ်တို့ ဥပုသ်စောင့်သွားရအောင်နော်၊ တော်က ယောကျ်ားဆိုတော့ အရင်သွားနှင့်၊ ကျုပ်ကတော့ အိမ်မှာ ဆွမ်းချက်လောင်း၊ ဆွမ်းဟင်းထည့်ပြီးမှ တော်နဲ့ ကျုပ် စားဖို့ ထမင်းအုပ်နဲ့ ဘုန်းကြီးဖို့ ဆွမ်းအုပ်ပါ ယူလာခဲ့မယ်၊ ဝေဖို့ မုန့်ဆုပ်တောင်းတွေတော့ ရွာထဲကကလေးမတွေ သယ်ခဲ့လိမ့်မယ်ပေါ့" ဟု ပြောလိုက်သည်။

ကိုလုံးက "မဖွားရာ ငါမှ ဥပုသ်စောင့်ဖူးတာမှမဟုတ်ဘဲ သီလလည်းမယူတတ်ဘူးကွ၊ ကြားလည်း မကြားဖူးဘူး" ဟု ပြောလေသည်။ "လွယ်ပါတယ် ကိုလုံးရယ်၊ သီလခံယူတယ်ဆိုတာ ရှေ့ကဘုန်းကြီး ချပေးသွားတာကို နောက်ကလိုက်ဆို၊ အဲဒါ သီလခံပြီးဖြစ်တာပဲ၊ နောက် ကျောင်းအောက် သို့မဟုတ် သစ်တစ်ပင်အောက်သွားပြီး တစ်ယောက်တည်း ပုတီးစိပ်နေ၊ အဲဒါ ဥပုသ်သည်ဖြစ်တာပဲ" ဟု မဖွားက ပြောပြလေသည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ ကိုလုံးသည် အဝတ်သစ်လဲ၊ ရေမိုးချိုး၊ ပုတီးဆွဲပြီး ဥပုသ်စောင့်ရန် ရွာဦးကျောင်းသို့ ထွက်ခဲ့လေသည်။

http://mmteashop.com



ကျောင်းတွင် သာမဏေကျောင်းသားများ ရွာထဲ ဆွမ်းခံထွက်နေကြ၍ ဘုန်းတော်ကြီးတစ်ပါးသာ ရှိလေသည်။ ကိုလုံးသည် ကျောင်းပေါ်သို့ တက်သွားပြီး သီလယူရန် ဘုန်းတော်ကြီးရှေ့သို့ သွား၍ ဝတ်ချကာ နေလိုက်သည်။

ဘုန်းတော်ကြီးက ကိုလုံးကို တစ်ခါမှ မမြင်ဖူး၍ တစ်ကြောင်း၊ သီလယူချိန်ကလည်း စောသေး၍ တစ်ကြောင်းကြောင့် အကျိုးအကြောင်း မေးမြန်းစုံစမ်းလို၍ သူ့ရှေ့တွင် လက်အုပ်ချီကာ ဆောင့်ကြောင့် ထိုင်နေသော ကိုလုံးအား "ဟေ့ ဒကာ ဘယ်အရပ်ကလဲ" ဟု မေးလိုက်သည်။ သည်တွင် ကိုလုံးက ဘုန်းကြီး ရှေ့ကချပေးသမျှ နောက်ကလိုက်ဆိုရသည် ဟု မဖွားမှာလိုက်သည်ကို သတိရကာ သီလပေးပြီအထင်နှင့် "ဟေ့ ဒကာ ဘယ်အရပ်ကလဲ" ဟု လိုက်ဆိုလိုက်လေသည်။

ဘုန်းတော်ကြီးမှာ ဒီဒကာ ဘယ်လိုပါလိမ့်ဟု အောက်မေ့ပြီး "အို – ဒီဒကာ မင်းကိုမေးနေတာ" ဟု ထပ်ပြောလိုက်သည်။ ကိုလုံးကလည်း "အို – ဒီဒကာ မင်းကို မေးနေတာ" ဟု လိုက်ဆိုပြန်သည်။

"ဟ – ဒကာ မင်းရူးနေသလား" ဟု ဘုန်းတော်ကြီးက ပြောပြန်ရာ၊ ကိုလုံးက "ဟေ့ ဒကာ မင်းရူးနေသလား" ဟု ဆိုပြန်သည်။ ဘုန်းတော်ကြီးက "ငါ့မပြောင်နဲ့နော်" ဟု ဆိုရာ၊ ကိုလုံးက "ငါ့မပြောင်နဲ့နော်" ဟု လိုက်ဆိုပြန်သည်။ ဘုန်းကြီးမှာ ဒေါကထွက်လာကာ အသံလည်း ပိုကျယ် ပိုထန်လာပြီး "ငါချမိတော့မယ်" ဟု ဆိုလိုက်သည်။ ကိုလုံးကလည်း ဘုန်းကြီးလေသံအတိုင်း "ငါချမိတော့မယ်" ဟု ဆိုလိုက်ပြန်သည်။ "ကဲဟာ" ဟု ဆိုကာ ဘုန်းတော်ကြီးသည် ကဲလားထောက်ကို ဖြုတ်ကာ ကိုလုံးကို ရိုက်လေတော့သည်။ ကိုလုံးကလည်း "ကဲဟာ" ဟု ဘုန်းတော်ကြီး၏ လေသံအတိုင်းဆိုကာ ဝရန်တာတွင် ထောင်ထားသော တံမြက်စည်းရိုးနှင့် ဘုန်းတော်ကြီးကို ပြန်ရိုက်တော့သည်။

http://mmteashop.com



ဘုန်းတော်ကြီးနှင့် ကိုလုံးမှာ တစ်ယောက်တစ်ပြန် ချက်လှည့် ခံချနေကြတော့သည်။ နှစ်ဦးစလုံး ပေါက်ပြကုန်သည်။ ဘုန်းတော်ကြီးက ရိုက်သောနေရာကို ကိုလုံးက ပြန်ရိုက်သည်။ တစ်ကိုယ်လုံး သွေးတွေ လည်းရဲ၊ နှစ်ဦးစလုံးလည်း ဟောဟဲလိုက် မောနေကြတော့သည်။

သည်တွင်မှ ဘုန်းတော်ကြီးက တုတ်ကိုချပြီး မူလနေရာမှာ ပြန် ထိုင်သည်။ ကိုလုံးကလည်း ဘုန်းကြီး သီလပေးပြီးပြီဟု အောက်မေ့ကာ ဝတ်ချပြီး ကျောင်းအောက်ဆင်းကာ ပုတီးစိပ်နေလိုက်သည်။

ကိုလုံး၏စိတ်ထဲတွင် "အင်း သူတို့ ဥပုသ်စောင့်၊ သီလယူရတာ သွေးထွက်မှပြီးတာကိုး၊ မသက်သာပါလား၊ မောလိုက်တာလည်းလွန်ရော" ဟု တွေးနေလေသည်။

ဘုန်းတော်ကြီးကလည်း ကျောင်းပေါ်မှ ချောင်းကြည့်ရင်း ကျောစိမ့် လာသည်။ 'ဒီဒကာ မပြန်သေးဘဲကိုး၊ နောက်တစ်ခါများ ကျောင်းပေါ် ပြန်တက်လာရင် ဒုက္ခပဲ' ဟု အောက်မေ့ကာ ကျောင်းခန်းထဲ ဝင်နေလေ သည်။

မဖွားသည် အချိန်ရောက်၍ ဆွမ်းအုပ်နှင့် သူနှင့် ကိုလုံး စားဖို့ ထမင်းအုပ်ကို ယူဆောင်လျက် ကျောင်းသို့ ရောက်လာလေသည်။ ကျောင်း အောက် တိုင်ကိုမှီလျက် သွေးသံရဲရဲနှင့် ပုတီးတချောက်ချောက် ချနေ သော ကိုလုံးကိုမြင်လေလျှင် "အလိုလေး ကိုလုံးရယ် ဘာတွေ ဘယ်လို ဖြစ်ရတာလဲ၊ သွေးတွေကရဲလို့၊ တော့မြင်ရတာ ရင်ဖိုလိုက်တာတော်" ဟု ပြောဆိုမေးမြန်းရင်း ကိုလုံး၏ ဦးခေါင်းမှ သွေးများကို သုတ်ပေး လေသည်။

ကိုလုံးက တည်ငြိမ်သောအသံဖြင့် "ဟာ မင်းက ဥပုသ်စောင့် ခိုင်းလို့ စောင့်တာလကွာ မဖွားရာ၊ မင်းဥပုသ်မျိုး၊ မင်းဘုန်းတော်ကြီး ချပေးတဲ့ သီလမျိုး နောက်ထပ် ၂ ခါလောက် စောင့်ရ ယူရရင် ငါတော့ သေတော့မှာပဲ၊ မင်းတို့ဘုန်းကြီးလည်း ပျံတော်မူမှာပဲ၊ ဒါကြောင့် နောက်ထပ်

http://mmteashop.com



ငါ့ကို ဥပုသ်စောင့်မခိုင်းပါနဲ့တော့ကွာ၊ ဒီလို ဥပုသ်မျိုးတော့ တစ်သက်လုံး ကြောက်ပါပြီ” ဟု ပြောရင်း ကိုလုံးက လက်မှ စိပ်ပုတီးကို တချောက်ချောက်ချနေတော့သည်။

❐

# မြောက်ကျောင်းသူတော်၏ စိတ်ဓာတ်

တစ်ခါက ရွာတစ်ရွာတွင် တောင်ကျောင်း မြောက်ကျောင်းဟူ၍ ကျောင်း ၂ ကျောင်း ရှိလေသည်။ ၂ ကျောင်းစလုံးတွင်လည်း ဘိုးသူတော် တစ်ပါးစီရှိ၏။ ဘိုးသူတော် ၂ ပါးသည် မကြာခဏဆိုသကဲ့သို့ တစ်ဦးနှင့် တစ်ဦး တွေ့ဆုံကြပြီး ပညာစမ်းလေ့ရှိကြသည်။

တစ်နေ့တွင် မြောက်ကျောင်း ဘိုးသူတော်က ပညာစမ်းလို၍ တောင်ကျောင်းသို့ သွားရောက်လည်ပတ်လေ၏။ အာဝါသိကဘိုးသူတော် ကလည်း ပျာပျာသလဲကြိုဆိုပြီး "ဟာ – မိတ်ဆွေကြီး မလာတာ အတော် ကြာသွားပြီ၊ နေမှ ကောင်းရဲ့လားလို့ အောက်မေ့နေတယ်၊ လာရင်းကိစ္စ လေးလည်း ပြောအုံးမှပေါ့" စသည်ဖြင့် နေရာထိုင်ခင်းပေး၍ ဖိတ်ခေါ်လေ သည်။

မြောက်ကျောင်းသူတော်ကမူ အပိုင်တွက်ပြီး လာသူဖြစ်၍ "အင်း လာတယ်ဆိုတော့လည်း အကြောင်းရှိလို့ပေါ့၊ တခြားတော့ မဟုတ်ပါဘူး၊ ပညာလေးဘာလေး မေးရအောင် လာတာပါ" ဟု လိုရင်းကို တိုတို တုတ်တုတ်ပင် ပြန်ပြောလိုက်သည်။

http://mmteashop.com



တောင်ကျောင်းသူတော်ကလည်း အားကျမခံဘဲ "အဆွေတော် လာကတည်းက ဒီကိစ္စနှင့် လာရမှာပဲလို့တော့ ထင်သားဘဲ၊ ကျုပ်ကလည်း ပညာလေးဘာလေး မဖလှယ်ရတာကြာတော့ အဆွေတော်ကို သတိရနေတာ၊ ကိုင်း–ကိုင်း ဆိုစမ်းပါဦး၊ အဆွေတော်က ဘာများမေးမှာလဲ" ဟု ချက်ချင်းပင် ပြန်ပြောလိုက်သည်။

မြောက်ကျောင်းသူတော်ကလည်း အနည်းငယ်ပြုံး၍ ရင်ကိုကော့လိုက်ပြီး "ကိုင်း ဒါဖြင့် မိတ်ဆွေကြီး 'စိန္တေသိ' ဆိုတာ ဘာလဲ သိရဲ့လား" ဟု မေးလိုက်လေသည်။ တောင်ကျောင်းသူတော်မှာ သူမသိသည်ကို ပေါ်သွားမည်စိုးသဖြင့် ခေါင်းကုတ်၍နေစဉ် မြောက်ကျောင်းသူတော်ကပင် ဆက်ပြီး "ဖြေးဖြေးပေါ့ မိတ်ဆွေကြီးရယ် စဉ်းစားဦးပေါ့၊ ကျုပ်လည်း ကျောင်းမှာ လုပ်စရာရှိတာလေးတွေ ပြန်လုပ်လိုက်ပါဦးမယ်၊ နက်ဖြန်မှ တစ်ခေါက်လှည့်ခဲ့ပါဦးမယ်လေ" ဟု ပြောပြီး ထွက်သွားလေ၏။

နောက်နေ့အထိ တောင်ကျောင်းဘိုးသူတော်မှာ မအိပ်မနေ စဉ်းစားတွေးတောသော်လည်း အဓိပ္ပာယ် မပေါ်လာ၍ မြောက်ကျောင်းသူတော်လာမည့်အချိန်ကိုသာ ပင်ပန်းစွာ စောင့်နေ၏။ မွန်းလွဲပိုင်းတွင် မြောက်ကျောင်းဘိုးသူတော် ရောက်ရှိလာပြီး "ကဲ ဘယ့်နှယ်လဲ မိတ်ဆွေကြီး စဉ်းစားလို့ရပြီလား၊ ကျုပ်က နောက်ထပ် ပုစ္ဆာတစ်ပုဒ်တောင် မေးအုံးမလို့ ကြံထားတာဟု အပြောတွင် တောင်ကျောင်းဘိုးသူတော်က ရှက်ရှက်နှင့် စိတ်ပေါက်လာပြီး "စိန္တေသိ–ကြံတုန်းရှိသေး၊ ပုစ္ဆာ–မေးပြန်ပြီ" ဟု လွတ်ခနဲ ပြောလိုက်လေရာ ...

မြောက်ကျောင်း ဘိုးသူတော်က 'ငါ့မေးခွန်းကို သိတယ်ကိုး၊ တောင်ကျောင်းသူတော် စာအတော်တတ်နေပြီကော' ဟု စဉ်းစားမိပြီး ပြန်သွားလေတော့သတည်း။

❒

# ဆရာဘုန်းတော်ကြီး၏ အဆုံးအမ

ရှေးအခါက အညာကျေးလက် တောရွာတစ်ရွာတွင် စာပေတတ်မြောက်သော ဘုန်းတော်ကြီးတစ်ပါး ကျောင်းထိုင်လျက် ရှိသည်။ ထိုကျောင်းတွင် ကလေးသူငယ် အများအပြား စာပေ လေ့လာ သင်ကြားလျက်ရှိကြသည်။ ထိုကလေးသူငယ် အများအပြားအနက် မောင်သုတဆိုသော သူငယ်ကလေးနှင့် မောင်ဗာလဆိုသည့် သူငယ်ကလေးနှစ်ယောက်လည်း ပါရှိလေ၏။

မောင်သုတသည် ဆရာဘုန်းကြီး သင်ကြားပို့ချသည့် စာပေများကို ဂရုတစိုက် သင်ကြားလေ့လာပြီး စာသင်အားသော အချိန်များတွင်လည်း ကျောင်းဝိုင်းအတွင်း တံမြက်လှည်းခြင်း၊ မြက်နုတ်ခြင်း၊ ရေခပ်ခြင်း အစရှိသည့် ကျောင်း၏ ဝေယျာဝစ္စများကို ပြုလုပ်ပြီး ဆရာဘုန်းတော်ကြီးကို ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ဖြင့် အမြဲမပြတ် ပြုစုလေ့ရှိလေ၏။

http://mmteashop.com



မောင်ဗာလမှာ စာသင်ချိန်တွင် အိပ်ငိုက်နေပြီး စာဖြေချိန်တွင်လည်း သူတစ်ပါးထံမှ ခိုးချသည်။ ကျောင်းဝေယျာဝစ္စ လုပ်စရာရှိလျှင်လည်း သစ်ပင်အောက်မှာသော်လည်းကောင်း၊ ကျောင်းကြို ကျောင်းကြား၊ သိမ်ကြို သိမ်ကြားများသော်လည်းကောင်း အိပ်နေလေ့ရှိပြီး ဆရာဘုန်းတော်ကြီး၏ ဝတ်ကြီးဝတ်ငယ်များကိုလည်း ဘာမျှမသိတတ် မပြုစုပေ။

တစ်နေ့တွင် မောင်သုတနှင့် မောင်ဗာလတို့နှစ်ယောက် တွေ့ကြသော် မောင်ဗာလက "ဟေ့ မောင်သုတ ၁ နဲ့ ၂ ပေါင်းရင် ဘယ်လောက်လဲ" ဟု မေးလိုက်သည်။

မောင်သုတ "၁ နဲ့ ၂ ပေါင်းရင် ၃ ဖြစ်တာပေါ့ကွ" ဟု အမှန်အတိုင်းပဲ ဖြေလိုက်သည်။

မောင်ဗာလက မကျေနပ်ဘဲ "ဟေ့ မောင်သုတ မင်းဟာ ဆရာဘုန်းတော်ကြီးနားမှာနေပေမယ့် အလကားပါကွာ၊ မင်း ဘာမှ မတတ်ပါဘူး၊ ဒီမှာ တစ်သက်လုံးမှတ်ထား၊ ၁ နဲ့ ၂ ပေါင်းရင် ၂ ပဲ ရတယ်ကွ" ဟု ပြောလေ၏။

ဤတွင် မောင်သုတကလည်း သူ အမှန်အတိုင်း ဖြေပါလျက်နှင့် ဤကဲ့သို့ ပြောရပါမို့လားဟု ငြင်းခုံပြောဆိုလေ၏။ သို့နှင့် ဆရာတော်ဘုန်းကြီးထံ ရောက်လာကြရာ၊ ဆရာတော်က "ကဲ ပြောကြစမ်း မင်းတို့နှစ်ယောက် ဘာဖြစ်ကြသလဲ" ဟု မေးလေသည်။

မောင်သုတက "မှန်ပါဘုရား တပည့်တော်ကို မောင်ဗာလက ၁ နဲ့ ၂ ပေါင်းရင် ဘယ်လောက်ရသလဲလို့ မေးပါတယ်၊ ဒီတော့ တပည့်တော်က ၁ နဲ့ ၂ ပေါင်းရင် ၃ ရတာပေါ့လို့ ဖြေပါတယ်ဘုရား၊ ဒါကို မောင်ဗာလက မဟုတ်၊ ၁ နဲ့ ၂ ပေါင်းရင် ၂ ပဲ ရတယ်လို့ ပြောပါတယ်ဘုရား၊ အဲဒါကို သူမှန်တယ်၊ ကိုယ်မှန်တယ်နဲ့ ငြင်းခုံနေကြပါတယ်ဘုရား" ဟု လျှောက်လေ၏။

ဆရာတော်က မောင်ဗာလအား 'မောင်သုတ လျှောက်သည့်အတိုင်း မှန်သလား' ဟု မေးရာ မောင်ဗာလကလည်း ဟုတ်မှန်ကြောင်း ပြန်လျှောက်


http://mmteashop.com



ထားလေသည်။ ဤတွင် ဆရာဘုန်းတော်ကြီးက မောင်သုတကို ဆုံးမသော အားဖြင့် ထန်းပလပ်ဖြင့် သုံးချက်ရိုက်လေ၏။ မောင်သုတက "ဆရာတော် ဘုရား တပည့်တော်ပြောတာ မှန်ပါလျက်နှင့် ဘာဖြစ်လို့ တပည့်တော်ကို ရိုက်ရပါသလဲဘုရား" ဟု လျှောက်ထားပြန်လေ၏။ ဆရာတော်က "မောင်သုတ လောကမှာ ထိုသူတစ်ယောက်သည် မိုက်မဲ၏။ ဉာဏ်ပညာ မရှိ၊ အများကို ပြုလျက်ရှိ၏။ သို့သော် ထိုသူနှင့် ဘက်ပြိုင် ငြင်းခုံသော သူထက် မိုက်သူမရှိ၊ ယခု သင်ကမှန်တယ်၊ မောင်ဗာလက မှားတယ်၊ မှား မှန်းသိလျက်နဲ့ သင်က ဘက်ပြိုင်၍ငြင်းရာ သင်သာလျှင် မိုက်ရာကျပေ တယ်" ဟု အမိန့်ရှိလိုက်လေသည်။

❐

http://mmteashop.com



http://mmteashop.com



# ပြောမည့်သာ ဘူးသီးထက် နည်းနည်းပဲပိုကြီးပါတယ်

ပခန်းသားတစ်ယောက်သည် ရွှေဘိုနယ်သို့ ကုန်ရောင်းကုန်ဝယ် လာရင်း ချီပါရွာအနီးသို့ လှည်းတစ်စီးဖြင့် ရောက်ခဲ့လေသည်။

သူသည် ဧည့်သည်ဖြစ်သောကြောင့် ချီပါရွာနယ်မြေ၏ အခြေအနေကို မသိရှာပေ။ သို့ဖြစ်ရာ ချီပါသားကြံထားသော အပင်ကလေးများ မပေါက်သေးသည့် ကောက်ညှင်းစပါး ပျိုးခင်းထဲသို့ လှည်းဖြတ်ပြီး မောင်းမိလေသည်။

http://mmteashop.com



ချီပါသားသည် သူ၏ စပါးပျိုးခင်းထဲသို့ လှည်းဖြတ်၍ မောင်းလာသောသူအား ဒေါသထွက်လှသဖြင့် ပြစ်တင် ပြောဆိုလေသည်။

"မိုက်ပါပေ့ လှည်းသမားရယ်၊ ဒါ ကောက်ညှင်းစပါး ကြဲထားတဲ့ ပျိုးခင်းဗျ၊ ဒီကောက်ညှင်းစပါးမျိုးကို ကျုပ်အဘိုး သိဟိုက တမင်တကာ ယူလာခဲ့ရတာ၊ ခုတော့ဖြင့် ခင်ဗျား လှည်းဖြတ်မောင်းလို့ ပျက်ပြီကောဗျ" ဟု မြည်တွန်တောက်တီးလေသည်။ လှည်းမှာ တစ်ဘက် လယ်ကန်သင်းသို့ပင် ရောက်လုနီးချေပြီ။ ထိုအခါ ပခန်းသားက "ကျုပ် မသိလို့ပါ မိတ်ဆွေရယ်၊ ဒီနေရာက မမောင်းရဘူးဆိုရင် ပြန်လှည့်ပြီး မောင်းပါ့မယ်" ဟု တောင်းပန်ပြီး ပျိုးခင်းထဲတွင် လှည်းတစ်ခါပြန်လှည့်ပြီး မောင်းမည် လုပ်ရာ မောင်းပြန်ပါက ပို၍သာ ပျက်စီးတော့မည် ဖြစ်သောကြောင့် ချီပါသားမှာ မသက်မသာဖြင့် –

"ခုမှတော့ ရှေ့သာ ဆက်မောင်းပါတော့လေ၊ ကန်သင်းရိုးရောက်မှပဲ ခေတ္တလောက် နားချင်နားပါတော့" ဟု မချိပြုံးပြုံးကာ ပြောလိုက်ရ ရှာလေသည်။

လယ်ကန်သင်းရိုးသို့ရောက်သော် ပခန်းသားက "ခင်ဗျား ကောက်ညှင်းမျိုးက ဘယ်လောက်များ စေးလို့လဲ" ဟု မေးလိုက်ရာ၊ ချီပါသားက "ဒီကောက်ညှင်းစပါးမျိုးက ပေါင်းထားတဲ့ ကောက်ညှင်းပေါင်းကို လှည်းပေါ်မှာထားခိုက် ကျီးတစ်ကောင်က ထိုးသုတ်တော့ ကောက်ညှင်း စေးနှင့်ကပ်ပြီး လှည်းကြီးတစ်စီးလုံး ကျီးနှုတ်သီးမှာ ကပ်ပါသွားတယ်ဗျ" ဟု ပြောလိုက်လေသည်။

ထိုအခါ ပခန်းသားက ပြုံးတဲ့ပြီး "ဒီစပါးမျိုးလောက်ကို သိဟိုက ယူခဲ့ရတယ်ဆိုတာ ကျုပ်ဖြင့် အံ့ဩတာပါဘဲ၊ ဒီလောက် အစေးရှိရုံနဲ့တော့ ကျုပ်တို့ဆီမှာ ကောက်ညှင်းလို့ မခေါ်သေးဘူး၊ ကောက်ဖျင်းစပါးလို့သာ ခေါ်ကြတယ် ကျုပ်တို့ဆီက ကောက်ညှင်းစပါးမျိုးဟာ ကောက်ညှင်းစပါး ကြဲထားတဲ့ ပျိုးခင်းထဲကို ဖြတ်ပြီး လှည်းမောင်းရင် ကောက်ညှင်းစေးနဲ့ ကပ်ပြီး လှည်းနောက်ကို လယ်ကွက်ကြီးတစ်ခုလုံး ပါလာတော့တာပဲ"

http://mmteashop.com



ဟု ပြန်ပြောလိုက်လေသည်။ တစ်ဖန် ချိုပါသားက "ခင်ဗျား ကောက်ညှင်းဆန်တွေကို ကျုပ်တို့အိမ်မှာရှိတဲ့ ရေတွင်းထဲက ရေနဲ့ဆေးပြီး ပေါင်းလိုက်ရ သိပ်ကောင်းပေါ့ဗျာ" ဟု ပြောပြန်သော်၊ ပခန်းသားက "ခင်ဗျာ့ရေတွင်းက ဘယ်လောက်များ နက်လို့လဲ" ဟု မေးပြန်သည်။

ချိုပါသားက "အို ရေတွင်း နက်လိုက်ပုံတော့ မပြောပါနဲ့တော့၊ နေမွန်းတည့်တုန်းမှာ ကြည့်နိုင်မှ ရေကိုမြင်ရတယ်လေ" ဟု ဖြေလိုက်ပြန်တော့ရာ –

ပခန်းသားက "ကျုပ်တို့ရွာက ရေတွင်းလောက် မနက်သေးပါဘူးဗျာ၊ ကျုပ်တို့ရွာက ရေတွင်းထဲကို ကျုပ်အဘိုးဥရဲ့ ကွမ်းအစ်ကလေး ကျသွားပါတယ်၊ အဖိုး အောက်ပြည်အောက်ရွာမှာ သုံးနှစ်ကျော်ကျော် အလုပ်လုပ်ပြီး ပြန်အလာ ရေတွင်းနားအရောက်မှာ ကွမ်းအစ်ကလေးကို သတိရတာနဲ့ ငုံ့ပြီးကြည့်တော့ ရေတွင်းထဲမှာ ကွမ်းအစ်ကလေးဟာ တရိပ်ရိပ်ကျနေတာ မြင်နေရသေးတယ်" ဟု ပြောပြရုံမျှသာမကသေးဘဲ ပခန်းသားသည် စားကျက်ထဲ၌ အစာစားနေသော ကျွဲများကို ကြည့်ပြီး "ခင်ဗျားတို့ဆီက ကျွဲတွေများ သိပ်ငယ်တာပဲကိုးနော်၊ ကျုပ်တို့ဆီကကျွဲများ ဒီဘက်ဦးချိုဖျားနဲ့ ဟိုဘက်ဦးချိုဖျား ကျီး ၅ ညအိပ်ပျံမှ ရောက်သဗျို့" ဟု ဆင့်ကာဆင့်ကာ စကားအနိုင်ယူနေသည်ကို ချိုပါသားသည် မခံမရပ်နိုင်ဖြစ်လာလေ၏။

ထို့ကြောင့် ချိုပါသားက "ခင်ဗျားပြောတဲ့ ကျွဲကြီး သတ်ပြီးတော့ ကျုပ်တို့အိမ်က ဘူးသီးနဲ့ရောပြီး ဟင်းချက်လိုက်ရ သိပ်ချိုပေါ့ဗျာ" ဟု ပြန်ပြောလိုက်ပြန်လေသည်။

"ခင်ဗျားအိမ်က ဘူးသီးက ဘယ်လောက်များ ကြီးလို့လဲ" ဟု ပခန်းသားက ချိုပါသားအား မေးလိုက်သည်တွင် ချိုပါသားသည် ပြုံးစစမျက်နှာထားနှင့် –

"မိတ်ဆွေပြောမည့်ဘူးသီးထက် နည်းနည်းကလေးပဲ ပိုပြီးကြီးပါတယ်ဗျာ" ဟု ဖြေလိုက်လေသည်။ ထိုအခါမှ တစ်ဦးနှင့်တစ်ဦး နေရပ်များ

http://mmteashop.com



ကို မေးမိကြရာ ကျုပ် ပခန်းသားပါ၊ ကျုပ်က ချီပါသားပါဟု သိကြရပြီး မိတ်ဆွေဖြစ်သွားကြလေ၏။

(ယခုခေတ် ချီပါသားနှင့် ပခန်းသားမဟုတ်ပါ၊ ဟိုရှေးရှေးခေတ်က ဖြစ်ပါသည်။)

❐

http://mmteashop.com



# ဘုရားလောင်းပဲ သူစီးချင်ရာ စီးမှာပေါ့

ရှေးရှေးအခါက ရွာတစ်ရွာတွင် ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝသော မအေးသွယ်ဆိုသူ မုဆိုးမတစ်ဦး ရှိလေ၏။ မအေးသွယ်သည် နာမည်အတိုင်း အေးအေးဆေးဆေး နေတတ်သည့်အပြင် ရပ်ရွာထဲတွင် သာမှု၊ နာမှု၊ အလှူအတန်းများရှိတိုင်း ပါဝင် ကူညီလေ့ရှိသဖြင့် ရပ်ရွာမှ လူကြီး လူငယ် ယောကျ်ား မိန်းမတိုင်းကပင် မအေးသွယ်ကို ချစ်ခင်ကြ၏။

တစ်နေ့တွင် ရပ်ရွာလူကြီးများ စုဝေး စကားပြောနေကြစဉ် မအေးသွယ်အကြောင်း စပ်မိစပ်ရာ ပြောမိကြလေ၏။ လူကြီးများက မအေးသွယ်သည် ပစ္စည်းလည်းရှိ၊ အရွယ်လည်း ရှိသေးသူဖြစ်သည်။ သားသမီး နောက်ခံ ရှိသူမဟုတ်၊ ထို့ကြောင့် ဆံထုံးရှိ သျှောင်ရှိမှုဆိုသလို မအေးသွယ်ကို သင့်တော်သူတစ်ဦးဦးနှင့် အိမ်ထောင်ပြုပေးကြမှ တော်မည်ဟု တိုင်ပင်ကြ၏။

ရပ်ရွာလူကြီးများက မအေးသွယ်အား နောက်အိမ်ထောင်ပြုရန် ဝိုင်းဝန်းတိုက်တွန်း ပြောဆိုကြသောအခါ မအေးသွယ်က "ကျွန်မသဘောကတော့ ဒီလိုပဲ နေချင်ပါတယ်။ ဒါပေမဲ့ လူကြီးများက အိမ်ထောင်ပြုသင့်

http://mmteashop.com



တယ်ထင်လို့ ပြုပါလို့ ပြောကြတယ်ဆိုရင်တော့လည်း ကျွန်မ မငြင်းပါ။ အိမ်ထောင်သစ်ကိုတော့ ကျွန်မကိုယ်တိုင်ရှာဖို့ မလွယ်ပါဘူး၊ လူကြီးများကပဲ ရှာပြီး နေရာချထားပေးကြပါ" ဟု ရပ်ရွာလူကြီးများကို ပုံအပ်လိုက်လေ၏။

ထိုသို့ မအေးသွယ်က သူ၏ နောက်အိုးနောက်အိမ်ထောင်အတွက် ပုံအပ်လိုက်သဖြင့် လူကြီးများမှာ ရွာတွင်းရှိ လူရိုးလူကောင်းများထဲမှ စဉ်းစား ရှာဖွေကြရလေတော့၏။ ရွာထဲတွင် မအေးသွယ်အတွက် အိမ်ထောင်ဘက်ကို ပိုက်စိပ်တိုက် ရှာဖွေကြရာ၊ မအေးသွယ်နှင့် သက်တူရွယ်မျှ လူပျိုကြီး သဘောကောင်း ကိုဘိုးထင်ဆိုသူကို တွေ့ကြလေ၏။ လူကြီးများက ကိုဘိုးထင်ထံသွား၍–

"မောင်ဘိုးထင်ရေ၊ ငါတို့လာတာ တခြားမဟုတ်ဘူးဟေ့၊ မင်းဟာ အရပ်ထဲမှာ လူပျိုကြီးလုပ်ပြီး နေလာခဲ့တာ အသက် ၃၀ ပဲကျော်ခဲ့ပြီ၊ လူဆိုတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ကြရတယ်ကွ၊ မင်း ဒီအသက် ဒီအရွယ်ရောက်မှ အိမ်ထောင်မပြုချင်သေးဘူးလား" ဟု မေးကြ၏။ ကိုဘိုးထင်လည်း အတန်ကြာ စဉ်းစားပြီးနောက် "လူကြီးများပြောတာ မှန်ပါတယ်၊ ကျွန်တော့်အသက်အရွယ်ရောက်လျှင် အိမ်ထောင်ပြုသင့်ပါပြီ၊ ကျွန်တော် ဒီအသက်အရွယ်အထိ အိမ်ထောင် ဘာကြောင့် မပြုသေးတယ် ဆိုတာကို အမှန်အတိုင်း ရှင်းရှင်း ဝန်ခံရမယ်ဆိုရင် ရတာမလို လိုတာမရသေးလို့ပါပဲ။ နောက်တစ်ခုကလည်း လောကလူ့ဘောင်၊ အိမ်ထောင်သားမွေး၊ ခြနယ်မြေးဆိုသလို သားတွဲလောင်း သမီးတွဲလောင်း နေရမှာ ကြောက်လွန်းလို့ပါပဲ၊ အခုလို လူကြီးများက အိမ်ထောင်ပြုဖို့ တိုက်တွန်းကြတယ်ဆိုတော့လည်း ကျွန်တော့်အနေနဲ့ မငြင်းလိုပါဘူး။ ဒါပေမဲ့ ကျွန်တော့်အတွက် အိမ်ထောင်ဘက်ကိုတော့ ဘာသာမရှာပါရစေနဲ့၊ လူကြီးများကပဲ သင့်တော်သလို ကြည့်ရှုစီမံပေးကြပါ" ဟု ပြန်ပြောလေ၏။

ကိုဘိုးထင်၏စကားကို ကြားသောအခါ လူကြီးများသည် ဝမ်းသာသွားကြပြီး မအေးသွယ်နှင့် ပေါင်းဖက်ပေးရန် ဆုံးဖြတ်လိုက်ကြလေ

http://mmteashop.com



၏။ သို့နှင့် ကိုဘိုးထင်အား မအေးသွယ်နှင့် လက်ဆက်ရန်၊ မအေးသွယ်အား လက်ထပ်လျှင် နှစ်ဦးစလုံး အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းကြမည်ဆိုသည့် အကြောင်းများကို ပြောပြကြလေ၏။ ကိုဘိုးထင်ကလည်း ငြင်းဆိုခြင်းမပြုဘဲ လက်ခံလိုက်လေ၏။ မအေးသွယ်အား ပြောဆိုကြသောအခါ၌လည်း မအေးသွယ်က မည်သို့မျှ ငြင်းဆိုခြင်းမရှိသဖြင့် ၎င်းတို့နှစ်ဦးကို လက်ထပ်ပေးရန် လူကြီးများက စီစဉ်ကြလေ၏။

နေ့ကောင်းရက်သာ ရွေးပြီးသောအခါ မင်္ဂလာအခမ်းအနား ကြီးကြီး မလုပ်ကြတော့ဘဲ သံဃာတော် ၄–၅ ပါး မင်္ဂလာဆွမ်းကျွေးပြီး ကိစ္စပြီးလိုက်ကြလေသည်။ အိမ်ထောင်ပြုပြီးသည့်အချိန်မှစ၍ ကိုဘိုးထင်သည် မအေးသွယ်၏ လယ်ယာ ချောင်းမြောင်းများကို သူရင်းငှားများနှင့်အတူ ကိုယ်တိုင် ဦးစီးလုပ်ကိုင်လေ၏။ သို့နှင့် အိမ်ဦးမှာလည်း ကိုဘိုးထင်၊ မီးဖိုမှာလည်း ကိုဘိုးထင်၊ နေရာတကာ ကိုဘိုးထင်ဆိုသလို နေရာတိုင်း၌ သူပါသည်ချည်း ဖြစ်နေသဖြင့် မအေးသွယ်ကပင် ခင်ပွန်းဖြစ်သူအား "ကိုဘိုးထင်ရယ်၊ နေရာတကာ ပါမနေပါနဲ့၊ တစ်ခါတစ်ရံလည်း သူရင်းငှားများနဲ့ ပြီးတန်လည်း ပြီးသွားပါစေ၊ ရှင်သက်သာအောင်လည်း နေဦးမှပေါ့" ဟု ပြောယူရလေ၏။

ကိုဘိုးထင်သည် နေ့တွင် သူရင်းငှားများနှင့်အတူ လယ်ထဲဆင်း၊ အိမ်ပြန်ရောက်ပြန်လျှင်လည်း အိမ်မှုကိစ္စများလုပ်၊ နေရာတကာ သူပါသည်ချည်းဖြစ်၍ ညအိပ်ရာပေါ်တွင် ကျောချလိုက်သည်နှင့် တစ်ပြိုင်နက်လိုလိုပင် အိပ်ပျော်သွားသည်။ သို့နှင့် လက်ထပ်ပြီး ငါးလခန့်အကြာ တစ်နေ့တွင် မအေးသွယ်က–

"ကိုဘိုးထင်ရယ် ရှင့်မှာဖြင့် ညဆိုရင် ခေါင်းအုံးပေါ် ခေါင်းတင်လိုက်တာနဲ့ တစ်ခါတည်း အိပ်ပျော်သွားတာပဲ၊ ကျွန်မ အရင်အိမ်ထောင်တုန်းကတော့ ညအိပ်ရာဝင်လျှင် ရာဇဝင်၊ မဟာဝင်၊ ဗုဒ္ဓဝင် စသည်တို့ကို ဗဟုသုတအဖြစ် ပြောပြလေ့ရှိတယ်၊ ရှင်ကတော့ ဘာမှမပြောဘူး၊ အိပ်တာပဲ" ဟု ဆိုသဖြင့် ...

http://mmteashop.com



ကိုဘိုးထင်က "ကျုပ်လည်း ပြောတတ်ပါတယ်၊ မအေးသွယ် နားထောင်ချင်မှန်း မသိလို့ပါ၊ ဘာနားထောင်ချင်သလဲ မဟာဝင်လား၊ ဇဗ္ဗဝင်လား" ဟု မေးလေ၏။

မအေးသွယ်က ဇဗ္ဗဝင်ထဲက သိဒ္ဓတ္ထမင်းသား တောထွက်ခန်း ပြောပြပါဟု ဆိုသဖြင့် ပြောပြလေ၏။

"ငါတို့ဘုရားလောင်း သိဒ္ဓတ္ထမင်းသားဟာ မယ်ယသော်နဲ့ အိမ်ထောင်ကျပြီး ၁ နှစ်ကြာတော့ သားယောကျ်ားကလေးတစ်ယောက် ဖွားမြင်သတဲ့၊ အဲဒီ သားတော်လေးကို ရာဟုလာလို့ နာမည်ပေးတယ်၊ ကလေးမွေးပြီးလို့ ၃ လလောက်အကြာမှာ သိဒ္ဓတ္ထက သူ့တပည့် မောင်ဆန်ကိုခေါ်ပြီး နန်းတော်ထဲလျှောက်လည်တော့ အပျိုတော်တွေ အိပ်နေတာကိုလည်း တွေ့ရတယ်၊ လူပျိုတော်တွေ အိပ်နေတာကိုလည်း တွေ့ရတယ်၊ ဒါနဲ့ မပြီးသေးဘဲ သူ့မယား ယသော်ဓရာ အိပ်နေတဲ့အခန်းထဲကို ဝင်ကြည့်ပြန်သတဲ့၊ အဲဒီမှာ မယ်ယသော်က သူ့သား ရာဟုလာကို နို့တိုက်နေတာကို တွေ့ပါလေရော၊ ဒီတော့ သိဒ္ဓတ္ထက အင်း ငါ သူနဲ့သာ ဆက်ပေါင်းနေလျှင် နောက်ထပ် ကလေးတွေမွေးပြီး ဒီကလေးတွေကို ငါချီနေရတော့မှာပဲလို့ စဉ်းစားမိပြီး မောင်ဆန်ကို "ဟေ့ မောင်ဆန်၊ ငါတော့ ဒီမိန်းမနဲ့ ဆက်မပေါင်းချင်တော့ဘူး မြစ်တစ်ဘက်ကမ်းသွား တရားအားထုတ်တော့မယ်' လို့ ပြောပြီး မောင်ဆန်နှင့်အတူ ဂင်္ဂါမြစ်ဆီ ထွက်ခဲ့ကြတယ်တဲ့။ ဂင်္ဂါမြစ်ကမ်းမှာ ကျယ်ဝန်းလှတဲ့ မြစ်ကြီးကိုကြည့်ပြီး "ငါတို့တော့ ဒီအတိုင်း ကူးနိုင်မှာမဟုတ်ဘူး၊ သစ္စာပြုမှပဲ" ဟု ဆိုပြီး သိဒ္ဓတ္ထမင်းသားက ငါသည် တရားအားထုတ်၍ ဘုရားဖြစ်မှာ အမှန်ဖြစ်လျှင် ဂင်္ဂါမြစ်ကို ကူးနိုင်ဖို့ လှေ သို့မဟုတ် ဖောင်တစ်ခုခု ပေါ်ပါစေလို့ သစ္စာပြုသတဲ့၊ ဒီတော့မှ မြစ်ထဲက မိကျောင်းတစ်ကောင် ပေါ်လာတယ်၊ အဲဒီမိကျောင်းကို သိဒ္ဓတ္ထကရှေ့ကစီး၊ သူ့တပည့် မောင်ဆန်က နောက်ကစီးပြီး မြစ်ကို ဖြတ်ကူးသွားကြသတဲ့" ဟု ပြောပြသောအခါ မအေးသွယ်က –

http://mmteashop.com



"နေပါဦး ကိုဘိုးထင်ရဲ့ ကျွန်မဖြင့် သိဒ္ဓတ္ထမင်းသားဟာ ဥယျာဉ် ထဲက နိမိတ်ကြီးလေးပါးမြင်တာနဲ့ သံဝေဂရပြီး ဖွားဘက်တော် မောင်ဆန် နဲ့အတူ ကဏ္ဍကမြင်းကြီးစီးပြီး တောထွက်တာ အနော်မာမြစ် ရောက် တော့ ဘုရားလောင်းက မြင်းစီး၊ မောင်ဆန်က မြင်းမြီးဆွဲ တစ်ဘက်ကမ်း ကူးတယ်လို့ ကြားဖူးပါတယ်" ဟု ပြောသောအခါ ကိုဘိုးထင်က "မအေးသွယ်ရယ်၊ သိဒ္ဓတ္ထမင်းသားဟာ ဘုရားလောင်းပဲ၊ သူစီးချင်တာ စီးမှာပေါ့" ဟု ပြန်ပြောလိုက်လေသတည်း။

❒

http://mmteashop.com



# အပြီးသတ် ဝိုးဟီးဟီးဖတ်

ရှေးအခါက မြစ်ကမ်းနားရှိ ရွာတစ်ရွာတွင် ဦးလှကြီးဆိုသော လူတစ်ယောက် ရှိလေသည်။ ၎င်းဦးလှကြီးသည် မည်သည့်အလုပ်ကိုမဆို အစအဆုံး ပြီးစီးအောင် လုပ်သည်ဟူ၍ မရှိပေ။

ထို့ကြောင့် ရွာသူရွာသားများက ဦးလှကြီးအား "ပျင်းလည်းပျင်း၊ ဖျင်းလည်းဖျင်းရဲ့" ဟူ၍ ကဲ့ရဲ့ကြလေသည်။ ဦးလှကြီးမှာ ရွာသူရွာသားများ ဤသို့ ပြောကြသည်ကို မခံချင်သောကြောင့် တောမှ သစ်တုံးတစ်တုံး ကိုယူခဲ့ကာ လှေတွင်အသုံးပြုရန် လှေပဲ့သည့် တက်မကြီးတစ်ခု ခုတ်မည်ဟု ကြုံးဝါးပြီး ဓားဖြင့် တဖြည်းဖြည်း သစ်တုံးကို ရွေလေသည်။ ရွာသူရွာသား များကလည်း ဦးလှကြီး ပဲ့တက်ခုတ်သည်ကို လာရောက်ကြည့်ကြလေ၏။ ဦးလှကြီးမှာ အလုပ်တစ်ခု ပြီးစီးအောင်လုပ်ကြောင်း ပြလို၍ အလျင်စလို ဓားဖြင့် သစ်တုံးကိုရွေရာ ဓားစာများများသွားပြီး သစ်တုံးမှာ သေးသွားတော့ သဖြင့် အင်း–ငါ့ဟာ တက်မတော့ခုတ်ဖြစ်မှာမဟုတ်တော့ဘူး၊ လှော်တက်

http://mmteashop.com



ပဲခုတ်မှဟု စိတ်ကူးပေါက်ပြီး "လှော်တက် ခပ်ချောချောကလေး ဖြစ်ရစေမဟေ့" ဟု ဆိုကာ ဂရုတစိုက် ခုတ်ပြန်ပါလည်း လှော်တက်ဖြစ်မလာဘဲ နောက်ဆုံးတွင် ဟိုတိ ဒီဖြတ်နှင့် တစ်တောင်ခန့်သာ ကျန်ပြီး ထမင်းအိုးမွှေရန် ယောက်မကလေးမျှ ကျန်တော့လေ၏။ ၎င်းထမင်းအိုးမွှေ ယောက်မကလေးမှာလည်း ဦးလှကြီးစိတ်တိုင်းကျ ချောချောမွေ့မွေ့ မဟုတ်သေးသောကြောင့် ကောင်းသည်ထက်ကောင်းစေရန် ဓားဖြင့် တဖြည်းဖြည်းအချောသတ်ခုတ်ရာ ယောက်မပုံသဏ္ဌာန်ပါ ပျောက်သွားပြီး အရှည်တစ်ထွာ အထူကျပ်ပြားခန့် မျဉ်းတံလည်း မဟုတ်သော အရာတစ်ခုသာဖြစ်သွားတော့လေသည်။ ဦးလှကြီးမှာ ရွာသူရွာသားများရှေ့တွင် ရှက်ရှက်နှင့် ဘာမှလုပ်မဖြစ်သည့် သစ်သားပြားကလေးကို စိတ်ဆိုးမာန်ဆိုးနှင့် ကောက်ပြီး လွှင့်ပစ်လိုက်ရာ သစ်သားပြားလေးမှာ လေဟုန်စီး၍ ဝှီးဟီးဟီးဟူသော အသံမြည်ဟီးလျက် အခြားတစ်နေရာတွင် 'ဖတ်' ခနဲ ကျသွားလေတော့သည်။

ဤတွင် ဦးလှကြီးသည် ရွာသူရွာသားများအား အားကျမခံသော စိတ်ဖြင့် "အမလေး ငါ့ဟာက အဟုတ်ကြီး၊ အပြီးသတ်တော့ ဝှီးဟီးဟီး ဖတ်ဖြစ်သေးရဲ့" ဟု ဆိုလိုက်လေ၏။

ထို့ကြောင့် အလုပ်တစ်ခုလုပ်လျှင် "ဦးလှကြီး တက်မခုတ်သလို အပြီးမသတ်ကြနဲ့" ဟု ရှေးသူဟောင်းတို့ ပြောစမှတ် ရှိခဲ့ကြလေသည်။

❐

# ကြို့ကြီးထိုးရောဂါ

တောရွာကြီးတစ်ရွာတွင် မြန်မာဗိန္ဒော ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသော ရှေးမှီနောက်မှီ ဆရာကြီးတစ်ယောက် ရှိလေသည်။ ထိုဆရာကြီးထံမှ နည်းနာခံ၍ ဆေးပညာများကို လက်တွေ့သင်ယူနေသော တပည့်တစ်ယောက်သည် ၃-၄ နှစ်ခန့် ကြာသောအခါ ဆေးပညာများ အတော်စုံလင်စွာ တတ်မြောက်သဖြင့် သီးခြားဆရာတစ်ယောက် အမည်ခံကာ ဆေးဝါးကုသနေလေရာ တစ်နေ့သောအခါ ထိုဆရာကလေးသည် အနီးအပါးရှိ ရွာတစ်ရွာမှ ဝေဒနာရှင်တစ်ဦးအတွက် လာရောက်ပင့်သဖြင့် လိုက်သွားကာ ရောဂါအခြေအနေကို စမ်းသပ်စစ်ဆေးပြီး ဆေးများစီမံ၍ ကုသလေသည်။ ရက်ပေါင်း အတော်ကြာသည်တိုင်အောင် ကုသသော်လည်း ရောဂါမှာ အခြေအနေမပြောင်းဘဲ ဖြစ်နေသဖြင့် သူ၏ဆရာကြီးထံသွားပြီး အကူအညီတောင်းရင်း တိုင်ပင်ဆွေးနွေးလေသည်။ ထိုအခါ ဆရာကြီးက "ဝေဒနာရှင်၏ရောဂါက ဘာရောဂါလဲကွဲ့" ဟု

http://mmteashop.com



မေးလေရာ ကြို့ကြီးထိုးသော ရောဂါဖြစ်ကြောင်း ပြောပြလေသည်။ "ဒါဖြင့် ဘာဆေးများ စီမံပေးသလဲ" ဟု ဆရာကြီးက ဆက်လက်၍ မေးမြန်းသဖြင့် "ဆရာကြီးရယ် တခြားတော့ မဟုတ်ပါဘူး၊ နရသုခိဆေးကျမ်းမှ ညွှန်ကြားတဲ့ ကုထုံးအတိုင်း စီမံပေးတာပါပဲ" ဟု ဆရာကလေးက ပြန်ပြောလေသည်။ "အေး – နရသုခိဆေးကျမ်းဆိုတာ ရှေးသမားတော်ကြီးများ လက်တွေ့ပေါင်း မြောက်မြားစွာကို အခြေခံပြီး ပြုစုထားတဲ့ ကျမ်းကြီး ကျမ်းခိုင်ပဲကွဲ့၊ ဆေးကျမ်းက ဘယ်လိုဆိုလို့ ဘယ်လို မင်းက စီမံတယ်ဆိုတာ ပြောပြစမ်းပါဦး" ဟု ဆရာကြီးက မေးလေရာ –

"ကြို့ကြီးကြောက်ဖွယ်၊ ထိုးမပြယ်သော်၊ ကပွယ်မှန်စေ၊ စိမ်သည့်ရေနှင့်၊ အောင်မြေရန်နှိပ်၊ သင်းဘောစိပ်က၊ ဇာတိပ္ပိုလ်သီး၊ တစ်ရွေးကြီးမျှ၊ သွေးပြီးတိုက်ပါ၊ ပျောက်နိုင်ရာသည် နရသုခိကျမ်းဆိုတည်း" ဆိုတဲ့အတိုင်း ကပွယ်စိမ်ရေနဲ့ သဘော်ဇာတိပ္ပိုလ်သီးကို ရွေးကြီးတစ်လုံးခန့် သွေးပြီး တိုက်ပါတယ်" ဟု ဆရာကလေးက ပြောပြလေသည်။ "ဟုတ်ကွဲ့သားပဲကွဲ့ ရောဂါက ဘာဖြစ်လို့ မပျောက်ရတာလဲ၊ ကြို့ကြီးထိုးတဲ့ရောဂါဆိုတာ နေ့မအိပ်ရ၊ ညမအိပ်ရ၊ ခုနစ်အိမ်ကျော် ရှစ်အိမ် ကြားရလောက်အောင် ထိုးတယ်၊ ဝေဒနာရှင်မှာလည်း အင်မတန်ပင်ပန်းတယ်၊ အဆင်မသင့်လျှင် တိမ်းပါးယမ်းပါးတောင် ဖြစ်နိုင်တယ်၊ အဲဒီရောဂါမျိုးဆိုတာ ဥဒ္ဓံတေဇောလွန်ကဲပြီး ဖြစ်တဲ့ရောဂါ၊ ဥဒ္ဓံတေဇောဆိုတာ အပူ၊ ကပွယ်ဆိုတာ အအေးဓာတ်ရှိတယ်၊ အပူကို အအေးနဲ့ငြိမ်းမှ ငြိမ်းတယ်၊ တစ်ခါတည်း အအေးနဲ့ တိုက်ရိုက်ငြိမ်းလိုက်ပြန်တော့ ဝေဒနာရှင်မှာ မခံသာဘူး၊ ဒါ့ကြောင့် အအေးအပူ ညီမျှပြီး ပွင့်တဲ့သဘောပါအောင် ဇာတိပ္ပိုလ်သီး ရောသွေးပြီး တိုက်ရတာကိုးကွဲ့၊ အဲဒီနေရာမှာ ကပွယ်ကို ရေစိမ်တဲ့အခါ ကြာကြာစိမ်မှ အအေးဓာတ်ရတယ်၊ တော်စွာလျော်စွာ ခဏတဖြုတ် စိမ်လို့မရဘူး" ဟု ဆရာကြီးက ပြောရာ "ကြာသလောက်တော့ ကြာပါတယ်ဆရာ၊ သို့သော်လည်း လူနာအိမ်က လုံလုံခြုံခြုံ အခန်းမရှိတော့ ကပွယ်ရေစိမ်ရတာ မလွယ်လှဘူး၊ လူသူလေးပါးမြင်လို့လည်း မတော်လှဘူးခင်ဗျ၊ ပြီးတော့ ထိုင်ပြီး

http://mmteashop.com



စိမ်နေရတာ မသက်သာလှဘူး၊ ကြာတော့ လူမမာလည်း အညောင်းမိ၊ အအေးမိဖြစ်လာတယ်" ဟု ဆရာကလေးက ပြောပြသဖြင့် "နေစမ်းပါဦး ဒါလောက် ပင်ပန်းကြီးစွာ အညောင်းမိ၊ အအေးမိဖြစ်ရလောက်အောင် ဘယ်ပုံဘယ်နည်း စိမ်လို့လဲ၊ ရေဇလုံတစ်ခုထဲထည့်ပြီး သင့်တော်တဲ့နေရာ ချထားလိုက်ရင် ပြီးတာပဲမဟုတ်လား၊ စိမ်ပုံစိမ်နည်းကို ပြောပြစမ်းပါဦး" ဟု ဆရာကြီးကမေးရာ "စောင်များကာရံပြီး ရေဇလုံတစ်ခုကို ကားယားခွကာ ဆောင့်ကြောင့်ထိုင်စိမ်ရတော့ အညောင်းမိ၊ အအေးမိနဲ့ မသက်မသာ ပင်ပန်းတာပေါ့ ဆရာကြီးရယ်" ဟု ပြောပြလိုက်ရာ၊ ဆရာကြီးက ဟက်ဟက်ပက်ပက် အားရပါးရ ရယ်မောပြီး "သြော် လက်စသတ်တော့ ငါ့တပည့် ဆေးလက်ာကို အကောက်လွဲနေတာကိုး ကပ္ပယ်ဆိုတာ အဂ္ဂိယ သမားနှင့် ရွှေပန်းထိမ်သည်များ အသုံးပြုတဲ့ ချိန်ခွင်ကို ခေါ်တယ်၊ အဲဒီ ချိန်ခွင်က ကြေးနဲ့လုပ်ထားတာ၊ ကြေးဆိုတာ အအေးဓာတ်ရှိတယ်၊ အအေးဓာတ်ရှိတဲ့ အရာဝတ္ထုကို ရေစိမ်လျှင် အဲဒီရေလည်း အေးတယ်၊ ဒါ့ကြောင့် ကပ္ပယ်စိမ်ရေနဲ့ ဇာတိပ္ဖိုလ်သီးကို သွေးတိုက်ပါလို့ ဆိုလိုတယ်ကွဲ့" ဟု ဆရာကြီးက ရှင်းပြလိုက်မှ ဆရာကလေးလည်း အမိပ္ပာယ်ပေါက်သွားပြီး "သြော်...ဒါကြောင့် လူကြီးသူမများက 'ဆရာမပြ နည်းမကျ' ဟု ပြောကြတာကိုး" ဟု ဝမ်းမြောက်စွာ ဆရာကြီးအား ပြောလိုက်လေသတည်း။

❒

http://mmteashop.com



# ဓားမဟာ ပွဲတဲ့နားက အထက်ဆုံး

ရှေးအခါက ရွာတစ်ရွာတွင် လယ်အလုပ်ဖြင့် အသက်မွေးသော လူတစ်ယောက်၌ သားသုံးယောက် ရှိသည့်အနက် သားကြီးနှင့် သားလတ်မှာ လူလည် လူမွတ်များ ဖြစ်ကြ၍ သားငယ်မှာ လူရိုးလူအေး ဖြစ်လေသည်။

ဖခင် သေဆုံးသောအခါ ငွေ ၅၀၀ဝ ကျန်ရစ်ခဲ့သည်ကို အစ်ကိုနှစ်ယောက်က ငွေ ၂၀၀ဝ စီယူကြပြီး ညီငယ်အား ၁၀၀ဝ သာ ပေး၏။ ညီငယ်မှာ အစ်ကိုများအား မိမိအညီအမျှရရှိဖို့ ပြောချင်၏။ မပြောရဲပေ။ တစ်နေ့သော် အကြံတစ်ခုရရှိကာ အစ်ကိုများရှေ့တွင် သွား၍ "အဖေက တော့ ပြောသွားတယ်၊ အဖေကတော့ ပြောသွားတယ်" ဟု ထပ်ကာ တလဲလဲ ဆိုနေလေသည်။

ထိုအခါ အစ်ကိုနှစ်ယောက်က ဖခင်သည် အငယ်ဆုံးဖြစ်သော သားငယ်ဖြစ်သည့်အတွက် ပစ္စည်းများ ရှိသည့်နေရာ ပြောသွားဟန်တူသည်ဟု တွေးတောပြီး "မင်းကို အဖေပြောသွားတာ တို့ကိုပြန်ပြောပြ၊ တို့က မင်းကို ငွေ ၅၀ဝ စီထပ်ပေးမယ်" ဟု ပြောကာ ငွေ ၅၀ဝ စီပေးကြသည်။ ညီငယ်က ငွေ ၁၀၀ဝ ရရှိလာသောအခါ "ယုံချင်ယုံ အဖေက ပြောသွားတယ်၊ ဓားမဟာ ပွဲတဲ့နားက အထက်ဆုံးတဲ့" ဟု ပြော၍ ထွက်သွားသော် အစ်ကိုနှစ်ယောက်သည် "ဆုံးပဟ တို့ ငွေ ၅၀ဝ စီ" ဟု တစ်ပြိုင်တည်း ဆိုမိကြလေတော့သည်။

❐

http://mmteashop.com



အညာကျေးလက်ပုံပြင်များ

http://mmteashop.com



# ပဟေဠိဆန်သော ဆရာကြီး

"ဟော...ဆရာကြီး ရောက်လာပါပြီလား၊ ကြွပါခင်ဗျာ ကြွပါ၊ ဆရာကတော်ကော မပါဘူးလားခင်ဗျာ၊ ကျွန်တော်တို့က လာမှလာပါ့မလားလို့ တမျှော်မျှော်နဲ့ပါ" ဟူ၍ လည်းကောင်း၊ "ဆရာကြီးခင်ဗျား၊ နက်ဖြန် အရှေ့ပိုင်း အလှူမဏ္ဍပ်မှာ ရပ်ကွက်လူကြီး ဦးသာဗျောတို့ ဦးဘိုးလူတို့နဲ့အတူ စင်မြင့်ကဩ်ခံဖို့ ဆက်ဆက်ကြွခဲ့ပါခင်ဗျာ" ဟူ၍ လည်းကောင်း၊ "လပြည့်နေ့ည ဈေးပိုင်း ကုသိုလ်တော် ဘုရားကိုးဆူ ပူဇော်ပွဲမှာ ဈေးရပ် ဝတ်ရွတ်စဉ်အသင်းနဲ့ ဆရာကြီး တစ်ပါတည်း ကြွပါခင်ဗျာ နော်" ဟူ၍ လည်းကောင်း၊ မြို့မအလယ်ရပ်နှင့် ဈေးပိုင်းရပ်တို့တွင် အလှန်လူသိများ၍ မပါလျှင် မဖြစ်သလောက် ဆရာကြီးက ရေပန်းစားနေသည်။

နယ်တွင် အခြေအနေအရပ်ရပ် မငြိမ်သက်မအေးချမ်း၍ ဆရာကြီးတို့မိသားစု မြို့သို့ ပြောင်းရွှေ့လာကြပြီး ဆရာကြီး၏ ဇနီးနှင့် သမီးနှစ်ယောက်တို့က ကုန်စုံဆိုင်ကလေးဖွင့်ကာ ရောင်းဝယ် လုပ်ကိုင်ကြ

http://mmteashop.com



လျက် ဆရာကြီးကမူ ငါးရာ့ငါးဆယ်နိပါတ်တော် စာအုပ်ကြီးနှင့် သင်္ဂြိုဟ် ပါဠိများကို စာအုပ်ကိုင်လိုက်၊ အာဂုံရွတ်လိုက်ဖြင့် ရပ်ရွာကိစ္စများတွင် စီမံ ခန့်ခွဲ ဆရာလုပ်နေလေ့ရှိသော ဆရာကြီးမိသားစု ဖြစ်သည်။

မြို့နှင့် ဆရာကြီးတို့၏ သပြေသာရွာမှာ မိုင် ၂၀ ကျော်မျှ ဝေးသည်။ မော်တော်လော်ရီကားများဖြင့် ကူးသန်းသွားလာ ရောင်းဝယ် ကြရသည်။ ဆရာကြီးကမူ မြို့နှင့် နေရင်းဇာတိရွာ မကြာမကြာ ကူးနေ သည်။ မကူး၍လည်းမဖြစ်၊ မကြာခဏဆိုသလို ရွာသားများ ဆရာကြီးထံ လာပြီး ခေါ်ကြ၊ ပင့်ကြသောကြောင့် လွယ်အိတ်ညိုကလေးနှင့် မမြင်ရ သော လေးတွဲ့တွဲ့ ပစ္စည်းများထည့်ကာ နေ့ချင်းပြန်လိုက်၊ တစ်ညနှစ်ည အိပ်လိုက်နှင့် သွားနေရသည်။

ဘာရယ်ဟူ၍တော့ မသိရ၊ ဆရာကတော်ဟု အရပ်က ခေါ်ကြ သည့် ၎င်း၏ဇနီးက "ဆရာကြီး၊ ဆရာကြီး" ဟု တစ်ဆရာကြီးတည်း ကြီးကာ ခေါ်ဝေါ် ပြောဆို သုံးနှုန်း ဆက်ဆံနေသောကြောင့် ကြာသော် ပတ်ဝန်းကျင် အိမ်နီးချင်းများက နားယဉ်၍ သူ့ဇနီးခေါ်သည့်အတိုင်း လိုက်ခေါ်ကြရာမှ တစ်ရပ်ကွက်လုံးက ဆရာကြီး မိတ်ဆွေသစ်များကလည်း ဆရာကြီးဟူ၍ သံယောင်သံထပ် လိုက်ကာခေါ်ကြသည်။

ဆရာကြီးက သဘောကောင်းသည်။ စေတနာလည်း ကောင်း သည်။ ရပ်ကွက်အတွင်း အလှူမင်္ဂလာဆောင်၊ ဘုရားကိုးဆူ၊ ကထိန်ပွဲများ ဆိုပါက သူတတ်နိုင်ရာဘက်က စိတ်ရောကိုယ်ပါ ဆောင်ရွက်သည်။ ၎င်း ပြင် ကိုယ်တိုင်က လုပ်သကဲ့သို့ သူများကိုလည်း အရာရာ စီမံခန့်ခွဲလေ့၊ ဆရာလုပ်လေ့ ရှိသည်။ အများကလည်း ဆရာဟူသော ဝေါဟာရကြောင့် တစ်ကြောင်း၊ ခင်မင်ကြ၍ တစ်ကြောင်း ဆရာလုပ်သည်ကို စိတ်မဆိုးကြ၊ ကျေကျေနပ်နပ်ပင် လုပ်ကြကိုင်ကြ နာခံကြသည်သာဖြစ်သည်။

အချို့သော မိတ်ဆွေသစ်များကမူ ဆရာကြီးဆိုသူမှာ ဘယ်လို ဆရာလဲဟု သိချင်လာကြသည်။ စနည်းနာလာကြသည်။ မြန်မာ သမား တော် ဆေးဆရာကြီးလား၊ ဝင်းဂိုဏ်း၊ မဟိဒ္ဓိဂိုဏ်း၊ ငါးမျက်နှာဂိုဏ်းဝင်

http://mmteashop.com



ဆရာကြီးလား၊ ပင်စင်အငြိမ်းစား ကျောင်းဆရာကြီးလား၊ ပန်းချီဆရာကြီး လား၊ လက်သမားဗိသုကာ ဆရာကြီးလား၊ အဘိဓမ္မာသင်္ဂြိုဟ်ဆရာကြီး လား စသော လားပေါင်းများစွာဖြင့် ဆရာကြီး၏ နာမဝိသေသနကို ခွဲခြား သိလိုလာကြသည်။

သို့ရာတွင် အများခေါ်ကြသော "ဆရာကြီး" ဟူသည့် ဝေါဟာရ အမည်နာမမှလွဲ၍ မသိကြ၊ စုံစမ်းစနည်းနာ၍မရကြ ဖြစ်နေသည်။ မိမိတို့ မြို့မဈေးရပ်ကွက် ဇာတိမဟုတ်၍လည်း ရတ်တရက်မသိနိုင် ဖြစ်နေကြ သည်။ ဆရာတော့ ဧကန္တ ဆရာတစ်ခုခုပဲ၊ ဂုဏ်သိက္ခာမလိုချင်လို့ လျှို့ဝှက် ထားသလား၊ ဒီပြင်အကြောင်းတစ်ခုခုကြောင့်သာ နေမှာပါ၊ ဆရာဆိုတာ တော့ ဟုတ်မှာပါပဲ စသည်ဖြင့်လည်း မှတ်ချက်ချကြသည်။

သို့ဖြင့် အထူးစုံစမ်းခြင်း၊ စနည်းနာခြင်း မပြုကြတော့ဘဲ မူလ အ တိုင်း ခပ်အေးအေးပင် နေကြသည်။ သို့ရာတွင် မမျှော်လင့်ဘဲ ရုတ်တရက် ရှောင်တခင်ပေါ်လာသော ဖြစ်ရပ်တစ်ခုကြောင့် ဆရာကြီး နာမဝိဝါဒ ကွဲပါ လေတော့သည်။

သူ၏ စေတနာအလျောက် ခင်မင်လေးစားသူ များသောကြောင့် သူ၏အဖြစ်နှင့်တကွ ကျန်ရစ်သူ ဆရာကတော်နှင့် သမီးများကိုပါ များစွာ သနားကြသည်၊ စာနာကြသည်။ ဤသို့ မဖြစ်မီကပင် ဆေးဆရာ၊ ဓာတ် ဆရာ မဟုတ်သည်ကိုတော့ သိကြပေပြီ။

ဆရာကြီး၏ ရှောင်တခင်ဖြစ်ရပ်မှာ ရွာသို့ အလုပ်ကိစ္စအတွက် သွားရာမှ ဘုရားပွဲတစ်ခုနှင့်ပါ ကြုံနေသဖြင့် ၃ ညအိပ်ကြာမှ ပြန်လာရ သည်။ ရွာတွင် အစားမျိုးစုံကာ မှားခဲ့၍လော၊ မိုးခေါင်၍ နေပူပူမှာ ရေချိုး မှားခဲ့၍လော မသိ၊ ပြန်ရောက်ပြီး နောက်တစ်ရက်တွင် ဖျားသည်ဟုဆိုကာ အိပ်ရာထဲလဲရာမှ ပေါ့ပေါ့ထင်ကာ ဆေးမြီးတိုများနှင့် ကုသရင်း သေဆုံး သွားရခြင်း ဖြစ်လေသည်။

ထိုကြောင့် သူ့ပရိသတ်အားလုံးက ကရုဏာသက်ကြခြင်း ဖြစ် လေသည်။ သို့ကရုဏာသက်ကြစဉ်မှာပင် သူ၏တစ်သက်တာ ပဟေဠိဆန်

http://mmteashop.com



လှသော နာမဝိသေသနမပါသည့် "ဆရာကြီး" ဝေါဟာရကိုလည်း သိကြပေတော့သည်။ သိကြရပုံမှာလည်း . . .

"အမယ်လေး ဆရာကြီးရဲ့၊ ဘယ်သူ့ကိုယုံလို့ ပုံခဲ့တာတုံးတော့၊ ကျုပ်တို့ သားအမိတွေကို ဒီလိုပဲ ထားခဲ့တော့မှာလားတော့၊ ဆရာကြီး မရှိရင် ရွာကနွားသိုးတွေကို ဘယ်သူဆုံးမပေး၊ သင်းပေး၊ ပိုက်ပေးမှာတုံးတော့၊ ကျုပ်တူ သာအေးနှင့် ခွေးညိုတို့ နွားကလေးတွေမှ သင်း မပေးခဲ့တော့ဘူးလား ဆရာကြီးရဲ့" စသည်ဖြင့် ဖွဲ့ကာ နွဲ့ကာ သေသူ၏ ဂုဏ်ပုဒ်တွေကို ဖော်ကာ ငိုလေသောကြောင့် "ဪ – အင်း လက်စသတ်တော့ ဒီ ဆရာကြီးကိုး" ဟု သိကြရခြင်းဖြစ်ပေသည်။

❒

http://mmteashop.com



# ဆရာဘုန်းကြီး၏ မှတ်စုစာအုပ်

ရှေးသရောအခါ အထက် အညာရွာတစ်ရွာတွင် ပညာ ဗဟုသုတ မျိုးစုံကို လိုက်စားသော ဘုန်းတော်ကြီးတစ်ပါး ရှိလေသည်။ ထို ဘုန်းတော်ကြီးသည် မိမိကျောင်းသို့ ရောက်ရှိလာသော ရဟန်းရှင်လူအပေါင်းတို့အား မေးမြန်း၍ သတင်းထူးသတင်းဆန်းရှိက မိမိမှတ်စုစာအုပ်ကြီးတွင် ရေးမှတ်ထားလေသည်။

တစ်နေ့သ၌ ထိုဘုန်းတော်ကြီးကျောင်းသို့ ဒကာတစ်ဦး ရောက်ရှိလာရာ အာလာပ သလ္လာပ ပြောဆိုပြီးနောက် ဗဟုသုတ ဝါသနာကြီးလှသော ဘုန်းတော်ကြီးက "ဒကာက ဘယ်အရပ်ကပါလဲ၊ ဒကာ့နာမည်က ဘယ်လိုခေါ်ပါသလဲ၊ အလုပ်အကိုင်ကကော ဘာများ လုပ်ကိုင်ပါသလဲ" ဟု တစ်သီတစ်တန်းကြီး မေးလိုက်ရာ၊ ဒကာက "တပည့်တော်က ပြည်စိုးကြီးပါဘုရား၊ တပည့်တော် နာမည်ကတော့ လှေထွားပါတဲ့၊ အလုပ်အကိုင်ကတော့ သားရိုးသမင်ချိုပါဘုရား" ဟု လျှောက်ထားရာ ဗဟုသုတ

http://mmteashop.com



ဝါသနာကြီးလှသော ဘုန်းတော်ကြီးက မှတ်စုစာအုပ်တွင် "ပြည်စိုးကြီးသား ငလူထွား သားရိုးသမင်ချို" ဟု ရေးမှတ်ထားလေ၏။

နောက်တစ်နေ့ ရွာထဲ၌ အလှူရှိ၍ သီလပေးလေရာ၊ ဒကာများက "ဆရာတော်မှာ မေ့တတ်လွန်း၍ ဒုတိယမ္ပိ တတိယမ္ပိ မပါပါဘုရား၊ မှတ်စုစာအုပ်ထဲတွင် ရေးမှတ်ထားလျှင် ကောင်းပါမည်ဘုရား" ဟု လျှောက်ထားပြန်ရာ၊ သားရိုးသမင်ချိုစာပိုဒ်နှင့် ဆက်၍ "ဒုတိယမ္ပိ ဆက်၍ဆို" ဟု ရေးမှတ်ထားပြန်လေ၏။

နောက်တစ်နေ့ ဒကာနှစ်ယောက် ရောက်လာပြန်ရာ ရှေးအတိုင်း "ဒကာတို့ဘယ်ကပါလဲ၊ ဒကာတို့အရပ်မှာ ဘာသတင်းထူးများ ပါရှိသလဲ" ဟု မေးပြန်ရာ၊ ပထမဒကာက "တပည့်တော် ရေစကြိုကပါဘုရား၊ တပည့်တော်တို့အရပ်မှာ သတင်းထူးတာကတော့ မိသာအေးဆိုတဲ့ ဒကာမ တစ်ယောက်ဟာ ကလေးသုံးယောက်တောင်မှ မွေးပါသတဲ့ဘုရား" ဟု လျှောက်ထားလေ၏။

ဒုတိယဒကာက လျှောက်ပြန်သည်မှာ "တပည့်တော်က ကလေးဝကပါဘုရား၊ တပည့်တော်တို့အရပ်မှာ သတင်းထူးတာကတော့ မိသီဒါဆိုတဲ့ ဒကာမတစ်ယောက်ဟာ ဆံပင်သုံးတောင်ထွာ ရှည်ပါသတဲ့ဘုရား" ဟု လျှောက်ထားပြန်ရာ၊ ဘုန်းတော်ကြီးက မှတ်စုစာအုပ်တွင် ဒုတိယမ္ပိ တတိယမ္ပိ ဆက်၍ဆိုနှင့် ဆက်လျက် "ရေစကြိုက မိသာအေး ကလေးသုံးယောက်မွေး၊ ကလေးဝက မိသီဒါ ဆံပင်သုံးထောင့်ထွာ" ဟု ရေးမှတ်ထားလေသည်။

နောက်များမကြာမီ ဘုန်းတော်ကြီး ပျံလွန်တော်မူရာ ဘုန်းတော်ကြီး ဗဟုသုတ လိုက်စားမှန်းကို သိကြသော တပည့် ဒကာ ရဟန်း သာမဏေတို့က ဗဟုသုတ ရေးမှတ်ထားသော စာအုပ်ကြီးတွင် ကောင်းနိုးရာရာကို ရေးမှတ်ယူကြလေသည်။ ထိုအထဲတွင် ဦးပဥ္ဇင်းကြီးတစ်ပါးက ဘုရားရှိခိုးထင်မှတ်၍ ဆရာတော်၏ မှတ်စုစာအုပ်ထဲမှ ကူးယူကျက်မှတ်ပြီးလျှင် ည နံနက် ဝတ်တက် ဝတ်ကပ်အချိန်တွင် "ပြည်စိုးကြီးသား ငလူ

http://mmteashop.com



ထွား သားရိုးသမင်ချို၊ ဒုတိယမ္ဗိ တတိယမ္ဗိ ဆက်၍ဆို၊ ရေစကြိုက မိသာအေး ကလေးသုံးယောက်မွေး၊ ကလေးဝက မိသီဒါ ဆံပင် သုံးတောင့် ထွာ၊ ဩကာသ ဩကာသ” ဟု ရွတ်ဖတ်သရဇ္ဈာယ် နေလေတော့သည် ဟူ၏။

http://mmteashop.com



အညာကျေးလက်ပုံပြင်များ

http://mmteashop.com



# ဖိုးဆိတ်နှင့် မယ်ခ

လွန်ခဲ့သည့် အနှစ် ၆၀ ခန့်က အညာတောရွာတစ်ရွာတွင် အလွန်ရိုးသော ဖိုးဆိတ်နှင့် မယ်ခဆိုသူနှစ်ဦးရှိ၏။ ဖိုးဆိတ်နှင့် မယ်ခတို့မှာ အလွန်ရိုးသည့်အပြင် လူကြီးများပြောသမျှကို အဟုတ်ထင်မှတ် ယုံကြည်တတ်ကြသူများလည်း ဖြစ်ကြလေသည်။

ဖိုးဆိတ်မှာ အသားဖြူစပ်စပ်ရှိသူဖြစ်သဖြင့် သူငယ်ချင်းများက မျောက်ဖြူဟု နောက်ပြောင်ခေါ်ဝေါ်ခြင်း ခံရလေသည်။ သို့နှင့် သူတို့နှစ်ဦး အရွယ်ရောက်သောအခါ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စုံမက်ကြပြီး နီးစပ်ရာ ဆွေမျိုးသားချင်းများက စီမံ လက်ထပ်ပေးလိုက်ကြလေသည်။ ၎င်းတို့ လက်ထပ်ပွဲသို့ လာရောက်ကြသူများထဲတွင် ပစ္စည်းဥစ္စာ ကြွယ်ဝပြီး ရွာအတွင်း၌ သြဇာရှိသော ဦးလူဖိုးလည်း ပါရှိသည်။ ဦးလူဖိုးသည် လူငယ်လူရွယ်များကို ယုတ္တိရှိအောင် နောက်ပြောင်တတ်သူဖြစ်သည်။ လက်ထပ်ပွဲမှပြန်ကာနီးတွင် ဦးလူဖိုးက အမှတ်တမဲ့ ဖိုးဆိတ်နားကပ်၍ "မင်းမိန်းမ မသိအောင် တိတ်တိတ် ငါ့ဆီလာခဲ့ဦး" ဟု ကပ်မှာသွားလေ၏။

http://mmteashop.com



လက်ထပ်ပွဲပြီးသောအခါ ဖိုးဆိတ်မှာ ဦးလူဖီးကိုယ်တိုင် ကပ်၍မှာသွားခြင်းသည် တစ်ခုခုတော့ဖြစ်မည်ဟု ယူဆ၍ မယ်ခမသိအောင် ဦးလူဖီးထံသွားလေ၏။ ဖိုးဆိတ်ရောက်လျှင် ရောက်ချင်းပင် ဦးလူဖီးက ဆီး၍–

"ဖိုးဆိတ်ရာ မင်းတော့ ငါမပြောချင်ဘူး၊ မိုက်ပဲမိုက်ရန်ကော၊ မင်း ဒီမိန်းမယူမယ်ဆို စောစောကတည်းက တို့ကို တိုင်ပင်ဖို့ကောင်းတာပေါ့ကွ၊ ဒါပေမဲ့ ခုမှတော့ မထူးပါဘူး၊ ညားပြီးပြီပဲဟာ၊ တို့လည်း ဖျက်လို့မကောင်းပါဘူး၊ အေး,တစ်ခုတော့ရှိတယ်၊ မင်းသိအောင်လို့တော့ ပြောရဦးမယ်၊ ဒီကောင်မလေးက ရိုးတော့ ရိုးရှာပါတယ်ကွာ၊ ဒါပေမဲ့ သူက ကဝေကွ ကဝေမ၊ မင်းမယုံရင် သူအိပ်တဲ့အခါ သူ့ဆံပင်ကို ဖြေကြည့်၊ ခေါင်းပေါ်မှာ အမောက် ခပ်သေးသေးကလေးတစ်ခု တွေ့ရလိမ့်မယ်၊ အဲဒါမင်း ကြပ်ကြပ်သတိထားပေါ့၊ ကဝေဆိုတာမျိုးက စိတ်ဖောက်လာရင် အူအသဲတွေ စားတတ်တယ်၊ အရေးကြီးတာက မင်း သူ့အရင်များ ဘယ်တော့မှ မအိပ်လေနဲ့၊ အကင်းပါးကွ" ဟု ပြောလွှတ်လိုက်လေ၏။

တစ်ဖန် အရပ်ထဲက မိန်းမတစ်ယောက်ကို ခေါ်၍ မယ်ခကို ဖိုဆိတ်မသိအောင် လက်တို့ခေါ်ခဲ့ရန် ဦးလူဖီးက မှာလိုက်လေ၏။ မယ်ခလည်း သူ့ကို ဦးလူဖီးက ဖိုးဆိတ်မသိအောင် လာခဲ့ဟု မှာခြင်းမှာ ကိစ္စထူး၍ပင်ဖြစ်ရမည်ဟု အောက်မေ့၍ ဖိုးဆိတ်အလစ်တွင် တိတ်တဆိတ်ထွက်လာခဲ့၏။ ဦးလူဖီးအိမ်ထဲသို့ မယ်ခရောက်သည်ဆိုလျှင်ပင် ဦးလူဖီးက ဆီး၍ "ဟဲ့ မယ်ခ နင့်နယ်နော် အ,လိုက်တာလွန်ရောပဲ၊ နင် ဖိုးဆိတ်ကို ယူမယ်ဆိုရင်၊ တို့ကို တိုင်ပင်ဖို့ကောင်းတယ်၊ ခုမှတော့ လွန်ကုန်ပြီ၊ လွန်ပြီးမှတော့လည်း တို့က မကွဲစေချင်ပါဘူး။ ဒါပေမဲ့ ငါတူမသိအောင်တော့ သတိပေးထားရဦးမယ်။ ဒီမယ်ကွဲ့ မယ်ခ၊ နင် ဖိုးဆိတ်အကြောင်း နည်းနည်းမှမသိဘူးလား" ဟု မေးလိုက်သည်တွင် မယ်ခက–

"မသိဘူးဦးလေးရဲ့" ဟု ဖြေသည်။ ထိုအခါ ဦးလူဖီးက ဆက်၍ အေး ဒါဖြင့် ငါ့တူမသိရအောင် ဦးလေးဖီးပြောပြမယ်၊ ဒီလိုကွဲ့ မယ်ခရဲ့၊ ဒီ ဖိုးဆိတ်ဆိုတဲ့ အကောင်ဟာ လူအစစ်မဟုတ်ဘူး၊ လူမျောက်ဟ

http://mmteashop.com



လူမျောက်၊ နင်သာမသိလို့၊ သူ့သူငယ်ချင်းတွေကတောင် သူ့ကိုမျောက်ဖြူ မျောက်ဖြူနဲ့ ခေါ်နေကြတာ နင်မကြားဖူးဘူးလား၊ ဒီကောင် မျောက်စိတ် ဝင်လာတဲ့အခါ နင့်ခေါင်းဖြီးပြီး သန်းနှိုက်တတ်တယ်၊ နောက်ပြီး မျောက်များ သန်းတွင်းနှိုက်ရင် သေတတ်တယ်ဟ၊ နင်သတိထား၊ သူ့အရင်များ ယောင်လို့မှ အိပ်မပျော်လေနဲ့၊ နင် ငါပြောတာမယုံရင် သူ့ဖင်စမ်းကြည့်၊ အမြီးငေါက်တောက်ပေါက်နေတာ တွေ့လိမ့်မယ်။ ကိုင်းကိုင်း ငါတူမ သွားတော့" ဟု ခပ်တည်တည်ပြောလွှတ်လိုက်ရာ မယ်ခမျာ စိတ်လက် မသက်မသာနှင့် အိမ်သို့ပြန်ခဲ့လေ၏။

အိမ်ရောက်သောအခါ မယ်ခသည် ဖိုးဆိတ်အနား ပူးပူးကပ်ကပ် မနေရဲဘဲရှိလေ၏။ ဖိုးဆိတ်မှာလည်း မယ်ခအား အရောဝင်ခြင်းမရှိဘဲ ခပ်ခွာခွာ ဣန္ဒြေနှင့် နေလေသည်။ ညရောက်၍ အိပ်ချိန်တိုင်သောအခါ နှစ်ဦးစလုံး တစ်ဦးကိုတစ်ဦး အကဲခပ်နေကြကာ မအိပ်ရဲဘဲရှိ၏။ ညဥ့်နက် သောအခါ ဖိုးဆိတ်က "ဒီကောင်မအကြောင်းသိရအောင် အိပ်ချင်ဟန် ဆောင်နေမှ" ဟု တွေး၍ အိပ်ရာထဲဝင်ပြီး အိပ်ပျော်ဟန်ဆောင်ကာ ပါးစပ် က ဟောက်သံပေးလိုက်သည်။ ဤတွင် မယ်ခက 'ဦးလေးဖိုးပြောတာ ဟုတ်မဟုတ် သိရအောင်ကြံမှ" ဟု တွေး၍ ဖိုးဆိတ်မသိအောင် အသာ လေး ကပ်သွားပြီး ဖိုးဆိတ်ဖင်ကို စမ်းကြည့်ရာ ဖိုးဆိတ်က "အံမာ, နင့်လောက်ပါးလို့တော့ ဘာရမလဲ" ဟု ပြော၍ အမြန်ပင် မယ်ခ၏ ခေါင်းကိုဆွဲ၍ အမောက် ရှာစမ်းလေရာ သူတို့နှစ်ဦးစလုံး တစ်ဦးကိုတစ်ဦး အနိုက်မခံရအောင် လုံးထွေးသတ်ပုတ်ကြသဖြင့် တဝုန်းဝုန်း တဒိုင်းဒိုင်း ဆူညံနေလေ၏။

ဤတွင် အိမ်နီးနားချင်းများ နိုးလာကြပြီး ဝိုင်းဝန်း ဖျန်ဖြေ မေးမြန်းကြရာ နှစ်ဦးစလုံး တော်တော်နှင့် မဖြေနိုင်ကြဘဲ မောနေကြလေ သည်။ ဖြန်ဖြေသူများက အတန်တန်မေးသည်တွင်မှ ဖိုးဆိတ်က "ဒီ ကောင်မဟာ ကဝေမဗျ ကဝေမ၊ သူ့ခေါင်းထဲက အမောက်တော့ အစမ်း မခံဘူး၊ သူ့လောက်ပါးလို့တော့ ဘာရမလဲ" ဟု ရန်ထောင်ပြလိုက်ရာ ...

http://mmteashop.com



မယ်ခကလည်း "နင်ကလား ငါ့ကိုကဝေဆိုတာ၊ နင်က လူမျောက်ဟဲ့လူမျောက်၊ ဒါကြောင့် နင့်တင်ပါးကအမြီးကို အစမ်းမခံတာ၊ ငါကဝေမဟုတ်ဘူးဟဲ့ လူလူ၊ ဟောဒီမှာ အားလုံးကြည့်ကြပါတော့" ဟု ကြက်ခေါင်းဆိတ်မခံ ပြန်ပြောပြီး ဦးခေါင်းမှ ဆံပင်အားလုံးကို ဖြန့်ပြလိုက်သည်။

ဖိုးဆိတ်ကလည်း ချက်ချင်းပင်ပြန်၍ "ငါလည်း လူဟ လူလူ၊ ဘယ်မှာအမြီးပါလို့လဲ၊ မယုံရင် အားလုံးကြည့်ကြပါဗျို့" ဟု ပြောကာ တင်ပါးလှန်ပြလိုက်လေသည်။ ဖျန်ဖြေသူများမှာ အူတက်မတတ် ရယ်မောကြပြီး နှစ်ဦးစလုံးကို 'ဒီအကြောင်းတွေ ဘယ်က ကြားကြတာလဲ" ဟု ဝိုင်းဝန်းမေးကြရာ နှစ်ဦးစလုံးကပင် "ဦးလေးဖီးပြောပြလို့ သိရတာပေါ့" ဟု ဖြေကြားလိုက်ကြသည်။ ဤတွင်မှ အရပ်လူကြီးများမှာ ရယ်၍မဆုံးဖြစ်ကြပြီး "မင်းတို့တော့ ဦးလူဖီးလက်ချက် မိသွားပြီ" ဟု ဦးလူဖီးကိုပါခေါ်၍ ဝိုင်းဝန်း ရှင်းပြလိုက်မှ နှစ်ဦးစလုံး ကျေနပ်သွားကြပြီး အသက်ထက်ဆုံး ပျော်ရွှင်စွာ နေထိုင်ကြလေသတည်း။

❒

# ဘိုးသူတော် အကြံတတ်၍ ပုဂံသံညှပ် ကွယ်ရသည်

ရှေးသရောအခါ ပုဂံပြည်တွင် အလွန်တရားစောင့်သော ဓမ္မာ အမည်ရှိသော မင်းသည် မင်းပြုလေသည်။ ထိုမင်းသည် တိုင်းသူပြည်သား တို့အား တရားနှင့်အညီ စိုးမိုးအုပ်ချုပ်သောကြောင့် သူ၏ တန်ခိုးအာနုဘော် သည် သိကြားမင်း၏ ဘုံဗိမာန်ကို တုန်လှုပ်စေသည်။ ထိုအခါ သိကြားမင်း က ငါ၏ ဘုံဗိမာန်ကို တုန်လှုပ်စေသောသူကား အဘယ်သူနည်းဟု စုံစမ်း ဆင်ခြင်သည်ရှိသော် ပုဂံပြည်၌ ဓမ္မာအမည်ရှိ မင်းကိုမြင်၍ သိကြားမင်းက ကြံစည်သည်မှာ ဤမင်းသည် တိုင်းသူပြည်သားတို့အား တရားနှင့်အညီ အုပ်ချုပ်စိုးမိုးသောကြောင့် လျစ်လျူရှုနေခြင်းငှာ မသင့်ဟု ကြံပြီးလျှင် တရား စီရင်ရာ၌ အလွန်တရာ တိကျမှန်ကန်စေခြင်းငှာ တရားမှန်ကို ပြသော သံညှပ်တစ်ခု ဆက်သလေသည်။ ထိုသံညှပ်သည် လိမ်လည် လှည့်ဖြား မတရားသောသူများကို ညှပ်ပြ၍ တရားသောသူများကို ဘယ်အခါမှ မညှပ် ဟု ဆို၏။

http://mmteashop.com



ထိုအချိန်အခါတွင် တစ်ခုသောအရပ် ဇရပ်ပျက်တစ်ခုပေါ်၌ အင်္ဂရိတ်အလုပ်ကို ကြိုးစားအားထုတ်နေသော ဘိုးသူတော်တစ်ယောက်၌ ဆွမ်းကွမ်းအတွက် အားထားရသော ဒါယိကာမတစ်ယောက် ရှိလေသည်။ တစ်နေ့သ၌ ထိုဒါယိကာမကြီးသည် ဘိုးသူတော်ကို အလွန်လေးစား ယုံကြည်သောကြောင့် မိမိစုဆောင်းထားသော ရွှေတစ်ပိဿာကို ဘိုးသူတော် ထံ၌ အပ်နှံထားလေ၏။

နေ့ရက်ကြာမြင့်သောအခါ ထိုဒါယိကာမကြီး၏ သားသမီးတို့က ဒါယိကာမကြီးထံ အမွေတောင်းကြ၏။ ထိုအခါ ဒါယိကာမကြီးက ဘိုးသူတော် ထံသို့ သွားပြီးလျှင် "ဦးသူတော် ကျွန်မအပ်နှံထားသော ရွှေတစ်ပိဿာ ကိုပေးပါ၊ သားသမီးတို့အား အမွေခွဲဝေပေးလိုပါသည်" ဟု တောင်းလေ ၏။ ထိုအခါ ဘိုးသူတော်က "သင် ငါ့ထံမအပ်ပါဘူး၊ သင့်ရွှေတစ်ပိဿာ ကို ငါမယူရပါဘူး" ဟု ငြင်းဆိုလေရာ ဒါယိကာမကြီးက မကျေနပ်၍ တရားရုံးတော်၌ တရားစွဲဆိုလေသည်။ ထိုအခါ ရုံးမင်းက စစ်ဆေးရန် ရက်ကို ချိန်းဆိုလေ၏။ ချိန်းဆိုသည့်နေ့သို့ ရောက်သောအခါ ဘိုးသူတော် သည် မိမိယူထားသော ရွှေတစ်ပိဿာကို အတောင့်ပြုလုပ်လျက် အမြဲကိုင်စွဲ သွားလာနေသော တောင်ဝှေးအတွင်းတွင် လုံခြုံစွာထည့်ပြီး တရားရုံးတော် သို့ သွားလေ၏။

တရားရုံးတော်သို့ရောက်၍ စစ်ဆေးရန်အချိန်သို့ ရောက်သော အခါ ရုံးမင်းက တရားမှန်မမှန်ကို စစ်ဆေးလို၍ ရှေးဦးစွာ ဒါယိကာမကြီး ကို သံ့ညှပ်ထဲသို့ ဝင်စေလေ၏။ ဒါယိကာမကြီးသည် တရားသောကြောင့် သံ့ညှပ်က မညှပ်ဘဲရှိလေ၏။ ဘိုးသူတော်အလှည့်သို့ ရောက်သောအခါ ရုံးမင်းက "ဘိုးသူတော်ဝင်ပါ" ဟု ဆိုရာ ဘိုးသူတော်က ဉာဏ်များပြီး ဒါယိကာမကြီးထံသို့ သွားပြီးလျှင် "ခက်တာပဲ သီလသမာဓိနှင့် ဘိုးသူတော် လုပ်နေတာ ခုမှပဲ သင်ကတရားစွဲလို့ ပရိသတ်အလယ်မှာ ငါ အရှက် ကွဲရတယ်၊ ဤလိုလုပ်လိုက်တာ မကောင်းပါဘူး၊ ဒါယိကာမကြီးရယ်" ဟု ပြောဆို၍ "ရော့ တောင်ဝှေးယူထား ငါဝင်လိုက်မယ်" ဆိုပြီး ရွှေပါသော

http://mmteashop.com



တောင်ဝှေးကိုပေးခဲ့ပြီး သံညှပ်ထဲသို့ ဝင်သွားရာ သံညှပ်ကလည်း ပိုင်ရှင်အား ရွှေကိုပေးခဲ့ပြီးဖြစ်၍ မညှပ်နိုင်တော့ပေ။ ဘိုးသူတော်လည်း သံညှပ်ထဲမှ ထွက်လာပြီး "ဘယ်မှာလဲ ငါယူတာ သံညှပ်တောင် မညှပ်နိုင်တာ မမြင်ဘူးလား၊ ငါ့တောင်ဝှေးကိုပေး" ဟု ဆိုပြီး ရွှေပါသည့် တောင်ဝှေးကို ယူပြီး ထွက်သွားလေ၏။

ဤအကြောင်းကို သိကြားမင်းက သိသောအခါ "ဤအတိုင်းသာ ငါ့သံညှပ်ကို ဆက်လက်ထားခဲ့ပါလျှင် ငါသိကြားပင် နာမည်ပျက်ရချည်ရဲ့" ဟု ဆိုပြီး သံညှပ်ကို ကွယ်ပစ်လိုက်လေသည်။

ထိုအခါမှစ၍ "ဘိုးသူတော် အကြံတတ်၍ ပုဂံသံညှပ် ကွယ်ရသည်" ဟူသော စကားပုံ ဖြစ်လာလေသတည်း။

❐

http://mmteashop.com



# ကံတူ ဘဝတူ

ဟိုတုန်းက မင်းနေပြည်မြို့တစ်မြို့တွင် တောင်ပြင်သူဌေးနှင့် မြောက်ပြင်သူဌေးဟူ၍ ရှိကြ၏။ သူဌေးများမှာ ငယ်သူငယ်ချင်းများ ဖြစ်ကြသည့်အတိုင်း တစ်ဦးနှင့်တစ်ဦး မည်သူက သားမွေးမွေး၊ မည်သူက သမီးမွေးမွေး လက်ထပ်ထိမ်းမြားကြစတမ်းဟု ကတိထားရှိကြလေ၏။

တစ်နေ့သောအခါ တောင်ပြင်သူဌေးက သားယောကျ်ားကလေး ဖွားမြင်ပြီး မြောက်ပြင်သူဌေးက သမီးမိန်းကလေး ဖွားမြင်၏။ သို့ရာတွင် ကလေးနှစ်ယောက်လုံးမှာ နှုတ်ခမ်းပြတ်သူချည်း ဖြစ်နေသောကြောင့် စကားပြောသည့်အခါ မပီရှာကြပေ။

သူတို့နှစ်ယောက် အချိန်အရွယ်ရောက်သည့်အခါ နှစ်ဦးသဘောတူညမှာ လက်ထပ်ဖို့ စီစဉ်ကြ၏။ တစ်ယောက်အကြောင်း တစ်ယောက် ဘာမှမသိကြ၊ နေ့မှာလက်ထပ်လျှင် ယောကျ်ားကလေးကလည်း သူ့နှုတ်ခမ်းကို မိန်းကလေးမြင်သွားလျှင် ခက်ရချည့်၊ မိန်းကလေးကလည်း ယောကျ်ား

http://mmteashop.com



ကလေးမြင်သွားလျှင် ခက်ရချည့်ဟုဆိုပြီး ကိုယ့်အကြံနှင့်ကိုယ် ညအချိန်တွင် လက်ထပ်ဖို့ သဘောတူခြင်းဖြစ်၏။

ဤသို့နှင့် မင်္ဂလာပွဲညမှာ သတို့သမီးနှင့် သတို့သားတို့ ထမင်းလက်ဆုံစားကြရာတွင် ၂ ဦးစလုံး ခေါင်းငုံ့ပြီး စားကြ၏။ သူတို့ ထမင်းပွဲမှာပါသည့် ဟင်းချိုက တော်တော်ပူ၏။ ဟင်းချိုပူမှန်း မသိသောကြောင့် သတို့သမီးက ဇွန်းနှင့် ခပ်သောက်လိုက်၏။ သတို့သမီးက "ဟင်းချိုက ပူလိုက်တာ" ဟု ပြောသည်မှာ မပီသောကြောင့် "ဟင်းချိုက ဝူလိုက်တာ" ဟူ၍ ဖြစ်သွားတော့၏။ ယောက်ျားကလေးက တစ်ခါ "ပူရင် မှုတ်သောက်ပေါ့" ဟု ပြောရာတွင် မပီသဖြင့် "ဝူရင် ဝုတ်သောက်" ဖြစ်သွားလေ၏။

ဤသို့ဖြင့် တစ်ဦးနှင့်တစ်ဦး ကံတူအကျိုးပေး ဘဝတူချင်းမှန်းသိကြပြီး ချစ်ခင်ကြင်နာစွာ ပေါင်းသင်းနေထိုင်ကြသောဟူ၏။

❒

http://mmteashop.com



အညာကျေးလက်ပုံပြင်များ

http://mmteashop.com



# မိခင် ကောက်ရိုးရုပ်

ရှေးအခါက တောရွာကြီးတစ်ရွာတွင် ငယ်စဉ်ကပင် မိဘများ ကွယ်လွန်သဖြင့် အဒေါ်လေးနှင့် အတူနေပြီး ကြီးပြင်းလာသောမိန်းကလေး တစ်ဦးရှိ၏။ ထိုမိန်းမကလေးသည် စိတ်သဘော အလွန်ဖြူစင်သဖြင့် ရွာသူ ရွာသားများက သူ့ကို အလွန်ချစ်ခင်ကြပြီး 'မယ်ဖြူ' ဟု ခေါ်ကြလေသည်။ အချိန်တန်၍ အရွယ်ရောက်သောအခါ တစ်ရွာတည်းနေ မောင်တူဆိုသော အမျိုးသား ကုန်သည်ကလေးတစ်ဦးနှင့် အကြောင်းပါလေ၏။ မောင်တူမှာ လည်း ငယ်စဉ်ကပင် မိဘများ ကွယ်လွန်သွား၍ အဘွားဖြစ်သူက မွေးစား ရသူဖြစ်၏။ ထို့နောက် ရွာဦးရှိ ဘုန်းတော်ကြီးကျောင်းတွင် အပ်နှံထား၍ ဘုန်းတော်ကြီးကပင် ကြီးပြင်းအောင် မွေးစားရလေသည်။ မောင်တူသည် ကိုယ့်ဒူးကိုယ်ချွန် အရောင်းအဝယ်ဖြင့် အသက်မွေးဝမ်းကျောင်း ရှာဖွေခဲ့ရ လေသည်။

http://mmteashop.com



မောင်တူနှင့် မယ်ဖြူတို့သည် ကံတူအကျိုးပေးဆိုသလို မိဘမဲ့ ကလေးဘဝမှာ ကြီးပြင်းလာရသူများ ဖြစ်သဖြင့် သိတတ်သည့်အရွယ်မှ စ၍ အမေရယ် အဖေရယ် ခေါ်စရာမရှိကြသဖြင့် မိမိတို့၏ဘဝကို တွေးမိ တိုင်း အားငယ်မိကြလေသည်။

တစ်နေ့သ၌ မယ်ဖြူက "ကိုတူရယ် ကျုပ်တို့မှာ သိတတ်သည့် အရွယ်ကစပြီး အမေရယ် အဖေရယ် ခေါ်စရာမရှိ အလွန်ဆိုးတဲ့ ဘဝမျိုးပါ၊ ဒီတော့ ကျုပ်တို့ကိုးကွယ်ဖို့ အမေစား တစ်ယောက်လောက်ရရင် မကောင်း ပေဘူးလား" ဟု မိမိ၏ယောကျ်ားကို တိုင်ပင်လေ၏။ ကိုတူကလည်း "ရှင်မသဘောကျရင် ပြီးရော၊ အမေစားကို ရှင်မအကြိုက် ရှာပေတော့၊ အမေလို့ခေါ်ရရင် ပြီးတာပဲ" ဟု ပြန်ပြောကာ သဘောတူလိုက်လေသည်။

များမကြာမီ ကိုတူသည် ခရီးအတန်ဝေးသော ဒေသတစ်ခုကို အရောင်းအဝယ် သွားလေသည်။ အိမ်တွင်ကျန်ရစ်သော မယ်ဖြူသည် တစ်ယောက်တည်း ဟိုတွေး၊ သည်တွေးနှင့် ခုနေခါများ အမေတစ်ယောက် အဖော်ရှိလျှင် ဘယ်လောက်များကောင်းမလဲဟု တမ်းတရှာ၏။ ဥပုသ်နေ့ တွင် ရွာဦးကျောင်းသို့ သီလယူသွားရာတွင် သူများတကာများတော့ မိစုံဖစုံ နှင့်လာကြသည်၊ အမေကရှေ့က သမီးကနောက်က ထမင်းအုပ်နှင့် အလွန် ပဏာရလှပေသည်ဟု တစ်ယောက်တည်း အားကျကာ ဥပုသ်ဇရပ်မှ လယ် ကွက်ကို ဖြတ်၍ ပြန်လာခဲ့လေ၏။ ကန်သင်းရိုးတစ်နေရာသို့ ရောက်သော အခါ ကလေးများ ကစားပြီး စွန့်ပစ်ထားသော အရုပ်ကြီးတစ်ရုပ်ကို တွေ့ လေရာ မြင်လျှင်မြင်ချင်း အမေစားရပြီဟု ဝမ်းသာအားရ ပွေ့ပိုက်လျက် အိမ်သို့ ယူဆောင်လာခဲ့လေ၏။

အိမ်သို့ ရောက်သောအခါ အဝတ်အစားသစ်များ ချုပ်၍ ဝတ်ဆင် ပေးပြီးလျှင် အိပ်ရာနေရာ ကောင်းမွန်စွာဖြင့် အိမ်ဦးခန်းမှာ ထားလေ၏။ အချိန်တန်လျှင် ဦးဦးဖျားဖျား ခူးခပ်၍ "စားလိုက်စမ်းပါ အမေ ဒါကအချိုု ဒါကအချဉ်" စသည်ဖြင့် ယုယုယယ ပြုစုရှာ၏။ အိပ်ရာဝင်ချိန်တွင်လည်း ငှင်းကောက်ရိုးရုပ်ကြီးကို ကန်တော့ပြီးမှ အိပ်လေ၏။

http://mmteashop.com



မကြာမီ အရောင်းအဝယ်သွားနေသော လင်ယောကျ်ားထံမှ မည်သည့်နေ့ရက်တွင် ပြန်မည်ဖြစ်ကြောင်း လူကြုံစကား ပါးလိုက်လေရာ မယ်ဖြူလည်း လာမည့်နေ့တွင် ဝမ်းမြောက်ဝမ်းသာ သွားရောက်ကြိုဆို၍ နေလေ၏။

မယ်ဖြူသည် ကိုတူရောက်လျှင် ရောက်ချင်း မိမိတို့မှာ အမေစားတစ်ယောက် ရထားကြောင်း အမေမှာ အလွန်သဘောကောင်းသူဖြစ်ပြီး ယခု အိမ်မှာနေရစ်ခဲ့ကြောင်း ခရီးရောက်မဆိုက် ဝမ်းသာအားရပြောရှာ၏။

ကိုတူလည်း အလွန်မင်္ဂလာရှိသော သတင်းကောင်းကို ကြားရသည်ဟု အတိုင်းထက်အလွန် ဝမ်းမြောက်လျက် အိမ်သို့လျင်မြန်စွာ ပြန်ကြလေ၏။

အိမ်သို့ ရောက်သောအခါ မယ်ဖြူသည် စောင်ခြုံ၍ အိပ်ရာပေါ်တွင် သိပ်ထားသော ကောက်ရိုးရုပ်ကြီးကို ပြလေ၏။

ကိုတူသည် ခရီးပန်းလာသည့်ပြင် ဤကဲ့သို့ မဟုတ်မဟတ်မြင်ရသောအခါ မယ်ဖြူကို ဒေါသထွက်၍ "မယ်ဖြူ နင်ရူးနေသလား၊ ဒီကောက်ရိုးရုပ်ကြီးကို မြန်မြန်ပစ်ချေပါ၊ အိမ်ဦးခန်းမှာ မင်္ဂလာမရှိဘူး" ဟု ကြိမ်းမောင်းလေ၏။ မယ်ဖြူကလည်း မိမိအမေကို မစွန့်နိုင်၊ မခွဲခွာနိုင်၍ မပစ်ရက်ကြောင်း တောင်းပန်ရှာသည်။ သို့ရာတွင် ကိုတူက လုံးဝသဘောမကျနိုင်ဘဲ "ဒီအရုပ်ကြီးကို မစွန့်နိုင်လျှင် နင်ပါဆင်းတော့" ဟု နှင်ချလိုက်လေ၏။ မယ်ဖြူသည်လည်း အတန်တန်တောင်းပန်၍ မရသဖြင့် အရုပ်ကြီးကို ပိုက်လျက် ငိုယိုကာ အိမ်မှ ဆင်းသွားရရှာလေ၏။

သားအမိနှစ်ယောက်သည် သွားစရာလမ်း၊ တည်းခိုစရာဌာနဟူ၍ မရှိသဖြင့် ရောက်တတ်ရာရာ လျှောက်သွားနေရင်း တစ်စတစ်စ နေဝင်ချိန်သို့တိုင်ခဲ့ပြီး ကံအားလျော်စွာ ဟောင်းနွမ်းယိုယွင်းနေသော ရှေးဂူကြီးတစ်ခုကို တွေ့လေရာ မယ်ဖြူသည် တစ်ညဉ့်တာမျှ အိပ်စက်တည်းခိုရန်အလို့ငှာ ထိုဂူတွင်းသို့ ဝင်သွားလေ၏။

http://mmteashop.com



ပါလာသော အဝတ်များကို ခင်းလျက် မိခင်ကြီးအား ခြေဆုပ်လက်နယ်ပြုရင်း "အမေ ကျွန်မတို့သားအမိကို အမေ့သားက ရက်ရက်စက်စက် နှင်ချလိုက်သည်၊ နံနက်မိုးသောက်ရောက်ခဲ့လျှင် ဘယ်နေရာဘယ်ဌာနကို သွားရမည်မသိ၊ အမေပဲ လမ်းပြပေးပါ၊ ကျွန်မမှာတော့ ဘယ်မှ ဝေးဝေးလံလံ သွားဖူးသည်မရှိပါ" ဟု ကောက်ရိုးရုပ်ကြီးနှင့် စကားပြောနေလေ၏။

ထိုအချိန်တွင် လူဆိုးကြီးကိုးယောက်တို့သည် ခိုးဝှက်တိုက်ခိုက်ရသော ကျောက်သံပတ္တမြားတို့ကို ဝေစုခွဲရန် ဂူတွင်းမှာ စီစဉ်နေကြ၏။ ယခုကဲ့သို့ လူသံကြားလိုက်လျှင် ၎င်းတို့ကို လိုက်လံဖမ်းဆီးရန် လူတွေလိုက်လာကြပြီဟု ထင်မှတ်သဖြင့် ရွှေ, ငွေ, ကျောက်သံပတ္တမြားတို့ကို စွန့်ပစ်ပြီး လက်လွတ် ထွက်ပြေးကြလေတော့၏။

နံနက် မိုးသောက်လတ်သော် ကောက်ရိုးရုပ်နှင့် မယ်ဖြူသားအမိတို့သည် ခရီးဆက်ရန် ထွက်ခွာလာကြစဉ်တွင် ဂူတွင်း၌ ပစ္စည်းများကို တွေ့ရှိလေ၏။ မယ်ဖြူ၏စိတ်တွင် သူအလွန် စိတ်ဆင်းရဲလွန်းသဖြင့် သူ့အမေက ဝမ်းသာအောင် ပေးသည့် ပစ္စည်းများဟုပင် ထင်မှတ်လေ၏။

"ကိုင်း – အမေ ဒီ အမေ့ပစ္စည်းတွေကို အမေ့သားအား ပြရရင် ကျွန်မတို့သားအမိပေါ်မှာ စိတ်ထားပြောင်းလိမ့်မယ်၊ အိမ်သို့ပြန်ပြီး အမေ့သားအား အကျိုးအကြောင်းပြောဖို့ သွားကြစို့" ဟု ဆိုပြီး ကိုတူထံ ပြန်ကြလေ၏။

ကိုတူလည်း အထုပ်အပိုးများ ရွက်၍လာသော မိမိ၏ဇနီးသည်ကို မြင်သောအခါ အလွန်အံ့သြ၍ ဆီးကြိုရင်း မေးမြန်းသောအခါ မယ်ဖြူလည်း မျက်ရည်စို့၍ နှုတ်ခမ်းကလေးစူကာ "ဒါတွေဟာ ကျုပ်အမေက ပေးသော ပစ္စည်းတွေ ဖြစ်သည်၊ အမောင်ဟာ အမေ့ကို အညတြဟုထင်ပြီး၊ ကြိမ်းလားမောင်းလား၊ နှင်ထုတ်လား လုပ်ပေမင့် အမေက အမောင်ကို စိတ်မနာဘဲ သူပိုင်ပစ္စည်းတွေကို ဂူကြီးတစ်ခုထဲ ခေါ်သွားပြီး ကျုပ်ကို ပေးရှာသည်၊ ဒီပစ္စည်းတွေနှင့် ကျုပ်တို့သားအမိသုံးယောက် တစ်သက်စာ

http://mmteashop.com



သုံးလို့မကုန်နိုင်ပါ အမောင်ကြည့်ပါ" ဟု ပြောသောအခါ ကိုတူလည်း အမေဆိုသည်မှာ သက်ရှိအစစ် မဆိုထားနှင့်၊ သက်မဲ့ပင်လျှင် ဂုဏ်ကြီးမြင့် ကြောင်း သဘောပေါက်လာသဖြင့် နှင်ထုတ်မိသည်ကို မှားကြောင်း ဝန်ချ တောင်းပန်ပြီး ထိုကောက်ရိုးရုပ်မိခင်ကြီးကို အသက်ထက်ဆုံး ကိုးကွယ်ပြုစု လေတော့သည်။

❒

http://mmteashop.com



# ပါးနပ်သော ယုန်ပျိုအမတ်

ဟိုရှေးအခါက တောသုံးထောင်ကို အစိုးရသော ကေသရာဇာ ခြင်္သေ့မင်းကြီးရှိ၏။ ထိုကေသရာဇာ ခြင်္သေ့မင်းကြီး၏အပါးတွင် သမင်ပျို အမတ်တစ်ကောင်၊ ဝက်ပျိုအမတ်တစ်ကောင်၊ ယုန်ပျိုအမတ်တစ်ကောင် ခစားနေကြ၏။

တစ်နေ့တစ်နေ့ ကေသရာဇာခြင်္သေ့မင်းကြီးသည် သားကောင်များကို ရှာကြံ၍တွေ့သောအခါ အကောင်လိုက် အကောင်လိုက်ဝါးစားလေ၏။

ရက်လကြာညောင်းသောအခါ ထိုကေသရာဇာ ခြင်္သေ့မင်းကြီးသည် သမင်ပျိုအမတ်ကို ခေါ်၍ အနားသို့ ရောက်လတ်သော် သမင်ပျို အမတ်၏ နှာခေါင်းအနီးသို့ကပ်ကာ 'ဟား' ဟု လုပ်လိုက်လေပြီး "အသင် သမင်ပျိုအမတ်၊ ငါ၏ခံတွင်းမှ ဘာအနံ့များ နံပါသလဲ" ဟု မေးလေ၏။

http://mmteashop.com



ထိုအခါ သမင်ပျိုအမတ်က လျှောက်တင်သည်မှာ "မှန်လှပါ သားကောင်တွေ စားထားသည့်အတွက် အရှင်မင်းကြီးရဲ့ ခံတွင်းမှ ပုပ်စော်နံ ကြောင်းပါ" ဟု လျှောက်တင်လေလျှင် ရိုင်းပျစွာသောစကားကို သုံးနှုန်းပြီး သံတော်ဦးတင်ရပါမည်လားဟု ဒေါသအမျက် ချောင်းချောင်းထွက်ကာ "အသင် သမင်ပျိုအမတ်သည် ငါ၏ခံတွင်းထဲသို့ ဝင်စေ" ဟု ဆိုပြီး ဝါးစားပစ်လေ၏။

၎င်းနောက် ဝက်ပျိုအမတ်ကို ကေသရာဇာ ခြသေ့်မင်းကြီးက ခေါ်ပြန်လေ၏။ အနားသို့ ရောက်လတ်သော် ဝက်ပျိုအမတ်၏ နှာခေါင်း အနီးကပ်ကာ 'ဟား' ဟု လုပ်လိုက်ပြီး "အသင် ဝက်ပျိုအမတ်၊ ငါ၏ ခံတွင်းမှ ဘာအနံ့များနံပါသလဲ" ဟု မေးလေ၏။ ထိုအခါ ဝက်ပျိုအမတ် က စဉ်းစားသည်မှာ 'အကြည်တော်သမင်ပျိုအမတ် လျှောက်တင်စဉ်က ပုပ်စော်နံကြောင်း သံတော်ဦးတင်၍ ရိုင်းပျစွာသော စကားကို သုံ့နှုန်းပြီး သံတော်ဦးတင်ရပါမည်လားဆိုကာ ဝါးစားလိုက်သည်၊ ငါက တစ်မျိုး တစ်မည်လျှောက်တင်မှဖြစ်မည်' ဟု ကြံပြီး "မှန်လှပါ အရှင်မင်းကြီးရဲ့ ခံတွင်းမှ မွှေးကြိုင်သော အနံ့များရပါသည်" ဟု လျှောက်တင်လေလျှင် မုသားစကားကို လိမ်လည်လှည့်ဖြား သုံးစွဲပြောဆို သံတော်ဦး တင်ရပါ မည်လားဟု ဆိုကာ အသင်ဝက်ပျိုအမတ် ငါ၏ခံတွင်းထဲသို့ ဝင်စေဟု ဆို ပြီး ဝါးစားပစ်လေ၏။

ထို့နောက် နောက်ဆုံးကျန်ရှိနေသော ယုန်ပျိုအမတ်ကို ကေသ ရာဇာခြသေ့်မင်းသည် ခေါ်ပြန်လေ၏။ အနားသို့ရောက်လတ်သော် ယုန်ပျို အမတ်၏ နှာခေါင်းအနီးကပ်ကာ "ဟား" ဟု လုပ်လိုက်ပြီး "အသင်ယုန်ပျို အမတ် ငါ၏ခံတွင်းမှ ဘာအနံ့များ နံပါသလဲဟု မေးလေသော်၊ ထိုအခါ ယုန်ပျိုအမတ်က စဉ်းစားလေသည်မှာ 'အကြည်တော် သမင်ပျို လျှောက် ထားစဉ်က ရိုင်းပျစွာသော စကားကို သုံးနှုန်းပြီး သံတော်ဦးတင်သည့် အတွက် ဝါးစားပစ်လေပြီ၊ ၎င်းနောက် အကြည်တော် ဝက်ပျိုအမတ် လျှောက်တင်စဉ်ကလည်း မုသာဝါဒ မုသားစကားကို သုံးစွဲပြောဆို

http://mmteashop.com



သံတော်ဦးတင်သည့်အတွက် ဝါးစားပစ်လေပြီ၊ ငါတော့ တစ်မျိုးသံတော်ဦး တင်လေမှတော်မည်' ဟု အကြံရကာ "မှန်လှပါ ကျွန်တော်မျိုး နှာစေးနေ ကြောင်းပါ" ဟု ယုန်ပျိုအမတ်က လိမ္မာပါးနပ်စွာ သံတော်ဦးတင်သည့် အတွက် ကေသရာဇာခြင်္သေ့မင်းကြီး၏ အစားခံရခြင်းဘေးမှ ယုန်ပျိုအမတ် လွတ်ရလေတော့သတည်း။

❐

http://mmteashop.com



# အားနာလို့ ခါးပါ

ရှေးရှေးတုန်းက တိုင်းပြည်တစ်ပြည်တွင် တောင်ပြင်သူဌေးနှင့် မြောက်ပြင်သူဌေးသည် ငယ်သူငယ်ချင်းများ ဖြစ်ကြ၏။ တစ်ဦးနှင့်တစ်ဦး မည်သူက သားမွေးမွေး၊ မည်သူက သမီးမွေးမွေး သားသမီးရခဲ့လျှင် လက်ထပ် ပေးစားကြစတမ်းဟု အပြန်အလှန် လက်ခုပ်လက်ဝါး ကတိထားခဲ့ကြ၏။

တစ်နေ့သောအခါ တောင်ပြင်သူဌေးမှာလည်း သမီးမိန်းကလေး ဖွားမြင်ပြီး မြောက်ပြင်သူဌေးမှာလည်း သမီးမိန်းကလေး ဖွားမြင်၏။ ဤသို့နှင့် အရွယ်ရောက်လာလျှင် တောင်ပြင်သူဌေးက သူ့သမီးကလေးကို အကျိုးအကြောင်း ပြောပြလေ၏။ သို့ရာတွင် မြောက်ပြင်သူဌေးတွင် သမီးမိန်းကလေး ဖွားမြင်သောကြောင့် ဘယ်လိုမှ လက်ထပ်၍ မဖြစ်နိုင်သည့် အကြောင်းလည်း ပြောပြ၏။

အကြောင်းစုံကို သိသည့် တောင်ပြင်သူဌေး၏ သမီးကလေးက "ကိစ္စမရှိပါ ဖခင်၊ သူတို့အနီးရောက်တော့ ယောကျ်ားလို ဝတ်မယ်၊ သမီး အခုပဲသွားပြီး လူပျိုလှည့်ချည်မယ်" ဟု ဆိုပြီး ထွက်သွားလေ၏။

http://mmteashop.com



မိန်းကလေးသွားသည့်လမ်း၌ ညောင်ပင်ကြီးတစ်ပင်ရှိ၏။ ညောင်ပင်စောင့်သည့်နတ်က မြင်လေသော် "ဟဲ့...မိန်းကလေး အဖော်မပါ တစ်ယောက်တည်း ဘယ်ကိုသွားမလို့လဲ" ဟု မေး၏။

မိန်းကလေးက "မြောက်ပြင်သူဌေးသမီးထံ လူပျိုလှည့်သွားမလို့ပါ" ဟု ပြန်လည်ပြောပြ၏။ မိန်းကလေးပြောသည့်စကားကို ကြားသောအခါ ညောင်ပင်စောင့်နတ်က "ဟဲ့... ဘယ်လိုလဲ မိန်းမအချင်းချင်း လူပျိုလှည့်တယ်လို့ ရှိသေးသလား" ဟု မေး၏။ ထိုစကားကြောင့် မိန်းကလေးက အကြံတစ်ခုရသွားပြီး "ဒီလိုဆို နတ်မင်းရဲ့အောက်ပိုင်းနဲ့ ကျွန်မရဲ့အောက်ပိုင်း ခေတ္တလဲပါ" ဟု နတ်မင်းအား ကူညီဖို့ပြော၏။ ထိုအခါ နတ်မင်းကြီးက မိန်းကလေး မငှားချင်ဘူးဟု ပြောရမည်ကို အားနာသောကြောင့် "၇ ရက်ငှားမယ်၊ ၇ ရက်ကကျော်ရင် နတ်သဘင် အစည်းအဝေးရှိလို့ ပြန်ပြီးလဲပါ၊ အဲဒါကတော့ မမေ့ပါနဲ့" ဟု ပြောပြီး လဲလိုက်၏။

မိန်ကလေးသည် နောက်ပိုးသွားရင်းက မြောက်ပြင်သူဌေးသမီးနှင့် ညားပြီး ပျော်ပါးနေလိုက်သည်မှာ နတ်မင်းကြီးက အထပ်ထပ် မှာလိုက်သည့် စကားများကို လုံးဝမေ့နေလေ၏။ ထိုကြောင့် ၇ ရက် ပြည့်သောအခါ နတ်မင်းကြီးမှာလည်း တမျှော်မျှော်နှင့် နေသော်လည်း မိန်းကလေးကမူ ပေါ်မလာပေ၊ နတ်မင်းကြီးမှာလည်း နတ်သဘင် အစည်းအဝေးပွဲသို့ မသွားလျှင် မဖြစ်သောကြောင့်သွားရ၏။ နတ်မင်းကြီး နတ်သဘင် အစည်းအဝေး အတွင်းသို့ ဝင်သွားသောအခါ အခြားနတ်များက– "အလို...ဟို နတ်မင်းက ဘယ်လိုဖြစ်တာလဲ အပေါ်ကနတ်ခမ်းမွေးနဲ့၊ အောက်ပိုင်းက ထဘီဝတ်လို့ပါလား" ဟု ဆိုပြီး ဝိုင်းရယ်ကြ၏။ ထိုအခါ နတ်မင်းက "မပြောပါနဲ့တော့ နတ်မင်းတို့ရယ်၊ အားနာတာနဲ့ ခါးပါသွားတာပါပဲ" ဟု ဆိုပြီး အကြောင်းစုံ ပြောပြရလေသည်။

❒

http://mmteashop.com



# ယုန်ထင် ကြောင်ထင်

မြို့မှာရှိသည့် ကုန်သည်ကြီးဦးဘလေးက တောရွာတွင်နေသည့် သူ၏ မိတ်ဆွေ လယ်သမားကြီး ဦးကြက်တောထံ ယုန်ရှင်တစ်ကောင် ဝယ်ပြီး သူ့ထံ အရောက်ပို့ပေးဖို့အကြောင်း ထိုယုန်ကလေးကို အိမ်မှာ အလှမွေးထားမည်ဖြစ်ကြောင်း စာရေးပြီး မှာလိုက်၏။

ထို့ကြောင့် တစ်နေ့တွင် ဦးကြက်တောက ယုန်ရှင်ကလေး တစ်ကောင်ဝယ်ပြီး တောတွင် ဘာအလုပ်မှ ကောင်းကောင်းလုပ်လေ့မရှိသည့် သူ့မိတ်ဆွေ ဦးချက်ကို ကုန်သည်ကြီး ဦးဘလေးထံ ယုန်ကလေးကို အပို့ခိုင်းလိုက်၏။ ဦးချက်လည်း ယုန်ကလေးကို အိတ်ထောင် (ဝါကောက်ရာတွင် အသုံးပြုသော အိတ်တစ်မျိုး) တွင် ထည့်ပြီး မြို့သို့သွားရန်ထွက်ခဲ့၏။

ခရီးတစ်ဝက်လောက်တွင်ရှိသည့် ရေကန်နှင့်ဇရပ်ရောက်သည့်အခါ ဦးချက်သည် မောပန်းသောကြောင့် သစ်ပင်တွင် အိတ်ထောင်ကို ချိတ်ပြီး ခါးဆန့်ရင်း ဇရပ်ပေါ်တွင် အိပ်ပျော်သွားလေ၏။ ဦးချက် အိပ်ပျော်နေ

http://mmteashop.com



သည့်အခိုက် အခြားရွာတစ်ရွာက လာသည့် လူတစ်ယောက်သည် အိမ်မှာ မွေးဖို့ ကြောင်တစ်ကောင် တောင်းလာသောကြောင့် သူနှင့်အတူ ပါလာ၏။ ဤလူကလည်း သစ်ပင်မှာ ချိတ်ထားသည့် အိတ်ထောင်ကို ကြည့်လိုက်မိ၏။ အိတ်ထောင်ထဲတွင် ယုန်ရှင်ကလေးကို တွေ့သောအခါ သူ့တွင် ပါလာသည့် ကြောင်ကလေးနှင့် ဦးချက်မသိအောင် လဲယူသွားလေ၏။

ဦးချက်သည် အိပ်ရာမှ နိုးသောအခါ ဘာမှ သတိမထားဘဲ အိတ်ထောင်ကို အသာဖြုတ်ပြီး မြို့ကို ခရီးဆက်ထွက်ခွာသွား၏။ မြို့မှာရှိသည့် ဦးဘလေးထံသို့ ရောက်သောအခါ "ခင်ဗျားမှာလိုက်တဲ့ ယုန်ရှင်လေး ကျုပ်မိတ်ဆွေ ကိုကြက်တောက အပို့ခိုင်းလိုက်လို့" ဟု ပြောရာ၊ ဦးဘလေးက အားရဝမ်းသာစွာ အိတ်ထောင်ကို ဆွဲယူပြီး နှိုက်ယူလိုက်၏။ ထိုအခါ ယုန်မဟုတ်ဘဲ ကြောင်ဖြစ်နေတော့ရာ "ဘယ့်နှယ်လဲဗျ၊ ကျုပ်မှာတာက ယုန်၊ အခုဟာက ကြောင်ပါလားဗျ" ဟု ပြော၏။ ဦးချက်ကလည်း သူကိုယ်တိုင်မြင်ခဲ့ခြင်းဖြစ်သောကြောင့် "မဟုတ်တာဗျာ၊ ကျုပ်ရှေ့မှာ ဝယ်ပြီး အပို့ခိုင်းတာ ယုန်အစစ်ဗျ' ဟု ပြောပြီး ကြည့်လိုက်သောအခါ ကြောင်ဖြစ်နေသည်ကို တွေ့ရ၏။ ဦးချက်လည်း ချက်ချင်းပင် ရွာကို ပြန်လာခဲ့၏။

ခရီးတစ်ဝက်သို့ ရောက်သောအခါ ဦးချက်သည် မြို့သို့လာစဉ်ကကဲ့သို့ပင် အိတ်ထောင်ကို သစ်ပင်မှာချိတ်ပြီး ဇရပ်ပေါ်မှာ အိပ်ပြန်၏။ ထိုအချိန်မှာပင် ကြောင်နှင့် ယုန် လဲသွားသည့်လူ ရောက်လာပြန်၏။ အကြောင်းမှာ ယုန်ကလေးကို အိမ်ယူသွားသည့်အခါ သူ၏ အိမ်ရှင်မက "တောသတ္တဝါဆိုတာ အိမ်မှာ မမွေးကောင်းဘူး" ဟု ပြောသောကြောင့် ပြန်လဲဖို့ ရောက်လာခြင်းဖြစ်၏။ အဆင်သင့်ပင် သစ်ပင်တွင် အိတ်ဆွဲထားသည်ကို တွေ့သောကြောင့် ပြန်လဲပြီး သူ့ရွာသူ ပြန်သွားတော့၏။

ဦးချက်လည်း အိပ်ရာမှ လန့်နိုးလာသည်နှင့် အိတ်ထောင်ကလေးကို သစ်ပင်ကဖြုတ်ပြီး ပြန်လာ၏။ ရွာရောက်သောအခါ ဦးကြက်တောအိမ်သို့ တန်းဝင်ပြီး "ခင်ဗျား ယုန်ဝယ်ပေးလိုက်တယ်ဆိုပြီး ဘာဖြစ်လို့ ကြောင်ကြီးပေးလိုက်တာလဲဗျ" ဟု ရန်ထောင်တော့၏။ ထိုကြောင့်


http://mmteashop.com



ဦးကြက်တောက "မဟုတ်တာဗျာ၊ ခင်ဗျားရှေ့မှာပဲ ယုန်ကလေး ဝယ်ပေးလိုက်တာ၊ ဘယ်က ကြောင်ရမှာလဲဗျ" ဟု ငြင်းပြီး ဦးကြက်တောသည် အိတ်ထောင်တွင်းက အကောင်ကို ဆွဲထုတ်လိုက်ရာ ယုန်ကလေး ဖြစ်နေသည်ကို တွေ့ရလေ၏။ သို့နှင့် ဦးကြက်တောက "ဘယ်ကကြောင်ရမှာလဲဗျ၊ ဒီမှာကြည့်ပါဦး ကိုချက်ရ၊ ဒါ ယုန်မဟုတ်လား" ဟု ပြ၏။ ဦးချက်လည်း ယုန်ကလေးကို ကိုင်ကြည့်ပြီး "အင်း ယုန်ထင်ပါရဲ့၊ အို... ကြောင်ထင်ပါတယ်" နှင့် လုံးချာလိုက်ပြီး ယုန်ထင်ကြောင်ထင်နှင့် ဇဝေဇဝါ ဖြစ်နေလေတော့သတည်း။

❐

http://mmteashop.com



အညာကျေးလက်ပုံပြင်များ လူထု ဦးလှ

# မောင်တစ်ထွာနှင့် ကံယုံမင်းသမီး

ရှေးအခါက တိုင်းပြည်တစ်ပြည်တွင် ဘုရင်ကြီးတစ်ပါးသည် မင်းကျင့်တရားနှင့်အညီ အေးချမ်းစွာ အုပ်စိုးနေလေသည်။ တစ်နေ့တွင် သားတော် သမီးတော်များကို ခေါ်၍ ယခုကဲ့သို့ စည်းစိမ်ချမ်းသာ စံစားနေရသည်မှာ "ဘယ်သူ့ကြောင့်နည်းဟု မေးလေသည်။ သားတော် သမီးတော်များက "ဖခမည်းတော်၏ ဘုန်းတော်ကြောင့်ပါ" ဟု တစ်ညီတစ်ညွတ်တည်း ဖြေကြသည်။ သမီးတော်အငယ်ဆုံးကမူ "ကံကြောင့်ဖြစ်ပါသည် ဘုရား" ဟု ဖြေသည်။ ဘုရင်ကြီးလည်း အမျက်တော်ထွက်၍ "ကိုင်း သမီးတော်၊ ကိုယ့်ကံကြောင့်ဆိုလျှင် ယခု စည်းစိမ်စွန့်ခွာ၍သွားလေလော့" ဟု နှင်လိုက်၏။ သမီးတော်ကလေးလည်း အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် နန်းတော်မှ ဆင်းခဲ့ပြီး မြို့တွင်းသို့ ဝင်လာခဲ့သည်။ မြို့အစွန်သို့ ရောက်သောခါ ဆင်းရဲသော လုလင်တစ်ဦးကို တွေ့ရ၏။ ထိုလုလင်သည် တောမှ ထင်းများကို နံနက်ကတည်းက သွားခွေ၍ ညနေမှ ပြန်လာပြီး

http://mmteashop.com



လှည့်လည်ရောင်းချရသည်။ ထိုရောင်းချရငွေဖြင့်သာ ဆန် ဆီဝယ်၍ ချက်ပြုတ်စားရ၏။ ဆင်းရဲလွန်းလှ၍ အဝတ်ကို လုံခြုံစွာမဝတ်နိုင်၊ တစ်ထွာမျှအဝတ်ကိုသာ အရှက်လုံရုံ ဝတ်နိုင်သဖြင့် မောင်တစ်ထွာဟု အမည်ပေးထားကြသည်။ မိအိုဖအိုများကို ရိုသေစွာ လုပ်ကျွေးပြုစုနေသော သူဖြစ်၏။ မင်းသမီးလည်း "အိမ်သို့လိုက်နေပါရစေ" ဟု မောင်တစ်ထွာ အား တောင်းပန်ပြောဆိုလေသည်။ မောင်တစ်ထွာကလည်း အသင် စဉ်းစား ဦးလော့၊ ကျွန်ုပ်တို့အိမ်မှာ ဆင်းရဲလှချေသည်၊ သင်နှင့်ရွယ်တူ မိန်းမဖော် လည်း မရှိပါ" ဟု ပြောဆို၏။ ထိုသို့ပြောဆိုသော်လည်း မင်းသမီးကလေး က "အတူလိုက်နေပါရစေ" ဟုသာ ထပ်တလဲလဲ ပြောဆိုလှ၍ မင်းသမီး ကို အိမ်သို့ခေါ်လာခဲ့ရတော့၏။ မောင်တစ်ထွာသည် မင်းသမီးကလေးအား များစွာကြင်နာ၍ ဂရုပြုယုယလေသည်။ မင်းသမီးကလေးကလည်း မောင်တစ်ထွာ တောသို့သွားသည့်အခါ မိန်းမတို့လုပ်ငန်းများဖြစ်သော အမှိုက်သရိုက်လှည်းကျင်းခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများကို လုပ်နေ ၏။ မောင်တစ်ထွာသည် တောမှပြန်ရောက်သောအခါ "ရှင်မရေ ဟောဒီမှာ မင်း အပျင်းပြေကစားဖို့ လှပတဲ့ကျောက်ခဲကလေးတွေ ယူလာခဲ့တယ်" ဟု ပြော၏။ မင်းသမီးသည် မောင်တစ်ထွာ၏လက်ထဲမှ ကျောက်ခဲများကို မြင်သောအခါ များစွာ အံ့သြနေသည်။ "ဒီကျောက်တွေ အသင် ဘယ်က ရခဲ့ပါသလဲ" ဟု မေးမြန်းသည်တွင် မောင်တစ်ထွာက "ဒါမျိုးတွေ ပေါ လိုက်တာကွာ၊ ငါ ထင်းခုတ်တဲ့နေရာမှာ အများကြီးပဲ၊ ရှင်မ လိုချင်သေးရင် ထပ်ယူခဲ့ပါ့မယ်" ဟု မောင်ထစ်ထွာက ပြန်ပြောလိုက်သည်။ မင်းသမီးကမူ နန်းတွင်းသူဖြစ်၍ မောင်တစ်ထွာယူခဲ့သော ကျောက်ခဲကလေးများမှာ အဖိုး ထိုက်တန်လှသော ကျောက်မျက်ရတနာများမှန်း သိလေသည်။

ထို့ကြောင့် မောင်တစ်ထွာအား ဤကျောက်များသည် အလွန်အဖိုး တန်လှသည်။ အခြားသူတွေမတွေ့မီ များများသယ်ယူရန် ပြော၏။ နောက် တစ်နေ့တွင် မင်းသမီးကလေးပါ တောသို့ လိုက်၍ကြည့်လေသည်။ ထိုနေ့ တွင် ထင်းမခုတ်တော့ဘဲ မောင်တစ်ထွာက တစ်ထမ်း၊ မင်းသမီးကလေးက

http://mmteashop.com



တစ်ရွက် သယ်လာခဲ့ကြ၏။ အချို့ကို ထုခွဲရောင်းချလိုက်သဖြင့် မောင်တစ်ထွာနှင့် မင်းသမီးကလေးတို့ အတော်ကြွယ်ဝချမ်းသာသွားကြသည်။ မင်းသမီးကလေးသည် ငွေအမြောက်အမြားကို တိုင်းသူပြည်သားများအား ချေးငှား၍ ဖခမည်းတော်ဘုရင်ကြီး နတ်ရွာစံမှသာ ပေးဆပ်ရန် ပြောကြားသည်။ ထို့ကြောင့် တိုင်းသူပြည်သားများမှာ ညစဉ်ညတိုင်း ဘုရင်ကြီး သက်တော်ရှည်ပါစေကြောင်း ဆုတောင်းကြကုန်၏။ တစ်ညတွင် ဘုရင်ကြီးသည် တိုင်းပြည်တွင်းသို့ စနည်းနာထွက်ရာ မိမိ အသက်ရှည်စေကြောင်း ဆုတောင်းသံများသာ ကြားနေရသဖြင့် မည်သို့ အကြောင်းရှိသနည်းဟု သိစေရန် ခေါ်မေးလေသည်။ ထိုအခါ ပြည်သူများက မင်းသမီးကလေးက ဖခမည်းတော် နတ်ရွာစံမှသာ ပေးဆပ်ပါဟုဆိုကာ ငွေများ ချေးထား၍ အသက်ရှည်ပါစေဟု ဆုတောင်းကြကြောင်း လျှောက်တင်ကြသည်။ ထိုအခါ ဘုရင်ကြီးလည်း မင်းသမီးကလေးအား သတိရတော်မူပြီး ခေါ်တော်မူ၍ "သမီးတော်ပြောသည်မှာ မှန်လှပေသည်၊ သမီးတော်သည် အလွန်ဆင်းရဲသူနှင့် တွေ့ရငြားလည်း သမီးတော်၏ ကုသိုလ်ကံကြောင့် ချမ်းသာကြွယ်ဝစွာ နေရလေသည်" ဟု မိန့်မြွက်ပြီး သမက်နှင့် သမီးအား နန်းတွင်းအပါးတော်တွင် ခေါ်ယူထားလေသည်။ နတ်ရွာစံခါနီးတွင် မောင်တစ်ထွာနှင့် မင်းသမီးကလေးအား ထီးနန်းလွှဲအပ်ပေးခဲ့၏။ ထိုမင်းသမီးလေးကိုလည်း ကံယုံမင်းသမီးဟု ခေါ်တွင်ကြတော့သည်။

❑

http://mmteashop.com



# ကိုဖိုးခက်နှင့် မလှရက်

ရှေးအခါက တောရွာကြီးတစ်ရွာတွင် အသက်အရွယ် ကြီးပြီဖြစ်သော ဇနီးမောင်နှံနှစ်ဦးရှိ၏။ ၎င်းတို့တွင် ချောမောလှပသော်လည်း အရှက်ကြီးလှသဖြင့် "မလှရှက်" ဟု ခေါ်သော သမီးကြီးတစ်ဦးရှိ၏။ မလှရှက်သည် အသက်သုံးဆယ်ကျော်အထိ မည်သည့်ယောကျ်ားနှင့်မျှ အပေါင်းအသင်းမလုပ်ရုံမျှမက မိမိဖခင်မှတစ်ပါး မည်သည့်ယောကျ်ားကိုမျှ စေ့စေ့စပ်စပ်မကြည့်ပေ။ မိမိကိုယ်ကိုလည်း အကြည့်မခံပေ။

အရှက်ကြီးသော သမီးပျိုသည် မိဘနှစ်ပါး ကွယ်လွန်သွားရာသောအခါ နိုကိုးရာလည်း မရှိ၍ ပတ်ဝန်းကျင်၏ ကောင်းမှုကြောင့် အလွန်ရိုးလှသော လူပျိုကြီး "ကိုဖိုးခက်" ဆိုသူနှင့် ဝါမဝင်မီ သဘောတူရတော့သည်။ ကိုးဖိုးခက်သည် မိမိ၏ ဇနီး အရှက်ကြီးမှုကြောင့် အနေ

http://mmteashop.com



အထိုင် အပြောအဆို မမှားရအောင် သတိထား ရှောင်ကြဉ်ရသည်မှာအလုပ်ကြီးတစ်ခု ဖြစ်နေသကဲ့သို့ မလှရှက်အဖို့လည်း မိမိ၏ လင်ယောကျ်ားရှိးသားလှသည့်အလျောက် အထင်မမှားရအောင် အစဉ် သတိထားနေရလေသည်။

ဝါဆိုလပြည့်နေ့ ရောက်သောအခါ သူတို့ဇနီးမောင်နှံသည်လည်း ရပ်ရွာထုံးစံဓလေ့အတိုင်း ရွာဦးရှိ ဘုန်းတော်ကြီးကျောင်းသို့ ရပ်သူရွာသားများနှင့်အတူ သီလယူလိုက်ခဲ့ကြပြီး တစ်နေ့လုံး ဘုန်းတော်ကြီးကျောင်းမှာပင် ဥပုသ်သီလ ဆောက်တည်နေကြလေသည်။

ကိုဖိုးခက်သည် တရားသံဝေဂရလိုလှ၍ ဇာတ်နိပါတ်တော် မြန်မာပြန် စာအုပ်များကို ကြည့်ရှုနေရာ၊ အထူးသဖြင့် မာတုဂါမနှင့် ပတ်သက်သော စာပေများကို ဦးစားပေး ကြည့်ရှုနေ၍ မာတုဂါမ မကောင်းကြောင်းဖောက်ပြားတတ်ကြောင်းများကို အများဆုံး တွေ့ရလေသည်။

မလှရှက်သည်လည်း တရားဗဟုသုတရရှိစေရန် ဥပုသ်ဇရပ်ရှိ မိန်းမချင်းများ၏ စပ်မိစပ်ရာတရားစကားများကို နားထောင်နေရာ အသက်ငါးဆယ်ကျော် အဒေါ်ကြီးက "တို့များကတော့အေ ကိုယ့်လင်ယောကျ်ားကို ညအိပ်ရာဝင်တိုင်း ရှိခိုးကန်တော့ပြီးမှ အိပ်တယ်၊ မြတ်စွာဘုရားကလည်း ဤကမ္ဘာကြီးမှာ မယားခုနစ်ယောက် ရှိသည့်အနက် တစ်ယောက်လင်ထားပြီး လင်ကြီးအား သတ်မည်ကြံ၍ သူသတ်သမားနှင့်တူသောမယား၊ လင်၏ပစ္စည်းကို အချည်းနှီး ဖြုန်းတီး၍ ခိုးသူမနှင့် တူသောမယား၊ ဟိတ်ဟန် မာန်အမျက်ကြီးပြီး စိုးမိုးလှ၍ အရှင်သခင်မနှင့် တူသောမယား၊ ဤမယားသုံးယောက်က ငရဲကျရောက်တတ်တယ်၊ လင်၏အကျိုးကို အလိုရှိပြီး တာဝန်သိ၍ အမိနှင့်တူသော မယား၊ လင်ကို ရိုသေလေးစား၍ အစ်မ၊ နှမနှင့်တူသော မယား၊ အမျက်မထွက် ချစ်ခင်တတ်၍ အဆွေခင်ပွန်းနှင့်တူသော မယား၊ သည်းခံကျိုးနွံလှ၍ ကျွန်မနှင့်တူသော မယား၊ ဤမယားလေးယောက်ဟာ နတ်ရွာနတ်ပြည် သုဂတိဘုံမှာ ဖြစ်နိုင်တယ်လို့ ဟောတော်မူတယ်မဟုတ်လား၊ ဒါကြောင့် ညည်းတို့လည်း နတ်သမီးလှလှ

http://mmteashop.com



ကလေးတွေ ဖြစ်ချင်ရင် ညဦးအိပ်ရာဝင်တိုင်း လင်ယောကျ်ားကို ရိုရိုသေသေ ရှိခိုးကန်တော့ပြီး အိပ်ကြပါ” ဟု ပြောသည်ကို မလှရှက်က အလွန်သဘောကျလေသည်။

သို့နှင့် ကျောင်းမှအိမ်သို့ ပြန်ရောက်ကြပြီးနောက် ကိုဖိုးခက်သည် ညအိပ်ချိန်ရောက်သော်လည်း မအိပ်သေးဘဲ မိန်းမ မကောင်းကြောင်း၊ ဖောက်ပြားတတ်ကြောင်းများကို အတွေးနယ်ချဲ့နေလေသည်။ နတ်သမီးလှလှကလေး ဖြစ်လိုသော မလှရှက်ကလည်း မိမိလင်ယောကျ်ားကို ကန်တော့ရမှာ ရှက်နေ၍ သူအိပ်ပျော်မှ ငါရှိခိုးကန်တော့မည်ဟု ကြံစည်ပြီး “ညဦးနက်လှပြီ၊ ရှင်မအိပ်သေးဘူးလား” ဟု မေးလိုက်ရာ ကိုဖိုးခက်က “မအိပ်သေးဘူး” ဟု ခပ်တိုတိုပင် ပြန်ပြော၏။

မလှရှက်က ဤသို့ သုံးလေးကြိမ်မေးသောအခါ ကိုဖိုးခက်သည် ‘ကိုယ့်ဘာသာကိုယ် အိပ်ချင်အိပ်ရုံပဲ၊ အခုလို မအိပ်သေးဘူးလား၊ မအိပ်သေးဘူးလားနဲ့ တစ်မေးတည်းမေးနေတာ ငါအိပ်ပျော်လျှင် သူ တစ်ခုခု လုပ်ချင်လို့ပဲ၊ အဲဒီတော့ ငါ အိပ်ပျော်ချင်ယောင်ဆောင်နေမှပဲ’ ဟု ကြံစည်ပြီးလျှင် ဘုရားခန်းရှေ့တွင် စောင်ခေါင်းမြီးခြုံကာ “ခေါ–ခေါ” နှင့် ဟောက်ပြီး အိပ်ပျော်ဟန်ဆောင်နေလိုက်လေတော့သည်။ နတ်သမီးကလေးဖြစ်ချင်သော မလှရှက်ကလည်း ဝါးလုံးတန်းပေါ်က တဘက်ကလေးကို ကပျာကရာယူကာ ပခုံးပေါ်တင်၍ ကိုဖိုးခက်၏ ခြေရင်း၌ ရိုရိုသေသေ ထိုင်ပြီးလျှင် “ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော သုံးပါးသောကံတို့ဖြင့် ပထမ၊ ဒုတိယ၊ တတိယ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ဤရတနာမြတ်သုံးပါး ဆရာသမား၊ မိဘ, ဘိုးဘွား၊ လင်ယောကျ်ားတို့အား ရှိသေမြတ်နိုး လက်စုံမိုး၍” စသည်ဖြင့် ရှိခိုးကန်တော့နေလေသည်။

အကြံဖြင့် အိပ်ပျော်ဟန်ဆောင်နေသော ကိုဖိုးခက်သည်လည်း ဩော်...မလှရှက်၊ ငါအိပ်ပျော်နေလျှင် ဘာများ လုပ်ချင်လို့ပါလိမ့်လို့

http://mmteashop.com



ဖြစ်မှဖြစ်ရလေ မလှရှက်ရယ်’ ဟု အတွေးပေါက်ကာ ချုပ်တည်း အောင့်အည်းမရတော့၍ ဟားတိုက်ကာ ရယ်ချလိုက်ရာ၊ အရှက်ကြီးသော ဇနီးမလှရှက်လည်း အရှက်လွန်သွားပြီး အော်ငိုလိုက်ကာ ပခုံးပေါ်မှ တစ်ဘက်ဖြင့် ကိုဖိုးခက်အား မရပ်မနား တဖတ်ဖတ်နှင့် ရိုက်နေလေတော့သတည်း။

❐

http://mmteashop.com



# တစ်ခက် တစ်ခက်

ရှေးသရောအခါ သူဌေးကြီးတစ်ဦးသည် ဖြောင့်မတ်ဖြူစင်သော တရားကိုကျင့်၏။ သတ္တဝါအပေါင်းတို့ကို ချစ်ခင်ကြင်နာသည့် သူဌေးကြီး၏အိမ်တွင် နုပျိုပြေပြစ်သော ချစ်ဇနီးနှင့် အိမ်တွင်မွေးထားသော သာလိကာတစ်ကောင်သာရှိ၏။ သူဌေးကြီး သင်ကြားပေးမှုကြောင့် တိရစ္ဆာန်ပင်ဖြစ်လင့်ကစား အတုမြင် အတတ်သင်ဆိုသလိုပင် သူဌေးကြီး ပြုကျင့်ပြုထုံးကို သာလိကာက အတုခိုးထားလေသည်။ သူဌေးကြီး ဘုရားရှိခိုးလျှင် သာလိကာသည် လိုက်ဆိုတတ်၏။ အမှန်တရား ကောင်းသောအမှုနှင့် မကောင်းသောအမှုကို သာလိကာသည် ခွဲခြားတတ်လေသည်။

တစ်နေ့တွင် သူဌေးကြီးမျက်ကွယ်၌ သူဌေးကတော်သည် ယောကျ်ားတစ်ယောက်နှင့် မှားယွင်းနေလေ၏။ ထိုကိစ္စကို သူဌေးကြီးမသိသော်လည်း သာလိကာက သိနေ၏။ သာလိကာသည် တွေးတော၏။ ‘ငါသည် ဤအိမ်၌နေသည်၊ ဤအိမ်တွင် တစ်စုံတရာဖြစ်သည်ကို မမြင်လို၊

http://mmteashop.com



အကယ်၍ ငါမြင်ရသည့်ကိစ္စကို သူဌေးကြီးအား ပြန်ပြောက ဤအိမ်ထောင်သည် မုချပင် ကစဉ့်ကရဲ ဖြစ်ပေတော့မည်။ သူဌေးကတော်သည်လည်း ဒုက္ခရောက်တော့မည်' ဟု စဉ်းစားပြီးလျှင် အကြံတစ်မျိုးထုတ်ကာ သူဌေးကတော်ကို သတိပေးသည့်အနေဖြင့် "တစ်ခက်တစ်ခက်" ဟု နေ့စဉ်အော်နေလေ၏။

ထိုအခါ သူဌေးကြီးသည် နေ့စဉ်ရက်ဆက် "တစ်ခက် တစ်ခက်" ဟု အော်နေသော သာလိကာအား မေးလေ၏။

သာလိကာသည် မဖြေကြားဘဲ "တစ်ခက် တစ်ခက်" သာ ဆက်၍ အော်နေ၏။ သူဌေးကြီးသည် ပူပင်သောကရောက်၍ အခြေအနေ သိစိမ့်သောဌာ ရွာအတွင်းမှ ဆေးဆရာတစ်ဦးထံ သာလိကာကို ခေတ္တပို့ထားလေ၏။ သို့သော် သာလိကာ၏ အခက်ရောဂါမှာ မပျောက်ကင်းပေ။ ဆေးဆရာသည် မိမိဇနီးမရှိခိုက် ဆေးလာကုသော မိန်းမတစ်ဦးနှင့် ဖောက်ပြားနေလေ၏။ ထိုအခါ သာလိကာသည် "နှစ်ခက် နှစ်ခက်" ဟု အော်ပြန်၏။

ဆေးဆရာလည်း အံ့သြသွားလေ၏။ ထို့ကြောင့် မိမိအိမ်ရောက်မှ တစ်ခက်တိုးနေသော သာလိကာကို သူဌေးကြီးထံ ပြန်အပ်လေသည်။ သူဌေးအိမ်သို့ ရောက်သောအခါ သာလိကာသည် "နှစ်ခက်" ဟု မဆိုတော့ဘဲ "တစ်ခက်" ဟုသာ ဆို၏။ များမကြာမီ သူဌေးကတော်သည် လင်ငယ်နှင့် လိုက်ပြေးတော့၏။ သူဌေးကတော်မရှိသော် သာလိကာသည်ငင်း "တစ်ခက်" ကို မအော်တော့ပေ။ သူဌေးကြီးသည် ထိုအခါမှ သာလိကာ၏ "တစ်ခက်" ပြဿနာကို နားလည်တော့သတည်း။

❒

# ဘုန်းကြီးရှေ့က ကြွပစေဟော့

တစ်ခါက ရွာတစ်ရွာတွင် ဩဇာအလွန်ပေးလေ့ပေးထရှိသော ထွေးဆိုသူတစ်ဦး ရှိလေသည်။ ထွေးကို အလွန်လျှာရှည်သူ၊ ဩဇာပေးတတ်သူဟု ရွာသူရွာသားများက သိကြသဖြင့် "ဩဇာပေးသမား ထွေး" ဟူသော ဘွဲ့ကို ပေးထားကြလေ၏။

တစ်နေ့တွင် အိမ်တစ်အိမ်၌ အသုဘရှိသဖြင့် ဘုန်းကြီးများကို ဆွမ်းကျွေးသည်။ အသုဘ ဝိုင်းကူသူများက ဆွမ်းကျွေးရာမှ ပိုနေသော ထမင်းဟင်းများကို သွန်ပစ်သောအခါ ထွေးရောက်ရှိလာပြီး "အေး မကောင်းတာတွေဆို သွန်ပစ်မှပေါ့ကွ" ဟု ဝင်ရောက် ပြောဆိုလေ၏။ သွန်နေသော လူများကလည်း ထွေး ဝင်ရောက် ဩဇာပေးသည်ကို အမြင်ကပ်သည်နှင့် ဘဲ့တိုက်၍ သွန်ပြီးသားများကို ပြန်ကောက်ထည့်ကြလေ၏။ သို့တိုင်အောင် ထွေးသည် မလျှော့သေးဘဲ "အေးဟော့–ကောင်းတာလေး တွေလည်း ရွေးပြီး ပြန်ကောက်ထည့်ဦးမှပေါ့ကွ" ဟု ပြောပြန်လေ၏။

http://mmteashop.com



ဤ၌တွင် လုပ်ရသူများမှာ ဒေါသထွက်လာကြပြီး အကုန်လုံး သွန်ပစ်လိုက်ကြလေ၏။ သို့သော် ထွားကမူ မလျှော့ဘဲ "အေးကွာ မကောင်းလည်း အကုန်ပဲ သွန်ပစ်လိုက်ပါတော့" ဟု ဝင်ရောက် ဩဇာပေး ပြောဆိုလိုက်လေ၏။

သို့နှင့် အသုဘချချိန် ရောက်သောအခါ အိပ်ပျော်နေသော ထွားကို မနှိုးကြဘဲ အသုဘချသွားကြလေ၏။ ထွား အိပ်ရာမှနိုးသောအခါ အသုဘချသူများမှာ ရွာတစ်ဝက်ခန့် ရောက်နေပေပြီ၊ ထွားလည်း အသုဘချသွားပြီဟု သိရှိရ၍ အသုဘချသူများနောက်သို့ အမြန်ပြေးလိုက်ပြီးလျှင်-

"ဟော့-ဘုန်းကြီးရှေ့က ကြွပစေဟော့" ဟု လှမ်း၍အော်ပြောလိုက်သေး၏။

❒

http://mmteashop.com



# ဝေလေလေ

ရှေးအခါက တောရွာတစ်ရွာတွင် ပစ္စည်းဥစ္စာ အသင့်အတင့် ချမ်းသာသော လင်မယားရှိကြ၏။ သူတို့တွင် သင့်တင့်သော ရုပ်ရည်ရှိသည့် သားတစ်ယောက်သာ ထွန်းကားလေရာ ငယ်စဉ်အခါကစ၍ အရွယ်ရောက်သည်တိုင်အောင် မိဘရိုးရာဖြစ်သော တောင်သူလယ်ယာအလုပ်ကို မနိုင်းရက်ဘဲ ရှိလေ၏။

သားဖြစ်သူကလည်း မိဘတို့ မခိုင်းရက်သည့်အတိုင်း မိဘတို့၏ လုပ်ငန်းတွင် ဘာကိုမျှ ကူညီလုပ်ကိုင်ခြင်း စိတ်ဝင်စားခြင်း မရှိ၊ ဟိုလိုလို ဒီလိုလို ပေါ့လော့လော်လော့နှင့်သာ အချိန်ကုန်နေလေ၏။

http://mmteashop.com



တစ်နေ့သော် ရွာတွင် အလှူအတန်း ရှိသည့်အတွက် မြို့က ဇာတ်အဖွဲ့ လာရောက်ကပြရာ တောရွာသားတို့သဘာဝအတိုင်း ထိုသူငယ်နှင့်တကွ ရွာသူရွာသားများသည် ဇာတ်အဖွဲ့နှင့် ခင်မင်ရင်းနှီးကြပြီး ပြန်ကာနီးတွင် ထိုသူငယ်သည် မိဘများကို ဇာတ်အဖွဲ့နှင့် လိုက်လိုကြောင်း အတင်းပူဆာသဖြင့် အလိုလိုက်ပြီး ထည့်လိုက်ရလေ၏။

နောက် ၃–၄ နှစ်ခန့် ကြာသွားသောအခါ ရပ်ရွာတွင် ဘုရားပွဲရှိသည့်အတွက် ထိုဇာတ်အဖွဲ့သည် တစ်ဖန် လာရောက် ကပြကြရပြန်၏။ ထိုအခါတွင် မိဘရပ်ရွာ ပြန်ရောက်လာသောကြောင့် ထိုသူငယ်သည် မိဘနှင့်တကွ ဆွေမျိုးသားချင်းများကို နှုတ်ဆက်ကန်တော့သည်။ မိဘဆွေမျိုး၊ သူငယ်ချင်းအပေါင်းတို့ကလည်း "ငါ့သား၊ ငါ့ညီ၊ ငါ့မောင်၊ ငါ့သူငယ်ချင်း မင်း ဇာတ်ထဲ လိုက်သွားတာကြာပြီ၊ အခု ဘာဖြစ်နေသလဲ၊ မင်းသားလား၊ မင်းသားလတ်လား၊ ရှင်ဘုရင်လား၊ လက်စွဲလား" စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ ထင်ရာမေးကြလေသည်။ သူငယ်ကမူ ပြုံးပြုံးကြီးလုပ်နေပြီး "ညကျတော့ သိလိမ့်မပေါ့" ဟုသာ ပြန်ပြောလေသည်။

ညအချိန်ရောက်သော် ဇာတ်အဖွဲ့က ရင်းနှီးသည်ကတစ်ကြောင်း၊ မိမိတို့အရပ်သား ပါနေသည်က တစ်ကြောင်းကြောင့် တို့အရပ်သား ဘယ်အခန်းက ပါမှာပါလိမ့်ဟု သိချင်ကြသည့်အတွက် အိမ်စောင့်မှတစ်ပါး ရွာလုံးကျွတ် ထွက်၍ ကြည့်ကြလေသည်။ ပွဲထွက်၍ အပျိုတော်ကပြီးသည် မှစ၍ နှစ်ပါးသွားသည့်တိုင်အောင်၊ အရပ်သားထွက်မကသေး မပါသေးပေ။ ပရိသတ်များကလည်း အရပ်သား ထွက်လာနီးနှင့် စောင့်မျှော်နေကြသည်။ နှစ်ပါးသွားပြီး၍ ရှင်ဘုရင်နှင့် ဝန်ကြီးထွက်လာသော်လည်း မတွေ့ရသေးပေ။ ရှင်ဘုရင်ဝင်သွားပြီး အမတ်ကြီးက စစ်မက်ရေးရာနှင့် ပတ်သက်ပြီး တိုင်းပြည်လူထု မိမိဘက်က ဘယ်မျှရှိသည်ကို သိရအောင် "တို့လူလေးများ ဆိုသံလေး" ဟု တိုင်လိုက်ရာ "ဝေလေလေ" ဆိုသည့် အသံကြီး ထွက်ပေါ်လာသည်။ ထိုအသံထဲတွင် မိမိတို့၏သား၏ အသံက အကျယ်ဆုံး ထွက်ပေါ်လာသည်။ ထိုအခါ "လက်စသတ်တော့ တို့သားက ဝေလေလေ

http://mmteashop.com



ထဲကပဲကိုး” ဟု မိဘများက ညည်းတွားကြရှာလေသည်။ ထိုသူငယ်၏ အဖြစ်အပျက်ကို အကြောင်းပြု၍ ပညာကောင်းစွာမသင်၊ ဟိုလိုလို၊ သည်လိုလို ပေါးလားဝါးလား နေကြသော လူငယ် လူရွယ်များအား လူကြီးသူမများက “မင်းတို့လည်း ဝေလေလေထဲက ဖြစ်နေမယ်ဟော့နော်” ဟု ဆုံးမစကား ပြောလေ့ရှိကြလေသည်။

❐

http://mmteashop.com



အညာကျေးလက်ပုံပြင်များ ဆရာ ဦးဂျ

http://mmteashop.com



# ဘိုးသူတော်ဖြစ်မှန်းမသိဖြစ်

ရှေးအခါက ရွာကြီးတစ်ရွာတွင် တစ်ရွာလုံးက ကိုးကွယ်ကြသော ကျောင်းတစ်ကျောင်းရှိလေ၏။ ကျောင်းထိုင်ဆရာတော်သည် လောကီရေး လောကုတ္တရာရေး နှံ့စပ်သဖြင့် ရွာမှာသာမကဘဲ မြို့ပေါ်မှပင် ကိုးကွယ်ကြသဖြင့် အလှူအတန်း ပစ္စည်းပစ္စယ ပြည့်ပြည့်စုံစုံ ရှိလေ၏။ ဆရာတော့်ထံတွင် ကျောင်းနေသံဃာ ၄-၅ ဆယ်နှင့် ကျောင်းသားကပ္ပိယ စသူတို့ဖြင့် သီတင်းသုံး နေထိုင်တော်မူ၏။

http://mmteashop.com



ကျောင်းတွင် အသက် ၆၀ ကျော်အရွယ် ဖိုးသာကြွယ်ဆိုသူ အဘိုးကြီးတစ်ဦး နေ၏။ ဖိုးသာကြွယ်သည် အိမ်ထောင်မရှိ လူပျိုကြီးတစ်ဦးဖြစ်သည့်အပြင် ဆင်းဆင်းရဲရဲနှင့် ကျောင်းကို ကပ်၍နေရသူတစ်ဦး ဖြစ်သည်။ ဦးသာကြွယ်သည် အသက် ၄၀ ခန့်မှစ၍ ကျောင်းတွင် လာရောက်နေထိုင်သည်ဖြစ်သော်လည်း မည်သည့်အလုပ်အကိုင်ကိုမျှ မယ်မယ်ရရ မလုပ်လိုဘဲ ဘုန်းကြီးခိုင်းသည်ကိုသာ လုပ်ပြီး ကျောင်းတွင် ကပ်ရပ်စားသောက်နေလေ၏။

ဦးသာကြွယ်သည် ကျောင်းတွင် အနှစ် ၂၀ ကျော် နေထိုင်သော်လည်း ၈ ပါးသီလ၊ ၁၀ ပါးသီလ စသည့် ဥပုသ်သီတင်းများ မစောင့်ထိန်းဘဲ တစ်ခါတစ်ရံ ဘုန်းကြီးက တိုက်တွန်းပြောဆိုမှသာ ၅ ပါးသီလ ယူလေ၏။ တစ်နေ့တွင် ဘုန်းကြီးက ဦးသာကြွယ်ကို ခေါ်ပြီးလျှင်–

"ဒကာကြီး ဦးသာကြွယ် ဒကာကြီးဟာ အသက်လည်း ၆၀ ကျော်ပြီ၊ သားသမီးသံယောဇဉ်လည်း ရှိသူမဟုတ်၊ 'ဝတ်ကြောင်ပုဆိုးကောင်းကျိုးမပေး' ဆိုသလို ဝတ်ကြောင်နဲ့နေရတာ တယ်ဒုက္ခများတာပဲ၊ ဒီတော့ ဒကာကြီး ကတုံးရိတ်၊ ကိုရင်ကြီးဝတ်ပြီး တရားအားမထုတ်ချင်ဘူးလား" ဟု မေးရာ ဖိုးသာကြွယ်က ...

"ကိုရင်ဝတ်တယ်ဆိုတာ တယ်လွယ်တာမဟုတ်ဘူးဘုရား၊ တပည့်တော် စဉ်းစားပါရစေဦး၊ ရက်သတ္တတစ်ပတ်လောက် စဉ်းစားခွင့်ပြုပါဘုရား" ဟု ပြန်လျှောက်ထားလိုက်လေ၏။

ဖိုးသာကြွယ်လည်း ဘုန်းကြီး တိုက်တွန်း ပြောဆိုသည်မှစ၍ ၇ ရက်တိုင်အောင် စဉ်းစားသော်လည်း ကိုရင်ဝတ်ရန် စိတ်ကူးပင်မရဘဲ ရှိလေ၏။ သို့နှင့် ၇ ရက်စေ့သောနေ့တွင် ဆရာတော့်ထံ သွားရောက်ဝတ်ချရာ ဆရာတော်က ...

"ဘယ့်နှယ်လဲ ဒကာကြီး ကိုရင်ကြီးဝတ်ဖို့ သေချာပြီလား ၇ ရက်စေ့ပြီလေ"

http://mmteashop.com



"ကိုရင်ကြီးဝတ်လျှင် ၁၀ ပါးသီလ စောင့်ထိန်းရပါမယ်၊ ၁၀ ပါး သီလထဲပါတဲ့ သိက္ခာပုဒ်မျိုး တပည့်တော် အသက်နှင့် စောင့်နိုင်မယ်မထင် ပါဘူးဘုရား၊ ဒါကြောင့် ကိုရင်ကြီးတော့ မဝတ်ရပါစေနဲ့" ဟု ပြန်လည် လျှောက်ထားလေ၏။

"ဒါဖြင့် ဒကာကြီး ၁၀ ပါးသီလ စောင့်ရသော ကိုရင်ကြီးထက် သာတဲ့ ဘိုးသူတော်ဝတ်ပြီး ၈ ပါးသီလ မစောင့်ချင်ဘူးလား"

"ဒီလိုဆိုလျှင် တပည့်တော် ရက်သတ္တတစ်ပတ်လောက် စဉ်းစား ပါရစေဦးဘုရား"

"စဉ်းစားဦးလေ ဒကာကြီး" ဟု ဘုန်းကြီးက စဉ်းစားခိုင်းလိုက် ပြန်လေ၏။

ရက်စေ့ပြန်သောအခါ ဖိုးသာကြွယ်က ဘုန်းကြီးထံသွားပြီး ဖိုးသူတော် မဝတ်နိုင်ကြောင်း လျှောက်ထားပြန်လေ၏။ ဤတွင် ဆရာတော်က အကြံတစ်ခုရပြီး ဖိုးသူတော်များ အသုံးပြုသည့် ကျပ်ကြီး တစ်လုံး ပြုလုပ်၍ ကျက်သရေခန်းတွင် ထားလိုက်လေ၏။ ဆရာတော်က ရပ်ထဲရွာထဲ အလှူအတန်းရှိတိုင်း ဖိုးသာကြွယ်က လှူဖွယ်ပစ္စည်းများ ထည့်သော တောင်းကြီးကို ထမ်းစေပြီး ခေါ်သွားလေ့ရှိ၏။ သို့သော် ကျပ်ကြီးရသောနေ့မှစ၍ "ဒီတောင်းက ရှုပ်ပါတယ် ဒကာကြီးရာ၊ ရှေ့က တစ်ကုန်း၊ နောက်က တစ်ကုန်းနဲ့ ပေါ့ပေါ့ပါးပါး ဒီဟာသာယူခဲ့" ဟု ခိုင်းလေ၏။

သို့နှင့် ကျပ်ကြီးထမ်း၍ ၄ ၊ ၅၊ ၁၀ ခေါက် ဘုန်းကြီးနှင့် လိုက်မိ သောအခါ ဖိုးသာကြွယ်အား ဘုန်းကြီးကခေါ်၍ "ဒကာကြီး ခေါင်းက ဆံပင်တွေက ကြည့်မကောင်းပါဘူး၊ အနက်တစ်ပင်၊ အဖြူတစ်ပင်နဲ့ သန်းတွေကလည်း တရှုရှုနဲ့ ကတုံးရိတ်လိုက်လျှင် မကောင်းဘူးလား" ဟု အမိန့်ရှိသောအခါ –

ဖိုးသာကြွယ်က "တပည့်တော်လည်း စိတ်ကူးနေတာပဲ ဘုရား" ဟု ပြန်လည်လျှောက်သောကြောင့် ဘုန်းကြီးက အချိန်မဆိုင်းဘဲ ဦးပဥ္စင်း

http://mmteashop.com



တစ်ပါး အမြန်ခေါ်ခိုင်းပြီး ဖိုးသာကြွယ်ကြီးကို ကတုံးရိတ်စေလေ၏။ ကတုံးရိတ်ပြီးသောအခါ ဘုန်းကြီးက "ဘယ့်နှယ်လဲ ဒကာကြီး ပေါ့ပေါ့ ပါးပါး ရှိမသွားဘူးလား" ဟု မေးရာ ဖိုးသာကြွယ်က "မှန်ပါဘုရား နေလို့ထိုင်လို့ ကောင်းသွားပါတယ်ဘုရား" ဟု ပြန်လည် လျှောက်ထား လေတော့၏။

ရှေးနည်းအတိုင်း ဖိုးသာကြွယ်သည် ဆရာတော်နှင့်အတူ အရပ်ထဲ လိုက်ပြန်လေ၏။ ထိုသို့ ကတုံးကြီးနှင့် ကျပ်လွယ်ကာ ရက်အတန်ကြာ လိုက်မိသောအခါ ဘုန်းကြီးက "ဒကာကြီးဝတ်နေတဲ့ အင်္ကျီကလည်း ဖျင်အင်္ကျီကြီး အဖာအထေးကလည်း များကများနဲ့၊ နောက်ပြီး ခါးပေါ်က လုံချည်ကလည်း လက်နှီးစုတ်လောက်မှ အရောင်အဆင်းမရှိဘူး၊ အဲဒီ အင်္ကျီ လုံချည်တွေအစား ဒိဖြူဖြူစင်စင်လေးတွေဝတ်ပါလား" ဟု ပြောရာ ဖိုးသာကြွယ်က "တပည့်တော် မဝတ်ချင်ဘဲ နေပါ့မလားဘုရား၊ ဒီအင်္ကျီ လုံချည်စုတ်တွေ စွန့်ချင်နေတာကြာပါပကော၊ တပည့်တော် မလျှောက်ဝံ့လို့ နေတာပါဘုရား" ဟု ပြန်လျှောက်လေ၏။

ဆရာတော်က ဖိုးသာကြွယ်ကို လုံချည် အင်္ကျီဟောင်းများ ချွတ်ခိုင်းပြီးလျှင် အသင့်ရှိသော ပိတ်ဖြူလုံကွင်းနှင့် ပိတ်ဖြူတစ်စ ပေး လေ၏။ ဖိုးသာကြွယ်သည်လည်း ဆရာတော်ပေးသော ပိတ်ဖြူများကို ဝတ်ပြီး ပီတိဖြစ်နေလေ၏။ ပိတ်ဖြူဝတ်ပြီး ရက်အတန်ကြာတွင် အရပ်ထဲ အလှူရှိသဖြင့် ဖိုးသာကြွယ်အား ခါတိုင်းကဲ့သို့ ကျပ်ကြီးအလွယ်ခိုင်းပြီး အလှူခေါ်သွားရာ အရပ်စာသင်ကျောင်းမှ ကျောင်းသားကလေးများက လမ်းကနေပြီး "တို့ရွာကျောင်းက ဖိုးသာကြွယ်၊ ကျပ်ကြီးလွယ်လို့ကွယ်၊ သူ့ခါးမှာလည်း ပိတ်ပုဆိုး၊ ဘိုးသူတော်ကြီးဖြစ်ပြီဗျို့" ဟု သံချပ်တိုင်ကြ လေ၏။

ကလေးများ၏ သံချပ်သံ ကြားသောအခါမှ ဖိုးသာကြွယ်လည်း အဝတ်ဖြူကတုံးနှင့် ကျပ်လွယ်ထားရသော မိမိအဖြစ်ကို ပြန်သတိရပြီး "ငါလည်း အခုမှ ဘိုးသူတော် ဖြစ်မှန်းမသိဖြစ်နေပြီ" ဟု ညည်းမိလေ

http://mmteashop.com



၏။ ဆရာတော်ကမူ ကျောင်းသားကလေးများ သံချပ်အကြားမှ ပြုံးပြုံးနှင့် ကြွသွားလေ၏။

ထိုအချိန်မှစ၍ "ဖိုးသူတော် ဖြစ်မှန်းမသိဖြစ်" ဆိုသော စကား ပေါ်လာလေ၏။

http://mmteashop.com



# ခေါင်းချည်း ရမ်းနေရင်ကော

တစ်ခါက အထက်အညာ ကျေးရွာတစ်ရွာတွင် ဆီကုန်သည် တစ်ဦးအိမ်သို့ အခြားရွာမှ ကုန်သည်တစ်ယောက် ဆီများဝယ်ယူရန် ရောက်ရှိလာလေသည်။

ဆီကုန်သည်၏ အိမ်မှာ ခြေတံရှည်အိမ်မြင့်ဖြစ်၍ အထက်ထပ်တွင် ကွမ်းလက်ဖက်စားရင်း အရောင်းကိစ္စကို ၎င်းတို့နှစ်ဦး ပြောဆိုကြလေသည်။

အိမ်ခံ ဆီကုန်သည်မှာ စကားပြောနေရင်းမှ "ဟဲ့" ဟု ဆိုလိုက်၊ တစ်ဖန် စကားဆက်ပြောလိုက်၊ ခဏကြာသော် "ဟဲ့" ဟု ထပ်ဆိုလိုက်နှင့် စကားပြောရင်း ခဏခဏ "ဟဲ့" လုပ်နေရာ ဆီဝယ်ရန်လာသော ကုန်သည်မှာ မနေနိုင်တော့သဖြင့် "နေပါဦးဗျ၊ ခင်ဗျားဟာက ကျုပ်နဲ့စကားပြောရင်း ပါးစပ်က တဟဲ့ဟဲ့ လုပ်နေတာက အကျင့်ဖြစ်နေလို့ပဲလား၊ ဘာကြောင့်လဲဗျ" ဟု မေးလေတော့သည်။

http://mmteashop.com



ထိုအခါ ဆီသည်ကြီးက "အကျင့်မဟုတ်ပါဘူးဗျာ၊ အိမ်အောက်က ဆီဆုံလှည့်တဲ့နွားတွေ ရပ်ရပ်သွားလို့ မောင်းတာပါ" ဟု ဆိုလေသည်။

ထိုအခါ ဒည့်သည် ကုန်သည်ကြီးက "ခင်ဗျား နွားတွေ သွားနေတယ် မသွားဘူးဆိုတာ ခင်ဗျား ဘယ်လိုလုပ်သိသလဲ" ဟု မေးလေသည်။

"ကျုပ်နွားတွေ သွားတယ် မသွားဘူးသိရအောင် လည်ပင်းမှာ ခြူဆွဲထားတယ်ဗျ၊ ခြူသံရပ်သွားရင် နွားမသွားဘူးဆိုတာ သိရတာပဲ" ဟု ပြောလေသည်။

ဤတွင် ဆီလာဝယ်သော ကုန်သည်က ပြုံး၍ "ဒါဖြင့် ခင်ဗျား နွားတွေက မသွားဘဲ ခေါင်းချည်း ရမ်းနေရင်ကောဗျာ" ဟု ပြောလိုက်ရာ-

"နွားက တိရစ္ဆာန်ပဲဗျာ၊ မိတ်ဆွေကြီးပြောသလို စိတ်ကူးရပြီး ဘယ်တော့မှ မလုပ်ပါဘူး" ဟု ပြန်ပြောလေသည်။

□

LTH038
1000



အညာ ဈေးလက်ပုံပြင်များ

myanmar teashop
www.mmteashop.com

